
၁၉၉၉- ခုနှစ်၊ တာပေဗိမာန် စာမူဆုပြိုင်ပွဲ
ဝတ္ထုရှည်တတိယဆုရ

ဖိုးကျော့

# ရာဇဓာတ်



ပန်းချီ ထွန်းအော

အမှတ်စဉ် (၁)

ဖိုးကျော့

# ရာဇဌာဏီ

ချမ်းသာစာပေ
အမှတ်(၁၂၀)၊ ၃၄-လမ်း၊(အလယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၂၈၇၅၅၀

**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| ထုတ်ဝေသည့်ကာလ | ၂၀၀၃ ခုနှစ်၊ မတ်လ [illegible] |
| အကြိမ် | ပထမအကြိမ် |
| အုပ်ရေ | ၁၀၀၀ အုပ် |
| တန်ဖိုး | ( ၇၀၀ ) ကျပ် |
| မျက်နှာဖုံး | ပန်ချီထွန်းအောင် |
| အတွင်းဖလင် | ချမ်းသာ |
| စာအုပ်ချုပ် | ဇော်ဝမ်း |
| ထုတ်ဝေသူ | ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ထုတ်လုပ်) ဒေါ်မြမြက မှတ်ပုံတင်အမှတ်-၂၈၅(ယာယီ)ဖြင့် ထုတ်ဝေသည်။ |
| ပုံနှိပ်သူ | ဦးရဲမြင့် (၀၆၁၀၃) ချမ်းသာပုံနှိပ်တိုက် အမှတ်-၅၃၊ အခန်း-၆ ၅၅-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | ချမ်းသာစာပေတိုက် အမှတ်-၁၂၀၊ ၃၄-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၈၇၅၅၀ |




## (က)

ဟေမန္တ၏ ဆောင်းသားများ ပါးလျားစပြုလာချိန်တွင် (အရှေ့ပြည်) ရန်ကုန်ကောလိပ်၌ ကျောင်းသွားနေသော ထွန်းကျော်မင်းကို တစ်အိမ်သားလုံးက ခါတိုင်းနှစ်တွေလို မျှော်နေကြသည်။ သို့သော် ယခု ဂိမန္တ၏ စုတ်ချက်များကသာ အရာရာတိုင်းမှာ စွန်းထင်းပေကျံ စပြုလာသည်။ ထွန်းကျော်မင်း တစ်ယောက်ကား အရှေ့ပြည်က ပြန်ရောက်မလာသေး။ စစ်တကောင်းသွား အာရကန်ဖလိုတီလာ ကုမ္ပဏီ (Arakan flotilla company) သင်္ဘောဆိပ်ကို သင်္ဘောပတ်တိုင်း အိမ်ကတစ်ယောက်မဟုတ် တစ်ယောက် ဆင်းဆင်းမျှော် ကြရသည်မှာလည်း အမောပင်။ သို့သော် ယခုထိ ထွန်းကျော်မင်းကား ဘယ်သင်္ဘောပတ်နှင့်မှ ပါမလာသေး။

ထိုအခါ ဒေါ်သန္တာဖြူနှင့် တစ်အိမ်သားလုံးမှာ ထွန်းကျော်မင်းနှင့်အတူ အရှေ့ပြည်ကောလိပ်တွင် ကျောင်းနေရန်သွားကြသော အောင်ကျော်ဦး၊ ထွန်းမြဦးတို့၏ မိဘများအိမ်ကို သတင်းမေးရောက်ကြရပြန်သည်။ အောင်ကျော်ဦး၊ ထွန်းမြဦးတို့ မိဘများမှာလည်း သူတို့မိသားစုလိုပင် သားများကို မျှော်ရင်း ကြောင့်ကြ

စိုးရိမ်ကြီးလျက် ရှိကြသည်။ အရှေ့ပြည်က သားများသတင်းကိုသာ ဘာမှမကြားကြ ရသော်လည်း စစ်သတင်းများကမူ တစ်နေ့တစ်မျိုး ကမ်းသာမြို့သို့ ရောက်လာနေလေသည်။

အနောက်ပြည်(အိန္ဒိယ)ဘက်တွင် ကောလိပ်ကျောင်းသွား တက်နေကြသော မိမိတို့ ကမ်းသာမြို့က ကျောင်းသားများကမူ မိမိ မြို့၊ မိမိအိမ်သို့ အလျှိုအလျှို ပြန်ရောက်လာကြသည်။ သူတို့ အနောက်ပြည် ကောလိပ်ကျောင်းသားများဆီက ကြားရသော အိန္ဒိယ ရေဒီယိုသတင်းအရဆိုလျှင် အင်ဒိုချိုင်းနားနှင့် ယိုးဒယား ပြည်တို့ကို သိမ်းပိုက်ထားသော ဂျပန်တို့သည် အရှေ့ဗမာပြည်ကို စစ်ဆင် တိုက်ခိုက်နေကြပြီ။ မကြာခင် ဗမာတစ်ပြည်လုံးကို သိမ်းပိုက်လာ တော့မည်။ ယခုလောက်ဆိုလျှင် ဗမာပြည်ကိုပင်ဝင်ရောက် သိမ်းပိုက်သွားလေပလား။ ထို့ကြောင့်သာ သူ့သားများ ပြန်ရောက်မလာ နိုင်ကြခြင်းဖြစ်မည်ဟု မိဘဆွေမျိုးများက သောကပွားနေကြလေသည်။

ထိုအခါ ဒေါ်သန္တာဖြူက သူ့ခင်ပွန်း ဦးသဂီကျော်ကို အပြစ်တင်မဆုံး ဖြစ်လာ၏။

"သားကြီးကို သူများလိုပဲ အနောက်ပြည်မှာ ကျောင်းသွားနေပါစေဆိုတာကို ရှင်က အမျိုးမျိုးအကြောင်းပြပြီး ကန့်ကွက်ခဲ့တာလေ၊ ကိုယ့်ပြည်မှာ ကောလိပ်ရှိရဲ့နဲ့ ကုလားပြည်မှာ သွားမထားနိုင်ပါဘူးဆို၊ ခုတော့ ကုလားပြည်က ကျောင်းသားတွေပဲ ကိုယ့်အိမ်ကိုယ့်မြို့ပြန်ရောက်လာကြတယ်၊ ရှင့်သားက ပြန်ရောက်မလာ. ."

"ဟ. . ငါ့သားတစ်ယောက်ထဲလားကွ၊ ကိုကျော်ခေါင်၊ ကိုကျော်မြတို့ သားတွေလဲ ပြန်မှမရောက်လာကြသေးတာ၊ မင်းသားကလဲ ကုလားပြည်သွားမနေချင်ဘူး၊ ရန်ကုန်ပဲနေချင်တယ်၊ ထွန်းမြဦး၊ အောင်ကျော်ဦးတို့နဲ့ အဖော်ရတယ်၊ ရန်ကုန်ကောလိပ်ပဲ နေမယ် ဆိုလို့ လွှတ်လိုက်ရတာ၊ ခုမှ ငါ့အပြစ်လာဖြစ်နေပါလား"

"ဖြစ်ရမယ်လေ၊ ကလေးတွေ ရန်ကုန်နေချင်အောင် ရှင်ပဲ အမျိုးမျိုး ပြောလွှတ်နေတာကိုး၊ ရန်ကုန်က ကိုယ့်တိုင်းကိုယ့်ပြည် ကိုယ့်လူမျိုး ကိုယ့်ဘာသာ ကိုယ့်သာသနာ. ."

"ဒါကတော့ ဟုတ်တယ်လေ၊ ကုလားပြည်နဲ့စာရင် ကိုယ့်တိုင်း ကိုယ့်ပြည်ပဲ သန္တာရယ်၊ ငါလဲ ဒီလိုဂျပန်တွေနဲ့ စစ်ကြီးဖြစ်လာမှန်းသိရင် သားကြီးကို ဘယ်လွှတ်ပါ့မလဲကွယ်၊ အနောက်ပြည်ပဲ သွားနေပြောမှာပေါ့"

ဒေါ်သန္တာဖြူပြောသည်မှာ အဆိုးမဆိုသာသလို ဦးသဂီကျော် ပြောသည်မှာလည်း အပြစ်မဆိုသာ။ ထွန်းကျော်မင်း ဧည့ဝတီမှ တက္ကသိုလ်မင်တန်းအောင်ပြီးကတည်းက အနောက်ပြည် (အိန္ဒိယ) ကောလိပ်နေရေးနှင့် အရှေ့ပြည်ရန်ကုန်ကောလိပ် နေရေးတို့ကို သူတို့ဇနီးမောင်နှံ အချီအချ လွန်ဆွဲပွဲ လုပ်ခဲ့ကြရသည်။

အိန္ဒိယတွင် ထွန်းကျော်မင်း ကောလိပ်သွားနေလျှင် မိမိအရပ်နှင့်လည်း နီးသည့်အပြင် ဆွေမျိုးတွေလည်း ရှိသဖြင့် ဒေါ်သန္တာဖြူက အနောက်ပြည်အိန္ဒိယတွင် သူ့သားကြီးထွန်းကျော်မင်းကို ကောလိပ်သွားထားချင်သည်။ သို့သော် အမျိုးဘာသာသာသနာ အစွဲကြီးကြသော ဧည့ဝတီပြည်သား သူ့ခင်ပွန်းဦးသဂီကျော်နှင့် သူ့အဖေ ဦးအောင်တိုင်တို့ကမူ ယခုသူတို့ လူဖြစ်ရနေကြရသည် ကပင် တိုင်းစွန်ပြည်ဖျား ဇနပုဒ်အရပ်၊ ဘာသာသာသနာ မထွန်းကားသော အရပ်ဖြစ်ရာ သားဦး၊ မြေဦးထွန်းကျော်

မင်းကို သာသနာ၊ ဘာသာ ထွန်းကားနေသော အရှေ့ပြည် ရန်ကုန်ကောလိပ်နေရန် ပြောဆိုဆုံးမ၍ အဘိုးနှင့် အဖေတို့က လွှတ်လိုက်ကြသည်။

ထို့ကြောင့် ယခု အနောက်ပြည်အိန္ဒိယကောလိပ်တွင် ကျောင်းသွားနေကြသော ကမ်းသာမြို့က ကျောင်းသားများက ပြန်ရောက်လာကြပြီး သူ့သားကြီး သူ့မြေးကြီး ထွန်းကျော်မင်းအရှေ့ပြည် ရန်ကုန်က ပြန်မရောက်လာသေးသောအခါ ဒေါ်သန္တာဖြူနှင့် ဒေါ်ကြာဦးဖြူတို့မှာ သူတို့၏ ခင်ပွန်းများကို အပြစ်တင်မဆုံးဖြစ်နေကြသည်။ မြဝတီတွင် တက္ကသိုလ်ဝင်တန်း ကျောင်းသွားနေသော သားငယ်ထွန်းကျော်လင်းကမူ "အစ်ကိုကြီးက နွေရာသီကျောင်းရက် ရှည်ပိတ်လို့ ပြန်လာတာတောင် သင်္ဘောတစ်ပတ်တစ်ပတ်က လနဲ့ ချီကြာချင်ကြာတတ်တာပဲ၊ အစ်ကိုကြီးတစ်ယောက်ထဲမှ မဟုတ်တာ၊ ကိုထွန်းမြဦးတို့ ကိုအောင်ကျော်ဦးတို့လဲ ခုပြန်မရောက်ကြသေးပါ ဘူး၊ သိပ်လဲ ပူမနေစမ်းပါနဲ့"ဟု သူ့အမေနှင့် သူ့အဘွားတို့ကို ဖျောင်းဖျ စကားပြောထားသည်။

သို့သော် ထွန်းကျော်လင်း၏ စကားက နှစ်ပတ်ပင်မခံ။ သူ့အစ်ကို ထွန်းကျော်မင်းတို့နှင့် ရန်ကုန်ကောလိပ်သွားနေကြသော မြစ်နားတန်းက ဦးကျော်ခေါင် ဒေါ်ရွှေအိမ်သူတို့ သားကြီး အောင်ကျော်ဦးတစ်ယောက် မိမိတို့ ကမ်းသာမြို့ကလေးသို့ ပြန်ရောက်လာသည်။ မြဝတီနှင့် ရန်ကုန်သင်္ဘောပတ်ကို ပိတ်လိုက်သဖြင့် သူသည် တောင်ကုတ်တောင်ကြားလမ်း ပြည်ဘက်က ခဲရာခဲဆစ် မိမိအရပ်သို့ ခရီးရှည်လှည့်လာခဲ့ရသည်ဟု ပြောပြသည်။

သူပြန်လာသော လမ်းခရီးအကြားတွင် ဂျပန်လေယာဉ်များ



က ရန်ကုန်မြို့ကို ဗုံးလာကြဲနေကြပြီဆိုသော သတင်းကိုလည်း ကြားခဲ့ရသည်။ ထွန်းကျော်မင်း၊ ထွန်းကျော်လင်းတို့ အဘိုးဦးအောင် တိုင်ကမူ အောင်ကျော်ဦး ကြားခဲ့ရသည်ဆိုသော သတင်းကို အတည်မပြုချင်။ အိန္ဒိယ ရေဒီယို နေ့စဉ်နားထောင် တတ်သော မြို့ ပိုင်ကြီး ဦးကျော်ဇံဝေက သူ့ကို ဘာမှ မပြောပါလားဟု ဆိုသည်။

ဂျပန်တို့ ရန်ကုန်မြို့ကို ၁၉၄၁-ခုနှစ် ဒီဇင်ဘာလ(၂၃)ရက်နေ့ကပင် အမှန်တကယ် ဗုံးကြဲတိုက်ခိုက်လာပြီး ဆိုသည်ကို အောင်ကျော်ဦးကလည်း တိတိကျကျ မပြောပြတတ်။ လမ်း၌ တောင်ကုတ်က ကြားခဲ့ရသည်ဟူသော မရေမရာဆိုသည်။ သူနှင့် အတူ ရန်ကုန်ကောလိပ်တွင် ကျောင်းအတူတက်နေခဲ့ကြသော ကမ်းသာမြို့က ထွန်းကျော်မင်းနှင့် ထွန်းမြဦးတို့ကို မိဘညီအစ်ကို မောင်နှမဆွေမျိုးများက ဝိုင်းမေးကြရာ ထွန်းကျော်လင်းနှင့်ထွန်းမြဦးတို့ နှစ်ယောက်သည် ဂျပန်လေယာဉ်များ မော်လမြိုင်ကို ဗုံးလာမကြဲခင်ကပင် သခင်ပေါက်စ ရန်ကုန်ကျောင်းသားများနှင့် အတူ ဂျပန်ကို လိုက်သွား ကြသည်။ စာမေးပွဲလည်း မဖြေခဲ့ကြ။ သူ့ကိုပါ ဂျပန်ကို လိုက်ရန် ခေါ်ခဲ့ကြသော်လည်း သူဖျားနေ၍ ကျန်ရစ်ခဲ့သည်ဟု ဆို၏။

အောင်ကျော်ဦး၏ စကားကို ကြားရသောအခါ ထွန်းကျော်မင်း၏ မိဘဘိုးဘွားညီအစ်ကို မောင်နှမဆွေမျိုးများနှင့် ထွန်းမြဦး၏မိဘဘိုးဘွားညီအစ်ကို မောင်နှမ ဆွေမျိုးများမှာ ပို၍စိုးရိမ်သောက ဖြစ်သွားကြသည်။ ဂျပန်ကိုလိုက်ရန် ခေါ်ခဲ့ကြသော်လည်း သူဖျားနေ၍ ကျန်ရစ်ခဲ့သည်ဟု ဆို၏။

အောင်ကျော်ဦး၏ စကားကို ကြားရသောအခါ ထွန်းကျော်

မင်း၏ မိဘဘိုးဘွားညီအစ်ကို မောင်နှမဆွေမျိုးများနှင့် ထွန်းမြဦး၏ မိဘဘိုးဘွားညီအစ်ကို မောင်နှမ ဆွေမျိုးများမှာ ပို၍စိုးရိမ်သောက ဖြစ်သွားကြသည်။ ဂျပန်ကို လိုက်သွားကြသည်ဆိုခြင်းမှာ အင်္ဂလိပ်ကိုတိုက်ရန် ဂျပန်စစ်တပ်ထဲ ဝင်သွားကြခြင်းဟု နားလည်လိုက်ကြသည်။ ယခု သူတို့ကို အုပ်ချုပ်နေသူမှာ အင်္ဂလိပ်အစိုးရ။ သူတို့နေထိုင်ကြရသည်မှာလည်း တိုင်းစွန်ပြည်ဖျား ဇနပုဒ်အရပ်။ သူ့သားများ ဂျပန်ကို လိုက်သွားကြသည်။ ဂျပန်စစ်တပ်ထဲ ဝင်သွားကြသည်ဆိုလျှင် အင်္ဂလိပ်မင်းများက သူတို့ကို အရေးယူထောင်ချပစ်လေမလားဟူသော ပူပန်သောက တစ်ခုကလည်း ထပ်တိုးလာပြန်ရာ ထွန်းကျော်မင်းမိဘတွေနှင့် ထွန်းမြဦးမိဘတွေမှာ သူတို့သားနှစ်ယောက် ဂျပန်ကို လိုက်သွားကြသည်။ ဂျပန်စစ်တပ်ထဲ ဝင်သွားကြသည်ဆိုသော စကားကို မိဘကလွဲလျှင် မည်သူ့ကိုမျှ မပြောရန် အောင်ကျော်ဦးကိုပါ ပါးစပ်ပိတ်ခိုင်းထားကြရပြန်သည်။

ယခုလို တိုင်းပြည် မငြိမ်မသက်ဖြစ်နေချိန်တွင် ပုလိပ်တွေက အသံသဲ့သဲ့ ကြားသည်နှင့် ချက်ချင်းအိမ်ထဲရောက်လာကြမည်။ စစ်လားဆေးလား လုပ်ကြမည်။ ထို့ကြောင့် ထွန်းကျော်မင်းနှင့် ထွန်း မြဦးတို့မိဘတွေမှာ ညညခွေးဟောင်သံကြားတိုင်း ပုလိပ်များအိမ် ကိုလာဝိုင်းကြလေသလားနှင့် မအိပ်နိုင်၊ မစားနိုင်ဖြစ်နေကြသည်။ ရပ်ရွာမြို့ပြ ဒိုင်အာခီလူကြီးထဲပါနေရသော ထွန်းကျော်မင်းတို့ အဖေဦးသင်္ဂါကျော်ကမူ အောင်ကျော်ဦးအား ဤကိစ္စနှင့် ပတ်သက်၍ လုံးဝမဟရန် သတိပေးထားသည်။ သူနှုတ်မလုံလျှင် ပုလိပ်တွေက အောင်ကျော်ဦးကိုပါ ခေါ်ပြီး စစ်လား၊ မေးလား လုပ်လာကြ လိမ့်မည်ဆိုသဖြင့်



အောင်ကျော်ဦးမှာလည်း ထွန်းကျော်မင်း၊ ထွန်းမြဦးတို့ အကြောင်းကို နောက်ပိုင်း၌ လုံးဝစကားထဲ ထည့်မပြောတော့ဘဲ မသိဘူးဟုသာ တွင်တွင်ပြောနေရလေသည်။

ပြည်စွန်တိုင်းဖျား ဇနပုဒ်အရပ်ကြားကျသော ကမ်းသာမြို့ကလေးသည် ထိုအချိန်ကစပြီး စစ်သတင်းတွေနှင့် လှုပ်ရှားစပြုလာလေသည်။

× × ×

(၁)

သည်နှစ် ဉသြတွန်သံ စောခဲ့သည်။ ဆောင်းကုန်မြန်မည်။ နွေသစ်စောသည်ဟု သဇင်ဖြူစိတ်ထဲ တွေးနေမိသည်။ နွေသရုပ်များက ပေါမန္တ၏ ဆေးသားမှုန်ပျပျများကို ရက်ပိုင်းအတွင်း ဝါးမျိုပစ်လိုက်သည်။ တိုင်းရေးပြည်ရွာ မသာယာသောကြောင့် အစ်ကိုငယ် ထွန်းကျော်လင်းလည်း မဉ္ဇဝတီသို့ ကျောင်းဆက်နေရန် မပြန်ဖြစ်တော့။ သားကြီးသတင်းကိုလည်း ဘာမှမကြားရသောဒေါ်သန္တာဖြူနှင့် ဦးသင်္ဂါတို့ကလည်း သားငယ်ကို မျက်စိအောက်က အပျောက် မခံနိုင်ကြ။ အဘိုးအဘွားတို့ကလည်း သားငယ်ကိုလည်း ကိုယ့်မြို့ ကိုယ့်ရွာ၌ပင် ထွန်းကျော်လင်း ဘယ်ကိုသွားသွား မိဘအဘိုးအဘွား တို့ကို မှာကြားပြောဆိုပြီးမှ သွားရမည်ဟု အမိန့်ထုတ်ထားသည်။

ခြံဝင်းထဲရှိ သီးပင်သီးပွင့်များသည် နှင်းခါးအရိုက်တွင် နွေသစ်ရွက်များ ကြွေလွင့်သွားသည်ပမာ မြေခကြွေကျကုန်သည်။ ဤသည်ကိုပင် သဇင်ဖြူက နွေနိမိတ်ဟု ထင်နေသည်။ ခါတိုင်းနှစ် နွေရာသီကျောင်းပိတ်ရက်များကို သတိရနေသည်။ အဘိုးအဘွားနှင့် တကွ တစ်အိမ်လုံးက နွေရာသီကျောင်းပိတ်ရက်ကို လိုလို



လားလား တမ်းတမ်းတတ မျှော်လင့်စောင့်စားတတ်ကြသည်။ နွေကျောင်းပိတ်ရက်ရှည်ပိတ်လျှင် ရန်ကုန်နှင့် မဉ္ဇဝတီတို့တွင် အတန်းကြီးကျောင်းသွားနေကြသော အစ်ကိုနှစ်ယောက်လည်း အိမ်ပြန်ရောက်လာတတ်ကြသည်။

အစ်ကိုကြီးထွန်းကျော်မင်း ကျောင်းကြီးပိတ်၍ ရန်ကုန်က ပြန်လာလျှင် သီချင်းဓာတ်ပြားများ ပါလာတတ်သည်။ ထိုဓာတ်ပြားတွေမှာအိန္ဒိယအနောက်ပြည် ခုတ်(လုပ်)ဓာတ်ပြားများ ဖြစ်နေသဖြင့် တစ်ချို့တွေမှာ အိမ်၌ဝယ်ထားပြီးသား ဓာတ်ပြားများဖြစ်နေတတ်သည်။ ထို့ကြောင့် အမေက ငွေကုန်ခံ၊ အလေးခံပြီး ဝတ်လာရ ကောင်းလားဟု အစ်ကိုကြီးကို အပြစ်တင်တတ်သည်။

အစ်ကိုကြီးကလည်း ဗမာသီချင်းတွေထဲမှာ သူအကြိုက်ဆုံး သီချင်းတွေကို အမေနှင့် သူနှမငယ်တို့ နားထောင်ရအောင် ဝယ်လာတာဟု ဆိုသည်။ ဤသည်ကို အဘွားကမူ ကုလားမအဆိုကျော် နန္ဒရာဇာရှိ အရုပိလပါတို့ သီချင်းလို နားမစွဲဘူးဟု ပြော၏။ ထိုအခါ အစ်ကိုကြီးထွန်းမင်းကျော်က “ကုလားမကတော့ ကုလားသီချင်းပဲ ကြိုက်မှာပေါ့”ဟုပြောကာ အိန္ဒိယဘက်ကမ်းမွေး အနောက်ပြည်သူမ အဘွားကို စတတ်သည်။

အစ်ကိုငယ်ထွန်းကျော်လင်းနှင့်သဇင်ဖြူတို့ကတော့ အစ်ကိုကြီးရှေ့တွင် သူ့အကြိုက်၊ ကိုယ့်အကြိုက် ဓာတ်ပြားလုရင်း ရန်ဖြစ်ကြသည်။ သူ့ဓာတ်ပြား၊ ငါ့ဓာတ်ပြား သူအရင်ဖွင့်မည်၊ ငါအရင်ဖွင့်မည်နှင့် မောင်နှမတွေ စိတ်ကောက်ကြသည်။ ထိုအခါ အမေက မောင်နှမတွေ စိတ်ပြေသွားအောင် ပုရွက်ဆိတ်မုန့်(မုန့်စိမ်းပေါင်း) ခွေးချေးဆုပ် (ထမင်းခြောက်ထောင်း)မုန့်၊ ဖက်ထုပ်မုန့် တစ်ခုခု

လုပ်ကျွေး၍ မောင်နှမတွေကို ဖြေသိမ့်တတ်သည်။

မောင်နှမတွေ စိတ်ပြေသွားကြလျှင် ညနေစောင်းလယ် တောထွက်ကြသည်။ မြင်းကြီးတိမ်ပျံကို အဖံနာရ်က လှည်းတပ်ပေး သည်။ ချုံတာလွှင်လွှင်နှင့် မြင်းလှည်းက ကုန်းဘောင်တာရိုးအတိုင်း ဖုန်တထောင်းထောင်းနှင့် သွားနေတုန်း နွားခလောက်ချုံများကို အဝေးကြီးကပင် ကြားနေရသည်။ လယ်ကွင်းကိုပက်ပြီး မီးခိုးတလူ လူ ထွက်နေသော ကုလားတဲ တစ်တဲတွင် နားကြသည်။ လယ်ကူလီ များက သူတို့မောင်နှမကို သူ့ထက်ငါဦး လက်ဖြစ်ဒိန်ချဉ်နို့ထမ်း တို့နှင့် ဧည့်ခံကြသည်။ အလယ်တန်းတုန်းက အနောက်ပြည် အိန္ဒိယဘက်တွင် ကျောင်းသွားနေပြီး အထက်တန်းရောက်မှ မညဝတီစစ်တွေတွင် ကျောင်းပြောင်းနေကာ ယခုအရှေ့ပြည် ရန်ကုန်ကောလိပ် သွားတက်နေသော အစ်ကိုကြီးကိုတော့ လယ်ကုလားများက မျက်နှာစိမ်းသဖြင့် ထွန်းကျော်လင်းနှင့် သဇင်ဖြူတို့ကိုလောက် အရောမဝင်ရဲကြ။

ညနေဆည်းဆာရောင်ကို ကောင်းကင်တစ်ခြမ်းတွင် မြင်ရ တော့မှ အိမ်ပြန်လာတတ်ကြသည်။ ထိုအချိန်တွင် ငှက်တော်များ မြူးအော်ချိန်၊ ကျွဲကျောင်းငှက်များ နွားဖမ်းချိန်၊ လယ်ကွင်းက ဗျိုင်း ဖြူများ တောတန်းသို့ အိပ်တန်းလုရန် ပျံကြချိန်၊ တိမ်ကောက်ချိန် ဖြစ်သဖြင့် အရာရာတိုင်း လှုပနေချိန်ပင်။

အိမ်ရောက်လျှင် အမေနှင့် ချဒီမာ(စန္ဒီ)တို့က လက်ဆွဲ မာတ်မီးထွန်း၍ လယ်တောပြန်များကို ကြိုနေကြဖြစ်သည်။ ယခုမူ အိမ်မှာမောင်နှမ နှစ်ယောက်သာရှိသဖြင့် လယ်တောဘက်လည်း မရောက်ဖြစ်ကြ။ ဂျပန်ကိုလိုက်သွားသည်ဆိုသော အစ်ကိုကြီးကား



ဘယ်အရပ်ဘယ်ဒေသ ရောက်နေသည်မသိ။ သေမှန်းပျောက်မှန်း လည်း မသိရ။ ထို့ကြောင့် အမေက ညနေထမင်းဝိုင်းပြင်တိုင်း မျက်ရည်ဝဲနေတတ်သည်။ သည်ကြားထဲ အစ်ကိုငယ်ထွန်းကျော် လင်းက တစ်နေ့တစ်လည်တွင် ထမင်းစားအမှီပင် အိမ်ပြန် ရောက်လာတတ်။ အဘိုးအဘွား အမေအဖေတို့က မည်မျှ ပြောထား ပြောထား ဟိုသတင်း၊ သည်သတင်း လျှောက်နား ထောင်၍ အိမ်ကပ်သည်မရှိ။ တစ်နေ့လုံး ဈေးပိုင်းဘက်၌သာ အချိန်ဖြုန်းနေသည်။ သူပြန်လာလျှင် တစ်စုံတစ်ခု သတင်းတော့ ကြားရတတ်သည်။ သို့သော် သူ့သတင်းတွေမှာ အိန္ဒိယ ရေဒီယို သတင်းလိုပင် မှန်သည်က နည်းသည်ဟု အဘိုးကပြောသည်။

ကို အောင်ကျော်ဦးကတော့ တစ်ခါတစ်ခါ ပေါက်ချလာပြီး သဇင်ဖြူတို့ မိသားစုကို အားပေးနှစ်သိမ့်စကား ပြောတတ်သည်။

"ထွန်းထွန်းတို့က ဘီအေ၊ အိုင်အေကျောင်းသားကြီးတွေ ပဲ ကြီးကြီး၊ ဂျပန်စစ်တပ်ထဲရောက်ရင်လဲ ဗိုလ်ဖြစ်ကြမှာပဲ၊ သိပ်ဆင်း ဆင်းရဲရဲတော့ ရှိမှာမဟုတ်ပါဘူး"တဲ့။

အဘိုးဦးအောင်တိုင်က သူ့မြေးကြီး သောကနှင့်စစ်သတင်း များကို သိချင်နေသဖြင့် မြို့ပိုင်ကြီး အိမ်ကို သွားသွားနေတတ်သည်။ သို့သော် အိန္ဒိယ ရေဒီယိုသတင်းတွေကလည်း မမှန်ဟု ညည်းတတ် ပြန်သည်။ အဖေကလည်း အဘိုးလိုပင် ဈေးပိုင်း၊ ဂါတ်တဲပိုင်းကို အသွားများနေသည်။ ထို့ကြောင့် အမေက "စစ်ကြီးဖြစ်လာတာ ကိုယ်ကဘာတတ်နိုင်မှာလဲ၊ ကိုယ်တတ်နိုင်တာက ကိုယ့်လက်ကိုယ့် ယာထွက် စပါးတွေ မဖိတ်မစင်ဘဲ မြန်မြန်ငွေပေါ်ဖို့ပဲ၊ ခုလို လယ် ကူလီကုလားတွေနဲ့ချည်း လယ်ကိုပစ်ထားလို့ ဖြစ်မတဲ့လား၊ စစ်ကြီး

ကလဲ နောက်ထပ်ဘယ်နှစ်နှစ်တောင် ဆက်ဖြစ်နေမလဲ မသိတာ၊ လယ်ထဲကိုလဲ ဆင်းကြည့်ပါဦးလားတော်"ဟု နေ့တိုင်းလိုလို သတိပေးနေတတ်သည်။

ဒေါ်သန္တာဖြူမှာ သားကြီးအတွက် ပူပန်သောကရောက်နေသော်လည်း သူ့လယ်သူ့ယာကိုမမေ့။ လက်ရှိ ပကတိအခြေအနေကိုလည်း ဦးသဂိကျော်ထက် တွေးခေါ်သုံးသပ်တတ်သည်။ ယခုအချိန်မှာ စပါးများ ရိတ်သိမ်းပြီး၍ တလင်းကိုလျှောက် စက်ရောက်ရမည့်အချိန်မို့ လယ်ကူလီကုလားများကို ကြပ်ကြပ်မတ်မတ် စောင့်ခိုင်းတတ်ရမည်ကို သူသိသည်။ တိုင်းရေးပြည်ရွာ မသာယာသည်ကို အကြောင်းပြု၍ လယ်ကူလီကုလားများ စပါးခိုးရောင်းကြမှာကိုလည်း သူကြောင်းကြနေသည်။ လောလောဆယ်မှာ စစ်ကြီးထက် သူ့လက်သူ့ယာထွက် သူ့စပါးများကို ပို၍ စိတ်ဝင်စားနေသည်။

ဦးသဂိကျော်ကမူ စစ်ကြီးသူတို့ဆီရောက်လာမှာ တွေးကြောက်နေသည်။ စစ်သတင်းများကြောင့် စိတ်ဓာတ်လည်း ချောက်ချားနေသည်။ အမှန်ကတော့ ဦးသဂိကျော်တစ်ယောက်တည်းသာမဟုတ် ကမ်းသာတစ်မြို့လုံးရှိ လူတွေက မတွေ့ဖူး၊ မကြုံဖူးသော စစ်ကြီးကို အကြောက်ကြီး ကြောက်နေကြသည်။ ယခင်က တွေ့ဖူး၊ ကြုံဖူးခံစားခဲ့ကြဖူးသော လူကြီးသူမ မိအိုဖအိုများ၏ ပြောစကားနှင့် စစ်ကြီးကို အကြောက်ကြီးကြောက်နေကြသည်။ မိန်းမသူများကလည်း ဟိုတုန်းကလို ထမင်းကြမ်းခဲများကို ရေကပြင်က ပုံးခနဲ၊ ဗက်ကနဲ လွှင့်မပစ်ရဲကြတော့။ စစ်ကြီးရောက်လာလျှင် ငတ်ပြတ်မှာစိုး၍ ထမင်းကျန်၊ ဟင်းကျန်များကို အခြောက်အခြမ်းလှန်းထားနေကြသည်။ တစ်ချို့မိန်းမသူများမှာ အကြောက်လွန်ကာ



ဆယ်ရေးတစ် ရေး၊ကိုးရေးတစ်ရာ အနေနှင့် သက်ကြီးရွယ်အိုများဆီတွင် မသိုးထမင်း၊ မသိုးဟင်းများပင် အချေက်အပြုတ်သင်နေကြသည်။ အစုတ်အပြဲတွေကို ဖာထေးချုပ်လုပ်နေကြသည်။

သည်လိုနှင့် ပို၍ ချောက်ချားစရာကောင်းသော နေ့တစ်နေ့သည် ကမ်းသာမြို့ကလေးသို့ မခေါ်ပင့်ချေ ရောက်လာလေတော့သည်။

× × ×

(ဂ)

ဘူးသီးတောင်၊ မော်င်တော လမ်းမကြီးဘက်မှ လူအုပ်ကြီးသည် တစ်သုတ်ပြီးတစ်သုတ် ကမ်းသာမြို့ထဲ ဝင်လာနေကြသည်။ လူအုပ်ထဲတွင် အထမ်းနှင့် ခေါ်လာကြသူများကို မြင်နေရသလို တောင်ဝှေ့ထောက်၍ ချိနဲ့လေးဖင့်စွာ လိုက်လာကြသော အဘိုးအို၊ အဘွားအိုများကိုလည်း မြင်နေရသည်။ တစ်ချို့မိန်းမသူများမှာ ခါးတစ်ခွင်တွင် ကလေးတစ်ယောက်ကို ချီထားပြီး လက်တွင်လည်း ကလေးတစ်ယောက်ကိုဆွဲကာ လူအုပ်ကြီးနောက်ကို ပင်ပန်းကြီးစွာ လိုက်ပါနေကြသည်။ လူအားလုံးမှာ အူရီယာ၊ မူဆလင်၊ ဟိန္ဒူစသည့် အိန္ဒိယလူမျိုးများချည်း ဖြစ်ကြသည်။

ကမ်းသာမြို့ကလေးမှာ မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဝမြို့ဖြစ်သည်။ ထိုခေတ်ထိုအချိန်က ပါကစ္စတန်၊ ဘင်္ဂလားဒေ့ချ်နိုင်ငံဟူ၍လည်း မပေါ်ပေါက်သေးရာ ကုလားလူမျိုးအားလုံးကို ရခိုင်တို့က အိန္ဒိယသားများဟုသာ သတ်မှတ်ထားကြသည်။ ကမ်းသာမြို့နှင့် နီလာ၊ ပန်းတောင်း၊ ကယုချောင်းမြို့များသို့ သွားသော အာရကန်ဖလိုတီလာကုမ္ပဏီမှ နှစ်ထပ်သင်္ဘောတစ်စီးအပြင်



ဧညဝတီ စစ်တွေ၊ စစ်တကောင်းကောင်း ထိပြေးဆွဲနေသော ဆင်းဒီးယားသင်္ဘော ကုမ္ပဏီ (Syndia company)ပိုင် သင်္ဘောကြီးများလည်းရှိသည်။ ထို့ကြောင့် ယခု ဘူးသီတောင်၊ မောင်တောဘက်က ရောက်လာကြသော အိန္ဒိယလူမျိုးများမှာ ထိုသင်္ဘောများနှင့် အိန္ဒိယပြေးကြရမည့် စစ်ပြေးဒုက္ခသည်များ ဖြစ်သည်။

၁၉၄၁ခုနှစ်၊ ဒီဇင်ဘာလ (၂၃)ရက်နေ့တွင် ရန်ကုန်မြို့ကို ဂျပန်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်လာပြီး နောက်ပိုင်းမှာ မြန်မာ နိုင်ငံရှိ အိန္ဒိယလူမျိုးများသည် အိန္ဒိယပြည်ဘက်သို့ ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် ပြေးခဲ့ကြရသည်။ အရှေ့ပြည်ခေါ် ဗမာပြည်အထက်ပိုင်းမှ အိန္ဒိယလူမျိုးများသည် တောတောင်ထူထပ်ပြီး သားရဲတိရစ္ဆာန် များ ပေါများသော ဟူးကောင်း၊ မဏိပူတောင်ကြားလမ်းမှ အသက် စွန့်ပြီး ပြေးကြသလို အောက်မြန်မာနိုင်ငံရှိ အိန္ဒိယလူမျိုးများ ကလည်း တောင်ကုတ်တောင်ကြားလမ်းအတိုင်း အရှေ့ဗမာပြည်မှ အလုံးအရင်းနှင့် ရာပေါင်း၊ ထောင်ပေါင်းများစွာ ပြေးလာနေကြသည်။

ထိုတောင်ကုတ်တောင်ကြားလမ်းမှ ပြေးလာနေကြသူများသည် ဘူးသီးတောင်မောင်တောမှ တစ်ဆင့် ယခုကမ်းသာမြို့ကလေးသို့ ရောက်လာကြခြင်းဖြစ်သည်။ လူအုပ်ကြီး တစ်သုတ်ပြီးတစ်သုတ် မြို့ထဲဝင်လာနေကြချိန်တွင် သဇင်ဖြူ အဖိုးနှင့်အဖေတို့က လယ်တောရောက်နေကြသည်။ အိမ်မှာ သဇင်ဖြူအဘွား၊ သဇင်ဖြူ အမေ၊ သဇင်ဖြူအစ်ကို၊ သဇင်ဖြူနှင့် ချန္ဒီမာတို့သာ ရှိကြသည်။

ဘူးသီးတောင်၊ မောင်တောလမ်းအတိုင်း တစ်သုတ်ပြီး

တစ်သုတ်ဝင်လာနေကြသော အိန္ဒိယလူအုပ်ကြီးကို ဒေါ်သန္တာဖြူ၊ ထွန်းကျော်လင်း၊ သဇင်ဖြူနှင့် ချန္ဒိမာတို့သည် ဝရံတာပေါ်က ထွက်ကြည့်နေကြသည်။

"မေမေ၊ ကျွန်တော်ခြံဝဘက် ထွက်ကြည့်လိုက်မယ်၊ လူအုပ်ကြီးက မနည်းဘူးဗျ"

အိမ်ရှေ့ခြံဝင်းထဲရှိ သီးပင်စားပင်တွေ ကွယ်နေသဖြင့် လူအုပ်ကြီးကို ရှင်းရှင်းလင်းလင်းမမြင်ရသော ထွန်းကျော်လင်းက ခြံ ဝဘက် ထွက်ကြည့်လိုက်မည်ဟု သူ့အမေကို ပြောသည်။

"ဟဲ့-သား၊ မသွားနဲ့ ကိုငယ်၊ ဘယ်ကကုလားအုပ်တွေမှန်းလဲ မသိဘူး၊ အမေတို့ခြံထဲ ကုလားအုပ်တွေဝင်လာရင် ဘယ့်နှယ့်လုပ်မလဲ၊ အိမ်မှာ ယောကျ်ားသား ကြီးတောင့်ကြီးမဆုလို့ ကိုငယ်ပဲရှိတာ၊ မသွားနဲ့သား"

"ဟာ- အမေကလဲ၊ ကျွန်တော်တို့ ခြံထဲ ကုလားအုပ်က မဝင်ပါဘူးဗျ၊ သဘော်ဆိပ်ဘက်၊ ဈေးဘက်သွားနေကြတာ၊ စစ်ပြေးတွေဆိုတာနဲ့တူတယ်၊ ခဏသွားကြည့်လိုက်မယ်ဗျာ"

မညဝတီတွင် တက္ကသိုလ်ဝင်တန်းထိ ကျောင်းသွားနေဖူးထားသူ ထွန်းကျော်လင်းက ခြံဝပြေးထွက်သွားသည်။

ထွန်းကျော်လင်းသည် ခြံဝက ငေးကြည့်ပြီး "အမေ၊ လူအုပ်ကြီးက ဈေးနားကုန်ဘောင်ထက်မှာ တန့်(ရပ်)နေကြတယ်"ဟု လှမ်းပြော၏။

ထွန်းကျော်လင်း အော်ပြောလိုက်သံကြောင့် အိမ်ကြီးအနောက်ဆောင်ထဲ ရောက်နေသော သူ့အဘွား ဒေါ်ကြာဦးဖြူလည်း ဝရံတာပေါ်ရောက်လာသည်။ ဒေါ်ကြာဦးဖြူ၊ ဒေါ်သန္တာဖြူ၊



သဇင်ဖြူနှင့် ထမင်းချက်ချန္ဒိမာတို့က ထင်မြင်ချက် အမျိုးမျိုးပြောကာ လူအုပ်ကြီးကို ငေးကြည့်နေကြသည်။

မကြာခင်မှာပင် လယ်တောသွားနေကြသော ဦးအောင်တိုင်တို့ သမီးယောက္ခမနှစ်ယောက် လယ်တောက ပြန်ရောက်လာကြသည်။ ချန္ဒိမာအဖေ အဇီနာရ်က မြင်းလှည်းကို အိမ်နောက်ဘက်မြင်းစောင်းသို့ မောင်းသွား၏။ သူ့အဘိုး၊ သူ့အဖေတို့နှင့်အတူ ထွန်းကျော်လင်းလည်း ခြံဝက အိမ်ပေါ်ပြန်တက်လိုက်လာသည်။ အချိန်မှာ ညနေငါးနာရီကျော်နေပြီ။

"အဲရှေ့ပြည်က ကုလားတွေတော့ အကုန်ပြေးလာကြပြီ၊ ဒို့တိုင်းပြည်လဲ ဘာဖြစ်မယ်မသိရသေးဘူး၊ ထမင်းစားပြီးမှ ဈေးဘက်သွားကြည့်ရဦးမယ်၊ သဇင်ဘိုးဘိုးတို့အတွက် ထမင်းပြင်စမ်းမြေးရယ်"

ဦးအောင်တိုင်က ခရီးရောက်ဆိုက်ထမင်းပွဲပြင်ခိုင်းသည်။

"ပါပါ၊ ရေမချိုးတော့ဘူး. . ."

"ငါမချိုးတော့ဘူး၊ သင်္ဂါကော"

"ကျွန်တော်တော့ တစ်ပုံးနှစ်ပုံး လောင်းလိုက်ဦးမယ်၊ သခင်ကြီး (ဦးကြီး)စားနှင့်"

ထွန်းကျော်လင်းအဖေ ဦးသင်္ဂါကျော်ကို ဒေါ်သန္တာဖြူက ရေလဲပုဆိုးနှင့် ပဝါသွားယူပေးသည်။

ဦးသင်္ဂါကျော် ရေချိုးရန် ဆင်းသွားသောအခါ မိသားစုအားလုံး မီးဖိုဆောင်ထဲ စုရောက်လာကြ၏။ သူတို့ထင်မြင်ချက်တွေကို တစ်ယောက်တစ်မျိုး ပြောရင်းထမင်းဝိုင်းစားနေကြချိန်တွင် ရွာအုပ်ချုပ်ရေးအဖွဲ့ထဲပါသော ဦးသင်္ဂါကျော်ကို အစည်းအဝေး

လာဖိတ်သည်ဟု ပြောပြီး ဒိုင်အာခီလူကြီး ဦးအောင်သာကျော်
သား ထွန်းသာဦးလာခေါ်သည်။

ထွန်းသာဦးမှာ ထွန်းကျော်လင်းနှင့် ဓညဝတီတွင် ကျော
သွားနေဖက် ဖြစ်သဖြင့် ယနေ့ပြေးရောက်လာကြသော အရှေ့
ပြည်က ကုလားစစ်ပြေးတွေအကြောင်း ပြောနေကြသည်။ သူ
၁ရှုလူငယ်အဖွဲ့ထဲ ပါဝင်ဖူးပြီး အစိုးရလိုလားသူမဟုတ်သ
ဦးသင်္ဂါကျော်က "ထွန်းသာ၊ ထမင်းစားပြီးပြီးချင်း ငါလာမယ်
မင်းအဖေကိုပြောလိုက်၊ မင်းလဲ ဘယ်မှ သဝေထိုးမနေနဲ့ဦး၊ မိုးချ
တော့မယ် အိမ်ပြန်တော့၊ မင်းတို့မြင်တဲ့အတိုင်းပဲ တိုင်းရေးပြည်
က ကောင်းတာမဟုတ်ဘူး"ဟု ပြောလွှတ်လိုက်၏။

ရန်ကုန်ကောလိပ်တွင် ကျောင်းသွားနေသော သူ့မြေး
ဂျပန်ကို လိုက်သွား၍ အိမ်ပြန်ရောက်မလာကတည်းက စိတ်သော
များနေသော လယ်ပိုင်ရှင်ကြီး ဦးအောင်တိုင်ကလည်း သူ့သမ
ဦးသင်္ဂါကျော်ကို လာခေါ်ရင်း အာဘောင်အာရင်းသန်သန်
ထင်ရာ မြင်ရာ လျှောက်ပြောနေသော ထွန်းသာဦးကို ဘယ်တုန်း
ပင် မျက်စိစပါးမွေး စူးနေသည်မသိ သူ့လက်သုံးစကားနှင့် "မင်း
ကလေးတွေ ဟိုမရောက်၊ ဒီမရောက်နဲ့ ကြည့်နေကြ၊ အတော်
ပုလိပ်လက်ထဲရောက်သွားမယ်"ဟု အသားလွတ် နှင်သလို ပြေ
လိုက်သည်။ သူ့အဘိုးက ထွန်းသာဦးအား ဤသို့ပြောလိုက်သည်
ထွန်းကျော်လင်းနှင့်သဇင်ဖြူတို့က အားနာသွားကြသည်။

ထမင်းစားပြီးသည်နှင့် ဒိုင်အာခီအဖွဲ့ဝင် လူကြီးဖြစ်သေ
ဦးသင်္ဂါကျော်သည် ချန္ဒီမာတို့အဖေ အဇ်နာရ်ကိုခေါ်ကာ မြို့ဘ
ထွက်သွားသည်။



ဦးသင်္ဂါကျော်ပြန်လာတော့ ညသန်းခေါင်ကျော်နေပြီ။ သို့သော် အိမ်သားတွေမှာ စစ်ပြေးတွေအကြောင်း သိချင်နေကြသဖြင့် မည်သူမျှ မအိပ်ကြသေး။ ဦးသင်္ဂါကျော် ပြန်ရောက်လာသည် နှင့် အကုန်သူ ဦးသင်္ဂါကျော်အနား ဝိုင်းလာစုကြသည်။ ဦးသင်္ဂါကျော်က ကိုယ့်မြို့၊ ကိုယ့်ရပ်အကြောင်းနှင့် စစ်ပြေးတွေ အခြေအနေကို ပြောပြရသည်။ တစ်အိမ်လုံးရှိ လူတွေမှာ အသက်ပင် ပြင်းပြင်းမရှူ မိကြဘဲ ဦးသင်္ဂါကျော်စကားကိုသာ နားစိုက်ထောင်နေကြသည်။

အရှေ့ပြည်က ပြေးလာကြသော စစ်ပြေးကုလားများထဲတွင် ဆင်းရဲနွမ်းပါး၍ တစ်လမ်းလုံး တောင်းစားငတ်ပြတ်လာကြသူများ၊ ရောဂါဘယနှင့် နာမကျန်းဖြစ်လာကြသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများမှာ အလွန်အတိဒုက္ခရောက်လာကြသည်။ ထို့ကြောင့် ကမ်းသာမြို့ရှိ မြို့ပိုင်နှင့် အစိုးရပိုင်းမှ တာဝန်ရှိကြသူများသည် တစ်သုတ်ပြီးတစ်သုတ်ရောက်လာကြသော အိန္ဒိယလူမျိုးများကို အစားအစာ ထောက်ပံ့ပေးကမ်းကြရမည်ဟု ဦးသင်္ဂါကျော်က ပြောပြသည်။

ထိုနေ့ကစ၍ ကမ်းသာမြို့ကလေး၏ အခြေအနေမှာလည်း ရှုပ်ထွေးစပြုလာသည်။

ဆင်းရဲနွမ်းပါးသူ ကုလားမိသားစု တစ်ချို့ဆိုလျှင် ထမင်းမစားခဲ့ကြရသည်မှာ တစ်ရက်နှစ်ရက်ပင် ရှိပြီဟုဆိုသဖြင့် မြို့ပိုင်နှင့် ကမ်းသာမြို့သူမြို့သားများက ရှိသမျှ ထမင်းဟင်းများကို ချကျွေး ကြသည်။ ညတွင်းချင်း ချက်ပြုတ်ကျော်လှော်သူများနှင့် ရှင်ပြုရဟန်း ခံ ပွဲတော်ကြီးလို ချက်မစဲ၊ ကျွေးမစဲဖြစ်နေကြသည်။

ငတ်ငတ်နှင့် အဝအပြစားမိ၍ စစ်ပြေးနှစ်ယောက် အူပေါက်သေသွားသည်။ ထို အခါ အသုဘကိစ္စကို သူတို့ထုံးစံအရ ချက်ခြင်းသဂြိုဟ်ကြရပြန်ရာ မြို့ခံလူတွေမှာ အလုပ်တစ်ခု အပိုရှုပ်သွားကြပြန်သည်။

ထို့ကြောင့် မြို့ပိုင်၊ ဒိုင်အာခီလူကြီးများအနေနှင့် လောလေ[illegible]လတ်လတ်ရောက်လာကြသော စစ်ပြေးဒုက္ခသည်များကို [illegible]ပြန်း၊ မစုံစမ်းဘဲ ချက်ချင်းမည်သူမျှ ထမင်းမကျွေးရဟု ဟန့်တား အမိန့်ထုတ်ရသည်။ လောလောလတ်လတ် ရောက်လာကြသော စစ်ပြေးဒုက္ခသည်များထဲမှ တစ်ရက်နှစ်ရက် ထမင်းမစားခဲ့ကြရသူ များကို ဦးစွာရွေးထုတ်ကြရသည်။ အိုးကြီးအိုးငယ်တွေနှင့်ခံထား ကြသော ထမင်း ရေများကို ဦးစွာတိုက်ကျွေးကြရသည်။ ထမင်းရေ၊ ဆန်ပြုတ်၊ နို့တို့ကို တစ်ရက်နှစ်ရက် ကျွေးပြီးမှ ဆရာဝန်က ထမင်း ကျွေးခိုင်းသည်။

သက်ဆိုင်ရာ မြို့အာဏာပိုင်များက ဆင်းရဲနွမ်းပါးသူများအား ထိုသို့ စီစဉ်ပေးနေကြချိန်တွင် စစ်ပြေးထဲတွင် ငွေကြေးချမ်းသာ သူများလည်း ပါလာကြရာ သူထက်ငါသီး ဈေးပြိုင်ဝယ်စားနေကြသဖြင့် ကမ်းသာတစ်မြို့လုံးရှိ သားငါးနှင့်ဟင်းသီးဟင်းရွက် ဆန်ဈေးတွေမှာ နေ့ချင်းညချင်းဈေးထိုးတက်သွားသည်။ ထိုအခါ မရှိဆင်းရဲ သားများအား ဝယ်ချက်ကျွေးမွေးနေကြရသည့် တာဝန်ရှိ မြို့လူကြီး များမှာ ခေါင်းကိုက်အကြပ်ရိုက်ကြရပြန်သည်။ တစ်နေ့ပြီးတစ်နေ့၊ တစ်သုတ် ပြီးတစ်သုတ် ရောက်လာကြသော စစ်ပြေးဒုက္ခသည်များကြောင့် ကမ်းသာမြို့ကလေးမှာ သောက်ရေပင် အခက်အခဲဖြစ်လာသည်။



နောက်ပိုင်း ရောက်လာကြသော စစ်ပြေးဒုက္ခသည်များသည် မည်မျှတုန်လှုပ်ချောက်ချားလာကြသည်မသိ။ ချမ်းသာ၍ ငွေကြေးပါလာကြသူများဆိုလျှင် တစ်ရက်နှစ်ရက် သင်္ဘောပတ်ကိုပင် မစောင့်ကြတော့ဘဲ လှေကြီး၊ လှေငယ်များကို အဆမတန် ဈေးကြီးပေးကာ ဟိုဘက်ကမ်းရှိ ကယုချောင်း၊ နီလာ၊ ပန်းတောင်းဘက်သို့ ဒရောသောပါး ငှားရမ်းကူးသွားနေကြသည်။ သို့ကြောင့် သင်္ဘောဆိပ်နားတွင် လှေကြီး၊ လှေငယ်တွေနှင့်လူတွေမှာ နေ့ညမရွေး ဖွေးဖွေးလှုပ်လာသည်။

ထိုအချိန်တွင် ငွေကြေးမတတ်နိုင်ကြ၍ လှေကြီး၊ လှေငယ်ငှားပြီး တစ်ဘက်ကမ်းသို့ မသွားနိုင်ကြသေးဘဲ သင်္ဘောစောင့်နေကြ ရသော အိန္ဒိယလူမျိုးများကို သက်ဆိုင်ရာ အာဏာပိုင်များက စနစ်တကျ နေရာချထားပေးခြင်း၊ အစားအသောက်ကျွေးမွေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ စစ်တကောင်းမှ သင်္ဘောများ မှာကြားပြီး အိန္ဒိယပြည်ဘက်ပို့ပေးခြင်း၊ အလုပ်ကို နေ့စဉ်အလှည့်ကျ တာဝန်ယူ လုပ်ပေးနေကြရသည်။

ထို့ကြောင့် ဒိုင်အာခီလူကြီးထဲပါနေသော ဦးအောင်တိုင်နှင့် ဦးသဂီကျော်တို့မှာ သူတို့၏စပါးများကို လှည့်မကြည့်အားဘဲ ချန္ဒိမာအဖေ အဇံနာရ်နှင့်သာ လွှဲထားလိုက်ကြရသည်။

တစ်နေ့တွင် ချန္ဒိမာအဖေ အဇံနာရ်က "အရှင်ကြီး၊ ခုအရှေ့ပြည်က အိန္ဒိယသားတွေ ပြေးလာရသလို အရှင်ကြီးတို့ အရှင်တို့ ကျွန်တော်တို့လဲ တစ်နေ့ကမ်းသာမြို့ကိုပစ်ပြီး ပြေးကြရလိမ့်မယ်" ဟု ဦးအောင်တိုင်ကို ပြောသည်။

"အရှင်ကြီး၊ အရှင်"ဆိုသည်မှာ သူ့ကိုဝယ်ငှားထားသူ၊

ပိုင်ဆိုင်သူ၊ အရှင်သခင်ဟူသော သဘောနှင့်သူတို့ထုံးစံ ခေါ်သလို ဦးအောင်တိုင်ကို "အရှင်ကြီး"၊ ဦးအောင်ကိုင်မိန်းမ ဒေါ်ကြာဦးဖြူကို "အရှင်မကြီး"၊ ဦးအောင်တိုင်သမက် ဦးသင်္ဂါကျော်ကို "အရှင်"၊ ဦးသင်္ဂါကျော်မိန်းမ ဒေါ်သန္တာဖြူကို "အရှင်မ"၊ သားသမီးများကို "အရှင့်သား၊ အရှင့်သမီး"ဟု ခေါ်ဝေါ်ပြောဆိုလေ့ရှိလေသည်။

"မင်းကို ဘယ်လူပြောလဲ အဇံ၊ ရေဒီယိုနေ့တိုင်း နားထောင်ရတဲ့ မြို့ပိုင်ကြီးကတော့ မကြာခင်အင်္ဂလိပ်တွေက ဂျပန်ကို ပြန်တိုက် တော့မယ်ဆိုပါလားကွ"

"မြို့ပိုင်ကြီးက အင်္ဂလိပ်ကိုကြောက်လို့ အရှင်ကြီးကို ညာပြောတာ၊ ကျွန်တော်တို့ လူမျိုး ဟိန္ဒူကြီးတစ်ယောက်က ကျွန်တော့်ကို သေသေချာချာမှာသွားတယ်၊ အင်္ဂလိပ်တွေ စစ်ရှုံးနေပြီ၊ တစ်နေ့ကျရင် ဂျပန်တွေ ကမ်းသာကို ရောက်လာလိမ့်မယ်၊ မိတ်ဆွေတို့လဲ ပြေးဖို့ပြင်ထားကြတဲ့၊ ခု ဗမာတစ်ပြည်လုံးကို ဂျပန်တွေ သိမ်းသွားပြီ၊ သူ ပြည်မြို့က ပြေးလာတာလို့ ပြောတယ် အရှင်ကြီး"

အဇံနာရ်စကားကြောင့် ဦးအောင်ကိုင် ခဏငိုင်သွားသည်။ ပြီးမှ. .

"သောက်ဂျပန်တွေ တို့ပြည်ကို မရောက်လာနိုင်ပါဘူးကွာ၊ အင်္ဂလိပ်က ထောင်ချောက်ဆင်ပြီး အောင်မြင်စွာ တမင်ဆုတ်ခွာပေးနေတာလို့ မြို့ပိုင်က ငါ့ကိုပြောတယ်၊ မကြာခင် ဂျပန်တွေကို အင်္ဂလိပ်က ပြန်တိုက်လိမ့်မယ်၊ မင်းဘာမှ ပူမနေနဲ့၊ မင်းအလုပ်မင်းလုပ်၊ မနက်ဖြန် မင်းကောင်တွေကို စပါးစက်ပို့ဖို့ ကိစ္စပဲ စီစဉ်၊ ကြားလား၊ မင်း တောပြောတောင်ပြော ပြောမနေနဲ့နော်၊ မင်းတို့ငါတို့က ခု အင်္ဂလိပ်အုပ်ချုပ်ရေးလက်ထဲ နေနေရတာ၊ တောပြောတောင်ပြော လျှောက်ပြောလို့ အချုပ်ထဲ ရောက်နေဦးမယ်၊ စပါးတွေ စက်ရောက်ဖို့ပဲ လုပ်၊ အထွေအထူး ဘာမှစဉ်းစားမနေနဲ့"

ဦးအောင်တိုင်က ခပ်မာမာ ပြောလိုက်သဖြင့် အဇံနာရ်က နောက်ထပ် ဘာမှ ပြန်မပြောတော့ဘဲ "ဟုတ်ကဲ့ပါ၊ စိတ်ချ အရှင်ကြီး"ဟု ပြောပြီး အိမ်နောက်ဘက် ဆင်းသွားသည်။

× × ×

(ဃ)

ချန္ဒီမာတို့အဖေ အဇံနာရ်အား သူ့လူမျိုး ဟိန္ဒူကြီးတစ်ယောက်က ပြောသွားသည်ဆိုသော စကားကို ယခုအခါ မည်သူမျှ မငြင်းနိုင်ကြတော့။ ၁၉၄၂-ခုနှစ်၊ မတ်လ(၂၃)ရက်နေ့တွင် ဧညဝတီ မြို့တော် စစ်တွေကို ဂျပန်လေယာဉ်များ ဗုံးကြဲနေကြပြီဆိုသော သတင်းမှာ တောမီးပမာ ပျံ့နှံ့၍ ကမ်းသာသို့ ရောက်လာလေသည်။ ထိုအခါ ဧညဝတီဘက်တွင် မိဘညီအစ်ကိုမောင်နှမများရှိနေကြ သော ဦးအောင်တိုင်နှင့်ဦးသဂီါကျော်တို့မှာ မိဘညီအစ်ကို မောင်နှမ တွေအတွက် သောကရောက်ကြရပြန်သည်။

ကမ်းသာတစ်မြို့လုံးရှိ လူတွေအားလုံးမှာလည်း ချက်ချင်းကျိုးလန့်စာစားဖြစ်တုန်ကြသည်။ ကမ်းသာမြို့ ပတ်ဝန်းကျင်ရှိ ရွာများမှ ကျေးလက်နေ တောသူတောင်သားများသည် ကမ်းသာသို့ ဆင်းပြေးလာကြ၏။ ကမ်းသာက မြို့နေလူများ မည်သည့်အရပ်ကို ပြေးကြရမည်နည်း။ အိန္ဒိယပြည်သား ကုလားများပြေးကြသလို အိန္ဒိယပြည်ဘက်ကို ပြေးကြရမည်လား။



မြို့ရွာပတ်ဝန်းကျင်တွင် အဆွေအမျိုး ကျိုးလန့်စာစားဖြစ်ပြီး ရှုပ်ထွေးလာသလို သဇင်ဖြူတို့ အိမ်တွင်းရေးပြဿနာမှာလည်း နေ့ချင်းညချင်း ရှုပ်ထွေးလာပြန်သည်။

ထိုနေ့က မှတ်မှတ်ရရ လက်ဆွဲဓာတ်မီး မီးစာပြုတ်ကျသွားသဖြင့် ဦးသဂီါကျော်က မီးစာအသစ်လဲနေသည်။ ဒေါ်သန္တာဖြူနှင့် သဇင်ဖြူတို့က အိန္ဒိယအဆိုကျော် လက်ရှုရာနန်ဓာတ်ပြားကို ဓာတ်ပြားထည့်ထားသော သေတ္တာကြီးရှေ့ချ၍ ရှာဖွေနေကြသည်။ ထိုဓာတ်ပြားမှာ ကုန်ခဲ့သောနှစ်က စိန်မြောင်ဘုရားဖူးသွားများနှင့် ဘုရားပွဲမှာဆုံ၍ ဖလောင်းချိတ်ပန်းဝါရှိ ဒေါ်သန္တာဖြူယောက်မတစ် ယောက်က အမှတ်တရပေးလိုက်သော ဓာတ်ပြားဖြစ်သည်။ အကြိမ်ကြိမ်အခါခါ ဖွင့်နားထောင်ပြီးကြပြီဖြစ်သော်လည်း မရိုးနိုင်သော လက်ရှုရာနန်ဓာတ်ပြားကို ယနေ့ညလည်း ဖွင့်နားထောင်ကြရန် သမီးအမိနှစ်ယောက် ရှာဖွေနေကြသည်။

လက်ရှုရာနန် ဓာတ်ပြားမှာ ရောမ၊ ခေါမခေတ်က သူရဲကောင်းများအကြောင်းကို ဂုဏ်ပြုချီးပ၍ ဖွဲ့ဆိုထားသော သီချင်းဖြစ်သည်။ ဂျပန်တိုလိုက်သွားသည်ဆိုသော သားကြီးထွန်းကျော်မင်းကို ဒေါ်သန္တာဖြူမှာ စိတ်ပြေလက်ပျောက် အလွမ်းဖြေ လက်ရှုရာနန်အသံနှင့် ငြိမ်းချိန်းရေးချင်ပုံရသည်။ ထိုအချိန်တွင် မြင်းထျော့ထမ်းပြီး မြင်း စောင်းသတ်ထ အိမ်ပေါ်တက်လာသော ထွန်းကျော်ထင်းက "ပါပါ ချန္ဒီမာတို့အိမ်မှာ ဘာဖြစ်နေလဲမသိဘူး။ ချန္ဒီမာအမေ အော်ငေါက် နေသံနဲ့ ချန္ဒီမာ ငိုသံကြားခဲ့ရတယ်"ဟု ပြောသည်။

ဦးသဂီါကျော်သည် လက်ဆွဲဓာတ်မီး၏ မီးခွက်ထဲက အရက်ပျံကို မီးရှို့ရင်း ထွန်းကျော်လင်းဘက် တစ်ချက်လှမ်း

ကြည့်၏။

"အဖဲ့ အုန်းရေယစ်လာလို့နဲ့ တူပါတယ်ကွာ"

တစ်ခါတစ်ခါတွင် အဖဲ့နာရီမှာ ခနိုင်ရေမူးပြီး သူ့သမီးကို အော်ငေါက်တတ်မှန်းသိသဖြင့် ဦးသင်္ဂါကျော်က ခပ်ပေါ့ပေါ့ပင် ပြော သည်။

"မေမေတို့ ဘာဓာတ်ပြားရှာနေကြလဲ"

"လက်ရှရာနန်ဓာတ်ပြားလေသား၊ မနှစ်ကမှ ဟိုဘက်ကမ်းက သားတို့အရီးရှင် ပေးလိုက်တဲ့ဓာတ်ပြား"

"ကျွန်တော် သူသူတို့ကို ငှားထားတယ်အမေ"

ထွန်းကျော်လင်းစကားကြောင့် ဒေါ်သန္တာဖြူ မျက်နှာတည် သွားသည်။

ထွန်းကျော်လင်းက "သူသူ"တို့ဟု ဆိုသည်မှာ ဦးကျော် ခေါင်၊ ဒေါ်ရွှေအိမ်သူတို့၏ သမီးနှစ်ယောက်၊ အောင်ကျော်ဦး၏ ညီမ၊ လှဒါသူနှင့်မြဒါသူတို့ကို ဆိုလိုခြင်းဖြစ်သည်။

သူတို့ညီအစ်မနှစ်ယောက်စလုံး၏ နာမည်တွင် "သူ"ပါ သဖြင့် သူတို့မိသားစုကို ပြောလျှင်"သူသူတို့အဖေ၊ သူသူတို့အမေ၊ သူသူတို့အစ်ကို၊ သူသူတို့ညီအစ်မ၊ သူသူတို့အိမ်သား"ဟု ခေါ်ဆို ပြောတတ်ကြသည်။ ထွန်းကျော်လင်းတို့ အိမ်သားမှာလည်း သားကြီး ရော၊ သားငယ်နာမည်၌ပါ "ထွန်း"ပါနေသဖြင့် "ထွန်းထွန်းတို့ညီ အစ်ကို၊ ထွန်းထွန်းတို့ညီမ၊ ထွန်းထွန်းတို့ အိမ်သားတွေ"ဟု ပြောတတ်ကြသည်မှာ သူတို့၏ ရပ်ခလေ့ရှာ ခလေ့ပင်။

"နင်သူသူတို့ကို ဘယ်တုန်းကငှားထားလဲ ကြာပလား"



"မကြာသေးပါဘူး အမေ၊ ဟိုတစ်နေ့. ."

ထွန်းကျော်လင်း၏ စကားမဆုံးခင်ပင် ချန္ဒီမာက ငိုယိုပြီး အိမ်ပေါ်တက်လာသည်။ အိမ်သားအားလုံးတို့၏ အကြည့်က ချန္ဒီမာ ဆီ ရောက်သွားကြ၏။

"ဘာဖြစ်လို့လဲ သမီးချန္ဒီ"

"ပါပါက ဟိုဘက်ကမ်းလိုက်ရမယ်တဲ့၊ အရှင်မတို့ဆီမှာ မနေတော့ဘူး၊ ပြောနေတယ်၊ ဂျပန်တွေလာရင် ပါပါတို့ ချန္ဒီတို့ကို သတ်လိမ့်မယ်တဲ့ အရှင်မ၊ လယ်တောက လူတွေလဲ အားလုံးဟို ဘက်ကမ်းပြန်ဖို့ အထုပ်အပိုးတွေ ပြင်ပြီးကြပြီလို့ ပါပါက ပြောတယ်၊ ချန္ဒီကို ရိုက်တယ်"

ချန္ဒီမာတို့အဖေ အဖဲ့နာရီနှင့်တကွ လယ်ကူလီဆယ်ယောက် တို့ကပါ ဟိုဘက်ကမ်းအိန္ဒိယပြည်ဘက် ပြန်ကြတော့မည်ဟူသော စကားကို ကြားလိုက်ရသောအခါ အိမ်သားတွေအားလုံးမှာ ချက်ချင်း တွေတွေဝေဝေ ဖြစ်သွားကြသည်။

ချန္ဒီမာမှာ သဇင်ဖြူနှင့်ရွယ်တူဖြစ်သည်။ ရှစ်နှစ်သမီး အရွယ်ကပင် သူ့အမေဆုံးပါးသွားခဲ့ရာ သူတို့သမီး အဖနှစ်ယောက် ကို လယ်တောက အိမ်ခြံဝင်းထဲ ခေါ်ထားခဲ့၏။ အဖဲ့နာရီမှာ လယ်ပိုင်ရှင်ကြီး ဦးအောင်တိုင်၏ လက်ရုံးဖြစ်လာသလို ချန္ဒီမာမှာ လည်း ဒေါ်ကြာဦးဖြူနှင့်ဒေါ်သန္တာဖြူတို့၏ မီးဖိုဆောင်ကူဖော် လောင်ဖက်ဖြစ်လာသည်။ ယခုအခါ သားသမီးနှင့်မိဘလိုဖြစ်နေကြ ပြီး ချန္ဒီမာကလည်း တစ်အိမ်သားလုံးကို ဆွေမျိုးအရင်းအချာလို အားကိုးတကြီး ခင်မင်နေရှာသည်။ ထို့ကြောင့် ယခုစစ်ကြီးဖြစ်လာ လျှင် သူ့အဖေက အိန္ဒိယပြန်မည်ဆိုသော်လည်း သူက မလိုက်ချင်

ဖြစ်နေသည်။ ဤအရပ်မွေးပြီး ဤအရပ်၌ ကြီးပြင်းလာခဲ့သော ချန္ဒိမာမှာ ဤအိမ်သားတွေကို ခွဲပြီး ဟိုဘက်ကမ်းလိုက်ရမှာ ကြောက်နေသည်။ သူတို့မိဘအဘိုးအဘွားများ ဟိုဘက်ကမ်းတွင် အလွန်ဆင်းရဲဒုက္ခရောက်ခဲ့ကြရသည်ကို ငယ်စဉ်က အိပ်ရာဝင် ပုံပြင်ပမာ သူ့အမေ ပြောပြထားသည်ကို နားစွဲနေသည်။

သူ့အဖေအဇံနာရ်ကလည်း ဦးအောင်တိုင်ဆီ၌ တစ်ဆယ့်လေးနှစ်သား ကတည်းကပင် လယ်ကူလီစာရင်းငှားအဖြစ် ဟိုဘက်ကမ်းက လာနေသူဖြစ်သည်။ ထိုစဉ်က လယ်ပိုင်ရှင် ဦးအောင်တိုင်ဆီ၌ လယ်ကူလီအယောက်နှစ်ဆယ်နီးပါးရှိသည်။ ထိုလယ်ကူလီများ ထဲမှ အဇံနာရ်ကို ဦးအောင်တိုင်က သဘောကျခဲ့သည်။ အလုပ်အကိုင်လည်း ကောင်း၊ စိတ်သဘောထားလည်း ဖြူစင်သဖြင့် တစ်အိမ်သားလုံးက ဝိုင်း၍အရေးပေးခြင်းကို အဇံနာရ် ခံခဲ့ရသည်။ ယင်းကြောင့်လည်း လယ်သိမ်းပြီးချိန်မှာပင် တစ်ခြားလယ်ကူလီများကို ဟိုဘက်ကမ်းမပြန်ဘဲ ဦးအောင်တိုင်၏ လယ်တဲ၌သာ နေသည်။ တောက်တိုမည်ရ ခိုင်းလျှင်လည်း မငြိုမငြင် စေတနာပါပါ လုပ်ကိုင် ပေးတတ်သည်။ ထို့ကြောင့် ဦးအောင်တိုင်က အဇံနာရ်ကို လယ်ကူလီခေါင်းခန့်ခဲ့၏။

အဇံနာရ် လယ်ကူလီခေါင်းဖြစ်သောနှစ်မှာပင် ချန္ဒိမာတို့ အမေ ဖြစ်လာမည့် သူ့ကြင်ရာလောင်း "ဆလိုးဂျား" ကို ဟိုဘက်ကမ်းရှိ သူတို့ရွာက တောင်းယူလာသည်။ သူတို့လယ်တဲ၌ပင်နေကြ၏။ မနက်ဦးအောင်တိုင်တို့ သမီးယောက္ခမတို့ မြင်းလှည်းနှင့် အိမ်လာခေါ်လျှင် သူ့ဇနီးအသစ်စက်စက်ကိုပါ ခေါ်လာပြီး အိမ်သားတွေအတွက် ထမင်းဟင်းချက်ခိုင်းဖို့ဆိုပြီး အိမ်မှာ ထိုးတင်ထားခဲ့သည်။ ညနေ ဦးအောင်တိုင်တို့ သမီးယောက္ခမကို ရွာပြန်ပို့ပြီးလျှင် သူ့ဇနီး ဆလိုးဂျားကို လယ်တဲပြန်ခေါ် သွားတတ်သည်။ သည်လိုနှင့် ချန္ဒိမာ ကိုမွေးဖွားခဲ့သည်။ ချန္ဒိမာ ရှစ်နှစ်သမီးအရွယ်တွင် ဆလိုးဂျား မီးယပ်ရောဂါနှင့် ဆုံးသွားသည်။ ထိုအခါ သူတို့သမီး အဖနှစ်ယောက်ကို ဦးအောင်တိုင်က လယ်တဲမှ အိမ်သို့ ခေါ်ထားသည်။ ခြံဝင်းထဲမှာ အိမ်လေးတစ်လုံး သီးသန့်ဆောက်ပေးထား၏။ လယ်တဲက မြင်း စောင်းနှင့်မြင်းများကိုလည်း ခြံထဲပြောင်းသွင်း ထားလိုက်သည်။



အဇံနာရ်မှာ စိတ်သဘောထားကောင်းသော်လည်း တစ်ခါတစ်ရံ ဓနိရေအရက်မူးတတ်သည်။ ထိုအခါ လယ်တဲရှိ ဇာတ်မတူသော စာရင်းငှားများနှင့် အချင်းချင်းခတ်ရှုပ်လာကြသည်။ အမဲသား နွားသားမစားသော အဇံနာရ်နှင့် အမဲသားစားသော လယ်ကူလီများ မကြာခဏ စကားများကြသည်။ ထိုမှစ၍ နွားခိုးသတ်ကြသည့်ကိစ္စပင်ပေါ်ဖူးသည်။

ဦးအောင်တိုင်၏ မြေး "ထွန်းထွန်း" တို့ ညီအစ်ကို နှစ်ယောက်ကလည်း ကြီးပြင်းလာကြပြီး တက္ကသိုလ်ကျောင်းသားတွေ ဖြစ်လာလေရာ မြေးတွေမှာ အစားအသောက်အနေအထိုင် ရှောင်ကြသူတွေမဟုတ်။ အမဲနွားသားကို တစ်အိမ်သားလုံးက ကျေးဇူးရှင်အသားဟု မစားကြသလို ဝက်သားကျတော့လည်း လယ်ကူလီများ မျက်နှာကိုကြည့်ရသဖြင့် မစားကြရ။ ဤသည်ကို မြေးတွေသားတွေက မကျေနပ်ကြ။ ကျောင်းပိတ်၍ မိမိမြို့ရွာသို့ ပြန်လာကြလျှင် ညီအစ်ကိုဝမ်းကွဲတွေ၊ ကျောင်းနေဖက်သူငယ်ချင်းတွေပါ လယ်တောထဲ ခေါ်သွားပြီး တောင်ခြေဘက်မှာ သမင်လား၊ ရေလား၊

တောကစား တောလည်ထွက်၍ အမဲပစ်တတ်ကြသည်။

တောင်ခြေတောတန်းထဲက ချေ၊ ဆတ်၊ ဝက်တို့လာလျှင် လယ်တဲတွင် လယ်ကူလီများကို ချက်ပြုတ်ကြော်လှော်ခိုင်းကြသည်။ အကောင်လိုက်၊ အခြမ်းလိုက် ဖုတ်ကင်၍လည်း စားတတ်ကြသည်။ အထူးသဖြင့် စားသူနည်း၍ တောဝက်တွေပေါသော အရပ်ဖြစ်ရာ တောဝက်တစ်ကောင်လုံးကို လယ်တဲမှာ ကင်စားတတ်ကြသည်လည်းရှိသည်။ ထိုအခါ မြေကျင်းအောင်းသားနှင့်ဝက်သားကို လုံးဝ ဥသုံမစားကြသည့်အပြင် လှည့်၍ပင် မကြည့်ကြသော လယ်ကူလီတွေက သူတို့တဲ သူတို့နေအိမ်တွေမှာ သူ့မြေးတွေလာ၍ စော်ကားနေကြပါသည်ဟု ဦးအောင်တိုင်ဆီ အတိုင်အတောချက်ချင်း ရောက် လာသည်။

ထို့ကြောင့် သူ့မြေး ထွန်းထွန်းတို့ ညီအစ်ကိုနှစ်ယောက်နှင့် တကွ သူ့သူငယ်ချင်းအပေါင်းအသင်းအားလုံးကို လယ်တောသွား၍ ပျော်ပွဲစား မလုပ်ရဟု ဦးအောင်တိုင်က တစ်ချက်လွှတ်အမိန့်ထုတ် ထားရသည်၊ ဤသည်ကို မြေးထွန်းထွန်းတို့က သူ့သူငယ်ချင်းများ အိမ်လာပြီး အမဲပစ်တော လိုက်ပျော်ပွဲစားခေါ်ကြလျှင် "ဟေ့ကောင်တွေ၊ ငါတို့ညီအစ်ကို ဒုက္ခကို မင်းတို့က မသိဘူး၊ ငါတို့မှာ အရှင်ကြီး သာ မဟုတ်ဘူးကွ၊ လယ်ကူလီ ကျွန်တွေကိုလဲ ကြောက်နေရတယ် ဟ"ဟု သူ့အဘိုးကို စကားနာထိုးကြသည်။

ထိုအခါ ချန္ဒိမာတို့အဖေအား ဟိုဘက်ကမ်းသွားပြီး လယ်ကူလီစာရင်းငှားသွားခေါ်လျှင် "အရှင်ကြီးတို့ မင်းတို့နဲ့ သင့်တော်မယ့် ကူလီတွေကိုသာ ရှာငှားလာပါကွာ၊ မင်းတို့ကောင်တွေကလဲ ဇာတ်ကြီးတာနဲ့၊ ဇာတ်ရှုပ်တာနဲ့ ငါ့မြေးလောကဓာတ်ကျောင်းသား



ဗိုလ်ကြက်ချေးတွေကလဲ ကြီးလာကြတာနဲ့ဆိုတော့ ပြဿနာဖြစ်နေပါဦးမယ်"ဟုပြောပြီး နောက်ပိုင်းကူလီများကို ချန္ဒိမာတို့အဖေ စိတ်တိုင်းကျကိုသာ ရွေးခေါ်စေခဲ့သည်။ ထို့ကြောင့်လည်း ယခု ချန္ဒိမာတို့အဖေ အဇံနာရ်နှင့် ဘာသာတူ၊ ဇာတ်တူ လယ်ကူလီများကိုငှားထားရ၍ စိတ်ချလက်ချ နေလာခဲ့ရာမှ စစ်ကြီးကြောင့် လယ်ကူလီတွေ ယခုပင် ပြန်ကြတော့မည်ဆိုသော ပြဿနာက ပေါ်လာပြန်သည်။

လက်ဆွဲဓာတ်မီး မီးစာကို ဖွင့်လိုက်၊ ပိတ်လိုက်လုပ်ကာ မီးကစားနေသော ဦးသင်္ဂါကျော်က "ချန္ဒီ၊ နင့် ပါပါကို သွားခေါ်စမ်း" ဟု ပြောလိုက်၏။

ခဏအကြာမှာပင် အဇံနာရ် အိမ်ပေါ်တက်လာသည်။

"အဇံ မင်းတို့ ဟိုဘက်ကမ်းကို ပြန်ကြတော့မလို့ဆို"

"ဟုတ်ကဲ့ပါ အရှင်၊ ကျွန်တော် အရှင်ကြီးတို့ အရှင်တို့ ဆီမှာ မနေချင်တော့လို့ မဟုတ်ပါဘူး၊ တစ်သက်လုံး အရှင်ကြီးတို့ အရှင်တို့နဲ့ မခွဲဘူးဆိုတဲ့ သန္နိဋ္ဌာန်နဲ့ နေလာတာပါ၊ ခု ဒီမှာဆက်နေရင် ဂျပန်တွေက ကျွန်တော်တို့ကို သတ်ပစ်လိမ့်မယ်"

"တောင်ထိုးရေကျ (ပေါက်ကရ)ကွာ၊ မင်းကို ဘယ်လူပြောလဲ"

"ဒီစကားကို ကျွန်တော်တို့ မိတ်ဆွေတွေ ဗမာပြည်က ပြေးလာကြကတည်းက ပြောခဲ့ကြတယ်ဆိုတာ အရှင်တို့ကို ကျွန်တော် ပြောဖူးပါတယ်၊ အဲဒါကြောင့် ခုခုလယ်တောကလူတွေလဲ ဟိုဘက်ကမ်းပြန်ဖို့ ကျွန်တော့်ကို ပြောခိုင်းနေကြတာ တစ်ပတ်လောက် တောင်ရှိပါပြီ၊ ဓညဝတီက ကျွန်တော်တို့ လူမျိုးတွေ ခုတစ်သုတ်ပြီး

တစ်သုတ် ပြန်နေကြတယ်၊ သူတို့နဲ့ ကျွန်တော်တို့ လိုက်သွားမှ ဖြစ်တော့မယ်၊ နောက်ဆိုအဖော်မရှိဖြစ်ပြီး စစ်ကြီးနီးလာတော့ ပိုဒုက္ခ ရောက်ပါလိမ့်မယ်"

အဇံနာရ်၏ စကားကို ဦးဘဂ်ါကျော်က ရှည်ရှည်လျားလျား သက်မတစ်ချက် ချမိလိုက်သည်။ ပြီးမှ-

"ဒီလောက်လဲ ဂျပန်တွေကို ကြောက်မနေစမ်းပါနဲ့ အဇံရာ၊ မညဝတီက မင်းတို့လူမျိုးတွေ ပြေးထွက်လာကြပေမယ့် ဂျပန်တွေ ဒီကိုချက်ချင်းမရောက်နိုင်သေးပါဘူးကွာ၊ မြို့ပြအုပ်ချုပ်ရေးတွေ ဘာတွေလဲ ဘူးသီးတောင်ဘက်မှာ ရှိနေသေးတာပဲဟာ၊ အင်္ဂလိပ်တွေက မကြာခင် ဂျပန်တွေကို ပြန်တိုက်တော့မယ်လို့ မင်းတို့အိန္ဒိယရေဒီယိုက နေ့တိုင်းလွှင့်နေတယ်တဲ့၊ ခုမကါပူ အာသံဘက်မှာလဲ မင်းတို့ လူမျိုးတွေကို အင်္ဂလိပ်တွေက စုဆောင်းနေဘာယ်တဲ့၊ မင်း ဒီလောက်ထိ သွေးမနည်းစမ်းပါနဲ့ အဇံရာ။ ဒီမှာ ငါတို့လဲ ရှိနေတာပဲ"

"အရှင်တို့က ရခိုင်တွေဆိုတော့ ဂျပန်က အရှင်တို့ကို သတ်မှာ မဟုတ်ဘူး၊ ပြီးတော့ အရှင့်သားတစ်ယောက်လဲ ဂျပန်တပ်ထဲ ရောက်နေတော့ အရှင်တို့ပဲ ဒီမှာနေလိုက်ကြပါ၊ ကျွန်တော်တို့ကိုတော့ ခွင့်ပြုသင့်ပါတယ်အရှင်"

ထွန်းကျော်မင်း ဂျပန်ကို လိုက်သွားသည့် ကိစ္စနှင့်ပတ်သက်၍ မည်သူ့ကိုမှ မပြောကြရန် နှုတ်ပိတ်ထားခဲ့သော်လည်း ယခု အဇံနာရ်ကပင် ဤကိစ္စသိနေသည်ဆိုသောအခါ ဦးသဂ်ါကျော်မှာလည်း ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။ ထို့ကြောင့် "အေး. . လေ . . ကွာ၊ မင်းတို့တွေ ပြန်ချင်ကြတယ် ဆိုတော့လဲ ပြန်ရမှာပေါ့"ဟုသာ ပြောလိုက်ရတော့သည်။



"ဟုတ်ကဲ့၊ ကျွန်တော်တို့ အားလုံးပြန်ကြမှာပါ၊ အဲဒါကြောင့် လယ်ကူလီတွေက သူတို့ရသင့်ရထိုက်တဲ့ အခကြေးငွေတွေကိုလဲ ရှင်းပေးဖို့ တောင်းနေကြပါတယ်အရှင်"

"အေး-လေ၊ သူတို့ ရသင့်ရထိုက်တဲ့ အဘိုးအခကို ရှင်းပေးရမှာပေါ့ကွာ"

စစ်တွေမြို့ကိုပင် ဂျပန်လေယာဉ်တွေက ပုံးလာကြဲနေပြီးဖြစ်ရာ ရခိုင်တစ်ပြည်လုံးရှိ ကုလားတွေမှာ တစ်သုတ်ပြီးတစ်သုတ် ပြန်နေကြသဖြင့် အဇံနာရ်ကိုလည်း ဘယ်လိုမှ တား၍မရမှန်းသိသောအခါ ဦးသဂ်ါကျော်မှာလည်း လိုက်လျောညီထွေသော စကားကိုသာ ဆိုနေရတော့သည်။

အမှန်က အဇံနာရ်နှင့်တကွ လယ်ကူလီများသာမဟုတ်၊ သူတို့သည်ပင် တစ်နေ့မဟုတ်တစ်နေ့ မိမိအရပ်ကို စွန့်ခွာပြီး ပြေးချင် ပြေးကြဦးမည်ကို ကြိုတင်တွက်ထားကြပြီးဖြစ်ရာ ဦးသဂ်ါကျော်မှာ လယ်ကူလီများ တောင်းဆိုလာသော အခကြေးငွေကိစ္စကိုသာ တိတိကျကျ ပြောရတော့သည်။

"မနက်ဖြန် မင်းတို့အရှင်ကြီးနဲ့ ငါ လယ်တောထဲလာပြီး မင်းတို့ရသင့်ရထိုက်တာကို တစ်ပြားတစ်ချပ်မကျန် ရှင်းပေးမယ်၊ မင်းလဲ မင်းအိမ်ထဲက လိုချင်တဲ့ ပစ္စည်းတွေကို အကုန်ယူသွားနိုင်တယ်၊ ငါတို့က ဝယ်ပေးထားတယ်ဆိုပေမယ့် မင်းမိန်းမယူလာကတည်းက လက်ဖွဲ့တဲ့အနေနဲ့ မင်းကို အပိုင်ဆိုပြီး မင်းအရှင်ကြီး အရှင်မကြီးတို့က ပေးထားကြတာပါ၊ မင်းအရှင်ကြီးဆီမှာ အပ်ထားတဲ့ ငွေတွေကိုလဲ မင်းအရှင်ကြီးက ပြန်ပေးလိမ့်မယ်၊ ဒီကြားထဲ

မင်းလူတွေကို ဆူဆူပူပူ မလုပ်ကြဖို့၊ အေးအေးချမ်းချမ်း ခါတိုင်းလိုပဲ နေကြဖို့ မင်းပြောထား ကြလား"

"ဟုတ်ကဲ့ပါ၊ စိတ်ချပါအရှင်၊ အရှင့်လူတွေက ဒီလိုလဲ မလုပ်တတ်ကြပါဘူး"

"အေး. . အေး၊ ဒီကြားထဲ မင်းလူတွေကို ဆူဆူပူပူ မလုပ်ကြ[illegible] အေးအေးချမ်းချမ်း ခါတိုင်းလိုပဲ နေကြဖို့ မင်းပြောထား[illegible]လား"

"ဟုတ်ကဲ့ပါ၊ စိတ်ချပါအရှင်၊ အရှင့်လူတွေက ဒီလိုလဲ မလုပ်တတ်ကြပါဘူး"

"အေး. . အေး၊ ဒီကြားထဲ သမီးချန္ဒိကို အော်တာ၊ ငေါက်တာ၊ ရိုက်တာ၊ ပုတ်တာ ငါမကြားချင်ဘူးနော်၊ ချန္ဒိမာက မင်းသမီး အရင်းပဲ၊ မင်း ဟိုဘက်ကမ်းပြန်ရင် သူလဲ လိုက်ရမှာပေါ့"

"သမီးက မလိုက်ချင်ဘူးပြောနေလို့. . "

"ဒါကို မင်းဘာမှ စိတ်ပူမနေနဲ့၊ သူ့အရှင်ကြီးမနဲ့ သူ့အရှင်မတို့က ပြောပြကြမှာပေါ့"

ဦးသဂီကျော်က ချန္ဒိမာကိစ္စ သူ့ဇနီးဘက် လှည့်ကြည့်၍ ပြော၏။ ထိုအခါမှ ဒေါ်သန္တာဖြူကလည်း အဇံနာရ်ကို စကားမေးဖြစ်သည်။

"အဇံ၊ နင့်ကို ဟိုဘက်ကမ်း ပြန်ကြတော့မယ်ဆိုတာ နင့် အရှင်ကြီး အရှင်မကြီးတို့ကိုကော ပြောပြီးပလား"

"အရှင်ကြီးနဲ့ အရှင်မကြီးတို့ကို မပြောရဲလို့ တစ်ရက်နှစ်ရက်ကြာသွားတာ အရှင်မ၊ အရှင်ကို ပြောပြီးပြီပဲ၊ အရှင်က အရှင်ကြီးနဲ့ အရှင်မကြီးတို့ကို ပြောပေးပါ"



"အေး. . အေး၊ ငါပြောပေးပါ့မယ်"

လယ်ကူလီခေါင်းအဇံနာရ်မရှိလျှင် ကျွဲနွားမြင်းများကအစ ထိန်းကျောင်းပေးမည့်သူ မရှိဖြစ်သွားမှာ စိုးရိမ်ကြီးနေသော ဒေါ်သန္တာဖြူက အဇံနာရ်အား ဟိုဘက်ကမ်းမပြန်ရန် ဖျောင်းဖျပြော ဆိုနိုင်သော သူ့အဖေ ဦးအောင်တိုင်နှင့်သူ့အမေ ဒေါ်ကြာဦးဖြူတို့ အား သဇင်ဖြူကို ပြောခိုင်းလိုက်သည်။

အဇံနာရ်သည် သူ့အရှင်ကြီးအရှင်မကြီးတို့၏ ရှေ့၌လည်း စောစောက ဦးသဂီကျော်အား ပြောသောစကားကို ထပ်တလဲလဲ ပြောပြနေသည်။ သူ့သမီးချန္ဒိမာကိုလည်း သူနှင့်အတူ ဟိုဘက်ကမ်း ခေါ်သွားရန် အရှင်ကြီး၊ အရှင်မကြီးတို့က ဝိုင်းဝန်းပြောပေးကြပါ ဟု သူ့သမီးချန္ဒိမာရှေ့၌ပင် မျက်ရည်စက်လက်နှင့် ခါခါ ငိုယိုပြော ၏။ အရှင်ကြီး အရှင်မကြီးတို့ကလည်း အဇံနာရ်အား မည်သို့မျှ ဖျောင်းဖျပြောဆို၍ မရကြတော့မှန်းသိသဖြင့် ချန္ဒိမာကိုသာ သူ့အဖေနှင့် ဟိုဘက်ကမ်းလိုက်သွားရန် ဖျောင်းဖျပြောဆို၍ လွှတ် လိုက်ကြရသည်။

× × ×

(c)

ဦးသင်္ဂါကျော်က ဒိုင်အာခီအကြီးအကဲထဲပါနေရာ မြို့ရွာ
အုပ်ချုပ်ရေးကိစ္စ ဓညဝတီမှ ပြေးလာကြသော အိန္ဒိယပြန်ကြမည့်
ကုလားများကိစ္စ၊ မိမိတို့၏ မြို့ရေးရွာရေးကိစ္စများနှင့် မအားမလပ်
အောင်ရှိနေလေရာ နွားအကောင်သုံးဆယ်ကျော်နှင့် မြင်းလေး
ကောင်ကို ထိမ်းကျောင်းရေး တာဝန်တို့မှာ ဦးအောင်တိုင်နှင့် ထွန်း
ကျော်လင်းတို့၏ မြေးအဘိုးနှစ်ယောက်ဆီကျရောက်လာသည်။ ဟို
တုန်းကလို အဖံနာရ်မောင်းသော မြင်းလှည်း(ဂါရီ)နှင့် အငြိမ့်သား
ထိုင်လိုက်ပါသွား၍ မရတော့။ အိုကြီးအိုမရောက်မှ လယ်ပိုင်ရှင်
ကြီးဦးအောင်တိုင်မှာ အစောကြီးထနေရသည့်အပြင် အိပ်ကောင်း
စားကောင်းအရွယ် မြေးထွန်းကျော်လင်းကိုလည်း မနက်တိုင်း
အော် ငေါက်နှိုးနေရသည်က အလုပ်ကြီးတစ်ခု။ ထွန်းကျော်လင်း
ကိုလည်း ငယ်စဉ်ကပင် နွားကျောင်း၊ မြင်းထိန်းအလုပ်ကို
လုပ်ဖူးသူမဟုတ်။

သို့သော် တစ်ရက်နှစ်ရက်တော့ မြေးအဘိုးနှစ်ယောက်
မြင်းတစ်ယောက်တစ်ကောင်စီနှင့် နွားကျောင်း၊ မြင်းထိန်း



အလုပ်ကို လုပ်ကြသေးသည်။ ထိုသို့ လုပ်ကိုင်နေကြရင်းက ပြဿနာတစ်ခုပေါ် လာပြန်၏။ ဘူးသီးတောင်၊ မောင်တောဘက်မှ ပြေးရောက်လာကြသော အငတ်ငတ်အပြတ်ပြတ် စစ်ပြေးခေါ်တောများသည် နွားများကို ခိုးသတ်စားနေကြသဖြင့် မိမိတို့နွားများကို မိမိတို့လယ်တဲ၊ နွားတင်းကုတ်၊ နွားရုံထဲတွင် ညမသိပ်ရဲ၊ မထားရဲကြတော့ဘဲ အိမ်ခြံထဲ သို့ မောင်းသွားသိပ်လာကြရသည်။

နေ့စဉ်နေ့တိုင်း မည်သူ့နွားရုံက မည်သူ့နွားဘို့ထောင်ကြီး တစ်ကောင်ပါသွားပြန်ပြီ ဆိုသည်ကိုလည်း နေ့တိုင်းလိုလို ကြားလာရသည်။ နွားခိုးသတ်သူများကလည်း နွားမ၊ နွားပိန်တွေကို ခိုးမသတ်ဘဲ ဘို့ထောင်ကြီး လည်သားတက်ကြီးတွေကိုသာ ရွေးခိုးသတ်နေကြသည်။ တိုင်းပြည် မငြိမ်မသက်ဖြစ်နေသဖြင့် ဤသည်တို့ကို မည်သူကမှလည်း အရေးတယူ မလုပ်ရဲကြ။ မြို့ရွာအာဏာပိုင်များကပင် မသိကျိုးကျွန်လျစ်လျူရှုထားကြရသည်။

ဦးအောင်တိုင်တို့ မိသားစုပိုင် နွားအကောင်သုံးဆယ်ကျော်ထဲတွင် လယ်လုပ်နွားလည်သားတက် ဘို့ထောင်ကြီးတွေက အကောင်နှစ်ဆယ်ကျော်ရှိနေလေရာ မြေးအဖိုးနှစ်ယောက်မှာ မနိုင်မနင်း ဖြစ်လာကြသည်။ ထို့ကြောင့် လေလောမယ် နွားသွင်း၊ နွား ကျောင်းအငှားသားရှားကြ၏။ စစ်ကြီးကြောင့် မြို့ရွာငြိမ်မသက် ဖြစ်နေရာ လောလောဆယ်မှာ ရုတ်ချည်း လူကောင်းသူကောင်း နွားကျောင်းသားရှာမရ။ ထိုအခါ ငသံထီး မည်သော အရှုးအပေါ တစ်ယောက်ကို ဦးအောင်တိုင်၏ မိတ်ဆွေ ဦးလှရွှေဆိုသူက ရှာငှားလာပေးသည်။

သေံထီးသူမှာ အသက်သုံးဆယ်ခန့်ရှိမည်။ နာမည်နှင့်လိုက်အောင် သန်မာထွားကြိုင်းသူဖြစ်သည်။ ကုလားစကားကိုလည်း မွတ်နေအောင် ပြောတတ်သည်။ ထို့ကြောင့် ဟိုဘက်ကမ်း အိန္ဒိယ ပြည်ဘက်မှ အဓိကရုဏ်းကြောင့် မိဘဆွေမျိုးများနှင့်ကွဲကာ သည်ဘက်ကမ်းကို ပြေးလာသူဟုလည်း တစ်ချို့က ပြောကြသည်။ ယခင်ကဆိုလျှင် သူ့ကို မည်သည့်လယ်ပိုင်ရှင် တစ်ဦးတစ်ယောက်ကမျှ ငှားချင်ခိုင်းချင်ကြသူမဟုတ်။ ခိုင်းလျှင်လည်း သူ့စိတ်ကောင်းဝင်မှ လုပ်သည်။ သူ့စိတ်အလိုမကျလျှင် ငွေရရ မရရနေ့ချင်းညချင်း ထွက်သွားတတ်သည်။ မိဘညီအစ်ကို မောင်နှမဆို၍လည်း ကမ်းသာဘက်၌ တစ်ဦးတစ်ယောက်မှ မရှိကြ။ ထို့ကြောင့်ညအခါ ဆိုလျှင် ကောက်ရိုးတဲအောက် နွားတင်းကုတ်၊ ဇရပ်ပျက်နှင့် ဟိုအိမ် အောက် သည်အိမ်အောက် ဝင်အိပ်နေတတ်သူ ဖြစ်သည်။ သေံထီးကို ယခင်က မည်သူကမှ အငှားမခေါ်ချင်ကြသော်လည်း ယခုအခါ အကြပ်အတည်းကြုံနေရသဖြင့် ဦးအောင်တိုင်၏ မိတ်ဆွေ ဦးလှရွှေကတော့ သူ့မိတ်ဆွေကြီး ဦးအောင်တိုင် ပင်ပန်းနေသည်ကို မြင်၍ မကြည့်ရက်ဖြစ်ကာ တောင်းတောင်းပန်ပန်နှင့်ပင် အငှားခေါ် လာပေးရှာသည်။

ဤသည်ကို ဒေါ်သန္တာဖြူနှင့်ကျန်တစ်အိမ်သားလုံးက သဘောမကျကြ။ အကြောင်းမှာ သူတို့အိမ်၌ သဇင်ဖြူတည်းဟူသော မိန်းမသူ အပျိုတစ်ယောက်ရှိနေ၍ဖြစ်သည်။ သေံထီးမှာ သမီး ပျိုများရှိသော လယ်ပိုင်ရှင်များ ငှားလာလျှင် အခကြေးငွေ ပေးပေး၊ မပေးပေး ကြည်ကြည်ဖြူဖြူလိုက်ပါလာတတ်သလို လယ်ပိုင်ရှင်သမီးများကိုလည်း နောက်ပိုးပိုးရင်း ခိုင်းသမျှ စေသမျှ



မငြိုမငြင် လုပ်ပေးတတ်သည်ဟု ပြောကြဆိုကြသံများကို ကြားထားသဖြင့်ဖြစ်သည်။ သို့သော် မည်သည့်လယ်ပိုင်ရှင် တစ်ဦးတစ်ယောက်၏ သမီးပျိုကိုမှ သေံထီးက လက်ဖျားနှင့် တို့သံထိသံတော့ မကြားရဖူး။ သူကြိုက်လျှင်လည်း သူ့စိတ်ထဲကသာ ကြိတ်ပြီး ပိုးပန်းနေခဲ့သူဖြစ်မည်။ ထို့ကြောင့် ဦးအောင်တိုင်ကလည်း စိတ်ချလက်ချ လက်ခံရဲခြင်းဖြစ်၏။ ပြီးတော့ ဦးအောင်တိုင်က "ငါတော့ အိုကြီးအိုမ ရောက်မှ နွားကျောင်းရင်း အသေမခံနိုင်ဘူး"ဟု ဆိုကာ တစ်အိမ် သားလုံး၏ ဆန္ဒကို ဆန့်ကျင်၍ သေံထီးကို လက်ခံထားလိုက်သည်။

အမှန်က သေံထီးမှာလည်း ဘာမှန်းညာမှန်း မသိလောက်အောင် ရူးသွပ်နေသူတော့မဟုတ်။ လယ်ပိုင်ရှင်သမီးများကို ကြိုက်၍ နောက်ပိုးကြီးလုပ်ကာ ခိုင်းသမျှ လုပ်ကိုင်ပေးနေသည် ဆိုခြင်းမှာလည်း တစ်ချို့လူတွေက တမင်သက်သက် "မင်းအလုပ် အကိုင်ကောင်းတာကို လယ်ပိုင်ရှင်ကြီးကတော့ သိပ်သဘောကျ နေပြီး နောက်ဆို သူ့သမီးနဲ့တောင် ပေးစားနေဦးမလားမသိဘူး၊ ဒီအတိုင်းဆို သူ့သမီးကလဲ မင်းကို သဘောကျနေပုံပဲ"စသည်ဖြင့် အရူးအပေါ မှန်းသိ၍ တမင်မြှောက်ထိုးပင့်ကော် ပြောဆိုကြတာလည်း ပါလေမည်။

မည်သို့ဆိုစေ။ ရပ်ဓလေ့ရွာဓလေ့အရ စာသင်ကျောင်းသွား၊ ဘုရားတက်၊ ဘုန်းကြီးဆွမ်းပို့၊ ဝတ်ရွတ်၊ သာရေးနာရေး၊ ဒုရေးသုရေးကအစ မိဘမောင်ဖွား ဆွေမျိုးအရင်းအချာမပါလျှင် မိန်းမသူများမှာ အိမ်ဝင်းကအိမ်ပြင် ထွက်သွားထွက်ကာ လုပ်လေ့လုပ်ထမရှိကြရာ ယခုဦးအောင်တိုင်မှာ မြေးမအပျိုတစ်ယောက်ရှိနေသည်

ကို ငသံထီးကလည်း သိသူမဟုတ်။ ငသံထီးက ဦးအောင်တိုင်အငှား ကို လက်ခံရာ၌ "မင်း ငါ့အိမ်မှာ အငှားလုပ်ရင် မြင်းစီးရမယ်၊ ကောက်ရိုးစင် ဇရပ်ပျက်တွေပေါ်လဲ မအိပ်ရဘူး၊ မင်းကိုမြင်းစောင်း နားမှာ အိမ်တစ်လုံးသတ်သတ်နဲ့ ငါကထားပေးမှာ၊ မင်းကြိုက်သလို ချက်ပြုတ် စားသောက်ဖို့ကိုလည်း ငါတာဝန်ယူတယ်၊ ကိုယ့်ဖာသာ ကိုယ် ကြိုက်သလို နေနိုင်တယ်ကွာ"ဆိုသဖြင့် ငသံထီးကလည်း သဘောအကျကြီးကျကာ လိုက်လာခြင်းဖြစ်သည်။

သို့သော် ဦးအောင်တိုင်က ငသံထီးနေရမည့် မြင်းစောင်း နားက အင်္ဂနာရ်တို့ သမီးအဖနေသွားကြသော အိမ်ကိုလိုက်ပို့ရာ အိမ်ထဲပင်မဝင်ရသေးဘဲ "ဟာ. , သော်ဒလီကြီး၊ ဒီအိမ်မှာတော့ ကျုပ်မနေပါရစေနဲ့ဗျာ"ဟု ဦးဆုံး စကားကို ငသံထီးက ပြောလေ သည်။

"သော်ဒလီ"ဆိုသည်မှာ ငသံထီးတို့ အိန္ဒိယပြည်ဘက်ကမ်း မှ ရပ်ခလေ့ရှာခလေ့ ဒေသအခေါ်နှင့်"လယ်ပိုင်ရှင် စော်ဘွားကြီး" ဟု အဓိပ္ပာယ်ရသည်။ ကုလားများကမူ "ချောင်ဒရီ"ဟု အသံထွက် ၏။

"ဟဲ-ကောင်ရာ၊ မင်းဟိုတုန်းက အိပ်လာခဲ့ရတဲ့ ကောက် ရိုးတဲ ဇရပ်ပျက်တွေထက် ငါ့အိမ်က အများကြီးကောင်းပါတယ်ကွ၊ ဘာဖြစ်လို့လဲ"

ငသံထီးက ဦးအောင်တိုင်ကို ဘာမှ ပြန်မပြောသေးဘဲ အိမ်ရှေ့မြေသလင်းပြောင်ပြောင်တွင် အင်္ဂနာရ်တို့ သမီးအဖ လုပ်ထားခဲ့ကြသော "ပုံဂဲ"ကို လက်ညှိုးထိုးပြ၏။

"ပုံဂဲ"ဆိုသည်မှာ ဟိန္ဒူဘာသာဝင်များသည် ထိုနှစ်တွင်



ဦးဆုံးလယ်ယာမှရသော ဆန်မှုန့်ကို အမှုန့်ကြိတ်ကာ ထိုအမှုန့်နှင့် သူတို့အိမ်ရှေ့ မြေပြင်ပေါ်၌ အရုပ်အကွက်ဖော်ရေးထားသည်ကို ဆိုခြင်းဖြစ်သည်။ သူတို့သည် ကောက်သီးပေါ်သော နတ်တော်၊ ပြာသိုလများ၌ နေ့စဉ်လိုလို မနက်တိုင်း အိမ်ရှေ့တွင် ထိုသို့ဆန်မှုန့် နှင့် "ပုံဂဲ"အကွက် ဖော်ရေးထားတတ်ကြသည်။ တစ်ချို့ဆိုလျှင် နန္ဒင်းမဲနယ် ဆေးနီ၊ ဆေးပြာဆိုး၍ပင် ပုံဂဲကို အထွတ်အမြတ် အလှအပ ရောင်စုံရေးထားတတ်ကြသည်။ အဓိပ္ပာယ်မှာ နောက်နှစ်နောင်ခါ ဆန်ရေစပါး ပေါများအောင် ဆုတောင်းပတ္ထနာ ပြုလုပ်ထားခြင်းတစ်မျိုးပင်။

ဤသည်ကို အရှေးအပေါ်ငသံထီးက ယခု ဘာသဘောမကျ သည်မသိ ပုံဂဲကို လက်ညှိုးထိုးပြ၍ ဤအိမ်တွင်တော့ သူမနေပါရ စေနှင့်ဟု ဆိုလာသည်။

"ဒါပုံဂဲ လေကွာ၊ ကုလားလယ်တဲတွေရှေ့မှာ မင်းလဲ မြင်ဖူး သားပဲ၊ အရင် ငါ့ဆီနေသွားတဲ့ အင်္ဂနာရ်တို့ သမီးအဖတွေ လုပ်သွား ကြတာပါ၊ အဲဒါဘာဖြစ်လဲ"

"ကျုပ် အဲဒီပုံဂဲတွေကိုမြင်ရင် ကျောချမ်းတယ်ဗျ"

"ဟင်-ပုံဂဲက ဘာကျောချမ်းစရာရှိလဲကွ၊ ဒါကောင်းတဲ့ နိမိတ်လက္ခဏာပဲ၊ နောက်နှစ်နောင်ခါ ဆန်ရေစပါး ပေါများ အောင် လုပ်ထားတာပဲ"

"ဟိန္ဒူကြီးတွေက ပညာတတ်ကြတယ်နော် သော်ဒလီကြီး၊ ဒီပုံဂဲနဲ့ပဲ ချစ်တီးကြီးတွေက လယ်ပိုင်ရှင်ကြီးတွေကို ပြုစားကြတာ၊ ကောင်းမကောင်းလားတော့ ကျုပ်လဲမသိဘူး၊ ကျုပ်သိတာက ပုံဂဲ လုပ်ပြီး လေးငါးနှစ်ကြာရင် လယ်ပိုင်ရှင်ကြီးတွေက သူတို့လယ်တွေ

ကို ချစ်တီးတွေလက်ထဲ ထိုးအပ်ကြရတာ ဟိုဘက်ကမ်းမှာ ကျုပ်ကြုံဖူးလို့ သော်ဒလီကြီးကို ပြောပြတာပါ"

"ကြုံကြုံဖန်ဖန်ကွာ၊ ကဲ-မင်းကျောချမ်းတယ်ဆိုတဲ့ ဒီပုံဂံတွေကို ငါဖျက်ပေးထားခဲ့ပါ့မယ်၊ မင်း ဒီအိမ်မှာ စိတ်ချလက်ချသာနေ၊ ဒီမှာ ပုံဂံတွေကို ငါခြေထောက်နဲ့ကို ဖျက်ပစ်လိုက်ပြီနော်၊ မင်းဘာမှ မစိုးရိမ်နဲ့ မဥပါဒ်နဲ့တော့"

အငံနာရ်တို့ သမီးအဖ လုပ်သွားခဲ့ကြသော ပုံဂံတွေကို ဦးအောင်တိုင်က သေံထီးရှေ့၌ပင် ခြေနှင့်နင်းချေ ဖျက်ပစ်ပြလိုက်သည်။ ဤသည်ကို သေံထီးက အံ့သြသွားသလိုတော့ ငေးကြည့်နေ၏။

ထိုအခါမှ သေံထီးကို အိမ်အပ်ထားခဲ့ပြီး ဦးအောင်တိုင်လည်း မြင်းစောင်းနားမှ မိမိအိမ်ဘက်ထွက်လာလေသည်။

× × ×



(၈)

သေံထီးကို အိမ်အပ်ထားခဲ့ပြီး နွားသွင်း၊ မြင်းထိန်းအလုပ်ကို ဦးအောင်တိုင်တို့ မြေးအဘိုးနှစ်ယောက်နှင့်သေံထီးတို့ လုပ်နေကြစဉ် တစ်မတ်ပင်မကြာလိုက် ကုလားစစ်ပြေးများသည် ကမ်းသာမြို့သို့ တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြပြန်သည်။ ယခင်က ကမ်းသာသို့ စစ်ပြေးအဖြစ်ရောက်လာကြသူတွေမှာ ကုလားချည်းသာဖြစ်သော်လည်း ယခုအခါဘူးသီးတောင်၊ မောင်တောဘက်မှ ရခိုင်တွေပါ အမြောက်အများပါလာကြသည်။ ထိုအထဲတွင် ရခိုင် အစိုးရ အရာရှိကြီးများနှင့် အင်္ဂလိပ်စစ်တပ်မှ ဗိုလ်တော်လာဆိုသူ အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်လည်း ပါလာ လေ၏။ ထိုအခါ ကမ်းသာမြို့ရှိ လူတွေမှာ ပို၍တုန်လှုပ်ချောက်ချား လာကြလေသည်။

ယခုအင်္ဂလိပ်စစ်ဗိုလ်၊ စစ်တပ်နှင့်အတူ မိသားစုများပင် ပါလာကြသော ရခိုင်အစိုးရ အရာရှိကြီးများမှာ မြန်မာနိုင်ငံသို့ ဂျပန် များဝင်ရောက်လာချိန်က ဗမာပြည်အထက်ပိုင်းတွင် မြို့ပိုင်၊ နယ်ပိုင်၊ စက်ရှင်တရားသူကြီးများ လုပ်နေခဲ့ကြသူများဟု ဆိုသည်။

ယခုအခါ သူတို့မိသားစုပါ အိန္ဒိယရှိ စစ်ပြေးစခန်း ဒင်နာ့ဂျ်ပူ (Dinajpur)သို့ သွားကြမည့်သူများဖြစ်သည်။ ထို့ကြောင့် သူတို့နှင့် အတူ ကမ်းသာမြို့ ရှိ ရခိုင်၊ ဟိန္ဒူ၊ မွ ဆလင်အကျန်များကိုလည်း အိန္ဒိယရှိ ဒင်နာ့ဂျ်ပူသို့ လိုက် ါကြရန် ဆော်ဩစည်းရုံး ဟောပြော လာကြသည်။

ရခိုင်အရာရှိကြီးများက ယသို့ လိုက်ပါကြရန် နေ့စဉ် စည်းရုံး ဆော်ဩနေကြသလို ပစစ်ဗိုလ်ကလည်း လူတွေကို စုဝေးစေပြီး နေ့စဉ်ဟောပြောနေ ည်။

"ခင်ဗျားတို့အားလုံးကို ဗြိတိသျှအစိုးရက အိန္ဒိယပြည်မှာ ရှိတဲ့ ဒင်နာ့ဂျပ်ပူမြို့မှာ နေရာချထားပေးဖို့ အားလုံးစီစဉ်ပြီးပြီ၊ ဗြိတိ သျှအစိုးရက ခင်ဗျားတို့နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက် ရေး အားလုံးကို တာဝန်ယူတယ်၊ ခုဆိုရင် ကျုပ်တို့နဲ့ ပါလာတဲ့ ဘူးသီးတောင်၊ မောင်တောဘက်က ရခိုင်လူမျိုး၊ ကုလားလူမျိုး တွေလဲ နေ့တိုင်းလိုလို အစိုးရစီစဉ်တဲ့အတိုင်း လိုက်သွားနေကြပြီး၊ ဒီမှာ နေခဲ့ကြရင် ခင်ဗျားတို့အားလုံး ဒုက္ခအကြီးအကျယ် ရောက် ကုန်လိမ့်မယ်၊ ဒီအရပ် ဒီဒေသတစ်ခုလုံးဟာ မကြာခင် စစ်မြေပြင်၊ စစ်တလင်း ဖြစ်လာမှာပဲ၊ အဲဒါကြောင့် စစ်မြေပြင် စစ်တလင်း မဖြစ်ခင်စစ်ကြီး ရောက်မလာခင် အစိုးရစီစဉ်တဲ့အတိုင်း ယုံယုံ ကြည်ကြည်နဲ့ ဒင်နာ့ဂျ်ပူ ကို လိုက်သွားကြဖို့ ခင်ဗျားတို့လူ အချင်းချင်းလဲ ရှင်းပြပြောဆို ပေးကြပါ၊ ဒီမှာရှိနေတဲ့ ခင်ဗျားတို့လူ တွေရဲ့ အမည်စာရင်းကိုလဲ တပ်တွေက စောင့်ရှောက်ပြီး အိန္ဒိယ ပြည်ဘက် ပို့ပေးဖို့ အမိန့်ပါပါတယ်"

ဗိုလ်တေလာ၏စကားမှာ အမှန်ပင်ဖြစ်သည်။ ဘူးသီး



တောင်၊မောင်တောဘက်မှ စစ်ပြေးများသည် ဗြိတိသျှအစိုးရ အစီ အစဉ်အတိုင်း တစ်သုတ်ပြီးတစ်သုတ်နေ့စဉ် အိန္ဒိယပြည်ဘက်ကို လိုက်ပါနေကြရာ ကမ်းသာမြို့ရှိ လူတွေမှာလည်း ယခု မဟုတ်လျှင် တောင် တစ်နေ့နေ့တော့ ပြေးကြရလိမ့်မည်ဟု ယုံကြည်လာကြ သည်။

ထို့ကြောင့် အိန္ဒိယပြည်ဘက်လိုက်ရန် စာရင်းပေးသူရှိသလို ဗိုလ်တေလာ၏ စကားနှင့် ရခိုင်အရာရှိကြီးများ စကားကို ယခုထိ မယုံစားဝံ့သူများလည်း ရှိနေကြသေးသည်။ သူတို့မယုံစားကြဝံ့ သည်ကိုလည်း အပြစ်မဆိုသာ။ ယခင်ရက် ယခင်လများက အင်္ဂလိပ်အစိုးရ အစီအစဉ်အတိုင်း ဒင်နာ့ဂျ်ပူသို့ လိုက်သွားကြသူ များနှင့်ပတ်သက်၍ သတင်းဆိုးများကိုလည်း တစ်ချို့က တီးတိုး တစ်ဖုံ၊ ကျယ်ကျယ်တစ်မျိုး ပြောဆိုနေကြပြန်သည်။

ယခင် သဘော်ာပတ်တွေနှင့် အိန္ဒိယပြည်ဘက် လိုက်သွား ကြသူများသည် လမ်းခရီးတွင် နေ့စဉ်လိုလို ငတ်ပြတ်သေဆုံးနေကြ သည်။ ဒင်နာ့ဂျ်ပူရောက်သွားသူများမှာလည်း ရေ၊ မိုး၊ ရာသီ၊ ဥတု မတူညီ၊ မမျှတမှုကြောင့် ဓံသကြေပျက်စီးနေကြသည်။ အင်္ဂလိပ် အစိုးရက သိန်းသန်းမကသော စစ်ပြေးဒုက္ခသည်များကို ကြာမြင့်စွာ ကျွေးမွေးမထားနိုင်သဖြင့် ကျွဲခိုင်း၊ နွားခိုင်း ခိုင်းစေ အလုပ်လုပ်ပေးနေကြရသည်။ အင်္ဂလိပ်အစိုးရ ခေါ်နေသော ဒင်နာ့ဂျ်ပူကို လိုက်သွားကြလျှင် ပြန်လမ်းမရှိတော့ဟုလည်း မလိုက် ချင်သူ၊ မလိုက် လိုသူများက ပြောဆိုနေကြပြန်သည်။

ထို့ကြောင့် ကမ်းသာရှိ လူများမှာ အိန္ဒိယပြည်ဘက် လိုက် ရမှာ ကြောက်ရွံ့၍ မြို့ကတစ်ဖန် တောကိုပြန်တက် ပြေးကြသူများ လည်းရှိသည်။ သူတို့တွေးကြောက်ကြမည်ဆိုကလည်း တွေး

ကြောက်စရာပင်။ ကမ်းသာမြို့ရှိ လူကြီးသူမများသည် စစ်ဘေးစစ်ဒဏ်များ ကို ရှေးပဝေသဏီကပင် ကြုံဖူး၊ တွေ့ဖူးခဲ့ကြသည်။ အိမ်ပျက်၊ လယ်ပျက်အပြင် သားပျောက်သမီးသေနှင့် ဆွေမျိုးညာတိတွေ ဟိုရောက်သည်ရောက် ကမောက်ကမနှင့် ကာလဆိုးများကိုလည်း ကြုံ ဖူးထားကြသည်။ အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲစတင်ခဲ့ရာ ရှင်မဖြူ၊ ရှင်မညိုကျွန်းမှာ သူတို့နှင့်ကပ်လျက်ဖြစ်သဖြင့် စစ်၏အနိဋ္ဌာရုံများ ကို သူတို့ကား အကြိမ်ကြိမ်ခံစားခဲ့ဖူးကြရပြီ။

အင်္ဂလိပ်တို့မှာ ယခုအခါ ကမ္ဘာစစ်ကြီးနှင့် ရင်ဆိုင်နေကြရသဖြင့် ကိုယ့်အိုး၊ ကိုယ့်အိမ်၊ ကိုယ့်သား၊ ကိုယ့်မယားများကိုပင် ဂရုမစိုက်နိုင်ကြသည့်အချိန်တွင် ဆွေမတော်၊ မျိုးမစပ်၊ လူမျိုးချင်းလည်း မတူသော ရခိုင်နှင့် ကုလားများကို ကျွေးမွေးစောင့်ရှောက်ထားပေးမည်ဆိုသည်မှာ ယုံကြည်နိုင်စရာ ရှိပါမည်လား။

ထိုသို့ တွေးတောပူပန်၍ မိမိတို့၏ မြို့ရွာလယ်ယာကိုင်းကျွန်းများကို မစွန့်နိုင်၊ မစွန့်ရဲကြသူများသည် မြို့မှထွက်ပြေးလျက်ရှိကြသလို အင်္ဂလိပ်စစ်ဗိုလ်နှင့် ရခိုင်အရာရှိကြီးများခေါ်ဆောင်ရာသို့ လိုက်ပါသွားကြသူများမှာလည်း တစ်သုတ်ပြီးတစ်သုတ်ရှိနေကြပြန်ရာ ကမ်းသာမြို့ကလေး၏ အခြေအနေမှာ ပို၍ ရှုပ်ထွေးလာလေသည်။

ဦးသင်္ဂါကျော်မှာ ဒိုင်အာခီအဖွဲ့ထဲပါနေရသဖြင့် တစ်ခြားလူများကိုသာ အင်္ဂလိပ်စစ်ဗိုလ်နှင့် ရခိုင်အရာရှိကြီးများ သဘောကျ စည်းရုံးလှုံ့ဆော်ပေးနေရသော်လည်း သူကိုယ်တိုင်ကမူ ယခုထိဆုံးဖြတ်မရ ဖြစ်နေသေး၏။ သူ့မိဘ ညီအစ်ကိုမောင်နှမများရှိသော



ဓညဝတီဘက် ပြေးရန်မှာလည်း ယခုအခါ ဘယ်လိုမှ အခြေအနေမကောင်းတော့သဖြင့် စိတ်ရှုပ်တွေဝေနေလေသည်။

အချိန်ကာလမှာ ပူရှိန်ပြင်းပြသော နွေရင့်ရက်ကာလသို့ပင်ရောက်လာလေပြီ။ ကမ်းသာမြို့ကလေးရှိ လူတွေ၏ အပူမှာလည်း လောလောလတ်လတ် ခေါင်းပေါ်ကျရောက်နေသည်။ ထို့ကြောင့် နေ့စဉ်နေ့တိုင်း ဒိုင်အာခီအဖွဲ့ အစည်းအဝေးမှ ပြန်လာသော ဦးသင်္ဂါကျော်နှင့် သူတို့မိသားစုမှာ ဒင်နာ့ဂျ်ပူသို့ လိုက်ရေးမလိုက်ရေးကို ဆွေးနွေးတိုင်ပင်၍ မပြီးမပြတ် ဖြစ်နေကြလေသည်။

× × ×

## (ဆ)

ထိုနေ့က ဒိုင်အာခီအစည်းအဝေးမှ ဦးသင်္ဂါကျော် စောစောစီးစီး ပြန်လာသည်။ နွားကျောင်းသွားနေကြသော ဦးအောင်တိုင်၊ ထွန်းကျော်လင်း၊ ငသံထီးတို့ပင် နွားသွင်းမလာကြသေး။ မြို့အခြေအနေကို သိချင်နေကြသော မိသားစုက ဦးသင်္ဂါကျော်အနား ချက်ချင်း ဝိုင်းလာကြသည်။

ဒေါ်ကြာဦးဖြူက သူ့သမက် ဒိုင်အာခီလူကြီးကို ခရီးရောက်မဆိုင်းပင် မေး၏။

"မောင်သင်္ဂါ၊ မြို့ရွာအခြေအနေ ဘယ်လိုတဲ့လဲကွယ်၊ တို့မြို့က ကုလားပြည်လိုက်ကြမယ့်လူတွေကို သင်္ဘောနဲ့တောင် ပို့ပေးနေပြီဆို"

"ဟုတ်တယ် အရှီးရှင်၊ ဒင်နာ့ဂျ်ပူလိုက်ကြမယ်လို့ စာရင်းပေးထားတဲ့ ကျွန်တော်တို့မြို့က လူတွေကို ဒီနေ့မနက်ပဲ စပို့နေပါပြီ"

"ဟင်-ဟုတ်လား"

"ဟုတ်ကဲ့"



"မင်းတို့ ဓညဝတီဘက်က သတင်းတွေကောကွယ်၊ ဘာများ ကြားသေးလဲ"

"တစ်ချို့ကပြောတော့ စစ်တွေကိုတောင် ဂျပန်သိမ်းသွားပြီတဲ့၊ ကျွန်တော်တို့ မသိလို့သာ စစ်တွေဒိစရိတ်အုပ်ချုပ်ရေးပျက်သွားတာလဲ သုံးလေးလတောင် ရှိနေပြီလို့သိရတယ်။ ဒါကို ဗိုလ်တေလာနဲ့ ရခိုင်အရာရှိကြီးတွေက ဒီကနေ့မှ ဖွင့်ပြောကြတယ်၊ ဒါတောင် သူတို့က မောင်တောမှာ စစ်တွေဒိစရိတ်ရုံးဖွင့်ထားနိုင်ပါသေးတယ်တဲ့၊ စစ်တွေကို ဂျပန်တွေ မသိမ်းသေးပါဘူးလို့လဲ ပြောနေကြတယ်၊ သူတို့ပြောတာတွေဟာ အမှန်တစ်ခုမှ မဟုတ်ဘူး၊ ရခိုင်ပြည်မှာ အုပ်ချုပ်ရေးပျက်လို့ပဲ ခုဆို မြောက်ဦး၊ ကျောက်တော်ဘက်တွေမှာ လုယက်မှု၊ တိုက်ခိုက်မှုတွေနဲ့ အဓိကရုဏ်းတွေတောင် ဖြစ်ကုန်ကြပြီလို့ ကြားခဲ့ရတယ် အရှီးရှင်"

"ဘုရား၊ ဘုရား မင်းတို့ မိဘဆွေမျိုးတွေကောကွယ်၊ ဘာကြားသေးလဲ"

"ပါပါတို့ သတင်းတွေတော့ ဘာမှနောက်ထပ်မကြားရသေးပါဘူး အရှီးရှင်၊ ဒါပေမယ့် သူတို့က ကျွန်တော်တို့လို နယ်စွန်တိုင်းဖျား မဟုတ်တော့ အန္တရာယ်သိပ်မရှိနိုင်ဘူးထင်ပါတယ်၊ ဟိုမှာဆွေမျိုးတွေလဲ များပါတယ်၊ ခက်တာက အရှီးရှင်တို့ ကျွန်တော်တို့ပဲ ဓညဝတီဘက် ပြေးလို့လဲ ခုနေခါ မဖြစ်နိုင်တော့ဘူး၊ မောင်တောစစ်တွေလမ်းခရီးက လုံးဝကို မကောင်းတော့ဘူးလို့ သိခဲ့ရတယ်"

"အဲဒါဆို တို့ ဘယ်လိုလုပ်ကြမလဲကွယ်"

"ကျွန်တော်လဲ အဲဒါကို အရှီးရှင်၊ သခင်ကြီးတို့နဲ့ တိုင်ပင်ချင်လို့ စောစောပြန်လာတာပဲ၊ အစိုးရ အုပ်ချုပ်ရေးမရှိတဲ့ အရပ်၊

... အရပ်၊

မြို့ရွာမှာ နေရတာတော့ လုံခြုံမှုဘာမှမရှိဘူး၊ ကျွန်တော်တစ်လမ်းလုံး စဉ်းစားလာတယ်၊ တကယ်လို့ ရခိုင်ပြည် အုပ်ချုပ်ရေးရုံးကို အင်္ဂလိပ်အစိုးရက မောင်တောမှာ ဖွင့်ထားနိုင်သေးတယ်ဆိုရင် ကျွန်တော်တို့ ကမ်းသာက လူတွေကို ကုလားပြည်လိုက်ကြဖို့ သူတို့က ဘာစည်းရုံးနေစရာလိုလဲ၊ ခုတော့ ကမ်းသာကလူတွေကို အိန္ဒိယပြည်ဘက် ဒီနေ့ပဲ စပို့နေပြီ၊ ဗိုလ်တေလာပြောတဲ့စကားက ယုံကြည်နိုင်စရာ အကြောင်းမရှိဘူး၊ သူက ပြောသေးတယ်၊ အင်္ဂလိပ် တပ်တွေက ဂျပန်ကို ပြန်တိုက်ဖို့အတွက် ထောင်ချောက်ဆင်ထား ခဲ့ပြီး အောင်မြင်စွာဆုပ်ခွာပေးနေတာပါတဲ့၊ မကြာခင် အိန္ဒိယပြည်က စစ်အင်အားကိုယူပြီး ဂျပန်တွေကို ပြန်တိုက်မှာတဲ့၊ ဗမာပြည် အစိုးရ ရဲ့ ဗမာပြည်အုပ်ချုပ်ရေးကလဲ ဆင်းမလားမှာ ရှိပါတယ်တဲ့၊ အစိုးရ အဖွဲ့ မပျက်သေးပါဘူးလို့လဲ ပြောတယ်၊ ကုလားပြည်ဘက် လိုက်သွားကြတဲ့ လူတွေအတွက် စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး ဘာမှမပူကြပါနဲ့ ဆင်မလားမှာရှိတဲ့ ဗမာပြည်အစိုးရက တာဝန်ယူထားပါတယ်ဆိုဒါပဲ တွင်တွင်ပြောနေတယ်။

"အေး-လေ-ကွယ်၊ လူမျိုးတစ်မျိုးနဲ့ လူမျိုးတစ်မျိုး ဖြစ်ကြတဲ့ စစ်ဆိုတာ အရိုးရှင်တို့ ငယ်ငယ်က တွေ့ဖူးကြုံဖူးခဲ့ရလို့ ကြောက်ပါရဲ့၊ မင်းပြောသလိုဆို အစိုးရတစ်ခုခု အုပ်ချုပ်မှုမရှိတဲ့ အရပ်မှာ နေဖို့ဆိုတာကတော့ အင်မတန် အန္တရာယ်များတယ်၊ တရားဆိုတာမှ မရှိတာ၊ ဒီကိစ္စ နင့်သခင်ကြီးပြန်လာရင် ချက်ချင်းတိုင်ပင်ကြမှ ဖြစ်တော့မပေါ့"

"ဟုတ်ကဲ့၊ ခု ဂျပန်တွေက စစ်တွေတောင် သိမ်းသွားပြီဆို



တော့ ဗိုလ်ကေလာနဲ့ ရခိုင်အရာရှိကြီးတွေပြောသလို ကျွန်တော်တို့ကမ်းသာလဲ စစ်တလင်းဖြစ်လာမှာတော့ သေချာတယ်။ အဲဒါကြောင့် ဗိုလ်တေလာနဲ့ ရခိုင်အရာရှိကြီးတွေကလဲ ဒင့်နာ့ဂျ်ပူလိုက်ကြဖို့ချည်း နေ့တိုင်းဆော်ဩနေကြတော့ ကျွန်တော်တို့လဲ လိုက်သွားကြ ရကောင်းမလားဆိုတာ စဉ်းစားစရာဖြစ်လာပြီ အရိုးရှင်"

ဦးသဂိါကျော်၏ စကားကြောင့် ဒေါ်သန္တာဖြူနှင့် သဇင်ဖြူတို့မှာ ချက်ချင်းမျက်ရည်ဝဲလာကြသည်။ သူတို့သည် ဤအရပ်မွေး၊ ဤအရပ်ကြီးပြင်းလာကြသူတွေ ဖြစ်ကြသဖြင့် ကုလားပြည်လိုက်ကြရမှာ တွေးကြောက်နေကြသည်။ ဤသည်ကို သိနေသဖြင့်လည်း ဦးသဂိါကျော်က ယခုထိ ပြတ်ပြတ်သားသား ဖွင့်ဟမပြောရဲသေး။ ခုနေခါ တစ်မိသားစုလုံး အလွန်အားထားကြသော ခေတ်ပညာတတ် သားကြီးတစ်ယောက်ကလည်း အိမ်တွင်မရှိသဖြင့် မိသားစုတို့မှာ အလိုလိုအားငယ်နေကြသည်။

အိန္ဒိယပြည်ဘက်ရှိ ဖလောင်းချိတ်၊ ပန်းဝါ(ရာမူး)တွင် မွေးဖွားခဲ့သူ၊ စစ်တစ်ကောင်း ဟီလီတရိုက်တွင် နေဖူးသူ၊ ဆွေမျိုးအရင်းအချာတွေ ရှိနေသူဆို၍လည်း ဤအိမ်တွင် ဒေါ်ကြာဦးဖြူတစ်ယောက်သာ ရှိသည်။ဒေါ်ကြာဦးဖြူမှာ အိန္ဒိယပြည်ဘက်တွင် ကြီးပြင်းခဲ့ပြီး ဦးအောင်တိုင်နှင့် အိမ်ထောင်ကျမှ ဤအရပ်သို့ ရောက်လာသူဖြစ်သည်။ ထို့ကြောင့်လည်း အိန္ဒိယပြည်ရှိ ဒင်နာ့ဂျ်ပူသို့ အင်္ဂလိပ်အစိုးရအစီအစဉ်နှင့် လိုက်ရေး၊ မလိုက်ရေးမှာ ဒေါ်ကြာဦး ဖြူဆီ၌လည်း အတိုင်းအတာတစ်စုံတစ်ခုထိ အဆုံးအဖြတ်ရှိနေလေသည်။

ဦးသဂိါကျော်နှင့်အိမ်သားတွေ အိန္ဒိယပြည်ဘက်ရှိ ဒင်နာ့ဂျ်ပူ

သို့ လိုက်ရေးမလိုက်ရေး ဆွေးနွေးနေကြစဉ်မှာပင် နွားကျောင်းသွား နေကြသော ဦးအောင်တိုင်၊ ထွန်းကျော်လင်းနှင့် ငသံထီးတို့က နွားတွေ၊ မြင်းတွေနှင့် ဝရုံးသုံးကား ခြံထဲဝင်လာကြသည်။ သူတို့သုံးယောက်မှာ နွားအကောင်သုံးဆယ်ကျော်ကို မနိုင်မနင်း မောင်းသွင်း နေကြရသဖြင့် အိမ်သားအားလုံးကလည်း ချက်ချင်းခြံထဲပြေးဆင်း ၍ ဝိုင်းကူဖမ်းချည်ပေးကြရသည်။

နွားတွေကို အိမ်ခြံဝင်းထဲ သွင်းသိပ်ခဲ့ကြရသည်မှာ မကြာသေးသဖြင့် အနေမကျဖြစ်ကာ နွားတွေမှာ ဝရုံးသုံးကားဖြစ်နေကြသည်။ ထို့ကြောင့် လောလောဆယ်တွင် အိန္ဒိယပြည်ရှိ ဒင်နာ့ဂျ်ပူသို့ လိုက်ရေး၊ မလိုက်ရေးကိုပင် စကားမပဟာနိုင်ကြသေးဘဲ နွားတွေကိုသာ ဂရုစိုက်ချည်တိုင်သွင်းနေကြရပြန်သည်။ သို့သော် နွားသွင်းပြီး ညနေစာထမင်းစားပြီးကြသည်နှင့် တပြိုင်နက် ဦးအောင်တိုင်တို့မိသားစုမှာ အင်္ဂလိပ်အစိုးရအလိုကျ ဒင်နာ့ဂျ်ပူသို့ လိုက်ရေး၊ မလိုက် ရေးကို ဆက်လက်ဆွေးနွေးကြရသည်။

"အင်္ဂလိပ်အစိုးရက စီစဉ်ပေးသလို ဒင့်နာ့ဂျ်ပူလိုက်ရေး၊ မလိုက်ရေးကို ငါလဲစဉ်းစားနေတာပဲ၊ ဒင့်နာ့ဂျ်ပူဆိုတဲ့ မြို့က ငါလဲ မရောက်ဘူး၊ ကြာဦးကော ရောက်ဖူးလား"

ဦးအောင်တိုင်က ဟိုဘက်ကမ်းသူမ ဒေါ်ကြာဦးဖြူကို အဓိကထား၍မေး၏။

"ဒင်နာဂျ်ပူဆိုတာ ရောက်ဖူးဖို့မပြောနဲ့ အကျွန်ကြားတောင် မကြားဘူးပါလားတော်"

အိန္ဒိယပြည်ဘက်၌ မွေး၍ အနောက်ကမ်းဘက်၌ ကြီးပြင်းလာသူ ဒေါ်ကြာဦးဖြူကလည်း ရောက်ဖူးဖို့မပြောနှင့် သူကြားပင်



မကြားဖူးဟုဆိုသည်။

"အို-အဘိုးကလဲ ဒါအဘောင်ရှင်(အဘွား)ကို မေးနေစရာမလိုပါဘူး အိန္ဒိယမြေပုံထဲ ပါမှာပေါ့"

ထွန်းကျော်လင်းက လူတတ်ကြီးလုပ်၍ ဝင်ပြော၏။

"အိမ်း-ဟုတ်လားငါ့မြေး၊ အေး-ကွယ်၊ ခုနေခါ အိန္ဒိယမြေပုံတစ်ချပ်လောက်ရရင် သိပ်တန်ဘိုးရှိပေါ့၊ ဒင်နာ့ဂျ်ပူဆိုတဲ့မြို့က ငါ့မြေးတို့ ပထဝီသင်တဲ့ထဲ ပါလား၊ ဒေလီနဲ့ ဘယ်လောက်ဝေးတုန်း"

"ဟာ. . ဘိုးဘိုးကလဲ၊ ဒင်နာ့ဂျ်ပူလို မြို့လေးက ပထဝီထဲတော့ ဘယ်ပါပါ့မလဲ ဘိုးဘိုးရာ၊ ဒါပေမယ့် သားသိပါတယ်၊ ဒေလီနဲ့ အဝေးကြီး"

"ဘယ်လောက်ဝေးလဲ၊ ဘယ်နှစ်မိုင်လောက်ဝေးလဲ"

ဤစကားကိုတော့ ထွန်းကျော်လင်းအဖေ ဦးသင်္ဂါကျော်က မေး၏။

"ကျွန်တော် သူသူတို့အိမ်မှာ အိန္ဒိယမြေပုံတွေ့လို့ ဟိုလေးငါးရက်ပင်ကြည့်လာခဲ့ပြီ၊ ဒင်နာ့ဂျ်ပူဆိုတာ ဒေလီနဲ့အဝေးကြီး၊ ကာလကတ္တားက ရထားတစ်တန် ကားတစ်တန်နဲ့ ဂင်္ဂါယမုန်နာမြစ်တွေကိုတောင် ဖြတ်သွားရတယ်လို့ ကိုအောင်ကျော်ဦးကလဲ ပြောတယ်"

ထွန်းကျော်လင်းက သူသူတို့အိမ်မှာ အိန္ဒိယမြေပုံကို ကြည့်လာခဲ့သည်ဟု ဆိုစကားကို ဒေါ်သန္တာဖြူကတော့ သိပ်သဘောတွေ့မရ။ သူသူတို့ အဘိုးအဘွားများနှင့် သူ့အမေအဖေတို့သည် ဟိုစဉ်က လယ်မြေကိစ္စ တရားတစ်ဘောင်ပင် ဖြစ်ဖူးထားကြသဖြင့် ယခု

ထိ လူကြီးချင်းက ခပ်တန်းတန်းဖြစ်နေကြသည်။ အောင်ကျော်ဦး တစ်ခါတစ်ခါ သူတို့အိမ်ကို ဝင်ထွက်သွားလာနေသည်ကို လိုက် လျော နေကြခြင်းမှာလည်း သူ့သားကြီးထွန်းကျော်မင်းနှင့် ရန်ကုန် ကောလိပ်တွင် အတူနေခဲ့ကြသူ၊ သားကြီး၏သတင်းအစအနကို လာပြောဖော်ရသူအနေနှင့်သာ ဆက်ဆံခဲ့ရခြင်းဖြစ်သည်။ အမှန် အတိုင်း ဆိုရလျှင် ငယ်စဉ်က လယ်မြေ၊ ယာမြေကိစ္စကို ဒေါ်သန္တာ ဖြူတို့ လူကြီးတွေက ယခုထိ မကျေနပ်နိုင်ကြသေး။ ယခင်လ ကလည်း သူ့သား ထွန်းကျော်လင်းက လက်ရှရာနန်ဓာတ်ပြား သူသူ တို့ကို ငှားထားသည်ဆိုသဖြင့် ဆူခဲ့ပူခဲ့ရသေးသည်။

ယခု သူ့သားငယ်က သူသူတို့အိမ်တွင် အိန္ဒိယမြေပုံ ကြည့် လာခဲ့ရသည်ဆိုသောအခါ ပို၍ သဘောမတွေ့ဖြစ်သွားသည်။

"ကဲ. . အဲဒီတော့ ဒင်နှာ့ဂျ်ပူလိုက်ရေး မလိုက်ရေးကို သခင်ကြီးနဲ့ အရီးရှင်တို့ဘယ်လိုဆုံးဖြတ်ကြမလဲ"

"ဘယ်လို ဆုံးဖြတ်ကြမလဲ ဆိုတော့ စောစောက ပြောခဲ့ကြ သလိုပဲ၊ ကမ်းသာတစ်မြို့လုံး စစ်တလင်းဖြစ်လာမှာ သေချာနေပြီ ဆိုတော့ သူတို့စီစဉ်သလို လိုက်သွားကြရတော့မှာပဲ၊ ဟိုဘက် ဒီဘက် စစ်ဖြစ်ပြီး ကိုယ့်မြို့ကိုယ့်ရွာ စစ်တလင်းထဲ နေတာနဲ့စာရင် အစိုးရ တစ်ခုခုရဲ့ အုပ်ချုပ်မှုအောက်မှာ နေတာက ပိုပြီး အန္တရာယ် ကင်းမယ်၊ လုံခြုံမှုလဲ ရှိမယ်လို့ ငါတော့ထင်တယ်"

ဦးသဂ်ီကျော်၏ အမေးကို ဒေါ်ကြာဦးဖြူက ဘာမှ မပြောမီ ဦးအောင်တိုင်က သူ၏ သဘောထားကို အရင်ပြောချလိုက်သည်။

"ကျွန်တော်လဲ သခင်ကြီးသဘောအတိုင်းပဲ၊ ဘာပဲပြော ပြော စစ်တလင်းထဲ နေနေရတာနဲ့စာရင် အင်္ဂလိပ်အစိုးရလက်



အောက် ဩဘ်-ကိုကျော်ခေါင်၊ လာဗျာ၊ ထိုင်"

ဦးသဂ်ီကျော် စကားမဆုံးခင်ပင် ဒိုင်အာခီထဲ လူကြီး တစ်ယောက်အဖြစ် ပါနေသော၊ သူနှင့်လည်း အစည်းအဝေးတွင် နေ့စဉ်တွေ့နေကြရသော ဦးကျော်ခေါင်နှင့်သူ့သား အောင်ကျော်ဦး တို့ အိမ်ပေါ်တက်လာကြသဖြင့် ဦးသဂ်ီကျော်တို့ မိသားစုက စကား ဝိုင်းကို ရပ်ပြီး ဦးကျော်ခေါင်တို့ သားအဖကို ကြိုဆိုစကား လှမ်းပြော လိုက်ရသည်။

"ကိုသဂ်ီရေ၊ လာတဲ့ ကိစ္စကဒီလိုဗျိုး၊ ခင်ဗျားမြို့အစည်း အဝေးက စောစောပြန်သွားပြီးတဲ့နောက်မှာ ဗိုလ်တေလာနဲ့ ကျွန်တော်တို့ မနက်ဖြန် ကုလားပြည်ပို့မယ့် လူတွေစာရင်းညှိကြရင်း ဗိုလ်တေလာနဲ့ အရေးပိုင်ကြီးတို့က ပြောတယ်"

"ဟုတ်ကဲ့၊ ဘာပါလိမ့်"

"ခင်ဗျားတို့ ဒိုင်အာခီထဲက လူကြီးတွေ ဘယ်လူမှ ကုလား ပြည်ဘက် မလိုက်ကြသေးလို့ မြို့သူမြို့သားတွေ လိုက်ရမှာ လိုက်ရ မှာ ကြောက်နေကြတယ်ပေ့ါဗျာ၊ အဲဒါကြောင့် တစ်စုနှစ်စုလောက် မြန်မြန်လိုက်သွားကြမှဖြစ်တော့မယ်တဲ့၊ ကြာရင် အားလုံးသတ်ပွဲ ဖြစ်တော့မယ်၊ ကြာရင် အားလုံးဒုက္ခရောက်ကုန်ကြလိမ့်မယ်တဲ့၊ သူတို့ပြောတာလဲ ဟုတ်တော့ဟုတ်တယ်ဗျ၊ မကြာခင် စစ်တလင်း ဖြစ်လာမယ့် ကမ်းသာက ပြေးကြရမယ့်အတူတူ မြန်မြန်လိုက် သွားကြတာပဲ ကောင်းမယ်လို့ ဆုံးဖြတ်ပြီး ကျွန်တော်တို့ မိသားစုတော့ ဒီတစ်ရက်နှစ်ရက်အတွင်း လိုက်သွားကြ တော့မယ် လို့ ခုခင်ဗျားကို လာတိုင်ပင်တာ၊ ဘာပဲပြောပြော ဒီဒိုင်အာခီထဲမှာ ဒီမြို့က ဆွေမျိုးဆိုလို့ ခင်ဗျားနဲ့ ကျွန်တော်ပဲ ရှိကြတော့ ခုလာပြီး

တိုင်ပင်တာပါ"

"ဘာပဲပြောပြော ဒိုင်အာခီထဲမှာ ဒီမြို့က ဆွေးမျိုးဆိုလို့" ဆိုသော ဦးကျော်ခေါင်၏ စကားကို ဦးအောင်တိုင်မဲ့ရွဲ့ချင်သည်။ သို့သော် ဤအချိန် ဤကာလမျိုးတွင် ဦးကျော်ခေါင်ပြောလိုက်သော စကားတွေမှာ အတေးအမှတ်ထားစရာ၊ ဗွေယူစရာ မဟုတ်၊ ခွင့်လွှတ်ကျေးဇူးတင်စရာသာ ဖြစ်နေသဖြင့် ဦးအောင်တိုင်က ငြိမ်နေလိုက်၏။

"ခင်ဗျားလိုပဲ ကျွန်တော်တို့ မိသားစုလဲ ခုပဲ ကုလားပြည်ဘက် လိုက်ရေးမလိုက်ရေးတိုင်ပင်နေကြတာပါ၊ ဒီအတိုင်းဆို မလိုက်လို့တော့ မဖြစ်ဘူးထင်တာပဲ၊ မကြာခင် ကမ်းသာက စစ်တလင်းဖြစ်လာတော့မယ်ဆိုတော့ စစ်တလင်းထဲ ပေတေအသေခံနေလို့ ဘာအကြောင်းထူးမှာလဲ၊ ဩော်. . ဒါနဲ့ ခင်ဗျားအိမ်မှာ အိန္ဒိယမြေပုံတစ်ချပ်ရှိတယ်ပြောတယ်၊ အဲဒါ သခင်ကြီးက ဒေလီနဲ့ ဒင်နာ့ဂျ်ပူဘယ်လောက်ဝေးလဲ သိချင်ကဲ့ အကြောင်းတောင် စောစောကသား ငယ်ကို မေးနေသေးတယ်"

ဦးကျော်ခေါင် ယောက္ခမတွေနှင့် သူ့ယောက္ခမတို့ တရားတစ်ဘောင်ဖြစ်နေခဲ့ကြသည်မှာ သူနှင့်ဒေါ်သန္တာဖြူအိမ်ထောင်မကျ ခင်ကပင်ဖြစ်သဖြင့် ဦးသဂီကျော်ကတော့ အငြိုးအတေးမထား။ ယခုအိန္ဒိယမြေပုံကိစ္စ ပြောခြင်းမှာလည်း သူ့ယောက္ခမ ဦးအောင်တိုင် နှင့်ဦးကျော်ခေါင်တို့ကို သွယ်ဝိုက်သောနည်းနှင့် အမျက်ပြေကြစေရန် မိတ်ဆက်ပြောကြားလိုက်ခြင်းသာဖြစ်သည်။

"ဒင်နာ့ဂျ်ပူနဲ့ ဒေလီက အဝေးကြီးပါ ဦးမင်း၊ ကျွန်တော်တို့ကတော့ ဒီလိုစိတ်ကူးထားကြပါတယ်၊ ဒါလဲ ဒီနေ့မှ မဟုတ်ဘူး၊



ညေဝတီကို ဂျပန်တွေ သိမ်းသွားပြီကြားကတည်းကပင် စီစဉ်ထားတာပါ၊ ခု အင်္ဂလိပ်အစိုးရ စီစဉ်သလိုပဲ နီလာပန်းတောင်းကနေ ဖလောင်းချိတ်၊ ပန်းဝါထိလိုက်သွားမယ်၊ ရွှေအိမ်တို့ဘက်က ဖလောင်းချိတ်မှာ ဆွေမျိုးအရင်းအချာတွေရှိတယ်ပြောတယ်၊ ဖလောင်းချိတ်ရောက်တော့ ဆွေမျိုးတွေကို မေးကြည့်မယ်၊ ဒီက စစ်ပြေးတွေကို အင်္ဂလိပ်တွေက သူတို့ပြောသလို ထားမထား၊ အစားအသောက်အနေအထိုင် ဟန်ကျပန်ကျ ရှိမရှိ တကယ်လို့ အင်္ဂလိပ်တွေ ပြောသလိုမဟုတ်ဘဲ ကျွန်တော်တို့ ကြားထားသလို လမ်းမှာ အစာရေစာပြတ်ပြီးသေကြေပျက်စီးကြတယ်၊ အင်္ဂလိပ်တွေက ကျွန်တော်တို့ကို ကျွဲခိုင်းနွားခိုင်း ခိုင်းတယ်ဆိုရင် ဖယောင်းချိတ်မှာ ှိနေကြတဲ့ ရွှေအိမ်တို့ အမျိုးတွေကလဲ၊ ဘယ်လိုမှ ဒင်နာ့ဂျ်ပူကို ိုက်ခိုင်းကြမှာ မဟုတ်ဘူး၊ ဖလောင်းချိတ်စစ်ပြေးစခန်းရောက်ရင် ါတွေ အကုန် သိရမယ်၊ မဟန်ရင် ဖလောင်းချိတ်မှာပဲ ကျန်နေခဲ့မယ် လို့ မှန်းထားပါတယ် ဦးမင်း"

ဦးသဂီကျော်နှင့်ဦးကျော်မင်းခေါင်တို့မှာ ညေဝတီသားများ ဖြစ်ကြသဖြင့် အိန္ဒိယပြေးကြရမည်ဆိုလျှင် မိန်းမဘက်က မျိုးတွေ ကိုသာ အားထားကြရလေသည်။

"မင်း-အင်္ဂလိပ်တွေကကော တို့ကို ဖလောင်းချိတ်ပန်းဝါ က်လမ်းက ခေါ်မတဲ့လား"

ဦးကျော်ခေါင်က လေးလေးစားစား ပြောလာသဖြင့် အောင်တိုင်ကလည်း သူသိလိုရာကို သံမှန်နှင့်မေး၏။ သူ့ဇနီး ကြာဦးဖြူမှာလည်း ဖလောင်းချိတ်ပန်းဝါဘက်သူဖြစ်သဖြင့် ကျော်ခေါင်၏ စကားပေါ်များစွာစိတ်ဝင်စားလာပုံရသည်။

"ဖလောင်းချိတ်က မခေါ်လို့ ဘယ်လိုမှ မရဘူး ဦးမင်း၊ ကျွန်တော်တို့ ဧည့ဝတီက စစ်ပြေးတွေအတွက် ဒီတစ်လမ်းပဲရှိပါတယ်၊ ဖလောင်းချိတ်ပန်းဝါကနေ စစ်တကောင်းကို သွားရပါဦးမယ်၊ စစ်တကောင်းကမှတဆင့် အိန္ဒိယပြည်ရဲ့ အနောက်မြောက်ကို ကားအတန်တန်၊ ရထားအတန်တန်နဲ့ သွားကြရမယ်၊ ဂင်္ဂါယမုန်နာမြစ်တွေကို ဖြတ်ပြီးမှ ဒင်နာ့ဂျ်ပူရောက်မှာ ဩော်-ဒါနဲ့ ဦးမင်းအိန္ဒိယ မြေပုံကြည့်ချင်ရင် အိမ်မှာ ရှိပါတယ်ခင်ဗျား၊ သားကို အပို့လွှတ်လိုက်ပါ့မယ်"

"အိန္ဒိယမြေပုံလဲ အပို့လွှတ်စရာ မလိုတော့ပါဘူးကွယ်၊ မင်းပြောတာနဲ့ပဲ ပြည့်စုံနေပါပြီ၊ ငါ့မြေးလေးကလဲ စောစောက မင်းပြောသလိုပဲ ဂင်္ဂါသဲမုန်နာမြစ်တွေကို ဖြတ်ကျော်ပြီးမှ ဒင်နာ့ဂျ်ပူကို ရောက်မယ်လို့ပြောပါတယ်၊ ငါက ဖလောင်းချိတ်ပါန်းဝါသူဆိုပေမယ့် ဒင်နာ့ဂျ်ပူဆိုတာ ဘယ်နေမှန်းမှ မသိတာ"

ဤစကားကိုတော့ ဒေါ်ကြာဦးဖြူက ဝင်ပြော၏။

"ကြီးကြီးသာမဟုတ်ဘူး၊ ကျွန်တော့်သခင်ကြီးတို့လဲ မသိကြဘူး၊ ဒါနဲ့ ကြီးကြီးလဲ ဟိုဘက်ကမ်းမှာ အမျိုးတွေအများကြီး ရှိတာပဲ၊ ခု ကျွန်တော်ပြောတဲ့ အစီအစဉ်ကို ဘယ်လိုသဘောရပါလဲ၊ မကောင်းဘူးလား ကြီးကြီး"

"ကောင်းပါတယ်ကွယ်၊ ဟိုက ဆွေမျိုးတွေဟာ အင်မတန်အမျိုးချစ်တတ်ကြတဲ့ ရခိုင်စစ်စစ်တွေပါ၊ ဟိုရောက်သွားရင် တို့ကိုပစ်မထားပါဘူး၊ ကူညီကြမှာပါ"

"ဟိုက ဆွေမျိုးတွေက အင်မတန်အမျိုးချစ်တတ်ကြတဲ့ ရခိုင်စစ်စစ်တွေပါ"ဆိုသော ဒေါ်ကြာဦးဖြူ၏ စောင်းပါးရိပ်ခြည်



စကားကို ဦးကျော်ခေါင်ယောက္ခမများသာ ကြားလျှင်တော့ မည်သို့နေမည်မသိသော်လည်း ယခုဦးကျော်ခေါင်ကမူ လုံးဝသတိထားမိပုံမရ၊ ယခုလောလောဆယ် အရေးကြီးနေသည်မှာ ဒင်နာ့ဂျ်ပူလိုက်ရေး မလိုက်ရေးသာဖြစ်သည်။

ထို့ကြောင့်လည်း ဦးကျော်ခေါင်တို့ သားအဖပြန်သွားကြပြီးနောက်ပိုင်းမှာ သူတို့မိသားစုသည်လည်း မကြာခင် ဒင်နာ့ဂျ်ပူသို့ လိုက်ကြရန် ဆုံးဖြတ်လိုက်ကြရလေသည်။

× × ×

"သား-မြင်းလှည်းပြင်စမ်းကွယ်၊ အမေတို့ ဟိုဘက်ကမ်းလိုက်ကြရတော့မယ်ဆိုတော့ မြသက်တို့ အိမ်ကိုလဲ သွားပြောကြဦးမှပေါ့"

ဦးကျော်မြ၊ ဒေါ်စောလှဦး၊ သားထွန်းမြဦး၊ သမီး မြသက်စောတို့ မိသားစုမှာလည်း ဆွေမျိုးသားချင်းများ ဖြစ်ကြသလို သူ့သားကြီးထွန်းကျော်မင်းနှင့်ထွန်းမြဦးတို့မှာ အတူတကွ ဂျပန်ကိုလိုက်သွားကြသူတွေဖြစ်နေသဖြင့် ဒေါ်သန္တာဖြူက ဦးကျော်ခေါင်တို့ သားအဖပြန်သွားကြသည်နှင့် တပြိုင်နက် ဦးကျော်မြတို့ အိမ်သား များကိုသွားအကြောင်းကြားရန် ထွန်းကျော်လင်းကို မြင်းလှည်းပြင် ခိုင်းသည်။

"ဟာ-အမေကလဲဗျာ၊ မိုးပဲချုပ်နေပြီ၊ သွားရမှာကလဲ ကိုယ့်သူကြီးအပိုင် မဟုတ်ဘဲနဲ့"

ကမ်းသာမြို့မှာ သူကြီးနှစ်ပိုင်ရှိရာ မိမိသူကြီးပိုင်မဟုတ်သော အနောက်ပိုင်းကို ညကြီးမင်းကြီး မသွားချင်သော ထွန်းကျော်လင်းက သူ့အမေကို အထွန့်တက်သည်။

"နင့်ကို ခိုင်းလိုက်ရင် အဲသလိုပဲ၊ သူသူတို့ အပိုင်းသာဆို နင်မ. . "

"သားပြောတာ ဟုတ်သားပဲ သန္တာရယ်၊ တိုင်းပြည်ဂရုန်းဂရင်း (မကောင်း)ထဲ တံငါမုဆိုးကော ညမသွားပါနဲ့၊ မနက်ဖြန်မနက်မှ လင်းလင်းထင်းထင်းသွားကြပါလား၊ တို့က ဟိုဘက်ကမ်းကို လိုက်ဖို့ဆုံးဖြတ်ထားကြပြီဆိုတော့ နွားကျောင်း မြင်းထိန်းအလုပ်တွေလဲ ရှိတော့တာမှ မဟုတ်တာ၊ မနက်မှ သွားကြပါကွယ်"

ဦးကျော်မြ ဒေါ်စောလှဦးတို့မှာ သူတို့လိုပင် လယ်ပိုင်ရှင်များဖြစ်ကြသော်လည်း တံငါလုပ်ကြသော ကုလားပိုက်တန်းရွာကို ဖြတ်သွားရမည်ဖြစ်သဖြင့် ဦးသဂိါကျော်ကလည်း ဒေါ်သန္တာဖြူကို ဟန့်တားလိုက်ခြင်းဖြစ်သည်။

အကယ်၍သာ တိုင်းပြည်လည်း သာယာနေမည်၊ သားနှစ်ယောက်ကလည်း ပညာစုံလာကြမည်ဆိုလျှင် ဒေါ်သန္တာဖြူစိတ်ထဲမှာ မြသက်စောကို သားတစ်ယောက်ယောက်နှင့် ထိမ်မြားပေးပြီး ချွေးမတော်ချင်နေသည်။ ဦးကျော်မြ ဒေါ်စောလှဦးတို့သားကြီး ထွန်းမြဦးမှာလည်း သူ့သားကြီးထွန်းကျော်မင်းနှင့်အတူ ဂျပန်ကို ပါသွားသူမို့ ယခုအခါ ယခင်ကထက်ပင် မြသက်စောတို့အိမ်ကို အချိန်အခါမရွေးသွားချင်နေသူဖြစ်၏။ ထို့ကြောင့်လည်း "သူသူ" တို့အိမ်ဟုဆိုသော လှဒါသူ၊ မြဒါသူတို့အိမ်ကို တစ်ခါတစ်လည် သွား နေတတ်သော သားငယ်ထွန်းကျော်လင်းကိုပင် ဒေါ်သန္တာဖြူက စိတ်မချချင်ဖြစ်နေ၏။

လှဒါသူ၊ မြဒါသူတို့မှာ ပို၍ ဆွေမျိုးရင်းသော်လည်း လယ်မွေ့ယာမွေ့ကိစ္စနှင့် ပြဿနာရှိခဲ့ဖူးကြသည့်အပြင် မြသက်စောလို



သိမ်သိမ်မွေ့မွေ့မရှိ၊ သူ့အဘိုးအဘွားတွေလို လောဘသက္ကာယကြီးကြပြီး ဇတ်ဇတ်ကြဲမလေးတွေ၊ လင်ကို ဩဇာပေးမည့်ကောင်မလေးတွေ၊ ဗိုင်းကောင်းကျောက်ဖိမရှိ၊ ထားမနေ စေမရ ဟာမလေးတွေဟု သူ့စိတ်ထဲစွဲနေ၏။ ထို့ကြောင့်လည်း သူသူတို့ညီအစ်မကို သူ့သား ထွန်းထွန်းတို့နှင့် မသတ်စေချင်။ သို့သော်ယခု တိုင်းရေးပြည်ရေး၊ အုပ်ချုပ်ရေးကအစ ကမောက်ကမဖြစ်နေသော ဤလိုအချိန်တွင် ပြောင်ပြောင်တင်းတင်းကားမဟန့်တားရေး။ ယခုအိမ်၌ရှိနေသော သားငယ်မှာ ခေတ်ပညာတတ်တစ်ယောက်ဖြစ်သဖြင့် သူ့စကားကိုလည်း အရာခပ်သိမ်းနားထောင်နာခံတတ်သူမဟုတ်။ ထို့ကြောင့် ရေလိုက်ငါးလိုက်သာကြည့်နေရသည်။ စိတ်ထဲကမူ သူသူတို့ညီအစ်မ တစ်ယောက်ယောက်နှင့် သူ့သားငယ် ငြိတွယ်မိကြမှာ စိုးရိမ်နေသည်။

တိုင်းရေးပြည်ရေးမှာလည်း နေ့ချင်းညချင်း သတင်းဆိုးတွေကိုချည်းကြားလာရသည်။ မြဝတီဘက်တွင် လူမျိုးရေးအဓိကရုဏ်းတွေဖြစ်ပြီး သေကြကြေကြသည်။ ထို့ကြောင့် ကမ်းသာရှိလူတွေမှာ အင်္ဂလိပ်အစိုးရနှင့် ရခိုင်အရာရှိကြီးများ စီစဉ်ပေးသလို အိန္ဒိယရှိ ဒင်နာ့ဂျ်ပူသို့ နေ့စဉ်လိုလို လိုက်ပါနေကြသည်။

ယခင် အရှေ့ဗမာပြည်မှ အိန္ဒိယလူမျိုးများ ပြေးကြသလို သူတို့လည်း မိမိမြို့ရွာ လယ်ယာကိုင်းကျွန်းများနှင့်တကွ ဆန်ရေစပါး ပစ္စည်းဥစ္စာများကို စွန့်ခွာ၍ ပြေးကြရတော့မည်ဖြစ်ရာ ဆန်ရေစပါး နှင့် လူသုံးကုန်ပစ္စည်းတွေမှာ အလကားပေးသော်လည်း ယူမည့်သူ မရှိသလောက် အောင်ဖြစ်သွားသည်။ သူတို့ အဓိက ယူသွားနိုင်ကြ မည့် ပစ္စည်းများမှာ ရတနာရွှေငွေများ

သာဖြစ်သဖြင့် ယခုအခါ လူတွေအားလုံးမှာ ရတနာရွှေငွေများ ကိုသာ အမိကစုဆောင်းနေကြလေသည်။

× × ×



(၈)

ဓညဝတီမှလာသော အမိကရဏ်း မကောင်းသတင်းများ ကြောင့် ယခုအခါ ဒင်နာ့ဂျ်ပူလိုက်ရေးကို ဗိုလ်တေလာနှင့် ရခိုင် အရာရှိကြီးများပင် စည်းရုံးလှုံ့ဆော်ရန်မလိုတော့ဘဲ ကမ်းသာ တစ်မြို့လုံးရှိ လူတွေမှာ သူ့ထက်ငါဦး ဒင်နာ့ဂျ်ပူလိုက်ရရေးကိုသာ အသက်တမျှ လုံးပန်းလာကြရတော့သည်။

ကမ်းသာရှိ အိမ်တိုင်းအိမ်တိုင်းတွင် ဒင်နာ့ဂျ်ပူလိုက်ကြရေး အတွက် ပူပန်သောကနှင့်အလုပ်ရှုပ်နေကြသလို ဦးအောင်တိုင်တို့ အိမ်တွင်လည်း အများနည်းတူ အလုပ်ရှုပ်နေကြသည်။ ထိုအထဲတွင် ဦးအောင်တိုင်တို့အိမ်၌ သူများအိမ်ထက် ထူးသောပြဿနာတစ်ခု မှာ ငသံထီးအား အိန္ဒိယပြည်ရှိ ဒင်နာ့ဂျ်ပူသို့ ခေါ်သွားရေး မသွား ရေးပင်ဖြစ်သည်။

ဦးအောင်တိုင်နှင့် ဒေါ်ကြာဦးဖြူတို့က ငသံသီးမှာ နာမည် နှင့်လိုက်အောင် သန်မာသူဖြစ်သဖြင့် သူတို့မိသားစု လေးငါး ယောက် ထမ်းပိုးသွားကြရမည့် အထုပ်ကြီး အထုပ်ငယ်များကို

သူတစ်ယောက်တည်း ထမ်းသွားနိုင်စွမ်းရှိသဖြင့် အိမ်သား တစ်ယောက်အဖြစ် စာရင်း ပေးခေါ်သွားချင်သည်။ သမီးပျိုသား ပျိုများဖြစ်ကြသော သဇင်ဖြူနှင့် ထွန်းကျော်လင်းတို့ကမူ လူပြော စရာ ကဲ့ရဲ့စရာဖြစ်မည်ဟု ရှက်နေကြသည်။

ဦးသဂိါကျော်နှင့်ဒေါ်သန္တာဖြူတို့ဆန္ဒက အရှုးအပေါဆို သည်မှာ အခါခပ်သိမ်းစိတ်ချရသူမဟုတ်။ လမ်းတစ်ဝက် ခရီး တစ်ထောက်တွင် တစ်စုံတစ်ခု စိတ်အလိုမကျ၍ ဗွေဖောက်ကာ မကြားဝံ့မနာသာလုပ်လာလျှင် မည်သို့လုပ်ကြမည်နည်း။ ပစ္စည်း သယ်နိုင်တာ တစ်ခုကိုကြည့်ပြီး မခေါ်သွားသင့်ဟု ဦးအောင်တိုင်၏ ဆန္ဒကို ကန့်ကွက်ကြသည်။ ဤသည်ကို ဦးအောင်တိုင်နှင့်ဒေါ်ကြာဦးဖြူ တို့က ရှေ့ရေး၊ နောက်ရေး တွေးတောစရာ စကားများနှင့် သမီး သမက်မြေးငယ်တို့ကို ဖျောင်းဖျပြောဆိုကြသည်။

“စစ်ဘေးစစ်ဒဏ်ခံကြရတယ်ဆိုတာ မင်းတို့က မကြုံဘူး မတွေ့ဘူးကြသေးလို့ ဒီစကားတွေ ပြောနေကြတာ၊ ခု တို့ဒီက လိုက် သွားကြရမယ့် ဒင်နဲ့ဂျပူဆိုတာ ဘယ်လောက်ဝေးမှန်းလဲ မသိဘူး၊ ဘယ်ဆီနေမှန်းလဲ ဘယ်လူမှ မပြောတတ်ကြဘူး၊ လမ်းခရီးမှာ ဘယ်လိုအခက်အခဲ အန္တရာယ်မျိုးတွေနဲ့ ကြုံတွေ့ကြ ရမယ်ဆိုတာလဲ မိနဲ့ဖနဲ့ ဆွေနဲ့မျိုးနဲ့ ကိုယ့်အရပ် ကိုယ့်မြို့က ကိုယ့်လူတွေနဲ့ ဆိုပေမယ့် လမ်းခရီးမှာ တစ်စုံတစ်ခု အကြောင်း ကြောင်းကြောင့် ကိုယ့်မိသားစုကွဲပြီး သားကွဲမယားကွဲ ဆွေမျိုး ကွဲဖြစ် ပြီး မဆိုကောင်းဆိုကောင်း နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ၊ တစ်ယောက်ထဲ တစ်ဦးထဲလဲ ဖြစ်ချင်ဖြစ်သွားနိုင်တယ်၊ အဲဒီလို အခါမျိုးမှာ အရှုးအပေါဆိုပေမယ့် ငသံထီးလို ကိုယ့်လူမျိုး



တစ်ယောက်က အဇံနာရ်တို့ထက်တောင် တို့မိသားစုအတွက် အားကိုးအားထား၊ နောက်ဆုံးကွယ် အခိုင်းအစေ၊ အကူ အဖော်ကောင်း တစ်ယောက်တော့ မဖြစ်နိုင်ဘူးလား၊ ငသံထီးဟာ အရှုးအပေါကြီးတစ်ယောက်ဆိုပေမယ့် တို့အိမ်လာနေ တဲ့ကာလ တစ်လျှောက်မှာ မဖွယ်မရာအပြောဆိုအနေအထိုင်ဆိုလို့ မင်းတို့ ဘယ်နှစ်ခါ အမြင်မတော်တာ တွေ့ဖူးလဲ၊ လူကောင်းတွေ ထက်တောင် သူက ပိုအရှက်ကြီးနေသေးတယ်၊ ပြီးတော့ ဘယ် ဘာသာရေး၊ ဘယ်ယဉ်ကျေးမှုကိုမှ ဆန့်ကျင်ပြောဆိုပြုမူဖူးတာ မင်း တို့ ကြားဖူးမြင်ဖူးကြလား၊ အဲဒါကြောင့် ငါသဘောကတော့ ငသံထီးကို ခေါ်သွားချင်တယ်”

အဇံနာရ်တို့ သမီးအဖနှင့်လယ်ကူလီများ မရှိကတည်းက ပင် လက်တိုလက်တောင်း ခိုင်းကောင်းစရာမရှိသော လယ်ပိုင်ရှင် ကြီးမှာ ငသံထီးကို လက်လွှတ်မခံနိုင်သဖြင့် အမျိုးမျိုးအဖုံဖုံ ကာကွယ် ပြောဆိုနေလေသည်။

ထိုအခါ ဦးအောင်တိုင်၏ စကားကို တစ်သက်လုံး မြေဝယ် ကျနားထောင်လာကြပြီး စစ်ကြီးဖြစ်လာမှ ဆွဲခန့်ဒိုင်အာခံလူကြီး ဖြစ်လာသော ဦးသဂိါကျော်နှင့်သမီးမြေးတို့မှာလည်း ဘယ်လို အကြောင်းပြလို့မှ ရမည်မဟုတ်မှန်းသိကြသော်လည်း နောက်ဆုံး အနေနှင့် ဦးသဂိါကျော်က “ငသံထီးက ဟိုဘက်ကမ်းက ပြေးလာသူ ဆိုတော့ ဟိုဘက်ကမ်းကို စိတ်နာနေတယ်လို့ ခဏခဏပြောကြသံ ကြားဖူးပါတယ် သခင်ကြီး၊ သူဟိုဘက်ကမ်းကို လိုက်ချင်မလိုက်ချင် ခေါ်မေးကြည့်ပါ ဦး” ဟုဆိုသဖြင့် ဦးအောင်တိုင်က ငသံထီးကို ခေါ်မေးသည်။

"ကျုပ်နဲ့ သောဒလီကြီးတို့က ခုမှ တွေ့ကြရတယ်ဆိုပေမယ့် နွားကျောင်းဖော် မြင်းစီးဘက် သူငယ်ချင်းတွေလိုဖြစ်နေကြပါပြီ၊ သော်ဒလီကြီးနဲ့သာဆို ဘယ်သွားရသွားရ ကျွန်တော်လိုက်ပါ့မယ် ဗျား ဟား-ဟား"

ငသံထီး၏ စကားကို တစ်အိမ်သားလုံးမှာ ငိုအားထက် ရယ်အားသန်ဆိုသလိုဖြစ်သွားကြသည်။ သို့သော် ဦးအောင်တိုင် ကတော့ မျက်နှာကို ဟန်လုပ်တည်ထားပြီး "ကောင်းပြီကွာ၊ ဒါဆို မင်းငါတို့နဲ့ လိုက်ခဲ့၊ ငါခိုင်းတာတော့ မင်းတိတိကျကျ လုပ်ပေးရ မယ်နော်၊ ငါ့စကား မင်းတစ်သဝေမတိမ်း လိုက်နာရမယ်နော် ကြားလား" ဟု ဦးအောင်တိုင်က လယ်ပိုင်ရှင် သော်ဒလီကြီး အသံနှင့် ပြော၏။

"စိတ်ချပါဗျာ၊ ကျုပ်တို့ သော်ဒလီကြီးခိုင်းချင်တာခိုင်းပါ၊ ဟဲ-ဟဲ"

ငသံထီးကလည်း အမျိုးမျိုးအာမဘန္တေခံနေသောအခါ ဦးသဂီကျော်မှာလည်း လက်လျှော့လိုက်ပြီး ငသံထီးအား အိန္ဒိယ ပြည်ဘက် ခေါ်သွားရန် သဘောမတူချင်သော်လည်း တူလိုက် ရလေ၏။ သို့သော် ဦးသဂီကျော်က "ငသံထီးကို သခင်ကြီးခေါ် ချင်ခေါ်ပါ၊ ဒါပေမယ့် ခုကပင် သခင်ကြီးကို သူ့သူငယ်ချင်း နွားကျောင်းဖော် မြင်းစီးဘက်လို့ သဘောထားနေတော့ လမ်းမှာ ထိန်းမရဖြစ်ရင် မိသားစုအားလုံး အရှက်ရကြမှာစိုးလို့ ပြောတာ ပါ"ဆိုသော စကား ကိုတော့ ငသံထီးမကြားအောင် ဦးသဂီကျော်က သူ့ယောက္ခမကို တီးတိုးပြောဖြစ်အောင် ပြောလိုက်သေးသည်။

သို့သော် ဦးအောင်တိုင်ဆိုသူမှာလည်း သူ့ဆုံးဖြတ်ချက်ကို



ပြန်ပြင်တတ်သူမဟုတ်ရာ ထိုနေ့ကစ၍ သူ့မြေးထွန်းကျော်လင်း ကတော့ သူ့အဘိုး ဦးအောင်တိုင်ကို ငသံထီးသူငယ်ချင်း ဟု နောက် ပြောင်ခေါ်ပြောလေ၏။

သည်လိုနှင့် ဒင်နာ့ဂျ်ပူသို့ မလိုက်မီ တစ်ရက်နှစ်ရက်အလို တွင် ဦးအောင်တိုင်က ကယုချောင်း၊ နီလာမြို့များရှိ ဒေါ်ကြာဦးဖြူ ၏ ဆွေမျိုးများဆီ စာရေး၍ အရင်သွားနှင့်ကြသူများနှင့် ပေးလိုက် သည်။ ထမ်းပိုးသယ်ယူမသွားနိုင်သော အထည်ကြီးပစ္စည်းများကို လည်း မြေကျင်းတူး၍ ခြုံဝင်းထဲမြှုပ်ကြရသည်။ ပထမဦးဆုံးကြေးနီ ပြားစေ့၊ ပဲစေ့၊ မူးစေ့၊ မတ်စေ့၊ ငါးမူးစေ့၊ ကျပ်စေ့များ၊ အပ်ချုပ်စက် နှင့် ခါတ်စက်၊ ခါတ်ပြားသေတ္တာ၊ တိုင်ကပ်နာရီကြီး၊ ငွေထည်၊ ကြေထည်၊ ပန်းကန်ခွက်ယောက်များ၊ ငွေဖလား၊ ကြေးဖလားကြီးများ၊ ကြေးအိုး ဒန်အိုး ဒယ်အိုးကြီးများ၊ အဝတ်အထည်၊ စောင်၊ ခေါင်းအုံး ထည့်ထားသော သေတ္တာ (ဆောင်းဒူး) ကြီးများပါမကျန် မြှုပ်ကြ ဝှက်ကြရသည်။ ထိုအချိန်ကပင် ငသံထီးမှာ ဦးအောင်တိုင် ပြောသလို အစွမ်းပြလျက်ရှိလေသည်။ တစ်နေ့လုံး မြေကျင်းကြီး တူးနေရသော်လည်း ငသံထီးကား မောပန်းရမှန်းမသိ သူ့သူငယ်ချင်း ဦးအောင် တိုင်ခိုင်းသမျှ မငြိုမငြင် လုပ်ပေးရှာ လေသည်။

ငသံထီးကို နွားကျောင်းမြင်းထိန်းလည်း မသွားရန် ပြော ထားပြီး နွားအကောင်သုံးဆယ်ကျော်ကို သပွေသတ္တာကံမသကာ နင်တို့ကံလွတ်ရာကျွတ်ရာသွားကြပေတော့ဟု ဦးအောင်တိုင်က သစ္စာဆို၍ ဘေးမဲ့လွှတ်လိုက်လေသည်။ သို့သော် ညနေစောင်းလျှင် နွားအကောင်သုံးဆယ်ကျော်မှာ အိမ်ဝိုင်းထဲ တန်းစီဝင်လာကြရာ

နွားတွေကိုကြည့်၍ ဒေါ်ကြာဦးဖြူနှင့်ဒေါ်သန္တာဖြူတို့မှာ မျက်ရည်ဝဲနေကြသည်။ လွတ်လိုက်သော နေ့ကပင် လုံးဝပေါ်မလာကြသော မြင်းလေးကောင်ကိုလည်း မြင်းစီးချင်သူများ ဖမ်းသွားကြလေသလား၊ မြင်းသားစားသူများကများ သတ်စားပစ်လိုက်ကြလေပြီလားနှင့် စိတ်မကောင်းဖြစ်နေကြသည်။

သင်္ဘောဆိပ်ဆင်းကြရတော့မည့် နောက်ဆုံးနေ့တွင် အစောကြီးထပြီး ဒေါ်ကြာဦးဖြူနှင့်သဇင်ဖြူတို့ သားအမိနှစ်ယောက် ထမင်းခြောက်လှော်နှင့် မသိုးထမင်း မသိုးဟင်းများကို အစောကြီး ထချက်ကြသည်။

သူတို့ငယ်စဉ်က အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲဖြစ်ခဲ့သော ရှင်မဖြူ ရှင်မညိုကျွန်းမှာ သူတို့အရပ်နှင့် နီးသဖြင့် စစ်ဘေးစစ်ဒဏ်ကို အကြိမ်ကြိမ်ခံဖူးပြေးခဲ့ရဖူးထားသော ဒေါ်ကြာဦးဖြူက အိမ်သား အားလုံး၏ တစ်ဦးတစ်ယောက်စီအတွက် စိုးရိမ်ကြီးစွာ အစီအစဉ် ချပေးသည်။ ရွှေငွေရတနာ လက်ဝတ်လက်စားများကို မည်သူတစ်ဦး တစ်ယောက်မှ ဝတ်ဆင်မယူရ။ လယ်ပိုင်ရှင်သားသမီး ဇနီးမြေးဟူ ၍လည်း လမ်းခရီးမှာ မည်သူ့ကိုမှ အသိမပေးရ။ ရွှေငွေရတနာ များကို ထိုက်သင့်သလောက် ကိုယ်စီကိုယ်ငှ ခွဲဝေ၍ ကိုယ်နှင့်မကွာ သိုသိုသိပ်သိပ် ယူဆောင်သွားကြရမည်။

ထို့ကြောင့် လူတစ်ဦးလျှင် ရွှေဒင်္ဂါး ဝေလာကတုံး၊ တိုက်တံဆိပ်သုံးပြား၊ ငွေသားဒင်္ဂါးတစ်ဆယ်၊ အင်္ဂလိပ်ငွေစက္ကူသုံးရာစီကို ကိုယ်နှင့်မကွာ ထားရှိကြရမည်ဖြစ်ရာ ရွှေဒင်္ဂါးနှင့်ငွေဒင်္ဂါးများကို ကြိုတင်ချုပ်ထားသော အဝတ်ခါးပတ်အိတ်တွင် စီစီရီရီထည့်၍ ခါး၌ ပတ်ကြရသည်။ အင်္ဂလိပ်ငွေစက္ကူများကိုမူ ပေါ့ပေါ့ပါး



ပါးသုံးနိုင်ရန် အဝတ်ထုပ်များ၌ ထည့်ကြရ၏။

ဤသည်ကို ထွန်းကျော်လင်းက "ဒါ ဗိုလ်ချင်းပြန် ထနေတာ မဟုတ်ဘူး၊ အင်္ဂလိပ်မြန်မာစစ်ပွဲမဟုတ်ဘူး အဘွား၊ ဂျာမဏီနဲ့ အင်္ဂလိပ်ဂျပန်တို့ စစ်ကြီးဖြစ်နေတာ၊ အဘွားတို့ ငယ်ငယ်တုန်းက ပြေးခဲ့ကြသလို ဖင်ကြားကြက်တောင်ညှပ်ပြေးလို့ လွတ်မှာမဟုတ်ဘူး၊ စက်သေနတ်နဲ့ လိုက်ပစ်မှာ၊ စစ်ပြေးဆိုပေမယ့် သင်္ဘောကြီး မီးရထားကြီးတွေစီးပြီး လူတွေရာချီထောင်ချီသွားကြရတာ ပူမနေစမ်းပါနဲ့၊ အိုက်ကအိုက်နဲ့"ဟု အပြင်အကျီကို ချွတ်ပစ်ပြီး ပြော၏။

"ဟင်-ဘောင်ဒူ (တောင်)စာလေး၊ နင်ဘာသိလဲ၊ ဟိုတုန်းက ငါတို့ပြေးခဲ့ရတာက ဓားပြတန္တမရှိဘူး၊ ဗုံးလာချလို့ စက်သေနတ်နဲ့လိုက်ပစ်လို့ အတုံးအရုန်း မသေဘူး၊ ပြေးနိုင်ရင်လွတ်တယ်ဟဲ့၊ ရန်သူလက်မှာလဲ ဓားလှံလေးမြားပဲပါတာ၊ ခုဟာက ကောင်းကင်ကရော၊ ရေပြင်ကပါ တစ်ခါပစ် တစ်ရာတစ်ထောင် သေတာ၊ ဒီထက်တောင် လုံးလုံးခြုံခြုံ လုပ်သွားကြရဦးမယ်၊ မဆိုကောင်း မပြောကောင်း မိသားစုတွေ ပြေးရပုန်းရလို့ ညကြီးညဉ့်နက် တစ်ယောက်တစ်ခြားစီဖြစ်ကြရင် ဘယ့်နှယ်လုပ်မလဲ၊ နင်တို့က မကြုံဘူး မတွေ့ဘူးကြလို့ ကြောက်လန့်ရမှန်း မသိကြတဲ့ဟာတွေ၊ ငါပြောသလိုလုပ် နင်စကားမရှည်နဲ့ ဗိုလ်ကြက်ချေး"

သူ့အဘွားဆူလိုက် ဆဲလိုက်သဖြင့် ထွန်းကျော်လင်း ပါးစပ်ပိတ်သွား၏။

ထွန်းကျော်လင်းပြီးတော့ သူ့အဘွားဒေါ်ကြာဦးဖြူက သူ့မြေးချစ်မ သဇင်ဖြူကို ခေါ်ပြန်သည်။

"ဖြူဖြူ ငါ့မြေးလာစမ်း၊ ဒီအထုပ်ကလေးကို ငါ့မြေး ကိုယ်နဲ့ မကွာထားရမယ်နော်၊ ရော့"

သူ့အဘွားလှမ်းပေးသော အဝတ်ထုပ်လေးတစ်ထုပ်ကို သဇင်ဖြူက လှမ်းယူသည်။ ပြီး သူ့အဘွားရှေ့၌ပင် အဝတ်ထုပ်ကို သဇင်ဖြူက ဖြေလိုက်၏။

အိမ်သားအားလုံးမှာ ဘာအထုပ်ပါလိမ့်ဟု သဇင်ဖြူဖြေကြည့်နေသော အဝတ်ထုပ်ကို မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။ သူ့ အဘွားကလည်း သူ့မြေးမကို ငုံ့ကြည့်နေ၏။

သဇင်ဖြူက အဝတ်စုတ်တစ်ခုကို ဖြေလိုက်ရာ အိန္ဒိယဆေးမွှေးသံဘူးတစ်ဘူး ထွက်လာသည်။ သံဘူးထဲတွင် ဘာတွေပါမှန်းမသိသဖြင့် သဇင်ဖြူက သံဘူးကို ဖွင့်လိုက်ရာ သံဘူးထဲမှာ မီးသွေးမှုန့်လို မည်းမည်းအမှုန့်အပြည့်ကို တွေ့ရသဖြင့် နားမလည်စွာမော့ ကြည့်လိုက်သည်။

"ဒါက ဘာအမှုန့်တွေလဲဟင် ဘွားဘွား"

"မီးသွေးမှုန့်နဲ့ ဆေးနက်နဲ့စပ်ထားတဲ့ သက်ကယ်မှုန့်လေ၊ ငါ့မြေးသဘောမပေါက်ဘူး မဟုတ်လား"

"ဟုတ်-ဟုတ်ကဲ့၊ ဘာတွေမှန်းမှ မသိတာ အဘွားရယ်"

"အဲဒါ အရေးအကြောင်းဆိုရင် ငါ့မြေးအသက်ကို ကယ်မယ့် အသက်ကယ်ဆေးမှုန့်တွေလေ၊ ဘွားဘွား ပြောပြမယ် နားထောင်၊ တကယ်လို့ ငါ့မြေး ကိုယ့်မိသားစုနဲ့ဖွဲ့ပြီး မပြောကောင်း မဆိုကောင်း ကွဲသွားရင် ချက်ချင်း အဲဒီအမှုန့်တွေကို တစ်ကိုယ်လုံး လူးထားလိုက်၊ ငါ့မြေးက အသားဖြူပြီး လှတော့ ဘွားဘွားက ငါ့မြေး အတွက် ကြိုတင်ပြင်ဆင်ထားတာ၊ ဘွားဘွားတို့ ငယ်ငယ်တုန်းက



ပြေးကြရရင် ဘွားဘွားအမေ နင်တို့အဖိုးမကြီးက ဘွားဘွားကို အဲဒီ အမှုန့်တွေလိမ်းပေးပြီး အကျီစုတ်၊ ထမီစုတ်ဝတ်ပြီး ပြေးခဲ့ကြတာ ဘေးရန်ကင်းခဲ့လို့ ဘွားဘွားက နင်တို့အမေကို မွေးနိုင်ခဲ့တာ ဟိုတိရစ္ဆာန်လေးက ဘာရယ်နေပြန်တာလဲ၊ ဒါ ဘွားဘွားကိုယ်တွေ့မို့ နင်တို့ကို ပြောပြနိုင်တာ"

"ဘွားဘွားက ဖြူဖြူတစ်ယောက်ထဲပဲ ရွေးပေးတော့ ကျွန်တော်က စိန်တွေကျောက်တွေ ထင်လို့ကြည့်နေတာ လက်စသတ်တော့ အသက်ကယ်ဆေးဆိုပါလား ခစ်-ခစ်"

ထွန်းကျော်လင်းပြောပြီး ရယ်နေသည်ကို ဤတစ်ခါတော့ သူ့အဖေ ဦးသင်္ဂါကျော်ကပါ ပြုံးမိသွားသည်။ ဦးသင်္ဂါကျော်ကို ဒေါ်သန္တာဖြူကတော့ မျက်စောင်းတစ်ချက် လှမ်းထိုးပစ်၏။

ဤသို့နှင့်သူတို့မိသားစု ပြင်ဆင်ပြီးကြချိန်မှာပင် မြို့မလမ်းခွဲထဲမှ ဒင်နာ့ဂျ်ပူလိုက်လိုသူများ သဘော်ဆိပ်ကို ဆင်းကြရန် မောင်းခတ်ကြော်ငြာနေသံကို ကြားရသဖြင့် နံနက် ရှစ်နာရီခန့်တွင် သူတို့ မိသားစုမှာ ကိုယ့်အိမ်၊ ကိုယ့်ယာ၊ ကိုယ့်မြို့၊ ကိုယ့်ပြည်ကို စွန့်ခွာကာ ဒင်နာ့ဂျ်ပူ သဘော်ဆိပ်သို့ ဆင်းလာကြရလေသည်။

× × ×

(၅)

အိမ်ကထွက်၍ သင်္ဘောဆိပ်ဆင်း လမ်းမကြီးကို ရောက်သည်နှင့် အားငယ်စိတ်ပျက်စရာများကို ကြုံကြရသည်။ ယခင်က အိန္ဒိယနိုင်ငံရှိ ဒင်နာ့ဂျ်ပူလိုက်ရေးကို တစ်မြို့လုံး မောင်းခတ်ကြော်ငြာခဲ့သော်လည်း လိုက်လိုသူမရှိခဲ့သော ကမ်းသာမြို့ကလေးမှာ ယခုအခါ ဒင်နာ့ဂျ်ပူလိုက်လိုသူများနှင့် သင်္ဘောဆိပ်သို့ ဆင်းလာကြသူများမှာ လမ်းတိုင်း၌ ပြည့်ကြပ်နေသည်။ သူဦး ငါဦးသင်္ဘောဆိပ်သို့သာ အပြေးအလွှားဆင်းနေကြသဖြင့် ဒေါ်သန္တာဖြူ သံယောဇဉ်ကြီးနေသော သက်သက်တို့မိသားစုကိုပင် ဘယ်ဆီရောက်နေမှန်းမသိကြ။ ဤနေ့ဤရက်တွင် သင်္ဘောဆိပ်၌ ဆုံကြမည်ဟု ကြိုတင်မှာထားခဲ့သော်လည်း ယခုအခါ ရာထောင်ချီနေသော လူအုပ်ထဲတွင် ရှာမရ။ ဦးကျော်ခေါင်တို့ မိသားစုကမူ လွန်ခဲ့သော လေးငါးရက်ခန့်ကပင် ဒင်နာ့ဂျ်ပူသို့ လိုက်သွားကြပြီးဖြစ်သည်။

ကမ်းသာမြို့ သင်္ဘောဆိပ်မှာ သင်္ဘောဆိပ်ဟု ဆိုသော်လည်း အမိုးအကာ အဆောက်အဦမရှိ။ ပေခြောက်ဆယ်ခန့်ရှည်ပြီး တစ်ဆယ့်ငါးပေခန့်ကျယ်သော ဆိပ်ခံဖောင်တော်တံတားသာဖြစ်သည်။ ထို့ကြောင့်လည်း တောရောမြို့ပါ စုပြုံရောက်ရှိနေကြသော လူအုပ်ကြားထဲတွင် ဖောင်တော်ကို ဘယ်နားနေမှန်းပင်မသိ၊ မှန်း၍သာ လူအုပ်ကြီးကို တိုးဝှေ့၍ ဖောင်တော်ရှိရာသို့ သွားနေကြရသည်။ ဥသြဆွဲသံကြား၍ လေးမြို့သင်္ဘောကို လှမ်းမြင်နေရသော်လည်း သင်္ဘောဆိုက်ကပ်ထားသော ဖောင်တော်နားကို တိုးသွား၍မရ။ လေးမြို့သင်္ဘောကြားနှင့် သူတို့မိသားစုကြားတွင် လူအုပ်ကြီး ဆီးခံနေသည်။

ကယုချောင်းမှလာသော သင်္ဘောဖောင်တော်ကို မကပ်ခင်ကပင် လူအုပ်ကြီးမှာ သင်္ဘောပေါ် ခုန်တက်သူတက်၊ ခုန်ကူးသူကူးနှင့် ဝရုန်းသုံးကားဖြစ်နေကြသည်။ အာဝန်ရှိသူများပင် တားဆီး၍မရဘဲ ဆယ်မိနစ်ဆယ့်ငါးမိနစ်ခန့်လောက်မျှပင် သင်္ဘောတစ်စီးလုံး လူတွေနှင့်ပြည့်ကြပ်သွားသည်။ တားသံ၊ ဆီးသံ၊ ဆဲသံ၊ ဆိုသံ၊ ကလေးငယ်သံ၊ လူကြီးအော်သံတို့နှင့် သင်္ဘောဆိပ်မှာ ငရဲပွက်နေသလားထင်ရသည်။ ထို့ကြောင့် သင်္ဘောအာဏာပိုင်များက သင်္ဘောကို ချက်ချင်းဥသြဆွဲ ခေါင်းလောင်းတီးကာ ကမ်းသာဆိပ်ကမ်းမှ ခွာသွားလေသည်။ သင်္ဘောပေါ် ပါသွားကြသူများမှာ သေတွင်းက လွတ်လာကြသူများပမာ ပျော်ရွှင်မြူးကြွစွာ လိုက်ပါသွားနိုင်ကြသော်လည်း ဆိပ်ကမ်း၌ ကျန်နေခဲ့ကြရသူများမှာမူ သေမိန့်သေဒဏ်ကျခံ ထားကြရသူများပမာ ငေးမှိုင်ပြီး ကျန်ရစ်ခဲ့ကြသည်။

အာရကန် ဖလိုတီလာကုမ္ပဏီပိုင် လေးမြို့သင်္ဘောမှာ ကမ်းသာနှင့် ကယုချောင်းကို ယက္ကန်းလွန်ထိုး ကူးသယ်ခေါက်သယ်ပို့ပေးနေသော်လည်း လူတွေမှာ ဆိပ်ကမ်း၌ ယုတ်လျော့မသွား။

သင်္ဘောဆင်းလမ်းအတိုင်း တစ်သုတ်ပြီးတစ်သုတ် ဆင်းလာနေကြသည်မှာလည်း ရောက်လာမစဲ တသဲသဲဖြစ်နေသည်။ ဦးအောင်တိုင်တို့ မိသားစုမှာ ငသံထီးကို ရှေ့ကထား၍ လူအုပ်ကြီးကို ထိုးဖောက်ကာ ဆိပ်ခံတံတားဘက်သို့ အရောက်သွားရန် ကြိုးစားနေကြရသည်။ သို့သော် နံနက်(၁၂)နာရီသာ ကျော်သွားသည် ဆိပ်ခံတံတားနားသို့ မကပ်နိုင်သေး။ လေးမြို့ သင်္ဘောကမူ သူတို့မျက်စိအောက်၌ပင် နှစ်ခေါက် နှစ်ခါ ထွက်သွားခဲ့လေပြီ။

မိမိပိုင် ပစ္စည်းပစ္စယများကို ထုပ်ပိုးမြှုပ်ဝှက်ကျင်းယက် ဖုံးအုပ်လုပ်ခဲ့ကြရသဖြင့် နှစ်ရက်သုံးရက် အိပ်ရေးပျက် ပင်ပန်းလာကြသော လူတွေမှာ သင်္ဘောဆိပ်၌ တစ်မနက်လုံးတိုးဝှေ့နေကြရလေရာ ၁၂နာရီကျော်သောအခါ ပျော့ခွေကျလာကြသည်။ ထို့ကြောင့် ထွန်းကျော်လင်းက ငသံထီး အိတ်ကြီးထဲရှိ ထမင်းခြောက်လှော်ထုပ်ကို လိုက်ရှာသောအခါ သူ့အဘွားနှင့် စကားများကြ၏။

မသိုးထမင်း မသိုးဟင်းဆိုသည်မှာ ဤမျှအခက်အခဲကြုံရုံနှင့် စားရန်မဟုတ်။ ပြေးရလွှားရ အသက်ကို လုပြေးရသောကာလရောက်မှ ပြေးရင်းလွှားရင်း စားသွားကြရမည့် အစာအာဟာရဖြစ်သည်ဟု ဒေါ်ကြာဦးဖြူက ထွန်းကျော်လင်းကို မာန်သည်။ ထိုအခါ မနေနိုင်သော ဒေါ်သန္တာဖြူက ကဆုန်လနေခြစ်ခြစ်တောက်ပူနေသော သင်္ဘောဆိပ်ကမ်းဘေးနား အရိပ်မဲ့ မြေကွက်လွတ်တွင် ထမင်းဟင်းများကိုဖြစ်သလို ချက်စားရသည်။ ဟိုဘက်ကမ်းရောက်ရေးမှာ သည်လူအုပ်နှင့်ညနေလည်း မသေချာသေးသဖြင့် ညနေစာကိုပါ တစ်ခါတည်း ချက်ပြုတ်ကြရလေသည်။ အမှန်က



သူတို့မိသားစုသာမဟုတ် ထောင်နှင့်သောင်းနှင့် ချီနေသောလူအုပ်ကြီးမှာလည်း သူတို့ မိသားစုလိုပင် သင်္ဘောဆိပ်ဘေးနားတွင် ဖြစ်သလို ချက်ပြုတ် စားသောက်နေကြရလေသည်။

သူတို့မိသားစု ကြိုတင်ထင်ထားခဲ့ကြသလိုပင် မိုးသာချုပ်သွား၏။ လေးမြို့သင်္ဘောသာ အခေါက်ခေါက်အခါခါ ပြေးဆွဲနေ၏။ သူတို့မိသားစုမှာ ယခုထိ သင်္ဘောဆိပ်နားကို မရောက်နိုင်ကြသေး။ သူတို့ရှေ့က လူအုပ်ကြီးကလည်း ခံမြဲခံနေဆဲ။ စစ်ပြေးခရီး သည်တွေမှာ သင်္ဘောတစ်ခေါက်ရောက်လာရေးကို လည်တဆုံ့ဆုံ့နှင့် မျှော်ရင်း ထလိုက်ထိုင်လိုက် ခါးဆန့်လိုက်နှင့် တစ်ညတာအချိန် ကို ကုန်လွန်သွားကြရပြန်သည်။

လေးမြို့သင်္ဘောသည် ကမ်းသာမြို့နှင့် ကယုချောင်းကို ဆယ်ကြိမ်မက ကူးသည်ခေါက်သည် ပြေးဆွဲပေးနေသော်လည်း သင်္ဘောဆိပ်တွင် လူအုပ်ကြီးက တစ်ဝက်ခန့်ကျန်နေသေးသည်။ တိုင်းရေးပြည်ရေးမှာ တစ်နေ့ထက်တစ်နေ့ ဆိုးဝါးလာနေသဖြင့် ယခင်အိန္ဒိယပြည်သားများ ပြေးခဲ့စဉ်ကလို လှေသမ္ဗန်များဆို၍လည်း တစ်စီးတစ်စင်းမျှ မရှိတော့။ ဆိပ်ကမ်းတွင် လူမဆံ့ဖြစ်နေရသည့်ကြားထဲ ငွေတိုက်မှ အစိုးရငွေများကို မီးခံသေတ္တာကြီးတွေနှင့် သယ်ချလာကြရာ သက်ဆိုင်ရာအစိုးရပိုင်းမှ လူကြီးများသည် သင်္ဘောဆိပ် လမ်းပိတ်နေသော လူအုပ်ကြီးကို ဘေးသို့မောင်းထုတ် နေကြပြန်သည်။ ဆိပ်ကမ်းနား ရောက်ခါနီး လူတွေမှာ ရာဇပုတ် ဂေါ်ယာပုလိပ်များကို ဆဲသူဆဲ၊ အော်သူအော်နှင့် ရုတ်ရုတ်သဲသဲ ဖြစ်နေကြပြန်၏။

ဦးသင်္ဂါကျော်နှင့် ဦးအောင်တိုင်တို့မှာ ဒိုင်အာခီထဲ ပါဖူး

ထားကြသဖြင့် ခပ်တည်တည် ရှေ့ရပ်နေလိုက်ကြ၍ မောင်းထုတ်မခံရဘဲ ငသံထီးကို ဆွဲခေါ်ကာ ပုလိပ်တွေနောက် ရောလိုက်သွားကြသည်။ ထိုအခါမှ သူတို့မိသားစုသည် သင်္ဘောဆိပ်နားရောက်သွားကြ၏။ ဤတစ်ခါတော့ ရလာသော အခွင့်အရေးကို သူတို့မိသားစုက ကျားကုတ်ကျားခဲ ကပ်ထားကြရာ နံနက်ငါးနာရီမထိုးမီကလေးမှာပင် လေးမြို့သင်္ဘောပေါ် ရောက်သွားကြသည်။

သူတို့မိသားစုနောက်မှ အထုပ်အပိုးကလေးလေး တွဲလီတွဲလောင်းဆွဲကာ သင်္ဘောပေါ် အတင်းအော်မာစ် ငိုယိုလိုက်တက်လာကြသူတွေကို ပုလိပ်တွေက ထုတ်ပြဆီးခံပြီး ပါးစပ်ကလည်း "လူမဆံ့တော့လို့ပါ၊ နောက်တစ်ခေါက်မှ လိုက်ကြပါ၊ တစ်ယောက်မကျန် ပို့ပေးမှာပါ၊ အားလုံးကို ပို့ပေးမှာပါ၊ သည်းခံစောင့်ကြပါ၊ သည်းခံစောင့်ကြပါ"ဟု အော်ပြော ဟန့်တားနေသော်လည်းမရသဖြင့် လေးမြို့သင်္ဘောမှာ ယခင်အခေါက်များကဲ့ သို့ပင် ဆိပ်ကမ်းမှ ဥသြသံပင် မပေးနိုင်ခဲ့ဘဲ ကမန်းကတန်း ခွာထွက်လာရပြန်သည်။

ဦးအောင်တိုင်တို့ မိသားစုမှာ သင်္ဘောပေါ် ရောက်လာကြပြီးဖြစ်သော်လည်း ရုတ်တရက်မူ မည်သူမျှစကားမပြောနိုင်ကြ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မျက်ရည်ဝဲနေကြသည်။ မိမိတို့၏ စည်းစိမ်ဥစ္စာ လယ်ယာအိုးအိမ်နှင့် မြို့ရွာနိုင်ငံကိုပါ စွန့်ခွာပြေးလာကြရသူတွေမှာ ရင်ထဲဆို့နေကြသည်။ မိနစ်ပိုင်းအတွင်းကမှ ခေါ်သံ၊ အော်သံ၊ ဆဲသံ၊ ငိုသံတို့နှင့် ဆူညံနေခဲ့သော လေးမြို့သင်္ဘောမှာ ယခုအခါ လူသံသူသံ တိတ်၍ ကြောက်စရာ



ကောင်းလောက်အောင် ချက်ချင်းငြိမ်ကျတိတ်ဆိတ်စွာ လိုက်ပါလာကြရလေသည်။

ကမ္ဘာမီးလောင် သားကောင်ချနင်း ဆိုသကဲ့သို့ အသက်လုကာ သင်္ဘောပေါ် ရောက်လာကြရသော ဦးအောင်တိုင်တို့ မိသားစုမှာလည်း ဤတစ်ခါတော့ ကိုယ့်မြို့ကိုယ့်ရွာက လူများကို မည်သူမည်ဝါ ဤသင်္ဘောပေါ်၌ ရှာဖွေရန် မေ့သွားလေသည်။ သင်္ဘောတစ်ခု လုံးမှာလည်း တစ်စုံတစ်ယောက်အား လှျောက်ရှာရန်ကို မဆိုထားနှင့် မိမိခြေထောက်ပေါ် မိမိအနိုင်နိုင်ရပ်နေ ကြရလေသည်။

လေးမြို့သင်္ဘောသည် ကမ်းသာမြို့တပ်ချောင်းဝက ထွက်ကာ နတ်မြစ်ကို ဓားရှယ်စောင်း ဖြတ်ခုတ်မောင်းလာသည်။ နတ်မြစ်သည် အိန္ဒိယ(ယခုဘင်္ဂလားဒေ့ချ်)နှင့်မြန်မာနယ်စပ်ရှိ ကိပိရတောင်တန်းနှင့် မေယုတောင်တန်းတို့ဆုံစည်းရာကို မြစ်ဖျားခံကာ ဘင်္ဂလားပင်လယ်အော်ထဲ စီးဝင်လာသော မြစ်ဖြစ်သည်။ နတ်မြစ်ရေသည် ရေစီးမသန်ဘဲ ညင်သာသည်။ ထို့ကြောင့်လည်း ရွက်လွှင့်သွားလာ နေကြသော လှေသမ္ဗန်များနှင့်စည်ကားနေသည်။

ကဆုန်လ၏ နံနက်က နေရောင်ခြည်က သောင်ပြင်လတာပေါ် ထိုးကျလာချိန်မှာ လေးမြို့သင်္ဘောသည် ကယုချောင်းမြို့ဆိပ်ကမ်းသို့ ကပ်လာသည်။ ရှည်လျားကျယ်ပြန့်သော လတာသောင်ပြင်ပေါ်တွင် တင်ါသည်များ၏ ပိုက်ကြီးပိုက်ငယ်များ လှမ်းထားသည်ကို အဝေးကပင် မြင်နေရသည်။ လေးမြို့ သင်္ဘောဆိုက်သည်နှင့် သင်္ဘောပေါ်ပါ စစ်ပြေးဒုက္ခသည်များ သက်တောင့်သက်

သာ ဆင်းလာနိုင်ကြရန် ကုန်းဘောင်ထိုးပေးထားသည်။ ကုန်းဘောင်တစ်ဘက်မှာ ရေထဲနှစ်ပေခန့် နစ်မြုပ်နေသဖြင့် ကလေးသူငယ်များကို ချီပိုးချကြရသည်။ သက်ကြီးရွယ်အိုများကို ဖေးမတွဲကူကြရသည်။ ကုန်းဘောင်မှာ ပျဉ်ချပ်ပါးသဖြင့် ညွတ်ပဲ့သွတ်ပဲ့ဖြစ်နေရာ လူကြီးသန်မြန်သူများပင် သတိထားဆင်းကြရသည်။

သင်္ဘောပေါ်ပါ ခရီးသည်များ အားလုံးမှာ တစ်နေ့ကလို ဝရုန်းသုန်းကား မဟုတ်ကြတော့ဘဲ စိတ်ချလက်ချ အေးအေးဆေးဆေးပင် စီတန်းဆင်းလာနေကြသဖြင့် စိတ်မရှုပ်စရာပင် ကောင်းနေသည်။ ခရီးသည်များ ဆင်းသွားကြပြီးသည်နှင့် တစ်ပြိုင်နက်လေးမြို့သင်္ဘောသည် နောက်ထပ်ခရီးသည်များကို တင်ဆောင်ရန် ကမ်းသာမြို့ဘက် ထွက်သွားပြန်လေသည်။

ဦးအောင်တိုင်တို့ မိသားစုမှာ စစ်ပြေးခရီးသည် လူအုပ်ကြီးနှင့်အတူ ကမ်းပေါ်တက်လာကြသည်။

"ဟေ့-ဟိုမှာ. . ဟိုမှာ၊ ယောက်ဖ အောင်တိုင်၊ ယောက်ဖ အောင်တိုင်၊ လာ-လာ၊-ဒီမှာ ကျွန်တော်တို့ လာစောင့်နေကြတယ်"

လာလာဟုဆိုသော်လည်း သူကိုယ်တိုင်ပြေးလာကာ လူကြီးတစ်ယောက်က သူ့အဘိုးလက်ကို ဝမ်းသာအားရ လာဆွဲသဖြင့် ထွန်းကျော်လင်းတို့ မောင်နှမမှာ ရုတ်တရက် အံ့အားသင့်သွားကြသည်။ ထိုလူကြီးမှာ သူ့အဘွား ဒေါ်ကြာဦးဖြူနှင့် မောင်နှမဝမ်းကွဲတော်ကြသည်ကို နောက်မှသိကြရသည်။

ဦးအောင်တိုင်တို့ မိသားစုကို ဦးစံရွှေဘော်တို့ မိသားစုကလာကြိုနေသလို အခြားအခြားသော စစ်ပြေးမိသားစုများကိုလည်း ကယုချောင်းမြို့ရှိ ဆွေမျိုးများက လာကြိုနေကြရာ ကယုချောင်းသင်္ဘောဆိပ်မှာ ချက်ချင်း ပြောသံ၊ ဆိုသံ၊ ရယ်သံ၊ မောသံတို့နှင့် ဆူညံလာသည်။ အသံကျယ်သော ရခိုင်များ၏ အသံနှင့် ဝါကျရှည်သော ကုလားစစ်ပြေးများ၏ အသံတို့မှာ ကယုချောင်း တစ်မြို့လုံးကို ဘောင်ဘင်ခတ်သွားသလား ထင်လိုက်ရသည်။

"ယောက်ဖကြီး အစ်မကြီးတို့ လာမယ်ဆိုတဲ့စာ ရကတည်းက ကျွန်တော်တို့မိသားစု လာကြိုနေကြတာ သုံးလေးရက်တောင်ရှိသွားပြီဗျ၊ အဲဒါကြောင့် ဒီနေ့တော့ အိမ်ကလူတွေတောင် ပါမလာကြတော့ဘူး။ လာမယ်လို့လဲ မထင်ကြတော့ဘူး၊ သင်္ဂါကျော်တို့အမျိုးတွေရှိတဲ့ ဧည့ဝတီဘက်များ ရောက်သွားကြမလားလို့တောင် ပြောနေကြတာ၊ ခု ဂျပန်တွေ ကမ်းသာနားကို ရောက်လာကြပလား"

"ကမ်းသာနားတော့ မရောက်ကြသေးပါဘူး၊ ဧည့ဝတီကိုတော့ ဂျပန်တွေသိမ်းသွားပြီလို့ ကြားခဲ့ရတယ်"

"ကျွန်တော်တို့ ကြားတော့ ဘူးသီးတောင်၊ မောင်တောတောင် ဂျပန်တွေရောက်နေကြပြီကြားလို့ ယောက်ဖကြီး အစ်မကြီးတို့ မိသားစုအတွက် စိုးရိမ်နေကြတာ၊ ခုလို မသေမပျောက် ရောက်လာကြတာ ဝမ်းသာလိုက်တာ ယောက်ဖကြီးရာ၊ ခုမှ စိတ်အေးရတော့တယ်"

"အေးကွာ၊ အမှန်က တို့လဲ ဒီထက်စောစောရောက်လာကြဖို့ ပါပဲ၊ ဒါပေမယ့် အင်္ဂလိပ်တွေက သူတို့ပို့ပေးပါ့မယ်ဆိုတဲ့ ဒင်နာ့ဂျ်ပူဆိုတာလဲ ဘယ်ဆီနေမှန်းတောင် မသိတော့ ချက်ချင်း မလိုက်ဝံ့ကြသေးလို့ ကြာနေခဲ့တာ၊ ပြီးအင်း-ဒင်နာ့ဂျ်ပူ လိုက်သွားကြတဲ့ လူတွေလမ်းမှာ သေကြေ. ."

"အိုး. . ပါပါကလဲ ဘာတွေလျှောက်ပြောနေလဲ၊ ဒါ အင်္ဂလိပ်အစိုးရပိုင် နယ်ဆိုတာလဲ သတိမထားဘူး"

သူ့အဖေ၏စကားကို ဒေါ်သန္တာဖြူက ကမန်းကတန်းဟန့်ထားလိုက်သည်။

"ဟာ. . ဒါ အရေးမကြီးပါဘူးကွယ်၊ ဒင်နာ့ဂျ်ပူမလိုက်ချင်လဲ အဲ-သူက"

"ဦးမင်း၊ အကျွန်သန္တာပါ၊ မမှတ်မိဘူးလား၊ စိန်မြှောင်ဘုရားပွဲမှာ ဦးမင်းကို အကျွန်တစ်ခါ တွေ့ဖူးတာပဲ"

"ဪသန္တာဖြူကိုးဟ၊ သခင်ကြီး မမှတ်မိတာ ဘယ်လိုမှ မအောင့်မေ့နဲ့နော်၊ ငါ့တူမတို့ ဒင်နာ့ဂျ်ပူကို မလိုက်ချင်ရင်လဲ သခင်ကြီးတို့ အိမ်မှာ တစ်သက်လုံးလဲ နေလို့ရပါတယ်ကွဲ့၊ ဟား-ဟား"

သူ့မောင်ဝမ်းကွဲဦးစံရွှေဘော်ကို ဒေါ်ကြာဦးဖြူက "ငါ့မောင်တို့နဲ့ မသေလို့ အစ်မကြီးတွေ့ရတာ"ဟုပြောပြီး တင်းတင်းဖက်ကာ ရှိုက်နေသည်။

"ကဲ-ကဲ ငါ့အစ်မလဲ ငိုမနေပါနဲ့တော့၊ ခု ကယုချောင်းမှာ ရှိတဲ့ ဆွေမျိုးတွေအားလုံး တွေ့ရတော့မှာပဲ၊ မပျော်ဘူးလား၊ စစ်ကြီးဖြစ်လာလို့ ခုလို မိသားစု စုံစုံလင်လင်တွေ့ကြရတာ၊ နို့မို့ တစ်နှစ်တစ်ခါတောင် စိန်မြှောင်ဘုရားပွဲမှာ တွေ့နိုင်ကြတာ မဟုတ်ဘူး၊ ဂျပန်တွေကိုတောင် ကျေးဇူးတင်ရမယ်ဗျ ဟား-ဟား၊ လာ-လာ"ဟု ပြောကာ ဦးစံရွှေဘော်သည် သူ့အစ်မ မျက်နှာက မျက်ရည်တွေကို သုတ်ပေးကာ တဟားဟား ရယ်မော၍ လက်ဆွဲခေါ်လာ၏။

"ဦးမင်း ခုကျွန်တော်တို့ ဘယ်ကိုသွားရမှာလဲ"

"ဟင်-မင်းတို့ ဘယ်ကိုသွားရမှာလဲ ငါ့အိမ်ကိုပေါ့ဟ"



ဦးသင်္ဂါကျော်၏အမေးကို ဦးစံရွှေဘော်က အာလုပ်သံကြီးနှင့် အံ့ဩသလို ပြန်ပြောလိုက်၏။

"ကျွန်တော်တို့က ဒင်နာ့ဂျ်ပူကို လိုက်ပါ့မယ်လို့ အင်္ဂလိပ်အစိုးရဆီမှာ စာရင်းပေးထားပါတယ်၊ ခုချက်ချင်း စာရင်းသွားမပေး သေးဘဲနဲ့ ဦးမင်းတို့အိမ်ကို လိုက်လို့ဖြစ်ပါ့မလား"

"မင်း-မင်းက သန္တာ့ခင်ပွန်းနော်"

"ဟုတ်ကဲ့ပါ"

"အမ်မာလေး၊ မင်းနယ်ကွာ၊ အ လိုက်တာ၊ ဒင်နာ့ဂျ်ပူသွားမည့် စစ်ပြေးတွေ ဒီလောက်အများကြီး မင်းကို ဘယ်လူက လာစစ်နေမှာလဲ၊ ပြီးတော့ လူနည်းသွားရင် စခန်းတာဝန်ခံတွေက ပိုတောင်သဘောကျကြဦးမယ်၊ မင်းလိုက်ချင်တယ်ဆိုရင် ငါအချိန်မရွေး ထည့်ပေးလိုက်လို့လဲ ရတယ်၊ စခန်းတာဝန်ထဲမှာ မင်းတို့သန္တာတို့ အမျိုးတွေ လက်ညှိုးထိုးမလွဲဘူးဟ၊ မင်း တော်တော်ဟုတ်တဲ့ အကောင်၊ ဟော့ သန္တာ၊ နင့်အဖိုးကြီး သော်ဒလီပြောတော့ ငါတို့အမျိုးမှာ မအူမလည်တွေ မရှိပါဘူး ဆိုဟ၊ ဟဲ-ဟဲ"

"အ,လို့ မဟုတ်ဘူး အဘိုးလေး၊ ပါပါက ကမ်းသာမှာ ဒိုင်အာခီ လူကြီးဗျ၊ လူကြီးဆိုတာ အထက်အမိန့်အာဏာကို ဦးဆွေးဆံမြည့် ထမ်းဆောင်ရမှာမို့ပါ ဟဲ-ဟဲ"

သူ့အဖေကို အ,သည်ပြောသဖြင့် မခံချင်၍လား၊ တစ်လမ်းလုံး ဒုက္ခရောက်လာကြရာ ယခု သဘောအင်မတန် ကောင်းပုံရသော သူ့အဘိုးလေးဆိုသူကို တွေ့ရ၍လားမသိ ထွန်းကျော်လင်းက ခပ်သောသော ဝင်ပြောလိုက်သည်ကို သူ့အမေက "ဟဲ့-ကိုလင်း" ဟု ဟန့်လိုက်၏။ ဦးသင်္ဂါကျော်ကတော့ ရှက်ပြုံး ပြုံးနေသည်။

"အေး-ဟေး၊ ဒီလိုရှိရမှာပေါ့ကွ၊ ဒါမှ ကိုသော်ဒလီမျိုးကွ၊

သန္တာ နင့်သားကို ငါတော့သဘောကျသွားပြီ၊ ဟုတ်ပါတယ်နော် သန္တာ့သား. . "

"ဟုတ်ပါတယ် သခင်၊ သူကလဲ ကျွန်မသမီး အငယ်ဆုံးလေး သဇင်ဖြူပါ၊ ဦးမင်း ဒီကောင့်ကို သိပ်မြှောက်ပေးမနေနဲ့နော်၊ ခေတ်ပညာကလဲ မတတ်တစ်ခေါက်ဆိုတော့ ဒီလိုပဲ အိမ်မှာလဲ နေရာတကာ ဝင်ဝင်ပါလို့ သူ့အဘိုးနဲ့ ထစ်ကျက်ကျက်ပဲ၊ ခုလဲ ပါပြန်ပြီ"

"ဘယ် တစ်ကျက်ကျက်ဟုတ်ရမှာလဲ ဟုတ်တာမှန်တာ ပြောရဲလုပ်ရဲရမှာပေါ့ကွနော် ဘိုးဘိုး"

ယခုမှ တွေ့ကြသော်လည်း ပျော်ပျော်နေတတ်သူ ဦးစံရွှေဘော်က ထွန်းကျော်လင်းကို အားရပါးရဖက်၍ပြော၏။ ဤအဘိုးကြီးမှာ ကမ်းသာမှ သူ့ဆွေမျိုးများကို တွေ့ရသဖြင့် မိုးမမြင် လေမမြင် ပျော်နေပုံရသည်။

"ဒါနဲ့ ယောက်ဖကြီး သူကကော"

"ငါ့ လယ်ကူလီပါကွာ၊ အားကိုးရလို့ မိသားစု စာရင်းသွင်းပြီး ခေါ်လာတာ"

ငသံထီးကို ဦးစံရွှေဘော်က မေးသဖြင့် ဦးအောင်တိုင်က ပြန်ပြော လိုက်သည်။ ဤသည်ကို မိသားစုတွေကတော့ နှုတ်ခမ်းမဲ့ချင်နေကြတုန်း။

ဤဘက်ကမ်းကို ရောက်ကတည်းကပင် တစ်လမ်းလုံး စကားအများဆုံးပြောလာသူမှာ ဒေါ်ကြာဦးဖြူပင်ဖြစ်သည်။

ဟိုလူနေကောင်းလား၊ သည်လူနေကောင်းလား၊ ဘယ်လူက ဘယ်မှာလဲ ဘယ်ဝါက စီးပွားဖြစ်ရဲ့လားနှင့် သူ့တစ်ဆွေလုံးကို ဦးစံရွှေဘော်အား တစ်မေးထဲ မေးလာသည်။



ဦးစံရွှေဘော်မှာ အမျိုးကို တော်တော်ခင်ပုံရသည်။ စကားပြောတိုင်း "အမျိုးပဲဗျ၊ ကိုယ့်အမျိုးပဲဟ၊ တို့အမျိုးပဲဟာ"ဟူသော အမျိုးစကားကို လှိုင်လှိုင်ကြီးသုံးကာ သူ့အိမ်သို့ ခေါ်လာသည်။

သဘော်ဆိပ်နှင့်ဦးစံရွှေဘော်၏အိမ်မှာ နီးနီးလေး ဖြစ်သည်။ ဒေါ်ကြာဦးဖြူ "ဖြူဖြူတို့မိသားစု"ရောက်လာကြသည် ကြားသဖြင့် တစ်ဆွေလုံး တစ်မျိုးလုံး ချက်ချင်းရောက်လာကြသည်။ သူ့ အိမ် ငါ့အိမ် ထမင်းစားဖိတ်ကြ၊ စကားအဝပြောဖို့ သူ့အိမ် ငါ့အိမ် ညဥ့်အိပ်ညဥ့်နေလာဖို့ ခေါ်ကြနှင့် တစ်အိမ်လုံး ဆူညံနေသည်။ ထွန်းကျော်လင်းနှင့် သဇင်ဖြူတို့ကိုလည်း ဘယ်လူ့ကို ဘယ်လိုခေါ် ရမည်၊ ဘယ်လူက ဘယ်လိုတော်သည်နှင့် အလုအယက် မိတ်ဆက် စကားပြောကြသည်။

ဤသည်ကို ထွန်းကျော်လင်းက "ကုလားတွေသာ ဝါကျရှည်တယ်ထင်တာ၊ အမေတို့ အမျိုးတွေက ဝါကျလဲရှည် အသံလဲကျယ်တော့ နားကိုညည်းရော့ဗျာ"ဟု နောက်သည်။

သူတို့ အနောက်ကမ်းသားများ ပြောကြသော စကားများမှာ ရခိုင်စကားပင် ဖြစ်သော်လည်း ရေမြေလိုက်ကာ သံရှည်ဆွဲ၍ ပြောတတ်ကြသည်ကို ဧည့ဝတီဘက်ကမ်းပေါက် သူတို့မောင်နှမနှစ်ယောက်မှာ ရုတ်တရက် နားမလည်သံဖြင့် ရယ်ကြရသည်မှာလည်း တဝေါပေါနှင့်။

ထို့ကြောင့်လည်း သူတို့မိသားစုမှာ သူတို့ကို သူတို့ စစ်ပြေးဒုက္ခသည်များပါလား ဆိုသည်ကိုပင် တဒင်္ဂတစ်ခဏ မေ့သွားကြလေသည်။

× × ×

(ည)

ဆွေမျိုးသားချင်းများ ကောင်းလွန်းကြ၍ သူတို့အိမ်၌ ရှိ
ကြစဉ်သာ ငါတို့မှာ စစ်ပြေးဒုက္ခသည်များပါလား ဆိုသည်ကို
ထားနိုင်ကြသော်လည်း မြို့ထဲလမ်းထဲ ခြေချမိကြသည်နှင့် တပြို
နက် စစ်၏ အနိဋ္ဌာရုံများကိုမူ မြင်နေကြားနေ တွေ့နေကြရ
သည်။ စစ်၏အနိဋ္ဌာရုံများကား သူတို့အနောက်ကို အရိပ်ပမ
တကောက်ကောက်ပါနေသည်သာ။

ကယုချောင်းမြို့သည် သူတို့ကမ်းသာမြို့ကဲ့သို့ ဆန်ရေစပ
သားငါး၊ ဟင်းသီးဟင်းရွက် ပေါများသော်လည်း ကမ်းသာမြို့
အိန္ဒိယပြည်သားကုလားများ ပြေးလာခဲ့ကြစဉ်ကလိုပင် သူ
ရောက်ပြီး တစ်ပတ်ပင်မကြာ ကုန်ဈေးနှုန်းတွေမှာ အဆမတ
ထိုးတက်သွားသည်။ ငွေတစ်ကျပ်လျှင် သိုက်သုံးဆယ် (တစ်တင
ခန့်ရသော ဆန်ဈေးနှုန်းမှာ တစ်သိုက်တစ်ကျပ်ဖြစ်သွားသည
ယခင်ကရှိနေ ကြသည့် စစ်ပြေးများအပြင် တစ်ပတ်အတွင်း
နောက်ထပ်လူခုနှစ် ထောင်ခန့် ရောက်ရှိလာသဖြင့် လူသုံးက
မှန်သမျှ အားလုံး ဈေးထိုးတက်ကုန်သည်။ ထိုအခါ ယခင်



ိန္ဒိယစစ်ပြေးများ ကမ်းသာ ကို ရောက်လာကြစဉ်က ဒုက္ခမျိုးကို
ခု ကယုချောင်းမြို့သူမြို့သားများ ခံစားနေကြရသည်။

ဈေးဘယ်လောက်ကြီးကြီး ဝယ်စားနိုင်သူများပါသလို
င်းရဲနွမ်းပါးကြသူလယ်ကူလီ အထမ်းသမားစသည် လူတန်းစား
စုံပါလာကြရာ ကယုချောင်းမြို့ရှိ မြို့ခံအာဏာပိုင်နှင့် တာဝန်ရှိ
တွေမှာ အကြပ်အတည်းဖြစ်လာရသည်။ ပုဂ္ဂလိက ကုန်သည်
ယ်ပိုင်ရှင်များကလည်း မိမိတို့၏ မြို့လူဦးရေ နှစ်ဆသုံးဆခန့်ရှိ
သော စစ်ပြေးများကို ကြာကြာထိန်းမထားနိုင်ကြတော့။ အဆိုး
ုံးမှာ လောလောလတ်လတ်သောက်ရေ ပြဿနာပင် ဖြစ်သည်။

သောက်သုံးရန် ရေများကို မြို့နား၊ ရွာနား ဝန်းကျင်ရှိ လျှို
မြောင်တောင်ကြားတို့မှ ရှာဖွေ၍ သုံးနေကြရရာ ဦးအောင်တိုင်တို့
သားစု ကယုချောင်းမြို့ရောက်ပြီး သုံးလေးရက်အကြာမှာပင်
စိုးရစခန်းတွေမှာ ဝမ်းဒိုက်သူ၊ ဝမ်းလျှောသူများသည် တစ်နေ့
ယ်ယောက်၊ ဆယ့်ငါးယောက်ခန့် သေဆုံးနေကြသော သတင်း
းကို ကြားလာရပြန်သည်။ သို့သော် သူတို့မြို့သို့ စစ်ပြေး ဒုက္ခသည်
းကား တစ်သုတ်ပြီးတစ်သုတ် ထပ်၍ထပ်၍သာ ရောက်လာနေ
ရာ မြို့ခံတွေမှာ စေတနာထက်သန်ကြသော်လည်း ခြေကုန်
က်ပန်းကျချင်လာကြသည်။

ထိုအခါ ဆွေမျိုးများကိုလည်း အားနာလာသည့်အပြင်
စိုးရစခန်းများတွင်လည်း ဝမ်းကိုက်၊ ဝမ်းလျှော၍ တစ်နေ့ဆယ်
ယာက် ဆယ့်ငါးယောက်ခန့်မျှ သေဆုံးနေကြသည်ဟူသော
တင်းအတိအကျကို သိနေရသဖြင့် ဒေါ်သန္တာဖြူနှင့် သူ့ခင်ပွန်း
သမီးသူ့သားတို့က ဂျပန်သတ်၍ သေသေ၊ ကုလားသတ်၍

သေသေ ကိုယ့်မြို့ကိုယ့်ရွာမှာပဲ ပြန်ပြီးအသေခံတော့မည်။ ဒင်နာ့ဂျ်ပူကိုတော့ ဆက်မလိုက်တော့ဟု ဦးအောင်တိုင်နှင့် ဒေါ်ကြာဦးဖြူတို့ကို ပြောလာကြသည်။ ထို့ကြောင့် ဒေါ်ကြာဦးဖြူနှင့်ဦးအောင်တိုင်တို့မှာ သမီး၊ သမက်နှင့်မြေးနှစ်ယောက်ကို အမျိုးမျိုးနှစ်သိမ့်ပြော ဆိုကြရ၏။

"ဖြူဖြူတို့ကလဲကွယ်၊ ဟိုဘက်ကမ်းမှာ အမေတို့သမီးတို့ အမျိုးတွေ ပြည့်နေတာပဲ၊ ခုသိပ်ရင်းရင်းချာချာ မဟုတ်ကြတဲ့ ဒီကယုချောင်းက ဆွေမျိုးတွေတောင် ဒီလောက်ကောင်းနေကြရင် ဟိုမှာက အရင်းအချာတွေ ဘယ်လောက်ကောင်းကြမလဲဆိုတာ နင်တို့မစဉ်းစားမိကြဘူးလား၊ ခုလမ်းက ဒီစခန်းဒီမြို့တွေမှာ ဆွေမျိုးမဲ့ လူတွေ ဒုက္ခရောက်ကြတာကိုကြည့်ပြီး မကြောက်ကြပါနဲ့၊ ခု သမီးတို့ ငါ့မြေးတို့ ဘယ်လူ့အိမ် ထမင်းနှစ်နပ်စားဖူးကြသေးလို့လဲ၊ တို့ရောက်တာတစ်လကျော်ရှိပေမယ့် ဆွေမျိုးတောင် မစေ့သေးဘူး၊ နင်တို့မြင်တဲ့ အတိုင်းပဲ ဒီဆွေမျိုးတွေဆိုတာလ ငါတို့မိသားစုကို နှစ်နဲ့တောင်ချီပြီး ကျွေးထားနိုင်ကြတဲ့ လယ်ပိုင်ရှင်သော်ဒလီတွေပါဟ၊ စစ်ရဲ့ အမိကကျပြီး တိုင်းပြည်ရဲ့ တံခါးဝဖြစ်တဲ့ ကမ်းသာကို ဒီလောက်ဂျပန်တွေ ဗုံးမိုးရွာချနေတဲ့ ကြားထဲ နင်တို့အသေခံ ပြန်ချင်ကြလို့လား"

ဒေါ်ကြာဦးဖြူက သူ့ဆွေမျိုးတွေ သည်လောက်ကောင်းနေပါလျက်နှင့် ကမ်းသာဘက်ပြန်ချင်ကြသည်ဆိုသော သမီးသမက်မြေးတို့ကို ပြောရင်းနှင့် အဘွားကြီးမှာ ဒေါသထွက်လာပုံရသည်။ ဤသည်ကို သိသော ဦးအောင်တိုင်ကတော့ သူ့သမီးသမက်ကို လေအေးအေးနှင့် နားလည်အောင် တစ်ခွန်းချင်း ချော့မော့ပြောပြ



သည်။

"နင်တို့အမေပြောတာ ဟုတ်ပါတယ်၊ ခုဘိုးဘိုးတို့ကို အင်္ဂလိပ်တွေပို့ပေးမယ့် ဒင်နာ့ဂျ်ပူကို လိုက်ကြမယ်ဆိုပေမယ့် အခြေအနေအရပေါ့၊ အခြေအနေမကောင်းရင် ဖလောင်းချိတ်ပန်းဝါကစပြီး ဘယ်နေရာနေလိုက်လိုက် အမျိုးတွေအများကြီးရှိနေတာပဲ နေလိုက်လို့ရပါတယ်၊ ရာဇဌာဏီနဲ့ စစ်တကောင်းဟီလီတရိုက် တစ်လျှောက်မှာလည်း သမီးတို့ မြေးတို့ အမျိုးတွေက မြို့တိုင်း လိုလိုမှာ မင်းပေါက်စိုးပေါက် အရာရှိ အရာခံတွေ ရှိနေတာပဲ၊ သမီးတို့ ငါ့မြေးတို့ ဘာစိုးရိမ်စရာလိုလို့လဲ"

ဦးသင်္ဂါကျော်နှင့်ဒေါ်သန္တာဖြူတို့ မိသားစုမှာ ကမ်းသာမွေး၊ ကမ်းသာကြီးတွေ ဖြစ်ကြသော်လည်း ဒေါ်ကြာဦးဖြူကမူ သူတို့ အခေါ် အနောက်ပြည်သူမအိန္ဒိယပိုင်မှ ဖြစ်သည်။ ထို့ကြောင့် အိန္ဒိယပြည်ဘက်တွင် ယခု ဒေါ်ကြာဦးဖြူ၏ အစ်ကိုကြီး ဦးကြာပန်းအောင်နှင့် မောင်ငယ်ဦးကြာပန်းမောင်တို့တွေ ရှိသည်။ တစ်ဝမ်းကွဲ၊ နှစ်ဝမ်းကွဲဆိုသည်မှာမူ လက်ချိုးရေတွက်၍ပင် မရလောက်အောင် ရှိနေသည်။ ထို့ကြောင့်လည်း အနောက်ပြည်သူမ အဘွားအား ထွန်းကျော်လင်းတို့ အမေအဖေနှင့် ထွန်းကျော်မင်းတို့ မောင်နှမတွေက ချစ်စနိုးနှင့် ကုလားမကြီးဟု ခေါ်ခဲ့ကြခြင်းဖြစ်သည်။

ဒေါ်ကြာဦးဖြူမှာ ပန်းဝါ(ရာမူး)သူ ရခိုင်စစ်စစ်ဖြစ်သည်။ စစ်တကောင်းဟီလီတရိုက်ဟု ခေါ်သော စစ်တကောင်းတောင်တန်းဒေသတစ်လျှောက်နှင့် ဖလောင်းချိတ်ပန်းဝါ၊ ရာဇဌာဏီစသည်မြို့များတွင် ရခိုင်များမှာ သန်းချီရှိသည်။ ရခိုင်များသာမဟုတ်၊ ဗမာ

စစ်စစ်များလည်း ဖလောင်းချိတ်၊ ပန်းဝါမှသည် မဏိပူရ အာသံထိ ရှိနေကြသည်။ ရခိုင်များမှာ ရှေးရှေးရခိုင်မင်းများ လက်ထက်ကပင် နယ်စား၊ မြို့စား၊ သော်ဒလီများ အဖြစ် နေထိုင်လာခဲ့ကြသလို ဗမာ များမှာလည်း စစ်သူကြီးမဟာဗန္ဓုလ ပန်းဝါ(ရာမူး)ကို အောင်နိုင် ခဲ့စဉ်ကပင် နယ်စား၊ ရွာစား ခန့်အပ်ထားခဲ့ခြင်း ခံရသော ဗမာမူးမျိုး မတ်မျိုးများရှိသည်။

ထိုဗမာများသည် အရှေ့ပြည်ဟုခေါ်သော ဗမာပြည်မှ လူများရောက်လာလျှင် အလွန်ဖော်ရွေ ဝမ်းမြောက်ဝမ်းသာရှိတတ်ကြသည်။ ပုဂံအကြောင်း မန္တလေးအကြောင်း၊ ရန်ကုန်အကြောင်း၊ မဟာမြတ်မုနိအကြောင်း၊ ရွှေတိဂုံဘုရားအကြောင်း စသည်များကို မမောနိုင်၊ မပန်းနိုင် မေးတတ်ကြသည်။ ထိုအကြောင်းများကိုသာ ထိုင်ပြောမည့်သူရှိလျှင် မိုးလင်းပေါက် ကွက်စိပ်စာပေဟာနားထောင်သလို နားထောင်တတ်ကြသူများ ရှိသည်ဟု ထွန်းကျော်လင်းတို့ ငယ်စဉ်က ဘုရားဖူးသွားသူများ ပြောပြကြသည်ကိုတော့ သူတို့ မောင်နှမ ကြားဖူးထားကြသည်။

တစ်ပြည်တစ်ရွာတွင် အခြေချနေထိုင်ကြရသော ထိုဗမာများမှာ စကားဝဲသည်ကလွဲလျှင် ဗမာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာ အတိုင်းနေထိုင်ကြသည်ဟုဆိုသည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီး ကျောင်းများနှင့် စေတီပုထိုးများလည်း ပန်းဝါပတ်ဝန်းကျင်တွင် အများအပြားရှိသည်။ ဥပုသ်တင်းနေ့များ၌လည်း အစဉ်အလာ မပျက် ဥပုသ်သီလဆောက်တည်ကြသူများနှင့် ကျောင်းကန်ဘုရား များတွင် စည်ကားနေတတ်သည်။

သူတို့သည် ဗမာ့ယဉ်ကျေးမှုကို အလေးအနက်ထိန်းသိမ်း



ကြသလို ဇာတိသွေးဇာတိမာန်အရာမှာလည်း ယခုထိ တက်တက်ကြွကြွ ရှိနေကြသေးသည်။ (ယခုဆိုသည်မှာ ထိုစဉ်က မြန်မာနိုင်ငံ လွတ်လပ်ရေးမရသေးသဖြင့် နောင်လွတ်လပ်ရေးတိုက်ပွဲများတွင် ဖလောင်းချိတ်၊ ပန်းဝါမှ ရခိုင်ဗမာများ အများအပြားပင် ပါဝင်ခဲ့ကြသည်။ မြန်မာပြည်ကြီး လွတ်လပ်ရေးရလျှင် သူတို့ဒေသ ဖလောင်းချိတ်ပန်းဝါ(ရာမူး) နှင့် မဏိပူရအာသံပါ လွတ်လပ်ရေးရမည်ဟု သူတို့ယုံကြည်ခဲ့ကြသဖြင့် ဖြစ်သည်။)

သူတို့သည် ရာဇဝင်ကြောင်း သမိုင်းကြောင်းနှင့်ပတ်သက်၍လည်း အလွန်အလေးအနက်ထားပြီး မှတ်သားကြတတ်ကြသည်။ ၁၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၂)ရက်နေ့တွင် မြဝတီမင်းကြီး ဦးစ၏တပ်များ ပန်းဝါသို့ ရောက်လာကြသည့်အချိန် တိတိကျကျကို တစ်ဆင့်စကား တစ်ဆင့်နား နာယူမှတ်သားထားတတ်ကြသည်။ ထိုစဉ် ထိုနှစ်က ပန်းဝါတွင် မိုးတစ်ကြိမ်နှစ်ကြိမ် ရွာပြီးခါစ အောင်တော်မူ စေတီချောင်းတွင် ရေဒူးခေါင်းလောက် ရှိနေသည်ကိုပင် ပြောပြနိုင်ကြသည်။

အင်္ဂလိပ်ခေတ်တစ်လျှောက်လုံးတွင် ရခိုင်ပြည်မှ လူများ ဗုဒ္ဓဂါယာဘုရားဖူးသွားရင်း စစ်တကောင်းဟီလီတရိုက်ရှိ ဆွေမျိုးများဆီ ဝင်ရောက်တတ်ကြသလို ဖလောင်းချိတ်ပန်းဝါမှ ရခိုင်ဗမာများသည်လည်း မြောက်ဦး၊ ပုဂံ၊ မန္တလေး၊ ရန်ကုန်စသည်မြို့များကို ဘုရားဖူးလာတတ်ကြသည်။

ဤအကြောင်းများကို သိထားသော သမီးဒေါ်သန္တာဖြူအား သူ့အမေဒေါ်ကြာဦးဖြူက "နင်တို့ ကံကောင်းရင် ဂါယာထိ အမေ လိုက်ပို့ပေးမယ်"ဟုလည်း ချော့မော့ ဖျောင်းဖျ၍ ပြောသည်။

ဗုဒ္ဓဂါယာကို ယခုထိတစ်ခါမှ မရောက်ဘူးကြသေးသော ထွန်းကျော်လင်းတို့ မောင်နှမနှစ်ယောက်က သူ့အဘွားစကားကို သဘောကျချင်နေ ကြသည်။ သို့သော် ဆွေမျိုးအရင်းအချာ မဟုတ်သော ကယုချောင်းတွင် သူတို့ဆွေမျိုးတွေ ဘယ်လောက်ကောင်းကောင်း ကြာကြာမနေ ချင်ဟု ဒေါ်သန္တာဖြူက ပြောသလို တစ်နေ့ကမှ ဂျပန်ကင်းထောက် ဒင်းနားလေယာဉ်နှစ်စီး ကယုချောင်းဈေးပေါ်က ဝါးခနဲ ဖြတ်ပျံ သွားရာ သူတို့မြို့ပေါ်ကို တစ်ခါမှ လေယာဉ်လာဝဲသည်ကို မမြင်ဘူး ကြသော မြို့သူမြို့သားတွေမှာ ချက်ချင်းရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။

လေယာဉ်ပျံကို မမြင်ဘူးကြသော မြို့သူမြို့သားကလေးသူငယ်များနှင့်အတူ ထွန်းကျော်လင်းတို့ မောင်နှမမှာလည်း ပြေးထွက်ကြည့်ကြသည်။ တစ်ခါမှ မလာစဘူး မရောက်စဘူး ရောက်လာသော ဂျပန်လေယာဉ်နှစ်စင်းကြောင့် မြို့အာဏာပိုင်များပင် တုန်လှုပ်ချောက်ချားသွားကြသည်။ မကြာခင် သူတို့မြို့သည်လည်း စစ်တလင်းဖြစ်လာတော့မည်။ ယခု နေဝန်းတံဆိပ်နီနှင့် ဂျပန်လေယာဉ်နှစ်စင်းမှာ မကြာခင် သူတို့မြို့ကို ဗုံးလာကြဲရန် ကင်းလာထောက်ခြင်းဟု ထင်လိုက်ကြသည်။ ထို့ကြောင့်လည်း ဦးအောင်တိုင်တို့ မိသားစုမှာ ဆွေမျိုးတွေက မည်မျှ ကောင်းကောင်း၊ တစ်သက်လုံး ပဲ ကျွေးထားပါမည်ပြောပြော ကယုချောင်းမြို့ကို စွန့်ခွာကာ နီလာမြို့မှတစ်ဆင့် ဖလောင်းချိတ် ပန်းဝါဘက်ကို မြန်မြန်လိုက်ကြ ရန် စီစဉ်ကြရပြန်လေသည်။

× × ×



(၄)

ကယုချောင်းတွင် တစ်လကျော်လောက် ကြာသွားကြသော ဦးအောင်တိုင်တို့ မိသားစုက နီလာမြို့သို့ ခရီးဆက်ကြတော့မည်ဆိုသောအခါ နီလာ၊ ကယုချောင်းပြေးဆွဲနေသော လေးမြို့သင်္ဘောမှာ ကယုချောင်းသို့ ရောက်မလာတော့။ စစ်ပြေးများမှာ တစ်စတစ်စ နည်းပါးသွားသည့်အပြင် ဂျပန်တို့၏ နာမည်ကြီး ဒင်းနားကင်းထောက်လေယာဉ်နှစ်စင်းကလည်း ကယုချောင်းမြို့ကို လာဝဲသွားသဖြင့် အင်္ဂလိပ်တွေက ဂျပန်များရောက်လာလျှင် သင်္ဘောကို အသုံးမပြုနိုင်အောင် နစ်မြှုပ်ပစ်လိုက်ပြီးဟု တစ်ချို့က ပြောကြသည်။ ထို့ကြောင့်ဦးအောင်တိုင်တို့ မိသားစုကို ဆွေမျိုးများက နီလာမြို့သွား လှေဆိပ်သို့ လိုက်ပို့ကြရသည်။

ဆွေမျိုးအားလုံး၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်များဝဲနေကြသည်။ ဆွေမျိုးများနှင့် ခွဲခွာရ၍လား၊ သို့မဟုတ်သူတို့သည်လည်း ဦးအောင်တိုင်တို့ မိသားစုကဲ့သို့ မကြာခင် မိမိတို့၏ အရပ်ဒေသကို ပစ်ကာ ပြေးကြရတော့မည်ဟူသော အတွေးသောကစိတ်ကြောင့်

လား ဆိုသည်ကိုတော့ ဝေခွဲမရနိုင်ခဲ့ကြ။ ဂျပန်တို့၏ ကင်းထောက်လေယာဉ်နှစ်စင်းသည် ကယုချောင်းမြို့နားမှ အနောက်တောင်ဘက်သို့ ပျံသွားကြသည်ကို မြင်ရသဖြင့် ကယုချောင်းမြို့သူမြို့သားများမှာ ကျီးလန့်စာစား ဖြစ်ကျန်ခဲ့ကြသည်။

နီလာမြို့ရှိ ဆွေမျိုးများကလည်း ဦးအောင်တိုင်တို့ မိသားစုကို နွေးထွေးစွာ ကြိုဆိုကြသည်။ ဆွေမျိုးများ ကျွေးမွေးပြုစုကြသော ထမင်းကောင်းဟင်းကောင်းများကိုစားကာ ဦးအောင်တိုင်တို့မိသားစုမှာ စိတ်ပြေလက်ပျောက် နာမည်ကြီး"သံဖြူကျောင်း"သို့လည်း ဘုရားဖူးအလည်အပတ်ရောက်ကြသည်။ နာမည်ကြီးသံဖြူကျောင်းမှာ နီလာမြို့၏ တောင်ဘက်လေးဖာလုံခန့်အကွာတွင်ရှိသည်။ မိုးပန်းဖြူရွာကိုဖြတ်၍ တောင်ပေါ်သို့တက်ကြရသည်။ တောင်တက်လမ်းမှာ ဘုရားဖူးကျောင်းလာသူများ လွယ်ကူစေရန်မြေသားကို လှေခါးထစ်သဖွယ်ပြုလုပ်ထားသည်။

ဤကျောင်းကို သံဖြူကျောင်းဟု ခေါ်ကြခြင်းမှာ ထိုခေတ်ထိုအခါက ဈေးကြီး၍ လူတိုင်း၊ ကျောင်းတိုင်း ဝယ်မမိုးနိုင်သောသံဖြူ(သွပ်)ပြားများနှင့် မိုးထားသည်ကို အကြောင်းပြု၍ သံဖြူကျောင်းဟု ခေါ်ကြခြင်းဖြစ်၏။ ထို့အပြင် သံဖြူကျောင်း နာမည်ကြီးရခြင်းမှာ ရဟန္တာသမုတ်ခြင်းခံရသော ဆရာတော်တစ်ပါး (ဦးဒေဝိန္ဒ) သတင်းသုံး နေထိုင်တော်မူခဲ့သဖြင့်လည်းဖြစ်သည်။ ဆရာတော်ဦးဒေဝိန္ဒကို ပြည်တော်ပြန်ဆရာတော်ဟုလည်း ခေါ်ကြသည်။ အနောက်ပြည် အိန္ဒိယဘက်ကမ်းမှ မန္တလေး နယ်ပြည်တော်ထိ စွန့်စွန့်စားစား သွားရောက်ကာ စာပေပရိယတ္တိများကို သင်ကြားတတ်မြောက်ပြီး မိမိအနောက်ပြည်သို့ ပြန်ကြွလာခဲ့၍ ပြည်တော်



ပြန် ဆရာတော်ဟု ဖြစ်လာသည်။

သံဖြူကျောင်းကို တောင်ကမူထိပ်တွင် ဆောက်လုပ်ထားသည်။ ကျောင်းပတ်ဝန်းကျင်တွင် သရက်၊ ပိန္နဲ၊ ဒညင်းစသည်သီးပင်စားပင်များရှိသည်။ တောင်ကမ်းပါးယံပတ်ပတ်လည်တွင် အလေ့ကျပေါက်ရောက်နေကြသော ဝါးပင်သစ်ပင်တို့နှင့် ပြည့်နှက်နေသည်။ သံဖြူကျောင်းတော်၏ အနောက်ဘက်တွင် တောတောင်များရှိနေသဖြင့် တောရကျောင်းကြီးလို ဖြစ်နေသည်။

ကယုချောင်းနှင့်နီလာနှစ်မြို့ကြားတွင် စေတီပုထိုးများအတော်များများရှိသည်။ ထင်ရှားသော စေတီပုထိုးများမှာ နတ်တောင်ပေါ်တွင် ဘုရားလောင်း ငန်းမြွေတစ်ဇာတ်ဖြစ်ခဲ့ဖူးသည်ကို ရည်စူး၍ တည်ထားသော ငန်းတော်ဓာတ်စေတီနှင့် ပုတ်သင်မျိုး၌လည်း တစ်ဇာတ်ဖြစ်ခဲ့ဖူးသဖြင့် အထိမ်းအမှတ် ပုတ်သင်ဓာတ်စေတီ တို့ဖြစ်သည်။ ပုတ်သင်ဓာတ်စေတီမှာ ရံဖန်ရံခါရောင်ခြည်တော်လွှတ်သည်ဟုလည်း နာမည်ကြီးသည်။ ထို့အပြင်ငါးခူရရွာနှင့်နီးသော ဖက်ဝန်းတောင်စေတီတော်တစ်ဆူလည်းရှိသေးသည်။

နီလာမြို့နှင့် အနီးဆုံး စေတီငယ်သုံးဆူမှာ နီလာတောင်တန်းပေါ်၌ ဖြစ်သည်။ ထိုစေတီသုံးဆူကို ဦးမောင်ဦးဆိုသူ တည်ခဲ့သည်ဟု ဦးအောင်တိုင်တို့ မိသားစုကို ဆွေမျိုးများက ဘုရားဖူးလိုက်ပို့ရင်း ပြောပြကြသည်။ နီလာမြို့ဟု ခေါ်တွင်ခြင်းမှာမူ ရှေးပဝေသဏီက နီလာကျောက်ရှင်များ နီလာတောင်မှ ညညထွက်ပျံသည်ကို အစွဲပြု၍ ခေါ်ကြသည်ဟု ငယ်ရွယ်သူ ထွန်းကျော်လင်းတို့မောင်နှမကို ဘုရားလိုက်ပို့သူ ဆွေမျိုးလူကြီးတစ်ဦးက ပြောပြ

သည်။

သည်လိုနှင့် နီလာမြို့သို့ ဦးအောင်တိုင်တို့ မိသားစု မရောက်မီကပင် ကယုချောင်းစစ်ပြေးစခန်းများ၌ ကြားခဲ့၊ ကြုံခဲ့ ကြရသော သတင်းဆိုးကို ကြားနေကြရပြန်သည်။ နီလာမြို့ရှိ စစ်ပြေးစခန်းများ၌လည်း ဝမ်းလျော၊ ဝမ်းကိုက်ရောဂါဖြစ်ပြီး လူတွေ အသေအပျောက်များနေသည်ဆိုသော သတင်းက ဦးအောင်တိုင်တို့ မိသားစု ဒင်နာ့ဂျ်ပူလိုက်ရေးကို ပို၍အဟန့် အတားဖြစ်သွားစေသည်။ ဆွေမျိုးတွေကလည်း လိုက်မသွားရန် အတန်တန်တားကြသည်။ သို့သော် နီလာမြို့ရှိ ဆွေမျိုးလေး ငါးယောက်မှာ ကယုချောင်းက ဆွေမျိုးများလောက်ပင် ရင်းရင်း ချာချာမဟုတ်ကြသဖြင့် သူတို့ မိသားစုက ကြာကြာမနေချင်ကြ။ စခန်းတွင် ဝမ်းရောဂါမဖြစ်ဘဲ ကျန်းမာနေသူများကို နေ့စဉ် ဖလောင်းချိတ်ပန်းဝါဘက် အင်္ဂလိပ် အစိုးရက ပို့ပေးနေသည်။ ထို့ကြောင့် ညီအစ်ကို မောင်နှမအရင်း အချာရှိသော ဖလောင်း ချိတ်၊ ရာဇဌာဏီဘက်ကိုသာ ဦးအောင်တိုင် တို့ မိသားစုမှာ မြန်မြန် ရောက်ချင်နေကြသည်။ ပြီး အင်္ဂလိပ်အစိုးရက ဧည့ဝတီစစ် ပြေးများကို လိုက်ပို့ပေးနေသည်မှာ နောက်ဆုံး ကာလဖြစ်နေပြီး သင်္ဘောများကိုလည်း ဂျပန်တို့ဝင်လာလျှင် အသုံးမပြုနိုင်အောင် တစ်စီးပြီးတစ်စီး နစ်မြှုပ်ပစ်လျက်ရှိရာ သူတို့မိသားစုမှာ နီလာမြို့တွင် သောင်တင်ကျန်နေခဲ့မည်စိုးသဖြင့် မလိုက်မဖြစ် သော အခြေအနေသို့ ဆိုက်ရောက်လာလေသည်။

ဤသည်ကို နီလာရှိ ဆွေမျိုးများကလည်း ရိပ်မိကြ၏။ ထို့ကြောင့် သူတို့မိသားစု နီလာတွင် ဘယ်နှစ်ရက်၊ ဘယ်နှစ်လ၊



ဘယ်နှစ်နှစ်နေနေ စားဝတ်နေရေးအတွက် ဘာမှပူပန်သောက မဖြစ်ကြရန် ဝိုင်းဝန်းပြောဆိုကြသည်။ မိမိတို့၏ ဆွေမျိုးများကို ဘယ်လောက်ကြာကြာ ကျွေးမွေးစောင့်ရှောက်ထားရ ထားရ သူတို့ အတွက် ဘာမျှမထိခိုက် မနစ်နာကြပါဟုလည်း အမျိုးမျိုး ဖျောင်းဖျ ပြောဆိုကြသည်။ ဆွေမျိုးအကြီးအကဲဖြစ်သူ ဦးကျော်ဇံဖြူကမူ ကရုဏာ ဒေါသနှင့်“အစ်ကိုကြီး အစ်မကြီးတို့ မိသားစု လေးငါး ယောက်ကို ကျွေးထားရလို့ ကျွန်တော်တို့မှာ တစ်နေ့ ရွှေဒင်္ဂါးတစ်ပြား မကုန်ပါဘူး၊ ခုအစ်ကိုတို့ အစ်မကြီးတို့ မြင်တဲ့အတိုင်းပဲ ရခိုင်ပြည်က ရောက်လာကြတဲ့ စစ်ပြေးဒုက္ခသည်စခန်းကို ကျွန်တော်တို့ ဆွေမျိုး တွေ စုပေါင်းလှူဒါန်းနေကြတာ တစ်နေ့ ရွှေဒင်္ဂါးတစ်ပြားမကပါဘူး၊ ညာတကာနဥ္စဟာင်ဟောဆိုတဲ့ မင်္ဂလာတရားတော်ကို အစ်ကိုတို့ အစ်မကြီးတို့ မေ့နေကြတာကိုး၊ ဒီလို အတိဒုက္ခရောက်လာကြတဲ့ အချိန်မှာ ကိုယ့်ဆွေမျိုး ကိုယ့်လူမျိုး တွေကို မကူညီဘူးဆိုရင် ကျွန်တော်တို့ နီလာကဆွေမျိုးတွေ ချောင်းထဲဆင်းသေပစ်လိုက်ဖို့ပဲ ကောင်းတော့မပေါ့”ဟု ငိုကြီးရှိုက်မ နှင့်ပြောသည်။

သူပြောသည်မှာလည်း အမှန်ပင်ဖြစ်သည်။ ယခု သူတို့ နီလာမြို့ရှိ စစ်ပြေးစခန်းသို့ ရောက်နေကြသူများမှာ အိန္ဒိယလူမျိုး များထက် ရခိုင်တွေကသာ ပိုများနေလေရာ နီလာမြို့ရှိ ရခိုင်တွေ မှာ အများဆုံးလှူဒါန်းထောက်ပံ့နေကြရသည်။ စစ်ပြေးစခန်းတွင် ရွှေဖရုံ သီးဟင်းနှင့် ငါးဆားနယ်ကိုကျွေး၍ လူတွေဝမ်းလျော၊ ဝမ်းကိုက်၊ ဝမ်းပျက်ရောဂါဖြစ်ကြသည်ဟု ယူဆကြသဖြင့် နီလာမြို့ရှိ ရခိုင် လူကြီးများက ထိုဟင်းမျိုးကို မကျွေးကြရန်

သက်ဆိုင်ရာ အာဏာပိုင် များဆီ တောင်းဆိုထားသည်ဟု
ပြောပြကြသည်။ သူတို့မှာ ဗုဒ္ဓဘာသာဝင်များဖြစ်၍ ယခုလို
အတိဒုက္ခရောက်လာကြသူ စစ်ပြေးများလို သူတို့လည်း
တစ်နေ့မပြေးရဟု မပြောနိုင် ဖြစ်နေကြရာ ကိုယ်ချင်းစာစိတ်နှ
ရက်ရက်ရောရော လှူဒါန်းနေကြသလို မိမိသေသွားလျှင်
မိမိနောက် အရိပ်ပမာပါမည့် အနုဂါမိက အလှူကြီးကို ပေးနေကြ
ခြင်းဖြစ်သည်။ စစ်ကာလအတွင်းဆိုသည်မှာ နေ့မြင်ညပျောက်
မဟုတ်ပါလားဟုလည်း ပြောကြသည်။

ဤတင်မက နီလာမြို့ရှိ ရခိုင်လူကြီးများသည် သူတို့ဆွေမျိုး
သားချင်းများထဲမှ စစ်တကောင်းမြို့တွင် တာဝန်ထမ်းဆောင်နေကြ
သော တူ၊ သား၊ သမီး၊ မြေးစသည် ဆရာဝန်များကိုလည်း ဆေးဝါး
အပြည့်အစုံဝယ်ယူ၍ နီလာမြို့သို့ အမြန်ဆုံးလိုက်လာပြီး ဒင်နာ့ဂျပ်
သွား ရခိုင်ဒုက္ခသည်များကို ကယ်ဆယ်ကြရန် မှာကြားခေါ်ယူထား
ကြသည်ဟုလည်း ပြောပြကြသည်။ နီလာမြို့ရှိ ရခိုင်လူများမှာ
လယ်ဧကေ ရာချီထောင်ချီပိုင်သော လယ်ပိုင်ရှင် သော်ဒလီကြီးများ
ဖြစ်၍ တတ်လည်းတတ်နိုင်ကြသည်။

ဦးကျော်ဇံဖြူက ခွဲခွာသွားကြတော့မည့် ဦးအောင်တိုင်တို့
မိသားစုရှေ့ ပြောငို ငိုသောအခါ ဦးအောင်တိုင်နှင့်ဒေါ်ကြာဦးဖြူတို့
မှာလည်း မျက်ရည်တစမ်းစမ်းဖြစ်သွားကြသည်။ ဤသည်ကို
မကြည့်ရက်ဘဲ မျက်ရည်ဝဲလာသော ဧည့ဝတီပြည်သား ဦးသဂီ
ကျော်က "ဦးကြီး၊ ဦးမင်းတို့ စေတနာ မေတ္တာ ကရုဏာနဲ့
အမျိုးသီလ စောင့်ရှောက်တတ်ကြပုံကို ကျွန်တော်တို့
ကိုယ်တွေ့မျက်မြင်မို့ ဦးမင်း တို့ စေတနာမေတ္တာပေါ် လုံးဝသံသယ



တစ်စိုးတစ်စိနဲ့မှ မပြစ်မှား ကြပါ။ ဒါပေမယ့် ဦးကြီး ဦးမင်းတို့ နီလာမြို့ဟာလဲ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မပြောကောင်း ပြောကောင်း ကျွန်တော်တို့ကမ်းသာ မြို့လို စစ်တလင်း စစ်မြေပြင် ဖြစ်လာခဲ့ရင်ဆိုတဲ့ သံသယကြောင့် အခင်ကြီးနဲ့အရီးရှင်တို့က ဒင်နာ့ဂျပ်ပူသွား ခရီးအဖော်ရှိတုန်း လိုက် သွားပြီး ဖလောင်းချိတ် ပန်းဝါဘက်မှာ စစ်ဘေးစစ်ဒဏ်ခိုလှုံကြဖို့ အစီအစဉ်လုပ်လာ ခဲ့ကြလို့ပါ"ဟု ဝမ်းနည်းလှိုက်လှဲစွာ ပြန်ပြော တောင်းပန်ရသည်။

ဦးသဂီကျော်က ထိုသို့ ဖျောင်းဖျပြောဆိုလိုက်မှ ဦးကျော်ဇံဖြူ လည်း အပြောအငို ရပ်သွားတော့သည်။ ထိုအခါမှ ဦးအောင်တိုင် တို့ မိသားစုမှာ ဒင်နာ့ဂျပ်ပူသွား စစ်ပြေးဒုက္ခသည်များနှင့်အတူ လိုက် ဖြစ်သွားကြသည်။

× × ×

## (၅)

ဦးအောင်တိုင်တို့ ကမ်းသာမြို့ဘက်တွင် မိုးသည်းထန်စွာရွာတတ်သော ဝါခေါင်လပင်ဖြစ်သော်လည်း နီလာမြို့တွင် ထိုနေ့က နေသာသည်။ ထို့ကြောင့်လည်း စစ်ပြေးဒုက္ခသည်များအားလုံးကို သက်ဆိုင်ရာ အစိုးရအာဏာပိုင်များက ဒင်နာ့ဂျ်ပူသို့ လိုက်ကြရန် တစ်မြို့လုံးကို မောင်းခတ်ထားသည်။ စစ်ပြေးဒုက္ခ သည်များအားလုံးကလည်း ဒင်နာ့ဂျ်ပူသို့လိုက်ကြရန် ဆုံးဖြတ်ထားကြပြီးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဘူးသီးတောင်မြို့ကိုပင် ဂျပန်များသိမ်းသွားပြီးဖြစ်ရာ နီလာမြို့ပတ်ဝန်းကျင်ရှိ မိုးပန်းဖြူရွာ၊ မြစ်နားရွာစသည် ရွာများမှ နီးစပ်ရာ ဆွေမျိုးများဆီ၌ ခိုလှုံနေကြသော စစ်ပြေးမှန်သမျှ ဒင်နာ့ဂျ်ပူသို့လိုက်ပါကြရန် နီလာမြို့သို့ ရောက်ရှိလာကြသဖြင့် ဖြစ်သည်။

နံနက် ခြောက်နာရီခန့်တွင် နီလာမြို့ဈေးလမ်းမကြီးတစ်လျှောက်၌ လူအယောက်(၃၅၀)ခန့် စုရုံးရောက်ရှိနေကြသည်။ ဆွေမျိုးရှိသော ဦးအောင်တိုင်တို့မိသားစုကိုမူ စခန်းတာဝန်ခံ ဆွေမျိုး များက ခြောက်နာရီခွဲလောက်မှ စခန်းသို့ လိုက်ပို့နှုတ်ဆက်



ကြသည်။ ဘယ်လိုမှ တား၍ရမည်မဟုတ်သည့်အပြင် သူတို့သည်လည်း ဦးအောင်တိုင်တို့ မိသားစုကဲ့သို့ တစ်နေ့ကျလျှင် နီလာမြို့ကို ပစ်ပြေးကြရလေမလားဟူသော စိုးရိမ်သောကများနှင့် မြို့ခံဆွေမျိုးများကလည်း စိတ်မကောင်းကြ။

အင်္ဂလိပ်အစိုးရအာဏာပိုင်များက သူတို့အစီအစဉ်အတိုင်း နီလာမြို့ အနောက်ဘက်ရှိ တောင်တန်းကြီးကို ဖြတ်ကျော်၍ ပင်လယ်ကမ်းခြေအတိုင်း ဖလောင်းချိတ်မြို့သို့ ပို့ပေးမည်ဖြစ်သည်။ ထိုမှတစ်ဆင့် စစ်တကောင်းမြို့ကို ဖြတ်ကျော်ကာ အိန္ဒိယရှိဒင်နာ့ဂျ်ပူသို့ ပို့ပေးမည့်အစီအစဉ်ပင်။

တာဝန်ရှိသူများက ခရီးမထွက်မီ လိုက်ပါကြမည့် ခရီးသည်များ၏ အမည်စာရင်းကို ခေါ်စစ်ဆေးသည်။ ခြေကျင်သွားနိုင်သူများ၊ ခြေကျင်မလျှောက်နိုင်သူများ၊ သက်ကြီးရွယ်အိုများ၊ နာမကျန်းဖြစ်လာသူများနှင့် တစ်ဆယ့်နှစ်နှစ်အောက် ကလေးသူငယ်များအတွက် ထမ်းစင်နှင့် အထမ်းသမားနှစ်ဦးကျစီကို ဘယ်ကလေး၊ ဘယ်အဘိုး၊ ဘယ်လူမမာအတွက် ဘယ်လူနှင့် ဘယ်လူဟု စာရင်းလုပ်ပေးသည်။ ခြေကျင်လျှောက်သွားနိုင်သူများအတွက် ခမောက်(ပက္ကလာ)တစ်ယောက်တစ်ခုကျစီကိုလည်း လူနာမည်ခေါ်၍ ပေးသည်။ ခမောက်မှာ မိုးတွင်းဖြစ်သဖြင့် မိုးရွာလျှင် ဆောင်းသွားကြရန်ဖြစ်သည်။ ခရီးတစ်လျှောက်မှာ ပင်လယ်ကမ်းခြေအတိုင်း ခြေကျင်လျှောက်သွားကြရမည်ဖြစ်ရာ လေဆန်လာလျှင် ထီးမှာ ပင်လယ်ကမ်းခြေ၌ ဆောင်းမရသဖြင့် ဖြစ်သည်။

နံနက်ရှစ်နာရီခန့်တွင် ခရီးစထွက်ကြရ၏။ နီလာဈေးလမ်းမကြီးမှ နီလာတောင်နှင့် မြို့အကြား အနောက်ဘက်သို့ ခွဲထွက်နေ

သော လမ်းမကြီးအတိုင်း စတင်ထွက်ခွာကြရသည်။ အပူအပင်သောကကို နားမလည်ကြသော ကလေးများသည် ထမ်းစင်ပေါ်၌ ပုခက်စီးရသကဲ့သို့ တပျော်တပါးပင် အော်ဟစ်စီးနင်းလိုက်ပါလာကြသည်။ တောင်ခြေလမ်းအတိုင်း သစ်ကြီးဝါးကြီး သစ်တောဝါးတောများ အကြိုအကြားလမ်းအတိုင်း တရွေ့ရွေ့သွားနေကြရသည်။ မိနစ် နှစ်ဆယ်ခန့်အကြာတွင် လမ်းမှာ ပြန့်ပြန့်ပြူးပြူး မဟုတ်တော့ဘဲ တောင်တက်ခရီးကို စတင်၍ တက်ကြရတော့၏။

ကောင်တက်ခရီးမှ ထမ်းစင်ပေါ် လိုက်ပါရခြင်းမှာ မသက်သာလှသဖြင့် ကလေးတစ်ချို့ ခြေကျင်ဆင်းလျှောက်ကြသည်။ ကလေးများ ခြေကျင်လျှောက်သွားနေကြလျှင် အထမ်းသမားတွေမှာ သက်သာကြသဖြင့် ကလေးများ ခြေကျင်လျှောက်သွားချင်ကြအောင် မြှောက်ပေးကြသည်။ ကလေးမိဘများကမူ သူတို့ကလေးများ ပင်ပန်းကြမှာစိုး၍ ထမ်းစင်ပေါ် ပြန်တက်လိုက်ရန် မကြာခဏ သတိပေးနေကြရသည်။ မိဘများ စိုးရိမ်ကြသည်မှာ ခရီးမည်မျှ ဝေးသေးသည်ကို မည်သူမျှမသိ၊ လမ်းမသိသဖြင့် လမ်းခရီးတွင် ပင်ပန်း၍ ဖျားနာနေကြမှာ စိုးရိမ်ရ၍ ဖြစ်သည်။

တောင်တက်လမ်းမှာ သုံးလေးပေခန့်သာကျယ်သော လူသွားလမ်းဖြစ်သည်။ လမ်းဘေးနှစ်ဘက်တွင် ရာသီအလိုက် ဖူးပွင့် နေကြသော ရောင်စုံပန်းများနှင့် ကျေးငှက်သာရကာတို့ အော်မြည် တွန်ကျူးနေကြသံများကလည်း ကြည်နူးစရာပင်။ သို့သော် ဒင်နာ့ဂျ်ပူသွား စစ်ပြေးဒုက္ခသည်များမှာ မည်သူမျှ မကျေနပ်မရွှင်ပြနိုင်ကြ။ ရှေ့ခရီးကို တွေးတောပူပန်၍သာ



လိုက်ပါနေကြရသည်။ ပေတစ်ထောင်ကျော်မြင့်သော ငှက်ကြီးဝန်ပို တောင်ထိပ်အရောက်မှာ ခရီးတစ်ထောက်နားကြသည်။ ချက်ပြုတ်ထုပ်ယူလာကြသော ထမင်းဟင်းလျာများကို ဝိုင်းဖွဲ့၍ စားသောက်ကြသည်။ ဆူညံနေသော မျောက်အော်သံများနှင့်အတူ ထမင်းစားသောက်ပြီးသည်နှင့် ခရီးဆက်ကြရပြန်သည်။

တစ်နာရီခန့်အကြာတွင် ဆင်အုပ်တစ်အုပ်နှင့်တွေ့ရာ အစောင့်လိုက်ပါလာကြသော စစ်သားကုလားများက သေနတ်ဖောက်၍ ဆင်အုပ်ကို ခြောက်လှန့်ကြသည်။ ဆင်အုပ်ကြီးက အတော်ဝေးဝေး ရောက်သွားမှ ရပ်တန့်နေကြသော လူအုပ်ကြီးကို စစ်သားများက ခရီးဆက်ခိုင်းကြသည်။ ဆင်အုပ်ကြီးကြောင့် တစ်နာရီခန့် အနားရနေခဲ့ကြသော လူအုပ်ကြီးမှာ တောင်ကြားလမ်းအတိုင်း ကွေ့ကွေ့ကောက်ကောက်နှင့် တသီတတန်းကြီး ခရီးဆက်လာကြရပြန်သည်။

ဤလမ်းခရီးမှာ ၁၈၂၄ခုနှစ်၊ မေ(၅)ရက်နေ့တွင် နတ်မြစ်ဝ ရှင်မဖြူကျွန်းနှင့်ပတ်သက်၍ အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲတုန်းက ဒေါ်ကြာဦးဖြူတို့ ဘိုးဘွားဘီဘင်များ စစ်နှင့်ဝေးရာသို့ ပြေးခဲ့ကြရသော လမ်းပင်ဖြစ်သည်။ ယခုတစ်ခါ အင်္ဂလိပ်ဂျပန်စစ်ကြီးကြောင့် ဤလမ်းဤခရီးကိုပင် ဒေါ်ကြာဦးဖြူတို့ ပြေးနေကြရပြန်ပြီ။ သွားနှင့် အပြန်ပင်ဖြစ်သော်လည်း ဤလမ်းဤခရီးကား အတူပင်။

တောင်ဆင်းခရီးကို ရောက်လာသဖြင့် စောစောက လျှောက်လှမ်းလာခဲ့ကြရသော တောင်တက်ခရီးလောက် မပင်ပန်းရတော့။ တောင်ခြေအောက် တောအုပ်သစ်ပင်များပေါ်တွင်

မျောက်လွဲကျော်၊ မျောက်ဖင်နီများတို့ အော်ဟစ်ဆူညံသံများနှင့်အတူ လမ်းဘေးနှစ်ဘက်တွင် မြင်နေကြရသည်။ များပြားသော မျောက်များကို ခြေလှမ်းတုံ့၍ ရပ်ကြည့်ချင်နေကြသော ကလေးများကို လူကြီးတွေက အတင်းတွန်းဆွဲခေါ်ငင်ယူနေကြရ၏။ လက်ဆော့တတ်သော ကလေးတစ်ဦးတလေကမူ တွေ့ရာခဲတုတ်ပိုင်း၊ သစ်ခက်တို့နှင့် မျောက်များကို လှမ်းပစ်တတ်ကြသည်။

တောင်ပေါ်က လှမ်းကြည့်လျှင် စစ်ပြေးဒုက္ခသည်များ တည်းခိုကြရမည့် စခန်းနှင့် ပင်လယ်ပြင်ကို လှမ်းမြင်လာရသည်။ တောင်ခြေရင်း ပင်လယ်ကမ်းစပ်တွင် ဆောက်လုပ်ထားသော စခန်းတစ်နေရာ၌ အင်္ဂလိပ်ယူနီယံဂျက်အလံ လွှင့်ထူထားသည်ကိုလည်း လှမ်းမြင်နေကြရသည်။ ထို့ကြောင့် ခရီးသည်တွေမှာ ပို၍ ခြေသွက်လာကြသည်။ ဘင်္ဂလားပင်လယ်ပြင်ကြီးကို နီးနီးကပ်ကပ် မမြင်ဘူးကြသော ကလေးငယ်များကလည်း တစ်ယောက်နှင့်တစ်ယောက် ပင်လယ်ပြင်ကြီးကို လက်ညှိုးထိုးပြပြီး ပူပင်သောကမဲ့စွာ အော်ဟစ်ပြောဆိုလာကြသည်။

ညနေသုံးနာရီခွဲခန့်တွင် ဦးအောင်တိုင်တို့မိသားစုနှင့် စစ်ပြေးဒုက္ခသည်များသည် ကုလားအခေါ်"မာထဘာဂီ"မည်သော စခန်းကို ရောက်လာကြ၏။ "မာထဘာဂီ"ဆိုသည်မှာ ဒေသခံကုလား များ၏အသံထွက်ဖြစ်ပြီး အဓိပ္ပာယ်မှာ "ခေါင်းကွဲစခန်း" ဖြစ်သည်။ စခန်းသည် တောင်ခြေတောအုပ်မှ ပေလေးရာခန့်တွင်ရှိပြီး ပင်လယ်ရေစပ်မှ ပေနှစ်ရာအကွာ သဲသောင်ပြင်တွင် တည်ရှိသည်။ စခန်းအဝင်ဝတွင် ဆေးခန်းဆောင်ရှိ၏။ ဆေးခန်း၏ လက်ဝဲဘက်တွင် စစ်ပြေးဒုက္ခသည်များ တည်းခိုကြရမည့်



အဆောင်တန်းလျား ငါးလုံးကို အခိုင်အမာ တည်ဆောက်ထားသည်။ ဆေးခန်း၏ လက်ယာ ဘက်၌မူ ထမင်းစားဆောင်ရှိလေသည်။

ဦးအောင်တိုင်တို့ မိသားစုနှင့် စစ်ပြေးခရီးသည်များ စခန်းထဲ မဝင်မီကပင် လူသံကြား၍ ထွက်ကြည့်ထွက်ကြိုနေကြသော လူအုပ်ထဲတွင် ကမ်းသာမှ ဦးကျော်တိုးနှင့် သူ့သားငယ်ကျော်သာလှတို့မှာ ဦးအောင်တိုင်တို့ မိသားစုကို မြင်သည်နှင့် ပြေးထွက်ကြိုကြ၏။ သို့သော် သားအဖနှစ်ယောက်လုံး၏ မျက်နှာကတော့ မကောင်း ကြ။

"ကို-ကိုသင်္ဂါကျော်၊ ကျွန်တော်တို့ ကမ်းသာကို ဂျပန့်တွေ ရောက်နေကြပလားဟင်"

ဦးကျော်ဟိုးက ချက်ချင်း ဦးသင်္ဂါကျော်ကို ပြေးဖက်၍ မေး၏။

"ကျွန်တော်တို့ မြို့ကထွက်လာကြတာ ကြာပြီဗျ၊ ကယုချောင်းနဲ့ နီလာက ဆွေမျိုးတွေဆီမှာ တစ်လနှစ်လနီးပါးကြာနေခဲ့ကြတော့ ခုလောက်ဆို ဂျပန်တွေ ကမ်းသာကို ရောက်လာကြပြီထင်တယ်၊ ကယုချောင်းနီလာမှ ကျွန်တော်တို့ ရှိနေခဲ့တုန်းကတော့ မောင်တောမြို့ကို ဂျပန်တွေသိမ်းလိုက်ပြီလို့ ကြားခဲ့ရတယ်၊ ခင်ဗျား တို့ ဒီစခန်းကို ဘယ်နေ့က ရောက်ကြလဲ၊ မနေ့ကလား"

"ဒီ-ဒီစခန်းကို ကျွန်တော်တို့ ရောက်နေကြတာ တစ်လနီးပါးရှိပြီဗျ"

"ဟင်-ဟုတ်လား၊ ခင်ဗျားတို့ ဒင်နာ့ဂျ်ပူကို မလိုက်ကြဘူးလား"

"ကျွန်-ကျွန်တော်နဲ့ဝေသာတို့ သေကောင်ပေါင်းလဲ ဖြစ်ပြီး ကျန်-ကျန် ကျန်နေခဲ့ကြတာ၊ ခုတော့ ဝေသာမ ဆုံးသွားပြီဗျ၊ ဟီး-ဟီး"

ဦးကျော်တိုးစကားက ဦးအောင်တိုင်တို့ မိသားစုရင်ကို ဆို့သွားစေသည်။ ဦးကျော်တိုး ပြောတော့မှ ဦးကျော်တိုးဆီက စကားထွက်လာသည်။

"အင်္ဂလိပ်တွေ စကားကိုယုံလို့ ဒီကိုလိုက်လာမိကြတာ ဝေ-ဝေသာ သေဖို့ လိုက်လာသလိုပဲဗျ၊ ကမ်းသာမှာ နေခဲ့ရင် ဝေသာ ဒီလိုအဖြစ်ဆိုးနဲ့ သေ-သေရမှာ မဟုတ်ဘူး"

ကိုယ့်မြို့၊ ကိုယ့်ပြည်က လူတွေကိုတွေ့၍ ဦးကျော်တိုးမှာ မျက်ရည်မဆည်နိုင်ဖြစ်နေသလို ဦးအောင်တိုင်တို့ မိသားစုမှာလည်း ဒေါ်ဝေသာမ ဆုံးပါးသွားပြီ ဆိုသဖြင့် မျက်ရည်စက်လက် ဖြစ်သွားကြသည်။

ဦးကျော်တိုးတို့ မိသားစုမှာ ကမ်းသာ၌ နေ့စဉ်က ဦးအောင်တိုင်တို့ မိသားစုနှင့် တရင်းတနှီးကြီး မရှိသော်လည်း ယခုတော့ သူ့ခများမှာ တစ်ပြည်တစ်ရွာ စစ်ပြေးစခန်း၌ မိန်းမဆုံး၍ အားကိုးရာမဲ့ဖြစ်နေသူပီပီ ဦးအောင်တိုင်တို့မိသားစုကို အားကိုးတကြီးနှင့် အကြောင်းစုံပြောပြနေရှာသည်။

သူတို့ ဤစခန်းသို့ ရောက်လာကြစဉ်က ပြုတ်ဆန်ထမင်း၊ ငါးမန်းသားဆားနယ် ရွှေဖရုံသီးဟင်းကို စားမိကြ၍ သူနှင့်တကွ သူ့မိန်းမကလေးများပါ ဝမ်းပျက်၊ ဝမ်းလျှောဖြစ်ကြသည်။ အင်္ဂလိပ် ဆရာဝန်နှင့် ကုလားဆရာဝန်တို့က ဆေးမျိုးစုံပေးကြသော်လည်း ဒေါ်ဝေသာမက ဆေးတွေမှာ ကုလားစော်နံသည်ဟု ပေးသ



လောက်ဆေးကို မသောက်မိ၍ ဝမ်းလျှောရောဂါနှင့်ပင် ဆယ်ရက်ခန့်အကြာတွင် ဆုံးပါးသွားသည်။ သူနှင့် ကလေးများကမူ ကြောက်ကြောက်နှင့် ပေးသမျှဆေးတွေကို အကုန်သောက်ကြသဖြင့် ဆယ်ရက်၊ ဆယ့်ငါးရက်ခန့်တွင် ဝမ်းလျှောရပ်သွားကာ ထူထူထောင်ထောင် ဖြစ်လာကြသည်။ ထို့ကြောင့် ဆရာဝန်တွေက ခရီးဆက်ခွင့် မပြုကြသေးသလို သူတို့မှာလည်း ကျန်းမာရေး မကောင်းသဖြင့် ဤစခန်း၌သာ သောင်တင်ကျန်နေခဲ့ကြရသည်။ သူတို့နှင့်အတူ လာကြသော မိမိတို့ ကမ်းသာမြို့လူများသည် ယခုလောက်ဆိုလျှင် ဒင်နာ့ဂျ်ပူသို့ပင် ရောက်သွားကြပြီဟု ဆေးရုံဝန်ထမ်းများက ပြောပြကြောင်းကိုလည်း ဦးအောင်တိုင်တို့ မိသားစုအား မချွင်းမချန် ပြန်ပြောပြသည်။

"အဲဒါ ခုဒီစခန်းမှာ ခင်ဗျားတို့ စားကြရမည့် ဟင်းတွေကလည်း ရွှေဖရုံသီးနဲ့ ငါးမန်းသားဆားနယ်ပဲဗျ၊ ခင်ဗျားတို့ ထမင်းပဲယူပြီး ဟင်းကိုတော့ သူတို့ကွယ်ရာမှာ သွားသွန်ပစ်လိုက်ကြ၊ သူတို့ကတော့ ငါးဆားနယ်နဲ့ ရွှေဖရုံသီးဟင်းကို စားလို့မဟုတ်ဘူး၊ သူတို့ပေးတဲ့ ဆေးကိုမသောက်လို့ ပြောတာပဲဗျ၊ သူတို့လည်း နေ့တိုင်းဒီဟင်းတွေပဲ စားနေကြတာ ဘာမှမဖြစ်ပါဘူး ပြောတိုင်း ခင်ဗျားတို့ ရောက်ရောက်ချင်း မစားကြပါနဲ့၊ သူတို့ကုလားတွေကတော့ ဒီလို စားနေကြမို့ အသားကျနေပြီး နေမှာပေါ့၊ ကျွန်တော်က ခံရဖူးလို့ လက်တွေ့ပြောတာပါ"

ကယူချောင်း၊ နီလာမြို့များကပင် ကြားခဲ့ကြရသော ငါးဆားနယ်နှင့် ရွှေဖရုံသီးဟင်း သတင်းဆိုးကို ယခု နဖူးတွေ့ဒူးတွေ့ ဦးကျော်ဟိုးက ပြောပြသောအခါ ဦးအောင်တိုင်တို့ မိသားစု

မှာ ဦးကျော်ဟိုးအကြံပေးသလို စခန်းက ထမင်းတစ်ခူကိုသာယူပြီး ဟင်းကိုမူသွား၍ပင် တန်းစီမတောင်းကြတော့ပဲ နီလာက ဆွေမျိုးများ လုပ်ပေးလိုက်ကြသော ငါးခြောက်ထောင်း၊ ငါးပိထောင်းတို့နှင့်သာ ညနေစာကို စားဖြစ်ကြသည်။ ဤကြားထဲ ထွန်းကျော်လင်းနှင့် ငသံထီးအရူးတို့က ဘယ်က ဘယ်လို လူအုပ်ထဲ သွားတန်းစီပြီး စခန်း ဟင်းတစ်ပုံစံကို တောင်းလာခဲ့ကြသည်မသိ တစ်အိမ်သား လုံးက ထွန်းကျော်လင်းကို ဝိုင်းဆဲဆိုပြီး သွန်ပစ်ခိုင်းကြသည်ကိုပင် ထွန်းကျော်လင်းက အကြောက်အရွံမဲ့စွာ စားဖူးတယ်ရှိအောင် မြည်း ကြည့်တာပါဟု ပြောပြီးမှ သွားသွန်ပစ်သည်။ ထမင်းစား ပြီးကြသည်နှင့် ဆေးဆန်းထဲပြေး၍လည်း ဘာမှမဖြစ်ဘဲနှင့် ဗိုက်ထဲရစ် လာသည်ဟု ပြောကာ ထွန်းကျော်လင်းက တစ်မိသား စုလုံးအတွက် ဆေးတောင်း ယူလာပေးသည်။

ညနေငါးနာရီခွဲ ခြောက်နာရီလောက်တွင် ထမင်းစားပြီး သွားကြသော လူသစ်စစ်ပြေးဒုက္ခသည်များမှာ မိမိတို့မြို့ရွာက အသိ မိတ်ဆွေများနှင့် ခဏသာစကားပြောနိုင်ကြပြီ။ မောမော ပန်းပန်းနှင့် အိပ်ကုန်ကြသည်။ သို့သော် ဦးအောင်တိုင်တို့ မိသားစုနှင့် ဦးကျော် ဟိုးတို့မိသားစုမှာကား ရှေ့ဖြစ်နောက် ကြောင်းတွေကို ပြောမကုန်၊ မေးမကုန်ဖြစ်နေကြသည်။ စခန်း ပတ်ဝန်းကျင်မှ ပဇဉ်းရင်ကွဲများ တစီစီအော်မြည်နေသံများ နှင့်အတူ သူတို့မိသားစုနှစ်စု၏ အသံများမှာလည်း မပြီးနိုင်၊ မပြတ်နိုင် ဖြစ်နေကြသည်။ ဦးကျော်ဟိုးက မိမိတို့ မြို့ရွာဘက်မှ လူများ ဤစခန်းမှ တစ်သုတ်ပြီးတစ်သုတ် ဒင်နာ့ဂျ်ပူသို့ လိုက်သွားကြသော်လည်း သူတို့မှာမူ နာမကျန်းဖြစ်ပြီး ကျန်ခဲ့ရ



ကြောင်း၊ ယခုတော့ ဦးအောင်တိုင်တို့မိသားစုနှင့်အတူ လိုက်ပါကြ ရန် စခန်းတာဝန်ခံများကို ပြောရတော့မည်ဖြစ်ကြောင်း ဝမ်းနည်း ပက်လက်ပြောပြနေသည်။ ထိုအခါ ဦးအောင်တိုင်တို့ မိသားစု ကလည်း ကိုယ့်မြို့ကိုယ့်ရွာ ကမ်းသာက မည်သူမည်ဝါ မိသားစုများ ကို တွေ့ လိုက်ကြရသနည်းဟု ဝိုင်းမေးကြပြန်သည်။

ဦးကျော်တိုးက ကမ်းနားနေ ဦးစံသာဦးတို့မိသားစု၊ ကညင်း တန်းက ရွှေမြသာ၊ ကုလားရွာက နမူရနာ့၊ အာမရာလီ၊ မြစ်နား အုန်းတောက ဦးအောင်ကျော်စိန် မိသားစုနှင့် ဦးကျော်မြတို့ မိသားစုများ သည်လည်း ဤစခန်းကပင် ဒင်နာ့ဂျ်ပူသို့ ထွက်ခွာ သွားကြကြောင်း ပြောပြသည်။ ထိုအခါ တစ်လမ်းလုံး မြသက်စော တို့ မိသားစုကို တဖွဖွသတိတရဖြစ်လာသော ဒေါ်သန္တာဖြူက ဦးကျော်မြတို့မိသားစု နေကောင်းကျန်းမာရှိမရှိနှင့် ဘယ်နေရာ ဘယ်ဒေသ၌ ခိုလှုံကြမည် ဟု ပြောသွားကြသနည်း။ ဒင်နာ့ဂျ်ပူ ထိမျှား လိုက်သွားကြမည်ဟု သူများပြောသွားကြလေသလားနှင့် မေးမဆုံးဖြစ်သွားသည်။

ဦးကျောဟိုးက ပြောပြသည်မှာ ဦးကျော်မြတို့မိသားစုသည် နေကောင်းကျန်းမာစွာနှင့်ပင် ဤစခန်းမှ တစ်ခြားစစ်ပြေးများနှင့် အတူ လိုက်ပါသွားကြကြောင်း၊ သို့သော် မည်သည့်အရပ်၊ မည်သည့် ဒေသ၌ ခိုလှုံနေကြလိမ့်မည်ဆိုသည်ကိုတော့ ပြောမသွားကြ ကြောင်း၊ ဒင်နာ့ဂျ်ပူကို လိုက်သွား မသွားကိုလည်း သူ မသိကြောင်း ပြောပြသည်။

ထိုအခါ ထွန်းကျော်လင်းကလည်း သူသိချင်နေသော "သူ သူ" တို့ အိမ်သားများအကြောင်းကို အငမ်းမရ ဝင်မေးလိုက်ပြန်

သည်။ ဦးကျော်ဟိုးက ဦးကျော်ခေါင်တို့ မိသားစုကိုတော့ ဤစခန်းတွင် သူမ တွေ့လိုက်ဟုပြော၏။ "နင်က ဝင်ရှုပ်ပြန်ပြီ" ဟု ဒေါ်သန္တာဖြူက ဆူသောအခါ "မေမေတို့ကြိုက်တဲ့ ချန္ဒရာနန်ခတ်ပြားတွေ ငှားလိုက်မိတာ သူသူတို့ ပြန်မပေးခဲ့ကြလို့ဗျ" ဟု သူ့အမေကို နောက်တိ နောက်တောက် ပြန်ပြောသည်။ အကြောင်းမသိသူ ဦးကျော်ဟိုးကမူ အရေးထဲ ဘာမဟုတ်တဲ့ ခတ်စက်ခတ်ပြားအကြောင်း မေးရမလားဟု မျက်နှာပင် တစ်ချက်တည်သွား၏။

× × ×



(၃)

နောက်စခန်းတစ်ခုသို့ ခရီးဆက်ကြရန်အတွက် ထမင်းဟင်းထချက်ကြသူများနှင့် ခေါင်းကွဲစခန်းသည် မနက်လေးနာရီလောက်ကပင် နိုးထနေသည်။ ဒေါ်ကြာဦးဖြူ ဒေါ်သန္တာဖြူနှင့် သဇင်ဖြူတို့ ထမင်းထချက်နေကြစဉ် ဦးအောင်တိုင်က သူဖျားချင်သလို တွေ့သည်။ ခရီးပန်းလာသည့်အပြင် ညကလည်း တစ်ညလုံး ဦးကျော်ဟိုးတို့ မိသားစုနှင့် စကားထိုင်ပြောနေခဲ့ကြပြီး အိပ်ရေးပျက်၍လားမသိဟုပြော၏။ ဤလို ခရီးကြမ်းကို တစ်ခါမှ မသွားဖူး၊ မလာဖူးသော ဦးအောင်တိုင်အား မိသားစုတို့က စိုးရိမ်၍ ဆေးခန်းပြကြသောအခါ "ဖျားချင်သည်" မဟုတ် ဖျားနေပြီဆိုသည်ကို သိကြရသည်။

စခန်းတာဝန်ခံ ဆရာဝန်က ခရီးဆက်လိုက်ခွင့်မပြုဆိုသဖြင့် စာရင်းလာကောက်သူများကို အကျိုးအကြောင်း ပြောကြသည်။ ပို့ ဆောင်ရေးတာဝန်ခံက ဦးအောင်တိုင်တစ်ယောက်သာ စခန်းတွင် ကျန်ခဲ့ပြီး ကျန်မိသားစုအားလုံး လိုက်သွားကြရမည်ဟုပြော၏။ မိသားစုတို့က ဦးအောင်တိုင်ကို စခန်းတွင် ထားခဲ့ပြီး သူတို့မိသားစု

ခရီးဆက်မလိုက်လိုကြောင်း အကြောက်အကန်ငြင်းဆိုကြသည်။ ထိုအခါ စခန်းတွင် အကြီးအကဲလုပ်နေကြသော ရခိုင်လူကြီးများကပါ ရောက်လာကြ၏။

ရခိုင်လူကြီးများက ပြောသည်မှာ ဤစခန်းတွင် ဦးအောင်တိုင်ကို ထားခဲ့ရသော်လည်း ဘာမှစိုးရိမ်ပူပန်စရာမရှိ၊ ဖျားသည်မှာလည်း ခရီးပန်း၍ အာဂန္တုက အပရိက အဖျားသာဖြစ်သဖြင့် နောက် တစ်ရက်နှစ်ရက်ဆိုလျှင် နေကောင်းသက်သာသွားလိမ့်မည်။ ထိုအခါမှ ဦးအောင့်တိုင်အား နောက်တစ်သုတ် ခရီးသည်များနှင့်အတူ ထည့်ပေးလိုက်မည်။ ယခု ယနေ့ ခရီးထွက်ကြသူများမှာ လောင်း ချိတ်ရောက်လျှင် စစ်တကောင်းသင်္ဘောကို အနည်းဆုံး သုံးလေးရက် စောင့်ကြရဦးမည်ဖြစ်သည်။ ထို့ကြောင့် ဖလောင်းချိတ်မှာ မိသားစုပြန်ဆုံကြရမည်။ ယခု ကျန်းမာသူများကို အရေးတကြီး ဒီနေ့ရောက် မနက်ဖြန်ခရီးဆက်ထွက် ပို့ပေးနေကြရသည်မှာလည်း ဓညဝတီဘက်မှ ခရီးသည်စစ်ပြေးများကို အိန္ဒိယသို့ အင်္ဂလိပ်အစိုးရ က တာဝန်ခံ ပို့ပေးနေခြင်းမှာ နောက်ဆုံးကာလသို့ ရောက်နေပြီ။ နောက်သုံးလေးသုတ် ပို့ပေးပြီးလျှင် ဤစခန်းကို သိမ်းလိုက်တော့ မည်ဖြစ်သောကြောင့် ကျန်းမာသူများသာ လိုက်သာလိုက်သွားကြပါ။ ဖလောင်းချိတ်ရောက်လျှင် မိသားစု ပြန်ဆုံကြရပါမည်ဟု ကတိပေး တာဝန်ခံကြသည်။

သို့သော် ဦးသင်္ဂါကျော်၊ ဒေါ်သန္တာဖြူ၊ ဒေါ်ကြာဦးဖြူတို့က ဦးအောင်တိုင်ကို ဤစခန်း၌ တစ်ယောက်တည်း ပစ်မထားရက်ခဲ့ကြခြင်းနှင့် ပတ်သက်၍ ဤစခန်းတွင် ယခင်က စစ်ပြေးဒုက္ခသည်များ သေကြေပျက်စီးကြသည့်အကြောင်း၊ ဝိုင်းပြောကြရာ



စခန်းတာဝန်ခံများက ယခင်က သေကြေပျက်စီးကြသည်မှာ မှန်ပါကြောင်း၊ ထိုသို့ ဖြစ်ခဲ့ကြရသည်မှာလည်း ကနဦးက စစ်ပြေးဒုက္ခသည်များမှာ အဆ မတန်များပြားခဲ့သဖြင့် မနိုင်မနင်းဖြစ်ကြရကြောင်း၊ ငါးဆားနယ်နှင့် ရွှေဖရုံသီးဟင်းကို စား၍ဝမ်းကိုက်၊ ဝမ်းလျှောရောဂါနှင့် သေဆုံးကြ ရသည် ဆိုခြင်းမှာလည်း မဟုတ်ကြောင်း၊ အဒီကမှာ သောက်ရေမလုံလောက်၍ သာဖြစ်ခဲ့ကြရကြောင်း၊ ယခုအခါ စစ်ပြေးခရီးသည်များမှာလည်း ကုန်သလောက်နည်းပါးသွားပြီးသဖြင့် ဆေးဝါးကအစ အားလုံးပြည့်ပြည့်စုံစုံဖြစ်နေရာ ဦးအောင်တိုင်အတွက် မည်သို့မျှ မစိုးရိမ်ကြပါရန် အတန်တန်တောင်းပန်ပြောဆိုကြသည်။

ဤသည်နှင့်လည်း ဦးအောင်တိုင်ကို သူတို့မိသားစုက မထားရက်ခဲ့ကြသေး။ ဦးအောင်တိုင်ကို ပြုစုရန်နှင့် ဦးအောင်တိုင်နှင့်အတူ ခရီးဆက်လိုက်လာရာ၌ အဖော်သဟဲရရန် တစ်ယောက်ယောက်ကိုတော့ ဤစခန်း၌ ကျန်နေခဲ့ရန် ခွင့်ပြုကြပါဟု တောင်းဆိုကြသည်။ သက်ဆိုင်ရာက သူတို့မိသားစုထဲမှ တစ်ယောက်ယောက် ဦးအောင်တိုင်နှင့်အတူ စခန်းတွင်နေလိုက်ရန် ခွင့်ပြုသည်။ ထိုအခါ ဦးအောင်တိုင်နှင့် သူတို့မိသားစုထဲမှ မည်သူကျန်နေရစ်မည်ကို တိုင်ပင် ဆွေးနွေးကြရပြန်သည်။ ဦးသင်္ဂါကျော်က သူကျန်ခဲ့မည်ဟုဆို ၏။ ထွန်းလင်းကျော်ကလည်း သူ့အဘိုးကို ဆေးပေးမီးယူ ပြုစု စောင့်ရှောက်၍ သူပဲကျန်ခဲ့မည်ဟု ဆိုသည်။

သူ့သမက် ဦးသင်္ဂါကျော် သူနှင့်အတူ ကျန်နေခဲ့မည်ဆိုသည်ကို ဦးအောင်တိုင်က လုံးဝလက်မခံ။ သူ မလိုက်နိုင်သောအခါ

မိသားစု တစ်ခုလုံးကို ရှေ့ကမားမားမတ်မတ် ဦးဆောင်သွားရ
မည့်သူမှာ ဦးသဂီကျော်သာ ဖြစ်သည်။ သူ့မြေး ထွန်းကျော်လင်း
မှာလည်း ခေတ်ပညာတတ် လူငယ်တစ်ယောက်ဖြစ်သဖြင့်
ဘယ်စခန်းဘယ် နေရာကို ရောက်ရောက် အင်္ဂလိပ်ကုလားများနှင့်
ပြောရဲဆိုရဲ ပြောတတ်ဆိုတတ်ဖြစ်သဖြင့် မိသားစုနှင့်အတူ
လိုက်သွားရန်ပြောသည်။ သူ့အနေမှာ အဘိုးကြီးယောကျ်ားသား
အရေးမကြီး။ သူ၏လက်စွဲတော် ငသံသီးနှင့် ဤစခန်းတွင်
အဖျားပျောက်သည်အထိ သူနေ လိုက်မည်ဟု ဆိုသည်။

ဦးအောင်တိုင်ပြောသည်မှာ ကျိုးကြောင်းဆီလျော်သော်
လည်း ထွန်းကျော်လင်းကမူ သူ့အဘိုးနှင့် သူ နေကို နေလိုက်မည်။
ယခု သူ့အဘိုးအား အင်္ဂလိပ်ဆေးဝါးသွားတောင်းပေးနေရသည်က
အစ သူများတွေ အင်္ဂလိပ်ဆရာဝန်၊ ကုလားကွန်ပေါင်ဒါတို့ကို
မပြောရဲ၊ သွားမတောင်းရဲကြသော်လည်း သူက ပြောရဲ၊ သွားရဲ
စွမ်းဆောင်နေသူဖြစ်ရာ သူသာ သူ့အဘိုးနှင့် နေလိုက်မည်ဟု
အကြောက်အကန် ပြောနေပြန်သည်။

ထွန်းကျော်လင်းက ဤသို့ အင်္ဂလိပ်ကုလားများကို ပြောရဲ
ဆိုရဲ ရှိနေ၍လည်း သူ့အဘိုးက ထွန်းကျော်လင်းကို မိသားစုနှင့်အတူ
ပို၍ လိုက်ပါသွားစေချင်နေသည်။ ကုလားပြည်ထဲ ရောက်လာကြ
ပြီး ဖြစ်သဖြင့် စစ်ပြေးစခန်းများ၏ ဆရာဝန်ဆေးဝန်ထမ်းများနှင့်
အုပ် ချုပ်သူများမှာ အင်္ဂလိပ်ကုလားများသာဖြစ်ကြသဖြင့်
ဦးအောင်တိုင်က "ငါ့မြေးက ခေတ်ပညာတတ်ဆိုတော့ ဘယ်စခန်း
ဘယ်နေရာ ရောက်ရောက် အင်္ဂလိပ်ကုလားတွေကလည်း
လေးစားမယ်၊ ပြီး လမ်းခရီးမှာ မင်းနှမ အပျိုအရွယ်လည်း



ပါနေတော့ ငါ့မြေးလိုက်သွား" ဟု အဆုံးအဖြတ် စကားကို ဆိုသည်။
သူ့အတွက်ကိုမူ စိုးရိမ်စရာမရှိ။ ငသံထီးအပြင် ကိုယ့်ရပ်ကိုယ့်မြို့က
ဦးကျော်တိုးကို့ နလန်ထ မိသားစုလည်း ရှိနေသဖြင့် အစစအရာရာ
ဤစခန်းတွင် အနေကြာနေကြသူကွေမို့ ဆေးပေးမီးယူလည်း
အားကိုးရသည်ဟု ဆိုသည်။

ဦးအောင်တိုင်နှင့် ငသံထီးတို့ နေခဲ့ကြရမည်မှာ သေချာ
သွားသောအခါ ဦးအောင်တိုင်နှင့် ငသံထီးတို့အတွက် ထားပစ်ခဲ့ကြ
ရမည့် အဝတ်အစား ပစ္စည်းပစ္စယများကို ချက်ချင်း ခွဲဝေမျှတစွာ
ထုပ်ပိုးပြင်ဆင်ကြရသည်။ ထိုအထဲမှာ ငသံထီးအိတ်ထဲ အရပ်မှာ
တုန်းကပင် သံယောဇဉ်ကြီးစွာ ထည့်ယူလာခဲ့သော ဒေါ်ကြာဦးဖြူ၏
ကွမ်းထောင်း ဆုံကို ငသံထီးအထုပ်ထဲတွေ့ရာ ထွန်းကျော်လင်းက
"ဘွားဘွားဟာလေ . . သိပ်ခက်တာပဲ၊ ဒီကွမ်းထောင်းဆုံကို လေး
လေးပင်ပင် ထည့်ယူမလာပါနဲ့ ပြောတာမရဘူး၊ ဘယ်အချိန်က
အရူးကြီးအိတ်ထဲ ထည့်ထားလိုက်တယ်မသိဘူး၊ ဒီတစ်ခါတော့
လွှင့်ပစ်ခဲ့တော့ဗျာ" ဟု ပြော၏။

"ဘာလို့ လွှင့်ပစ်ခဲ့ရမှာလဲဟဲ့၊ ဒီကွမ်းထောင်းဆုံက ငွေသား
ဒင်္ဂါး ငါးပြားပေးခဲ့ရတယ်၊ ခု တစ်ဆယ်နှစ်ဆယ် ပေးတာတောင်
ဒီလိုအကောင်းစား ရှာမရဘူး၊ ငါ ဂယာဘုရားဖူးအပြန်မှာ
ကာလကတ္တားက အမှတ်တရ ဝယ်လာခဲ့တာ၊ ဒီကွမ်းထောင်းဆုံ
မပါရင် ငါဘယ်လိုလုပ် ကွမ်းစားမလဲ"

"ဘွားဘွားကို ကျွန်တော်ဝါးကျွေးမယ်ဗျာ"

"နွားသားစား၊ ဝက်သားစားတဲ့ နင့်ပါးစပ် ငါရွံတယ်"

ဒေါ်ကြာဦးဖြူမှာ သွားမကောင်းသဖြင့် ကွမ်းကို သံဆုံနှင့်

ထောင်းစားရသည်။ ထို့ကြောင့် သူ့ကွမ်းထောင်းဆုံကို လွှင့်ပစ်ခဲ့ရမှာ နှမြောနေသည်။

"နီလာက ဆွေမျိုးတွေ ထောင်းပေးလိုက်ကြတဲ့ ကွမ်းတွေ သုံး လေးရက်စာ ပါသေးတာပဲ အမေ၊ နောက် ဟိုရောက်တော့လည်း ဘယ်မှာဝယ်ဝယ် ကုလားပြည်မှာ ကွမ်းထောင်းဆုံပေါပါတယ်၊ လေး ကလေးနဲ့ .. ကိုငယ်ပြောသလို လွှင့်ပစ်ခဲ့စမ်းပါ"

ထွန်းကျော်လင်း ပြောမရသဖြင့် ဒေါ်သန္တာဖြူက ပါဝင်ပြော၏။

"ဒီကွမ်းထောင်းဆုံတစ်လုံးက ဘယ်လောက်တောင်လေးလို့ လဲဟဲ့ . . ၊ နင်တို့ကို မရွက်ခိုင်းပါဘူး၊ ငါ့ဖာသာ ငါသယ်ပါ့မယ်အေ"

ဒေါ်ကြာဦးဖြူကို ဘယ်လူပြောပြော မရသဖြင့် ဦးသဂီကျော် က "နေပါစေ၊ ကွမ်းထောင်းဆုံဆိုတာလည်း ခုဝယ် ခုထောင်းစားလို့ ကောင်းတာမှ မဟုတ်တာ၊ အသားကျပြီး ကွမ်းဆီဝနေတဲ့ကွမ်းထောင်း ဆုံကို အရီးရှင်လည်း နှမြောမှာပေါ့၊ ပစ္စည်းတွေကို သေသေထီးမပါပေ မယ့် ကလေးထမ်းစင်သမားတွေဆီ မှူပြီး ငါထည့်ပေးပါ့မယ်" ဟု ပြေငြိမ်းရေးစကား ဝင်ပြောလိုက်ရသည်။

"ဖြူဖြူ နင့် ဒီအကျီစုတ်လည်း လွှင့်ပစ်ခဲ့၊ လူမြင်လို့တောင် မတော်ဘူး"

ယူသွားကြရမည့် ပစ္စည်းများ၊ အိုးခွက်ပန်းကန်များကို ဇိုး ဇိုးဇက်ဇက် တစ်ခုချင်း ရွေးထုတ်နေရာမှ သူ့အဘွားကို ပြောမရ သောအခါ ထွန်းကျော်လင်းက သူ့နှမဘက် လှည့်လာပြန်သည်။

"အောင်မာ၊ အဝဇာတသား ဗိုလ်ကြက်ချေး၊ နေရာတကာ နင် နွားထက်ထွန်ကျူး မုတ်ဆိတ်ထက်သွားရှည် လုပ်ပြန်ပလား၊ အရေး အကြောင်းဆို ငါ့မြေးဝတ်ဖို့ ငါချုပ်လာတဲ့ အန္တရာယ်ကင်း



အကျီ ဘာလို့ လွှင့်ပစ်ခဲ့ရမှာလဲ၊ နင်က ဘာမသိ ညာမသိဘဲနဲ့ ဆရာ မလုပ် စမ်းပါနဲ့၊ လမ်းခရီးဆိုတာ ပြောနိုင်တာ မဟုတ်ဘူး၊ ခု ကြည့်၊ နင့် အဘိုးတစ်ယောက် ဒီမှာကျန်နေခဲ့ရဦးမယ်၊ ကိုယ့်ပြည် ကိုယ့်ရွာ မဟုတ်ဘူးဟဲ့၊ ယူသွားရမှာပဲ"

"ဘွားဘွားကို ကုလားပြည်မှာ မွေးတာပဲ၊ ကိုယ့်မြို့ကိုယ့် ပြည် မဟုတ်ဘူးလား"

"ဟင် . . ခု ဖလောင်းချိတ် ပန်းဝါကို ရောက်သေးလို့လား၊ ငါ့အရပ်က ပန်းဝါဟဲ့ ဗိုလ်ကြက်ချေးရဲ့"

"မကြာဘူး ရောက်တော့ . . ."

"ဟော့ကောင်၊ တော်စမ်း၊ ဘာလဲ လူကြီးကို ပြန်ပြန်ပြီး"

သဇင်ဖြူ ဝတ်ဖို့ဆိုသည့်အကျီမှာ ရက်ချည်ထက် ချုပ်ချည် က များနေသော အစုတ်တစ်ရာ အဖာဗရပွနှင့် အကျီ ဖြစ်သည်။ ထိုအကျီကို ဒေါ်ကြာဦးဖြူက ဒင်နာ့ဂျ်ပူလိုက်ကြရတော့မည်ဆိုက တည်းက အစုတ်အပြဲအဆွေး အဆိုးတွေကို တမင်ရှာကာ ဖြတ်ညှပ်ကပ်၍ ချုပ်ယူလာသော သူ့စကားအရ အန္တရာယ်ကင်း အကျီဖြစ်သည်။ သူ့ အယူအဆမှာ အကယ်၍ လမ်းခရီးတွင် မသူ တော်တွေနှင့်တွေ့လျှင် မျက်နှာကို အိုးမည်းသုတ်ကာ ဤအကျီကို ဝတ်ထားရမည်ဟု ဒေါ်ကြာဦးဖြူက သူ့မြေးမကို အထပ်ထပ် အခါခါမှာပြီးသား၊ သွန်သင်ပြီးသား အကျီဖြစ်သည်။ လမ်းခရီးတွင် ဓားပြတန္တ လူမသူတော်တွေနှင့် တွေ့လျှင် မျက်နှာကို အိုးမည်းသုတ် ပြီး ဤအကျီစုတ်ကို ဝတ်ထားလျှင် အရှုးမကြီးထင် ကာ လူမသူတော် တွေက တစ်စုံတစ်ရာ အနှောင့်အယှက်မပြုဘဲ ရှောင်သွားကြလိမ့် မည်ဟု ဆိုသည်။ ဒေါ်ကြာဦးဖြူတို့ ငယ်စဉ်က

ခေတ်ပျက်၍ ပြေးခဲ့ ကြရတုန်းက ဤသို့ပင် အရှုံးမ လုပ်၍ ပြေးခဲ့ကြရသည်ဟု အခါခါ ပြောပြဖူးသည်။

ထို့ကြောင့် ယခု သူ့နှမအား ထွန်းကျော်လင်းက "နင့်အကျီလည်း လှွင့်ပစ်ခဲ့" ဆိုသောအခါ သူ့အဘွားက ထွန်းကျော်လင်းကို ထဆဲသည်။ ဤသည်ကို ဦးသင်္ဂါကျော်က သူ့သားကို မာန်ပြီး ရှောင်ခိုင်းလိုက်ရသည်။ ထိုအခါမှ ဒေါ်ကြာဉီးဖြူ၏ ကွမ်းထောင်းသံဆုံ နှင့် သဇင်ဖြူ၏ထပ်တစ်ရာ အကျီစုတ်ပြုသနာက ပြေလည်သွားလေသည်။

× × ×



(ပ)

နံနက် ခြောက်နာရီခန့်တွင် စခန်းမှ ထမင်းကျွေးသည်။ စခန်း ထမင်းဟင်းများကို မစားရဲကြသူများက မိမိတို့ဖာသာ ချက်စားကြ သည်။ နံနက်ခုနှစ်နာရီခန့်တွင် စခန်းရှေ့၌ လူစု၍ ခရီးစထွက်ကြသည်။ ပင်လယ်ကမ်း သဲသောင်ပြင်ကြီးမှာ လူအုပ်ကြီး ရှေ့က · တစ်မျှော်တစ်ခေါ် ကာဆီးနေသည်။ မိုးတွင်းကာလဖြစ်သ ဖြင့် ပင်လယ်ပြင်အထက်တွင် မိုးသားများ အုံ့မှိုင်းနေသည်။ မိုးချုံးသံ များကိုလည်း မကြာမကြာ ကြားနေကြ ရသည်။ ခရီးသည်များမှာ လမ်းခရီး၌ မိုးမိမှာစိုးရိမ်နေကြ၏။ ယို့သော် လတ်ဆတ်သော ပင်လယ်လေကို ရှူရှိုက်ကြရသဖြင့် ခရီးသည်များ အားလုံးလန်းဆန်း နေကြသယောင်ပင်။

သူတို့ခြေလှမ်းများရှေ့တွင် ဖြူနီပြာဝါ ကဏန်းကလေးများ က သဲသောင်အနှံ့ လျှောက်ပြေးနေကြသည်။ ဒီရေစပ် သဲသောင်ပေါ် ၌ ငရုတ်ကောင်းစေ့ ပမာဏရှိသော ကျစ်စာခဲလေးများကိုလည်း ရေမတွက်နိုင်လောက်အောင် လုံးကျစ်ထားကြသည်။ ကလေးများ က ကဏန်းကလေးများကို သူ့ထက်ငါဦးလိုက်ဖမ်း၍ ပြေးပျော်နေကြ၏။ ခရီးမှာ အစသာရှိသေးသဖြင့် မည်သူမျှ ထမ်းစင်ပေါ်

မတက်ကြသေး။ ရောင်စုံကဏန်းလေးများကို ကလေးများက ပြေးဖမ်းလိုက် ကောက်နေကြသော်လည်း တစ်ကောင်တစ်လေကိုမှ မမိကြ။ ကလေးများလိုက်လျှင် သဲသောင်ထဲက သူတို့တွင်းထဲ ဝင်ပုန်းသွားကြ၏။ သဲသောင်မှာ လူနင်းလိုက်သည်နှင့် ပျော့ဝင်သွားပြီး ကဏန်း ခေါင်းကလေးများလည်း ပျောက်ကွယ်သွားသည်။ လူများလေးငါးလံ ဝေးသွားသည်နှင့် သဲကျင်းထဲမှထွက်၍ သဲသောင်တွင်လျှောက်ပြေး ဆော့ကစားနေကြပြန်၏။

ဦးသင်္ဂါကျော်တို့မိသားစုနှင့် ခရီးသည်စစ်ပြေးများမှာ မြောက်စူးစူးသို့ ခရီးဆက်လှမ်းနေကြရသည်။ ကဏန်းကလေးများကို လိုက်ဖမ်း၍ မောသွားကြသော ကလေးများသည် ထမ်းစင်ပေါ် တက်လိုက်လာကာ အမောပြေသည်နှင့် ထမ်းစင်ပေါ်က ဆင်းပြီး သဲသောင်ပြင်ပေါ်က ကဏန်းများကို အပျော်လိုက်ဖမ်းကြပြန်သည်။ ကလေးများကဏန်းလိုက်ဖမ်း၍ ပျော်နေကြလျှင် အထမ်းသမားများ မှာလည်း သက်သာသဖြင့် ကလေးများကို အော်ဟစ်အားပေးနေကြ သည်။

ခရီးသည်များမှာ သဲသောင်ပြင်အတိုင်း လျှောက်သွားနေကြရသော်လည်း မနေ့က ကျော်ဖြတ်လာခဲ့ကြရသော တောင်တန်းနှင့်မူ မိုင်ဝက်ခန့်သာ ဝေး၏။ ထိုတောင်တန်းမှ ပင်လယ်ထဲ စီးဝင်နေသော ချောင်းငယ်မြောင်းငယ်များကိုလည်း မကြာခဏ ဖြတ်ကျော်၍သွားကြရသည်။ ဤအရပ်၊ ဤဒေသ၊ ဤပင်လယ်ပြင်ကြီးများကို လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ခန့်က ရခိုင်ဘုရင်တို့၏ ရေတပ်မတော်က စိုးမိုး ပိုင်ဆိုင်ခဲ့သည်။ ဤပင်လယ်ကြီးသည် အထူးသဖြင့် ပေါ်တူဂီနှင့် ဒတ်(ချ်)လူမျိုးကုန်သည်များ၊ စစ်သည်များနှင့်



ပေါ်တူဂီပင်လယ် ဓားပြများ လှုပ်ရှားကျက်စားခဲ့ကြရာ နေရာလည်း ဖြစ်ခဲ့ဖူးသည်။ ဤပင် လယ်ပြင်တွင် ခိုးဆိုးတိုက်ခိုက်လုယက်နေကြသော ပေါ်တူဂီ များကို ရခိုင်ဘုရင်အဆက်ဆက်က တိုက်ခိုက်နှိမ်နင်းခဲ့ကြရသည်။

နောက်ပိုင်းတွင် ရခိုင်ဘုရင်နှင့် ပေါ်တူဂီတို့ သင့်မြတ်သွားသဖြင့် ပေါ်တူဂီအများအပြား ရခိုင်ဘုရင့် ရေတပ်မတော်တွင် အမှုထမ်းခဲ့ကြသည်။ သို့သော် ဆိုးသွမ်းလိုသော ပေါ်တူဂီအချို့နှင့် ရခိုင်ဓားပြတို့ ပူးပေါင်း၍ စစ်တကောင်းနှင့် ဟူဂလီ (Hugli) မြစ်ဝှမ်းတွင် နေထိုင်ကြသော အရပ်သူအရပ်သားများကို ဓားပြတိုက် လုယက် ဆိုးသွမ်းကြသဖြင့် ဘင်္ဂလားနေ အများပြည်သူများမှာ အကြိမ်ကြိမ် ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

ရခိုင်ဘုရင်များထံတွင် အမှုတော်ထမ်းရွက်နေကြသော ပေါ်တူဂီ ကြေးစားစစ်သည်များကို စစ်တကောင်းမြို့အနီးရှိ ဒီယင်္ဂါးမြို့နှင့် သောင်းဒွတ်ကျွန်းများတွင် နေရာချထားပေးခဲ့သည်။ ထိုစဉ်က ဤပင်လယ်ပြင်တွင် ရခိုင့်ရေတပ်မတော်သည် အမြဲစောင့်ကြည့် လှုပ် ရှားလျက်ရှိသည်။

မွန်းတည့်ချိန်လောက်တွင် ဦးသင်္ဂါကျော်တို့ မိသားစုနှင့် ခရီးသည်လူအုပ်ကြီးသည် တောင်ကျချောင်းကြီးနားတစ်ခုသို့ ရောက်လာကြသည်။ ထိုအချိန်တွင် မိုးကလည်း သဲသဲမဲမဲ ရွာချလာသည်။ တောင်ကြိုတောင်ကြားမှ ပေါင်းဆုံစီးကျလာသော ရေစီးမှာ အရှိန်အဟုန်ပြင်းသည်။ ရေလည်းတင်းကြမ်း၊ ကမ်းလည်းမသာဆိုသလို ထိုချောင်းကြီးများကို ဖြတ်ကူးရန်မှာ အခက်အခဲတွေ့နေကြရပြန်သည်။ မိုးစဲ၍ ရေစီးရေလာနည်းချိန်ထိလည်း သူတို့မှာ

မစောင့်နိုင်ကြ။ ထို့ကြောင့် ဤချောင်းကြီးကိုဖြတ်ကူးရန် လူကြီးများက တိုင်ပင်စီစဉ်ကြရသည်။

ပထမ လူလေးငါးဦးလက်ချင်းယှက်၍ တွဲကူးကြည့်ကြသည်။ ရေစီးကြမ်းသဖြင့် ရှေ့ကိုမတိုးရဲကြဘဲ ပြန်ဆုတ်လာကြရသည်။ နောက်တော့ အစောင့်အရှောက်ပါလာကြသော စစ်သားတစ်ဆယ်ကျော်တို့၏ ခါးပတ်ကြိုးနှင့် သဲသောင်စပ်တွင် ပေါက်နေကြသော လိပ်တက်နွယ်များကို ဖြတ်ဆက်ကြိုးလုပ်ကာ ပထမအထမ်းနှင့် ခေါ်လာကြသော ကလေးသူငယ်များနှင့် လူအိုမသန်မစွမ်းသူများကို တွဲဆွဲထမ်းပိုး၍ တစ်ဘက်ကမ်းသို့ ပို့ကြရသည်။ ပြီးတော့မှ မိန်းမသူများနှင့် ခရီးသည်များက ကြိုးကိုဆွဲ၍ ဖြတ်ကူးကြရ၏။ ထို ချောင်းမှာ အကျယ်ပေသုံးလေးဆယ်ခန့်သာ ရှိသော်လည်း စစ်ပြေး ခရီးသည်များ အားလုံးတစ်ဘက်ကမ်းသို့ ရောက်ရန်မှာ တစ်နာရီခန့် ခက်ခက်ခဲခဲ ကူးခဲ့ကြရသည်။

လူတွေအားလုံး၏ တစ်ကိုယ်လုံးမှာ မိုးထဲလေထဲ ရွှဲရွှဲစိုကာ ခိုက်ခိုက်တုန်လာကြသည်။ သို့သော် ခရီးကကား မဆက်၍မဖြစ်သဖြင့် နံနက်စာကို ဖြစ်သလိုစားပြီးသည်နှင့် တပြိုင်နက် ခရီးဆက်၍ ထွက်လာကြရပြန်သည်။ နေ့လည် နှစ်နာရီကျော်ခန့်အချိန်တွင် ပင်လယ်ရေလှိုင်းနှင့် ထိစပ်သော တောင်ကမ်းပါးပြိုတစ်ခုနားသို့ ရောက်လာကြသည်။ ထိုပြိုကျနေသော ရေလှိုင်းထဲက တောင်ကမ်းပါးပြိုကို ဖြတ်ကျော်သွားကြရမည်ဆိုသဖြင့် လူတွေမှာ တွန့်ဆုတ်တွန့် ဆုတ်ဖြစ်ကုန်ကြသည်။ ဤတောင်ပြိုကြီးနှင့် ပင်လယ်ကြီးကမ်းစပ် လှိုင်း တောထဲက မသွားဘဲ တောင်ပေါ်တက်ကာ ကွေ့ပတ်ဖြတ်သွား ကြရမည်ဆိုလျှင် အချိန်က နှစ်နာရီ၊



သုံးနာရီ ကြာသွားနိုင်သည်။ ထို့ကြောင့် တောင်ပြိုကြီးအောက် ရေလှိုင်းများထဲကပင် ဖြတ်သွားကြ ရမည်ဟု စစ်သားများက မာမာတင်းတင်း အမိန့်ပေးလာသည်။

အမှန်မှာ ဤနေရာကို ဖြတ်သွားရာ၌ ဒီရေကျချိန်ကို မှန်းဆပြီး ထွက်လာကြသော်လည်း နေ့လည်ကထမင်းစားချိန်နှင့် မိုးရွာသဖြင့် တောင်ကျချောင်းကို ဖြတ်ကူးနေခဲ့ကြရသောအချိန်တို့မှာ ထင်သည်ထက် ကုန်ခဲ့ကြသဖြင့် ယခုလို ဒီရေအတက်နှင့် ကြုံနေရခြင်း ဖြစ်သည်။ ဖြတ်ကူးသွားကြရမည့် တောင်ပြိုကမ်းပါးနားကို ဒီရေက လှိုင်းလုံးတွေနှင့်အတူ ဒူးလောက်ပေါင်လောက် ရောက်နေခြင်း ဖြစ်သည်။ သို့သော် မတတ်နိုင်။ ပင်လယ်မှ တက်လာသော လှိုင်းလုံးကြီးများ တောင်ကမ်းပါးယံကို ရိုက်ခတ်လာ၍ တောင်ကမ်းပါးယံထက်မှ မြေပြိုမကျခင် တစ်ဘက်သို့ရောက်အောင် စွန့်စွန့်စားစား ပြေးဖြတ်ကူးကြရသည်။ ဒီရေမှာ ယခုမှ စတက်လာခါစဖြစ်သဖြင့် ဒီရေကျ၍ သဲသောင်ပေါ်လာသည်အထိသာ စောင့်နေကြရလျှင် ဤနေရာ၌ပင် မိုးချုပ်သွားနိုင်သည်။ ထို့ကြောင့် လည်း စစ်သားများက အတင်းကူးခိုင်းနေခြင်း ဖြစ်၏။

စစ်ပြေးခရီးသည်များမှာ သူတို့ကူးပြေးဖြတ်သွားနေကြချိန်တွင် သူတို့ခေါင်းပေါ်က မိုးနေသော တောင်ကမ်းပါး ယံပြိုကြီးပေါ်မှ မြေစိုင်မြေခဲကြီးများ လှိုင်းရိုက်လာ၍ မပြိုကြပါစေနှင့်ဟု အသဲ တထိတ်ထိတ် ရင်တမမ ဘုရားတကာ ပေလေးငါးဆယ်ကျယ်သော တောင်ဘက်ပိုင်းကျိုးနှင့်ကပ်လျက် ရေပြင်ကို အပြေး အလွှား ဒီတစ်လုံး လှိုင်းတစ်လုံး ရောက်မလာမီ အချိန်ကိုလု၍ ဖြတ်ကူးကြရ၏။ သူတို့ဖြတ်ကူးနေ ကြချိန်တွင် လှိုင်းရိုက်၍ တောင်ကမ်း

ပါးယံမှ မြေသာပြိုကျလာလျှင် မြေပိ၍ အကုန်သေနိုင်သည်။ တောင်ပြိုနားက ကပ်မသွားဘဲ ပင်လယ်ပြင်ကြီးတက် ခါးလောက်ရင်လောက်နက်သော ရေထဲမှ ဆင်းကူးသွားကြမည်ဆိုလျှင်လည်း ပင်လယ်လှိုင်းလုံးကြီးတွေက သူတို့ကို သမုဒ္ဒရာထဲ ဆွဲချသွားမည်မှာ မုချပင်ဖြစ်သဖြင့် ပင်လယ်ရေနက်ထဲ ခြေတစ်လှမ်းပင် မကူးရဲကြသဖြင့် အသက်စွန့်၍သာ ကူးဖြတ်လာကြရသည်။

ကံကောင်းထောက်မ၍ တစ်ဘက်သဲသောင်ပေါ် ခရီးသည်အားလုံး ရောက်လာကြသည်အထိ တစ်စုံတစ်ယောက်မှ အဖိတ်အစဉ် မရှိခဲ့ကြသည်ကိုတော့ နတ်ကောင်းနတ်မြတ်များ မ,သည်ဟု သက်မ တချချနှင့် ပြောကြရသည်။ သူတို့ တစ်ဘက်သဲသောင်ကို ရောက်၍ နောက်သို့ ပြန်ကြည့်နိုင်ကြချိန်ရောက်မှ လှိုင်းလုံးကြီးတွေမှာ ဒီရေ အတက်ပြင်းလာသည်နှင့်အမျှ တောင်ပြိုကြီးကို တဟည်းဟည်းရိုက် ချနေလေရာ တောင်ကမ်းပါးယံမှ ပုတ်လုံး၊ စပါးကျီလုံးလောက်ရှိသော မြေတုံးမြေခဲကြီးများသည် သစ်ပင်ချုံပုတ်များနှင့် အတူတကွ ဝုံးပြိုကျနေသည်ကိုထိတ်လန့်ဖွယ်ရာ မြင်နေကြရလေသည်။ သူတို့သာ မိနစ်အနည်းငယ်နောက်ကျသွားလျှင် မုချမြေပြိုတွေပိ၍ သေကြရမည်မှာ ဧကန်မလွဲဖြစ်သည်။ ထို့ကြောင့် လူကြီးများက ရှေ့ဆက်ရမည့်ခရီးအတွက် ခိုက်ခိုက်တုန်နေကြသည့်ကြားက ကြောက်ကြောက်နှင့် နတ်ကောင်းနတ်မြတ်များကို တိုင်တည်ကာ မ,စ စောင့်ရှောက်ကြပါရန် ပန်ကြားရွတ်ဆိုနေကြပြန်သည်။

ဤနေရာသည် မိုးတွင်းကျလျှင် ဤသို့ပင် လှိုင်းရိုက်မြေပြိုတတ်သဖြင့် "တောင်ပြို" စခန်းဟု ခေါ်ကြောင်း ဒေသခံကုလား



စည်သည် တစ်ယောက်က ခရီးသည်များကို ပြောပြလာသည်။ ဤတောင်ပြိုစခန်းကို ဖြတ်ကူးကြရာ၌လည်း နာရီဝက်ခန့် ကြန့်ကြာခဲ့ကြသည်။ မိုးစဲလေငြိမ်သွားပြီး ဖြစ်သော်လည်း လူတွေမှာ ချမ်း၍ ခိုက်ခိုက်တုန်နေကြသည်။ သို့သော် ချောင်းကူး၊ ချောင်းဖြတ်၊ တောင်ပြိုစခန်းများကို သေပြေးရှင်ပြေး ပြေးကူးခဲ့ကြရသည်နှင့်စာလျှင် သဲသောင်ပြင်အတိုင်း လျှောက်လာနေကြ ရသည်မှာတော့ သက်တောင့်သက်သာရှိကြသည်။

သဲသောင်ပြင်အတိုင်း နောက်ထပ်လျှောက်လာကြရာ တစ်နာရီလောက်အကြာမှာ သူတို့တည်းခိုကြရမည့် စခန်းသို့ ရောက်လာကြသည်။ ထိုစခန်းကို "ကျောက်ချောင်း" စခန်းဟုခေါ်သည်။ ဒေသခံ မွတ်ဆလင်များကမူ "ရှိုလ်ခါးလီ" ဟုခေါ်ကြသည်။ ရှိုလ်ဆိုသည်မှာ "ကျောက်" ဟုအဓိပ္ပာယ်ရပြီး "ခါးလီ" မှာ "ချောင်း" ဖြစ်သည်။ ထို့ကြောင့်လည်း ရခိုင်တို့က မိမိဘာသာနှင့် "ကျောက်ချောင်း" စခန်း ဟု ခေါ်ကြခြင်းဖြစ်သည်။

စခန်းကို ပင်လယ်ရေစပ်မှ ပေငါးရာခန့်အကွာတွင် တည်ထားသည်။ စခန်းပတ်ဝန်းကျင်တွင် ပလွှင်(ပင်လယ်ကဗွီး)ပင်များကို အစီအရီတွေ့ရသည်။ ယခင်တည်းခိုခဲ့ကြရသော စခန်းနှင့်စာလျှင် သာသာယာယာရှိသည်။ ညနေငါးနာရီကျော်လောက်တွင် စခန်းမှ စစ်ပြေးဒုက္ခသည်များကို ပြုတ်ဆန်ချက်ထမင်း၊ ငါးခြောက်ကင်၊ ပဲဟင်းတို့နှင့်ကျွေးသည်။ ခေါင်းကွဲစခန်းမှာကဲ့သို့ ငါးဆားနယ်နှင့် ရွှေဖရုံသီးချက်ကို ဝမ်းလျှောဝမ်းပျက်မှာစိုး၍ မစားရဲကြလျှင် ဆွေမရှိ မျိုးမရှိ ရွာစဉ်လည်း မဝင်မတည်းခဲ့ကြရသော ခရီးသည်များမှာ ငါးပိထောင်း၊ ငါးခြောက်ကြော်တို့လည်း မပါလာကြသဖြင့် ဆန်ထမင်းကို ဆားဟင်းနှင့် လွေးကြရမည်သာ ဖြစ်သည်။ သို့သော်

ယခုတော့ စခန်းက ပဲဟင်းနှင့်ငါးခြောက် ကင် (ငါးခြောက်ကြပ်တိုက်)ကို ကျွေးလေရာ မိမိအိမ်မှာလည်း စားနေကျဟင်းလျာဖြစ်သဖြင့် ရဲရဲဝံ့ဝံ့ အားပါးတရပင် ဆာဆာနှင့်အဝစားကြသည်။ စားပြီးသည်နှင့် မျက်လုံးတွေ မှေးစင်းလာကြကာ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားကြလေသည်။

သို့သော် သန်းခေါင်ကျော်လောက်အချိန်တွင် ဝမ်းသွားလိုက်၊ အန်လိုက်နှင့် ခရီးသည် သုံးယောက် ဝေဒနာဖြစ်သဖြင့် စခန်း တစ်ခုလုံးရှိ လူတွေမှာ လန့်နိုးလာကြရပြန်သည်။ စခန်းရှိ ဆရာဝန် များကလည်း ချက်ချင်း ဆေးတိုက်၊ ဆေးထိုးလုပ်ကြ၏။ သို့သော် ဝေဒနာသည်သုံးယောက်က မသက်သာ။ ပဲဟင်းနှင့် ငါးကင်စားထား ကြသော တစ်ခြားခရီးသည်များမှာလည်း အစာကြောင့်ထင်သဖြင့် ထိတ်ထိတ်လန့်လန့်ဖြစ်သွားကြပြန်သည်။ မိုးလေငြိမ်၍ လှိုင်းသံလူ သံတိတ်ကာ အိပ်မောကျနေသော စခန်းတစ်ခုလုံး ချက်ချင်းချောက် ချောက်ချားချား ဖြစ်သွားကြသည်။ ညဉ့်သန်းခေါင်ကျော်လောက် ကမှ ဝမ်းလျှောလိုက်၊ အန်လိုက်ဖြစ်နေသော ဝေဒနာသည်သုံးယောက် ထဲမှ မိန်းမသူတစ်ယောက်နှင့် ယောကျ်ားသားတစ်ယောက်သည် မိနစ်ပိုင်းသားခြား၍ ခြောက်နာရီမထိုးခင်ပင် သေဆုံးသွားကြသည်။

ဤမျှမြန်ဆန်လွန်းသော သေခြင်းတရားကို ခရီးတစ်လျှောက်၌ တစ်ကြိမ်တစ်ခါမှ မမြင်ဖူး၊ မကြုံဖူးကြသေးသော ဦးသဂြိကျော်တို့ မိသားစုမှာ ခေါင်းကွဲစခန်းတွင် အရှူးတစ်ယောက်နှင့် ထားပစ်ခဲ့ကြရသော ဦးအောင်တိုင်၏မျက်နှာကို ချက်ချင်း ပြေးမြင်လိုက်မိကြသည်။ ထိုအခါ အိမ်သားအားလုံး၏ မျက်လုံးအိမ်ထဲမှာ မျက်ရေများ ရုတ်ခြည်းပြည့်လျှံလာကြသည်။



သန်းခေါင်ကျော်လောက်ကမှစ၍ ဝမ်းလျှောသော လူမမာသည် ဤသို့ညဉ့်ဝက်ခန့်အတွင်းမှာ အသက်ပါသွားခြင်းသည် ခရီးပန်း၍ ကိုယ်ခံအားကျဆင်းနေချိန်နှင့် ကြုံကြိုက်သွားသဖြင့် ဆေးထိုး ဆေးတိုက်နေသည့်ကြားထဲက ဆုံးပါးသွားခြင်း ဖြစ်သည်။ တစ်နေ့လုံး ရေစိုခံကာ ခရီးကြမ်းကြီးကို လျှောက်လာကြရသော ထိုခရီးသည် နှစ်ယောက်ကို ဆရာဝန်များကလည်း မကယ်နိုင်ဖြစ်သွားကြသည်။

မိသားစုတို့ အော်ဟစ်ငိုယိုနေကြသံများက စခန်းကို ပို၍ချောက်ချားစရာကောင်းလာသည်။ သို့သော် ဤလိုအဖြစ်မျိုးကို ဤ စခန်းကြီးအတွင်း စစ်ကြီးအတွင်း၌ အကြိမ်အခါပေါင်း မည်ရွေ့မည်မျှ တွေ့ကြုံဖူးထားကြသည်မသိသော ဆေးဝန်ထမ်းများနှင့် စခန်း အာဏာပိုင်များကမူ လုပ်ရိုးလုပ်စဉ်အလုပ်တစ်ခုကို လုပ်ကိုင်နေကြ သလိုပင် အေးအေးစက်စက်သာ။

စစ်ပြေးစခန်း၌ လူများသေကြေကြသည်ကို လူပြောသူပြောသာ ကြားဖူးပြီး ကိုယ်တိုင်ကိုယ်ကျမူ ယနေ့ယခုမှ မြင်ဖူးကြရသော ဦးသဂြိကျော်တို့မိသားစုနှင့် ခရီးသည်များမှာမူ ရှေ့ဆက်သွားကြရမည့် ခရီးအတွက်ကို တွေးပြီးရင်လေး နေကြသည်။ သို့သော် ယခုမှတော့ နောက်ကြောင်းပြန်၍လည်း မရကြသော အခါ မနက်မိုးလင်းသည်နှင့် ထမင်းကျွေးပြီး ခရီးဆက်ထွက်ကြရန် သက်ဆိုင်ရာမှ ဆော်ဩလာကြပြန်သည်။ စခန်းမှာ လပိုင်းအတွင်း၌ ရုပ်သိမ်း တော့မည်ဖြစ်ရာ အာဏာပိုင်များအနေမှာလည်း စစ်ဘေး စစ်ဒဏ် ကို ညည်းငွေ့ပြီး သူတို့စခန်းတွင် မြန်မြန်လူရှင်းသွားရေးကိုသာ ဦးစားပေးလုပ်ကိုင်နေကြလေသည်။

× × ×

(ဏ)

ခရီးစထွက်ရန် တန်းစီနေကြသော လူအုပ်ထဲမှ ကုလားမကြီးတစ်ယောက်သည် မြေပြင်သို့ တုံးခနဲ ပစ်လဲကျသွားသည်။ လူတွေမှာ ရုတ်ခြည်းဆူဆူညံညံ ဖြစ်သွားကြ၏။ စခန်းတာဝန်ခံများနှင့် ပို့ဆောင်ရေးမှလူများ လဲကျလူးလှိမ့်နေသော ကုလားမကြီးဆီပြေးပြီး ဝိုင်းမဖေးကူပေးကြသည်။ ကုလားမမှာ ရုတ်တရက် စကားမပြောနိုင် ဖြစ်နေ၏။ တက်နေသည်ထင်၍ ဝိုင်းနှိပ်ဝိုင်းပြုစုကြသောအခါ စကားပြောလေသည်။

"ဟန်မီးဂျားရေးကား"

"ဟန်မီးဂျားရေးကား"

"ဟမကိုး၊ မတ်ရတ်ခိုး"

"ဟန်မကိုး၊ မတ်ရတ်ခိုး"

တစ်ကိုယ်လုံး ယိမ်းထိုးလှုပ်ရှား၍ အော်ပြောနေသော သူ့စကားမှာ "ငါ့ကို မထားခဲ့ကြနဲ့၊ ငါ့ကို မထားခဲ့ကြနဲ့၊ ငါလိုက်မယ်၊ ငါလိုက်မယ်" ဟု ဖြစ်သည်။

"ရှင့်ကို ဘယ်လူမှ မထားခဲ့ဘူး၊ လိုက်ရမှာပေါ့၊ ခုပဲသွားမလို့ တန်းစီနေကြပြီလေ"



မိန်းမကြီးတစ်ယောက်က ဖျောင်းဖျောင်းဖျဖျ ပြောသည်။

ထိုအခါ ကုလားမကြီးက "သူမလိုက်နိုင်ဘူး၊ ဝမ်းသွားနေတယ်" ဟု အော်ငိုနေပြန်သည်။ စခန်းတာဝန်ခံများနှင့် ပို့ဆောင်ရေး စစ်သားများက အတင်းထခိုင်းကြသော်လည်း သူမထ။ "သူမလိုက်နိုင်ဘူး၊ သူလိုက်လို့ မရဘူး' ဟုချည်း အော်ငိုနေ၏။

အော်ဟစ်ငိုယိုနေသော ထိုကုလားမကြီးကို သူ့မိသားစုများက ဝိုင်းဝန်းမေးကြတော့မှ မနက်က ဝမ်းလျော၍သေသွားသော ကုလားမ အစိမ်းသရဲဖြစ်ကာ ဝင်ပူးနေသည်ဟု ဆိုသည်။ စခန်းတာဝန်ခံများက သူ့ကိုထားခဲ့၍ ကျန်လူများသွားကြရန် ဆက်ပြီး စီစဉ်လိုက်ကြသောအခါ "နင်တို့အားလုံး မုန်တိုင်းမိလို့ သေကုန်လိမ့်မယ်၊ ရေထဲမျှောပစ်မယ်" ဟု ကျိန်စာတိုက်သလို ကြုံးဝါးအော်ဟစ်နေပြန်သည်။ သို့နှင့် ထိုကုလားမကို သူတို့ခလေ့ စရိုက်အတိုင်း အစိမ်းသရဲချွတ်တတ်သည်ဆိုသော ကုလားကြီး တစ်ယောက်နှင့်ပြကာ မန်းမှုတ်ခိုင်းကြသည်။ မကြာခင် သရဲဝင်ပူးနေသည်ဆိုသော ကုလားမကြီးထထိုင်ပြီး သတိရလာသည်။ "ဘာဖြစ်တာလဲ၊ ဘယ်လိုဖြစ်လဲ" ဟု ဝိုင်းမေးကြရာ သူက သူဘာမှမသိ။ မူးနောက်လာပြီး သတိလစ်သွားသည်ဟု ဆိုသည်။ ယခုတော့လည်း ပကတိအကောင်း။ ထို့ကြောင့် စစ်ပြေးဒုက္ခသည်များ ခုနစ်နာရီခွဲလောက်တွင် ခရီးစဉ်ထွက်လာကြသည်။

နာရီဝက်လောက်အကြာမှာ မမျှော်လင့်ဘဲ လေကြီးမိုးကြီး ရုတ်တရက်ကျလာ၏။ အစိမ်းသရဲဝင်ပူးခံခဲ့ရသော ကုလားမပါးစပ်မှ "နင်တို့အားလုံး မုန်တိုင်းမိလို့ သေကုန်လိမ့်မယ်၊ ရေထဲမျှောပစ်မယ်" ဟု စကားထွက်ခဲ့ဖူးသဖြင့် ခရီးသည်အားလုံး တုန်လှုပ်

ချောက်ချားကုန်ကြသည်။ ရှေ့ဆက်ကြရမည့်ခရီးမှာ ချောင်းကူး မြစ်ဆင်းများလည်း ရှိနေသေးရာ မည်သူမျှ ရှေ့ကိုခြေလှမ်း မဆက်ရဲကြဘဲ ဖြစ်သွား၏။ သို့နှင့် ပို့ဆောင်ရေးတာဝန်ခံများကို ဝိုင်းပြောကြရာ "မိုးတွင်းပဲ ဒီအရပ်မှာ ဒီလိုတစ်ခါတစ်ခါ မိုးသက်လေပြင်းကျတတ်တယ်၊ အတော်ကြာ ပျောက်သွားမှာပါ။ ဘာမှ မကြောက်ကြနဲ့၊ သွားကြ၊ သွားကြ" ဟုသာ အတင်းမောင်း လွှတ်နေကြသည်။

ပို့ဆောင်ရေးတာဝန်ခံများ စကားကို မလွန်ဆန်ရဲ၍သာ ရှေ့ခရီးကို ဆက်လျှောက်လာကြသော်လည်း လူတွေမှာ ကြောင့်ကြ စိုးရိမ်စိတ်နှင့် ခြေတစ်လှမ်းလှမ်းတိုင်း ရင်ထိတ်လာကြသည်။ မိုးက သည်းလာသလို လေကလည်း ထန်သထက်ထန်လာ၏။ ကျောကုန်း နှင့် ကပ်ဆောင်းထားသော ခမောက်(ပက္ကလာ)တွေပါ တစ်ချို့လွင့် ပါကုန်ကြသည်။ ကလေးသူငယ်များကလည်း ကြောက်ရွံ့၍ အော် ဟစ်ငိုယိုလာကြ၏။မိုးသက်လေပြင်းကြောင့် လူတွေမှာ တဆတ် ဆတ်တုန်လာကြ၏။ ထိုအခါမှ ပို့ဆောင်ရေး စစ်သားများက ရှေ့ကို ခရီးဆက်၍ မဖြစ်တော့ဟုပြောကာ စခန်းပြန်သွားကြရန် အော်ပြောလာကြသည်။

စခန်းပြန်ရောက်လာကြသော ခရီးသည်အားလုံးမှာ တစ် ကိုယ်လုံး ရွှဲရွှဲစိုကာ တဆတ်ဆတ်ကုန်ယင်လာကြသည်။ ပို့ဆောင် ရေးတာဝန်ခံများက စခန်းမှူးများကို မည်သို့တင်ပြကြသည်မသိ။ ထိုအခါမှ စခန်းတာဝန်ခံများက ဤတစ်ညတော့ ဤစခန်း၌ပင် အနားယူနေကြဦး ဟုပြော၏။ထိုသို့ မပြော၍လည်း မဖြစ်ပေ။ ခရီးသည်များအားလုံး စခန်းပြန်ရောက်လာကြသော်လည်း



လေပြင်း မုန်တိုင်းကား မစဲသေး။ ပို၍သာ ထန်လာ၏။ ထို့ကြောင့် စခန်းတာဝန်ခံများကို သူတို့ကုလားတွေက ဘာသွားပြော ကြသည် မသိ။ ညနေ စောင်းတွင် မုတ်ဆိတ်ဖြူ ဆံပင်ဖြူနှင့် ကုလားကြီး တစ်ယောက် စခန်းရောက်လာပြီး ရွတ်ဖတ်သရဇ္ဈာယ်သည်။ ထိုကုလားကြီး ပြန်သွားသည်ထိ မိုးသက်လေပြင်းကားကျတုန်း။

ညဉ့်သန်းခေါင်ကျော်မှ လေငြိမ်သွားသည်။ သို့သော် မိုး ကား သည်းကြီးမည်းကြီးရွာနေသေး၏။ ခရီးတစ်လျှောက်လုံးတွင် ဝါဆိုဝါခေါင်မိုးကြီး ဤမျှသည်းထန်သည်ကို ခရီးသည်များမှာ ဤ တစ်ခါသာ ကြုံဖူးကြသည်။ လေပြင်းပြန်ကျလာလိုက်၊ မိုးရွာလိုက် ဖြစ်နေရာ မိုးမှာ နောက်တစ်နေ့မနက်ထိ မစဲသဖြင့် ကျောက် ချောင်း စခန်း၌ပင် ရပ်တန့်နေကြရသည်။ သုံးညလေးရက် အကြာရောက်မှ မိုးရောလေပါ လုံးဝပြတ်သွားသည်။ နေလုံးနီနီကို သုံးလေးရက် မမြင်ခဲ့ကြရသော ခရီးသည်များမှာ ယနေ့မှ အရှေ့အရပ်မှ နေဝန်းကြီး ထွက်လာသည်ကို ကြည့်၍ပျော် နေကြ၏။

သို့သော် ရှေ့ခရီးဆက်ရန် တန်းစီကြရသောအခါ ကမြန် နေ့က အဖြစ်မျိုးနှင့်များ ဤမနက်ကြုံကြရလေဦးမလားဟူသော အတွေးများနှင့် လူတွေမှာ စိုးရိမ်သောကကား မပြေပျောက်ကြ သေး။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အေးစက် တောင့်တင်းနေကြ၏။ ပို့ဆောင်ရေးတပ်သားများ ရှေ့ကထွက် တော့မှ နောက်က တန်းစီ၍ စိတ်မပါတပါနှင့် လိုက်လာခဲ့ကြ ရသည်။ ပြန့်ပြူးသော သဲ သောင်ပြင်အတိုင်း လျှောက်လာခဲ့ကြရာ သဲသောင်ပြင်ပေါ်တွင် ပင်လယ်လိပ်များခြေရာတွေကို တွေ့ရ

သည်။ လိပ်ဥသောရာသီ ဖြစ်သဖြင့် လိပ်များသည် သဲသောင်ပြင်ပေါ် ညကတက်ဥသွားကြပုံရ၏။

နေမွန်းစောင်းစတွင် သဲသောင်ပြင်ပေါ်မှ လယ်ကွင်းများပေါ်တက်ဖြတ်ကာ တောအုပ်လမ်းအတိုင်း ခရီးဆက်လာကြ၏။ မကြာမီ လူနေအိမ်တစ်လုံးစ နှစ်လုံးစကို တွေ့လာရသည်။ လူနှင့်နီးလာပြီး စခန်းနှင့်နီးလာပြီဟူသော အတွေးများကြောင့် လူတွေမှာ ခြေလှမ်းပိုသွက်လာကြသည်။ ကျောက်ချောင်းစခန်းတွင် ကုလားသရဲမ ဟောကိန်းနှင့်အတူ နှစ်ညသုံးညနားနေခဲ့ကြရသဖြင့် ခရီးသည်အားလုံးမှာ လန်းဆန်းနေကြသည်။ ညနေလေးနာရီကျော်ကျော်လောက်တွင် ရဲဇူး (Reju) မည်သော စခန်းသို့ အားလုံးချောချောမောမော ရောက်လာကြသည်။

ရဲဇူးစခန်းမှာ ရဲဇူးမြစ်ကို အစွဲပြု၍ မည်ခေါ်ထားသောစခန်းဖြစ်သည်။ ရဲဇူးမြစ်ကမ်းပါးပေါ်တွင် တည်ဆောက်ထားသဖြင့် သာသာယာယာရှိသည်။ စခန်းပတ်ဝန်းကျင်တွင် သရက်ပင်၊ ကွမ်း သီးပင်၊ အုန်းပင်များနှင့် မြိုင်ဆိုင်နေသည်။ စခန်းနောက်ဘက်ရှိ တောင်တန်းငယ်များကို ညို့ညို့ဆိုင်းဆိုင်း မြင်နေရသည်မှာ စစ်ပြေး ဒုက္ခသည်များအတွက် မိမိမြို့၊ မိမိရွာကို လွမ်းတစရာဖြစ်သည်။

ရဲဇူးမြစ်မှာ ပေငါးဆယ်ခန့်သာကျယ်သည်။ ဘင်္ဂလားပင်လယ်အော်က စီးဝင်သောမြစ်ဖြစ်သဖြင့် ရေကြည်သည်။ ပင်လယ်ပြင်ကြီးကိုမူ ကျောက်ချောင်းစခန်းမှာကဲ့သို့ မမြင်ကြရတော့။ လှိုင်းသံများကိုလည်း ဆူဆူညံညံမကြားကြရတော့။ စခန်းမှကျွေးသောရွှေဖရုံသီးနှင့် ကြက်သားဟင်းတို့မှာလည်း ဆီကျန်ရေကျန်စား



ကောင်းကြသဖြင့် ခရီးသည်များမှာ စားသောက်ပြီးသည်နှင့်ပဲလျောင်း အနားယူရင်း အိပ်ပျော်သွားကြလေသည်။

× × ×

## (တ)

စခန်းရှိရာဘက် ရဲစူးမြစ်ကမ်းခြေတွင် လှေဆယ်စီးခန့် ဆိုင်ကပ်ထားသည်။ ထိုလှေများနှင့်ပင် စစ်ပြေးဒုက္ခသည်များကို အခေါက်ခေါက်အခါခါတင်၍ တစ်ဘက်ကမ်းသို့ စောစောစီးစီးပို့ပေး၏။ ခရီးသည်များအားလုံး တစ်ဘက်ကမ်းသို့ ရောက်လာရန် စောင့်ဆိုင်းနေကြရသည်မှာ တစ်နာရီကျော်ခန့်ကြာသည်။ လူစုံသည်နှင့် တောလမ်းခရီးအတိုင်း ဆက်လျှောက်လာကြရသည်။

လူသွားလမ်းသာသာရှိသော တောလမ်းခရီးကို ကွေ့ကွေ့ကောက်ကောက် လျှောက်လာကြရသည်မှာ ကျယ်ကျယ်ပြန့်ပြန့်ရှိသော ပင်လယ်ကမ်း သဲသောင်ပြင်တွင် လျှောက်လာခဲ့ကြရသည်နှင့် စာလျှင် စိတ်ကျဉ်းကြပ်စရာဖြစ်သည်။ အဆင်းအတက်များသဖြင့် အထမ်းသမားများ၊ အဘိုးအို၊ အဘွားအိုများလည်း မကြာခဏ အလဲလဲအပြိုပြိုဖြစ်ကြရသည်။ မိသားစုထဲတွင် အသက်အကြီးဆုံး ဖြစ်သော ဒေါ်ကြာဦးဖြူကို ဦးသဂီကျော်နှင့် ထွန်းကျော်လင်းတို့က တွဲမဖေးခေါ်လာရသည်။ မိုးသာရွာလာလျှင် သွားလာမှု ပိုခက်ခဲမည် ဖြစ်သဖြင့် ခရီးသည်များမှာ ကောင်းကင်



ကို မော့ကြည့်လိုက် ပါးစပ်ကလည်း မိုးမရွာပါစေနှင့်ဟု ကျယ်ကျယ်လောင်လောင် ဆုတောင်းလိုက်ကြနှင့် တစ်လှမ်းပြီးတစ်လှမ်း လျှောက်လာနေကြရသည်။

နံနက်ဆယ့်တစ်နာရီခန့်တွင် တောအုပ်တောလမ်းဆုံးသွားသည်။ လယ်ကွင်းလယ်ကွက်များကို တစ်မျှော်တစ်ခေါ် ဖြတ်သန်းလာကြရ၏။ လယ်ကွင်းလယ်ကွက်များကို ဖြတ်ပြီးလျှင် နောက်ထပ်တောလမ်းခရီးကို ဆက်လျှောက်ကြရပြန်၏။ ပထမဖြတ်လျှောက်လာခဲ့ကြရသော တောအုပ်မှာ ပိုနက်သည်။ လမ်းဘေးဝဲယာနှစ်ဘက်တွင် ရာသီလိုက် ဖူးပွင့်နေကြသော တောပန်းတောင်ပန်းများမှာလည်း ရောင်စုံဝေဆာနေကြသည်။ သစ်ပင်များပေါ်တွင် တွယ်တက် ပေါက်ရောက်နေကြသော ဂုံညင်းဒိုးပင်ကြီးများကိုလည်း အများအပြားတွေ့လာရသည်။

အထမ်းသမားများနှင့် ခရီးသည်များသည် ဆယ့်နှစ်နာရီခန့်တွင် ခေတ္တနားကြသည်။ ရပ်နားချိန်တွင် အစိုးရကပေးသော မုန့်ဆန်းများကို ဝေငှသဖြင့် အဆာပြေ၊ အမောပြေ စားကြသည်။ မုန့်ဆန်းလှော်များမှာ စားမကောင်းသဖြင့် ထွန်းကျော်လင်းက ဖက်ရွက် တစ်ရွက်ပေါ်တင်၍ ငှက်စာကျွေးလိုက်ရာ ငှက်များသည် ချက်ချင်း လူနားကို ယဉ်ယဉ်ပါးပါး ရောက်လာကြပြီး အလုအယက် အော်မြည်ပြေးကောက်စားကြသည်။ ဤသည်ကို ထွန်းကျော်လင်းအား စစ်သားများမြင်လျှင် နောက်ကို မပေးဘဲ ထားလိမ့်မည်ဟု သူ့အဘွား ဒေါ်ကြာဦးဖြူက ဆူသည်။ သို့သော် တစ်ခြားခရီးသည်များလည်း နောက်ပိုင်းတွင် ထွန်းကျော်လင်းကဲ့သို့ ငှက်များကို အစာကျွေးနေကြရာ ဒေါ်ကြာဦးဖြူမှာ သူ့မြေးကို နောက်ထပ်

မပြောတော့။

"အဝေး ရာဆတာ တော်တော့ ဒူရဲ့အာဆေး"

ဆက်လျှောက်လာကြရင်း ထွန်းကျော်လင်းက သူ့အနား အထမ်းသမား ကုလားတစ်ယောက်ကို စခန်းရောက်ဖို့ "ခရီးဘယ် လောက်လိုသေးလဲ" ဟု ကုလားစကားနှင့်မေးရာ အထမ်းသမားကုလာ က ခရီးတစ်ဝက်ကျန်သေးတယ်ဟု ပြန်ပြောသည်။

"အာရာ -အာဒရာဆတာအာ ဇ့ဆေးယေ"

အထမ်းသမား ကုလားစကားကို ထွန်းကျော်လင်းက မျက် နှာမဲ့ပြလိုက်သောအခါ နားမရှင်းလိုက်သော နှမသည်သဇင်ဖြူက "ကိုလင်း ဘာတဲ့လဲဟင်" ဟုမေးသည်။ "ရောက်ခါနီးပြီတဲ့ဟ၊ မြန် မြန်လျှောက်" ဟု ထွန်းကျော်လင်းက အော်ပြောသည်ကို သူ့အဖေ နှင့် အထမ်းသမားများက ရယ်ကြ၏။ သူ့အမေ၊ သူ့အဘွားတို့က တော့ နှုတ်ခမ်းကိုက်ပြကာ မျက်ရိပ်မျက်ခြည်နှင့် မာန်လိုက်ကြ သည်။

"ခရီးသွားတဲ့အခါ ဘယ်ခရီးမျိုးပဲဖြစ်ဖြစ် ရောက်တော့မလား ဘယ်တော့ရောက်မလဲဆိုတာ မမေးကောင်းဘူးတဲ့ သဇင်ရယ် အထမ်းသမားတွေက အဲသလို ခဏခဏမေးတာကို မကြိုက်ကြဘူး ငါ့မြေး" ဒေါ်ကြာဦးဖြူက သူ့မြေးမငယ်ကို တိုးတိုးတိတ်တိတ်သင်ပြ ပြောဆိုလာသည်။ ဤသည်ကို ကြားဖြစ်အောင်ကြားသွားသော ထွန်းကျော်လင်းက "ဘာဖြစ်လို့လဲ အဘွား" ဟု မေးဖြစ်အောင်မေး လိုက်သေးသည်။

"ဟာ မင်းကလဲကွာ၊ ဒီလိုမေးရင် ခရီးမဖြောင့်တတ်ဘူး ခရီးရှည်တတ်တယ်၊ လမ်းမှာ ခိုးသားဓားပြတွေနဲ့ တွေ့ရတတ်တယ်



လို့ အယူရှိကြတယ်၊ နောက်ကို မှတ်ထား၊ ခရီးသွားနေကုန်း ဘယ်တော့မှ ခရီးအကွာအဝေးကို မမေးနဲ့"

သူ့အဘွားနှင့်ရန်ဖြစ်ကြမည်စိုးသဖြင့် ဦးသဂိါကျော်က မာန်သလိုပြောလိုက်မှ ထွန်းကျော်လင်းသည် နှုတ်ပိတ်သွား၏။ သို့ သော် မကြာပါချေ။ သစ်ပင်ကြီးများပေါ်မှ ပျားအုံကြီးများကို လှမ်း မြင်ရရာ "ပါပါ ဒီတောမှာလည်း ကျွန်တော်တို့ လယ်တောင် ဘက်လိုပဲ ပျားပေါတယ်နဲ့တူတယ်" ဟု ဆိုပြန်သည်ကို သူ့အဖေက "အိမ်း ဟုတ်မှာပေါ့ကွာ" ဟု တိုတိုပြတ်ပြတ်ပင် ပြောလိုက်၏။ အမှန်မှာ ဦးသဂိါကျော်သည် အရေးကြီးသော လက်ဝတ်ရတနာ များ၊ အဝတ်အထည်များ၊ ငွေသားဒင်္ဂါးပြားများကို အများဆုံး ထမ်းပိုးလာရသူ ဖြစ်သဖြင့် သောကရှိနေသည်။ ယခု သူ့အနေမှာ မိသားစုတစ်ခုလုံးကို ဦးဆောင်လာရသူဖြစ်သဖြင့် စိတ်မောလူမော လည်း ဖြစ်လာပုံရသည်။

တောထဲရှိ မျောက်များသည် စစ်ပြေးလူအုပ်ကြီးကို မြင်သဖြင့် ဆူညံစွာ အော်ဟစ်နှုတ်ဆက်နေကြသည်။ ညနေ သုံးနာရီ လောက်တွင် တောအုပ်အဆုံးသို့ ရောက်လာကြ၏။ ဤတစ်ခါ အထမ်းအပိုးမပါသော အစောင့်စစ်သားများပင် နားကြသဖြင့် ခရီး သည်များလည်း ခေတ္တနားကြရသည်။ တောစပ်မှ တစ်မျှော် တစ်ခေါ် လှမ်းမြင်နေကြရသော လယ်ကွင်းလယ်ကွက်များကို ဒေါ်သန္တာဖြူကငေးကြည့်နေသည်။ သူသည် လယ်ယာသံယောဇဉ် ကြီးသူဖြစ်သဖြင့် အဖူးအပွင့်တွေနှင့် စိမ်းလန်းနေကြသော စပါးပင်များကို ငေးကြည့်ကာ ကမ်းသာတွင်ပစ်ခဲ့ရသော မိမိလယ်ယာများကို သတိရနေသည်။

လယ်ကွင်းများကိုဖြတ်၍ ခရီးဆက်ထွက်လာကြရာ ကွမ်းသီးတော၊ ကွမ်းခြံကြီးများကို တွေ့လာရသည်။ ဤအရပ်ရှိ ဒေသခံကုလားများမှာ ကွမ်းကို မိန်းမယောကျ်ား အားလုံး ခုံခုံမင်မင်စားကြသည်။ ထို့ကြောင့် ဈေးဝယ်သည့်အခါ၌ပင် ကွမ်းသီးကွမ်းရွက်များကို မရှိ မဖြစ်သော အိမ်အသုံးအဆောင်ပစ္စည်းတစ်ခုပမာ ဝယ်လေ့ရှိကြသည်။ ကယုချောင်း၊ နီလာစသည်ဈေးများတွင်လည်း ကွမ်းများကို အများ အပြားရောင်းချကြသည်။ စစ်တကောင်းနှင့် နီလာ၊ ကယုချောင်း ပြေးဆွဲသော သင်္ဘောများပေါ်တွင် လူတစ်ရပ်နီးပါးခန့်မြင့်သော ကွမ်းတောင်းကြီးများမှာ စစ်တကောင်းသို့ တင်ပို့ရောင်းချကြသော ကွမ်းတောင်းများပင်။

ညနေ ငါးနာရီလောက်တွင် ခရီးသည်များ အားလုံးသည် ရွာသိမ်၊ ရွာငယ်များကို ဖြတ်ကျော်လာနေကြရသည်။ ရွာကလေးများမှာ သာတောင့်သာယာရှိသည်။ မိမိမြို့ရွာကို စွန့်ခွာလာကြရသူများအဖို့ ယခုလိုရွာသာယာကလေးများကို မြင်ကြရသောအခါ မိမိအရပ်၊ မိမိတို့ရွာများကို ပို၍သတိရ လွမ်းဆွတ်စရာဖြစ်လာသည်။ ထိုရွာသာယာကလေးများကို ကျော်လွန်လာသောအခါ အရှေ့ခပ်လှမ်းလှမ်းတွင် ရှိသော သစ်ပင်အုပ်အုပ်ကြားမှ ထိုးထိုးထောင်ထောင်ပေါ်ထွက်နေသော အချွန်အတက် သုံးလေးခုကို မြင်လိုက်ကြရသည်။ ခရီးသည်များနှင့်အတူ ကလေး၊ လူအိုများကို ထမ်းပိုး၍ ပါလာကြသော ကုလားအထမ်းသမားက "အဲဒါ ဖလောင်းချိတ်မြို့ပဲ" ဟု ပြော လိုက်သောအခါ ခရီးသည်များမှာ ပို၍ခြေသွက်လာကြသည်။

လယ်ကွင်းများကို ကွမ်းတစ်ယာညက်ခန့် ဖြတ်လျှောက်အ



ပြီးမှာ ဖျော့တော့သော နေရောင်ခြည်အောက်၌ ခရီးသည်များအားလုံး တည်းခိုရပ်နားကြရမည့် ဖလောင်းချိတ်စခန်းကို လှမ်းမြင်လိုက် ကြရသည်။ ပင်လယ်ပြင်ထဲ နေလုံးကြီး ငုတ်ဝင်သွားချိန်မှာ ခရီးသည်များအားလုံး ဖလောင်းချိတ်စခန်းသို့ ရောက်ရှိနေကြသော စစ်ပြေးဒုက္ခသည်များသည် ယနေ့ယခုညနေမှ ရောက်လာကြသော ခရီးသည်များကို ဆီးကြိုနေကြသည်။ သောက်ရေအေးနှင့် စားစရာ များကိုလည်း ဝေငှပေးကြသည်။

သူတို့မြို့၊ သူတို့ရွာမှ အသိအကျွမ်းများ၊ ဆွေမျိုးများ ပါ-မပါကိုလည်း ရှာဖွေမေးမြန်းကြသည်။ အသစ်ရောက်လာသော ခရီးသည်များ၏ ဖြေကြားသံ၊ ဆွေမျိုးရင်းချာများပါလာ၍ ပြောကြဆိုကြ၊ နှုတ်ဆက်ကြ၊ ဝမ်းသာကြသံနှင့် လမ်းခရီးတွင် ဆွေမျိုးထဲက တစ်ဦးတစ်ယောက် ဆုံးပါးကျန်ခဲ့သည်ကို သိကြရသဖြင့် ငိုယိုကြသံတွေနှင့် စခန်းတစ်ခုလုံးမှာ ချက်ချင်းလူသံများ ဆူညံသွားသည်။ ဦးသင်္ဂါကျော်တို့ ကမ်းသာမှ ရခိုင်မိသားစုတစ်စုနှင့် ကုလားမိသားစု နှစ်စုကိုလည်း ဖလောင်းချိတ်စခန်းတွင် တွေ့ကြရရာ မိမိအသိ၊ ဆွေမျိုးများအကြောင်းကို အပြန်ပြန် အလှန်လှန် မေးမြန်းကြသည်။

ဦးသင်္ဂါကျော် မိသားစုထဲတွင် မမြင်ကြရသေးသော ဦးအောင်တိုင်ကိုလည်း အသိများက ဝိုင်းမေးကြ၏။ သူတို့အထင်မှာ ဦးအောင်တိုင်သည် လမ်းခရီး၌ သူတို့ကြုံတွေ့ခဲ့ကြရသော ခရီးသည်အချို့လို သေကျန်ခဲ့ပြီဟု ထင်ကြသည်။ ထို့ကြောင့် ဦးသင်္ဂါကျော်က ဦးအောင်တိုင် ခေါင်းကွဲစခန်းတွင် ဖျားနာ၍ကျန်ရစ်ခဲ့ကြောင်း နောက်မှ လိုက်လာလိမ့်မည်ဖြစ်ကြောင်း ပြောပြရသည်။ ယခု

စခန်း၌ ရှိနေကြသူများမှာ စစ်တကောင်းသို့ ပို့ပေးနေသည့် သင်္ဘောမဆန့် သဖြင့် ကျန်နေခဲ့ကြရသူများဟု ပြောပြကြသည်။

ခရီးသည်အသစ်များ ရောက်လာကြပြီး တစ်နာရီခန့်အကြာတွင် စစ်ပြေးဒုက္ခသည်များကို စခန်းမှ ထမင်းဟင်းကျွေးသည်။ ဖလောင်းချိတ်စခန်းတွင် ခရီးသည်များ စားရသော ထမင်းဟင်းများမှာ ရဲစူးစခန်းမှာကဲ့သို့ပင် ကြက်သားရွှေဖရုံသီးဟင်း ဖြစ်သည်။ ဖလောင်းချိတ်စခန်းမှာ ရဲစူးစခန်းထက် အများကြီး ကြီးသည်။ သစ် ဝါးများဖြင့် အခိုင်အခန့်ဆောက်လုပ်ထားသော ပေတစ်ရာနှစ်ဆယ်ရှည် အဆောင်ကြီး ဆယ်ဆောင်ရှိသည်။ ပင်လယ်ကမ်းနှင့် သုံးဖာ လုံခန့်ဝေးပြီး ဖလောင်းချိတ်မြို့နှင့် တစ်မိုင်ခန့်ဝေးသော နေရာတွင် တည်ရှိသည်။

ဖလောင်းချိတ်မြို့ဆိုသည်မှာ ကော့ခ်ဘဇား (COX'S Baggar) မြို့ဖြစ်သည်။ ထိုမြို့ကို ရခိုင်တို့က ဖလောင်းချိတ်ဟု ခေါ်ကြ၏။ ဖလောင်းဆိုသော စကားသည် အင်္ဂလိပ်နှင့်ပေါ်တူဂီများကို ရခိုင်လူမျိုးတို့က ခေါ်သောစကားဖြစ်၏။ "ချိတ်" ဆိုသည်မှာ "နေရာ၊ နယ်မြေ" ဟု ဒေသအဓိပ္ပာယ်ရသည်။

ကော့ခ်မှာ အင်္ဂလိပ်လူမျိုး ကပ္ပတိန် (Captain Cox) ဖြစ် သည်။ ရခိုင်ပြည်တွင် ခရစ်သက္ကရာဇ် ၁၄-ရာစုမှ စ၍ ပင်လယ် ရေကြောင်းသွားလှေသင်္ဘောများကို တည်ဆောက်၍ ဘင်္ဂလားအော် တစ်လျှောက်တွင် ရခိုင်ဘုရင်တို့၏ ရေတပ်မတော်က ကြီးစိုးခဲ့သည်။ ထိုစဉ်က ဘင်္ဂလားအော်ပင်လယ်ပြင်တွင် တိုက်ခိုက်လုယက် မင်းမူနေ ကြသော ပေါ်တူဂီပင်လယ်ဓားပြများကို ရမိုင်ဘုရင်၏ရေကြောင်း တပ်က ချေမှုန်းပြီး ရခိုင့်ရေတပ်မ



တော်တွင် အမှုထမ်းစေသည်။

မင်းဘာကြီးသည် ပေါ်တူဂီ ပင်လယ်ဓားပြများကို အောင်နိုင်ခဲ့သဖြင့် မွေးဖွားလာသော သားတော်ချစ်နှောင်းကို "မင်းဖလောင်း" ဟု အမည်ပေးခဲ့သည်။ ရခိုင်တွင် သီရိသုဓမ္မာဘုရင်လွန်ပြီးနောက် မင်းဆက်ပြုတ်၍ တိုင်းပြည်မြို့ရွာ မငြိမ်မသက်ဖြစ်ခဲ့သည်။ မဟာသမ္မတမင်း (၁၇၈၃-၈၅) လက်ထက်တွင် ပြည်ရွာပျက်၍ ရခိုင်ပြည် သူပြည်သားများသည် အိန္ဒိယရှိ စစ်တကောင်း၊ ဘင်္ဂလားနယ်များသို့ ဝင်ရောက်ခိုလှုံခဲ့ကြ၏။ ယင်းလူများသည် ပင်လယ်ခရီးဖြင့်လည်း ကောင်း၊ ဘူးသီးတောင်မောင်တောဘက်မှ ဖလောင်းချိတ်ပန်းဝါထိ ယခု စစ်ပြေးများကဲ့သို့ ဤလမ်းဤခရီးမှ ပြေးခဲ့ကြရသည်။ ထိုစဉ်က ရခိုင်စစ်ပြေးများကို မစ္စတာကော့ခ်က ဖလောင်းချိတ်တွင် မြို့တည်၍ နေရာချထားပေးခဲ့သည်။ ဤသည်ကစ၍ ဖလောင်းချိတ်မြို့တွင် ယခုထိ ရခိုင်များ အမြောက်အများ နေထိုင်ခဲ့ကြသည်။

× × ×

(ထ)

ကမ်းသာမြို့က ဦးလှထွန်းရွှေတို့ မိသားစုနှင့် ဦးသင်္ဂါကျော်တို့ မိသားစု စကားထိုင်ပြောနေကြစဉ် သူတို့အဆောင်ထဲ လူကြီးနှစ်ယောက်ဝင်လာကြပြီး "ဒီညနေကမှ ရောက်လာကြတဲ့ ခရီးသည် များထဲ ဦးအောင်တိုင်တို့ မိသားစုများ မပါကြဘူးလားဗျို့" ဟု မေး သံကြားရသဖြင့် ဦးသင်္ဂါကျော်က ချက်ချင်း မတ်တပ်ထရပ်ပြီး "ပါပါ တယ်ဗျို့၊ ဒီမှာ ရှိကြပါတယ်" ဟု အော်ပြောလိုက်သည်။

လူကြီးနှစ်ယောက်သည်လည်း ဝမ်းသာအားရနှင့် ဦးသင်္ဂါကျော်တို့ မိသားစုနားချက်ချင်း ရောက်လာကြသည်။ သို့သော် တစ်ယောက်နှင့်တစ်ယောက်မှာ မျက်နှာသိမဟုတ်ကြသဖြင့် ကြောင်အမ်းအမ်းဖြစ်သွားကြသည်။ ခဏကြာမှ လူကြီးတစ်ယောက်က ပြော၏။

"ကမ်းသာက ဦးအောင်တိုင်တို့ မိသားစုကို ရာဇဒ္ဓာဏီက ကျွန်တော့်ယောက်ဖများ ရှာခိုင်းထားတာ တစ်လနှစ်လရှိပြီဗျ၊ ဟိုတုန်းကတော့ သူတို့ ကိုယ်တိုင် ဖလောင်းချိတ်မှာ လာစောင့်ပြီး ရှာခဲ့ကြသေးတယ်။ ထစ်လကျော်တဲ့အထိ ဦးအောင်တိုင်တို့မိသားစု



ရောက်မလာကြလို့ နောက်တော့ သန္တာ့အမျိုးသားကလည်း ဧည္ဝတီကဆိုတော့ ဧည္ဝတီဘက်ကိုပဲ ပြေးကြပြီထင်လို့ ပြန်သွားကြတာ၊ ခု ကျွန်တော်တို့ကို တွေ့လိုတွေ့ငြားဆိုပြီး ရှာခိုင်းထားကြလို့ ကျွန်တော်တို့လည်း ခရီးသည်အသစ်တွေ ရောက်လာကြတယ်ကြားတိုင်း လာရှာနေကြတာ တစ်လတောင်ရှိသွားပြီဗျ၊ ဦးအောင်တိုင်တို့က ခုမှရောက်လာကြတာကိုး"

ဒေါ်ကြာဦးဖြူထက်ပင် ကြီးပုံရသူလူကြီးတစ်ယောက်က ရှည်ရှည်လျားလျား ဝမ်းသာအားရ အကြောင်းစုံပြောပြနေသည်ကို ဒေါ်ကြာဦးဖြူနှင့် မိသားစုအားလုံးက မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။ သို့သော် ထိုလူကြီးကိုရော ထိုလူကြီးနှင့် ပါလာပြီး ထိုလူကြီးစကားပြောနေစဉ် ဦးသင်္ဂါကျော်တို့ မိသားစုမျက်နှာများကို တစ်ယောက်စီလိုက်ကြည့်နေသူကိုပါ ဦးသင်္ဂါကျော်တို့ မိသားစုမှာ လုံးဝမသိကြ။ အနောက်ကမ်းသူမဖြစ်သော ပန်းဝါမွေး ဒေါ်ကြာဦးဖြူကတော့ ထိုလူကြီးကို သိလိမ့်မည်အထင်နှင့် မိသားစုမှာ ဒေါ်ကြာဦးဖြူမျက်နှာကိုသာ အားကိုးတကြီးနှင့် ကြည့်နေကြပြန်၏။ သို့သော် ဒေါ်ကြာဦးဖြူမှာလည်း ထိုလူကြီးကို မည်သူမည်ဝါမှန်း မသိသေးသဖြင့် ကြောင်အမ်းအမ်းနှင့်သာ ထိုလူကြီးမျက်နှာကို စိုက်ကြည့်နေမိပြန်သည်။

ဤသည်ကို ရိပ်မိ၍ ဦးသင်္ဂါကျော်က ထိုလူကြီးပြောလိုက်သော စကားထဲတွင် သူ့ဇနီးဒေါ်သန္တာဖြူအမည်ပါသဖြင့် "ကျွန်တော် ဒေါ်သန္တာဖြူ ခင်ပွန်းပါ ဦးမင်း" ဟုပြောလိုက်၏။

"ဟင် . . ဒါဆို ရာဇဒ္ဓာဏီက ဦးကြာပန်းအောင် ယောက်ဖ ဦးအောင်တိုင်ဆိုတာ . . "

"အကျွန်၊ မောင်ကြီးကြာပန်းအောင် နှမ ဒေါ်ကြာဦးဖြူပါ။ ဦးအောင်တိုင် နေမကောင်းဖြစ်လို့ခေါင်းကွဲစခန်းမှာ ကျန်ခဲ့ပါတယ်။ ဒီတစ်ရက်နှစ်ရက်အတွင်းမှာ ဖလောင်းချိတ်ကို နောက်ထပ်ရောက်လာကြမယ့် ခရီးသည်များနဲ့အတူ အင်္ဂလိပ်အစိုးရက ပို့ပေးလိုက်မယ် ပြောပါတယ်၊ ဒါနဲ့ အစ်ကိုကြီးက ဦးကြာပန်းအောင်နဲ့ ဘယ်လို တော်စပ်ကြပါလဲ"

"ကျွန်တော် စိန်ခိုင်သာအစ်ကို ဥက္ကာကျော်ပါ"

"ဟောတော့၊ ယောက်ဖကြီးကိုး၊ အကျွန်ငယ်ငယ်က ပါပါတို့နဲ့ စိန်မြောင်ဘုရားပွဲလာလို့ ကံသာမှာတစ်ခါပဲ တွေ့ဖူးတော့ မမှတ် မိဘူးရှင်၊ ဘယ်လိုမှ မအော့င့်မေ့ပါနဲ့နော် . ."

စိန်မှောင်ဘုရားမှာ ထိုဒေသ၌ တန်ခိုးကြီးဘုရားဖြစ်သည်။ ကံသာချောင်း၏ကမ်းနဖူးတွင် တည်ရှိသည်။(ယခု ဘင်္ဂလားဒေ့ရှ် ရေအားလျှပ်စစ်နှင့် လေးမိုင်ခန့်ဝေးသည်)

"ကျွန်တော်လည်း ညီမကြီးကို မမှတ်မိဘူးဗျ၊ ဟဲ . . ဟဲ နောက်ထပ်လည်း တစ်ခါမှ မတွေ့ကြတော့ ဘယ်မှတ်မိပါ့မလဲ၊ အသက်အရွယ်ကလည်း ကြီးကြပြီကိုး၊ ဩော် . . ဒါနဲ့ ဒီကလည်း တစ်ခြားလူ မဟုတ်ပါဘူး၊ ကိုယ့်ဆွေမျိုးပါ။ အစ်မကြီးတို့ဟီလီဘရိုက်က ဦးဘကျော် သား မောင်ဇီလှပါ။ သူက ခုဖယောင်းချိတ်သူနဲ့ အိမ်ထောင်ကျပြီး ပရဆေးကိုယ်စားလှယ်လုပ်နေတယ်၊ သူဌေးပေါ့'

ဦးဥက္ကာကျော် မိတ်ဆက်ပေးသော ဟီလီတရိုက်သား သူဌေးဆိုသူက "အလကား ပြောတာကြီးကြီး၊ သူကသာ ကုန်သည်ကြီး သူဌေးဗျ" ဟု ရယ်၍ ပြောသည်။

မောင်ဇံလှ၏အဖေ ဦးဘကျော်မှာ ဒေါ်ကြာဦးဖြူ၏ မောင်



ဝမ်းကွဲဖြစ်သည်။

ဆွေမျိုးတွေကို တွေ့ရပြီးဆိုတော့လည်း မိသားစုအားလုံးမှာ ဝမ်းသာမဆုံးဖြစ်သွားကြသည်။ ခုမှ ဒေါ်ကြာဦးဖြူကလည်း ဖလောင်းချိတ်ပန်းဝါက ဆွေမျိုးများသာမက ရာဇဌာဏီနှင့်ဟီလီတရိုက် (စစ်တကောင်းတောင်တန်းဒေသ) မှသည် မဏိပူရအာသံရှိ ဆွေမျိုးစုံကို ပေါက်ပေါက်ဖောက်သလို မရပ်မနားမေးတော့သည်။ ဒေါ်ကြာဦးဖြူမေးသော သူ့ဆွေမျိုးများကို ဦးဥက္ကာကျော်နှင့် မောင်ဇံလှတို့ကပင် အစုံအစေ့ မသိကြ။

ရာဇဌာဏီဆွေမျိုးတွေ အကျွန်တို့မိသားစုနဲ့ ပတ်သက်လို့ ဘယ်လိုများ အမှာထားလဲ ပြောပါဦးရှင်"

ရာဇဌာဏီဆိုသည်မှာ ဖလောင်းချိတ်၊ ပန်းဝါနယ်တွင်ရှိသော ရဇပါရာ(မင်းရွာ) ဖြစ်သည်။ ယခု ဒေါ်ကြာဦးဖြူ၏ အစ်ကိုရင်း ဦးကြာပန်းအောင်ရှိနေသော အရပ်ပင်။

ရခိုင်ဘုရင်များသည် ခရစ်သက္ကရာဇ် ၁၁-ရာစုလောက်မှစ၍ စစ်တကောင်းနယ်ကို သိမ်းပိုက်လိုက်၊ လက်လွှတ်လိုက်နှင့် မဂိုဘုရင်များနှင့် ဘတစ်ပြန်ကျားတစ်ပြန် စစ်ဖြစ်ခဲ့ကြသည်။ ရခိုင်ဘုရင် ဘစောဖြူမင်း (၁၄၅၉-၈၂) လက်ထက်တွင် စစ်တကောင်းနယ်ကို ထပ်မံသိမ်းပိုက်ခဲ့၏။ ထိုအချိန်က အိန္ဒိယနိုင်ငံတွင် မဂိုဘုရင် များ အုပ်စိုးနေချိန်ဖြစ်၏။ စစ်တကောင်းနယ်ကို မဂိုဘုရင်များ နောက်ထပ် အလွယ်တကူသိမ်းပိုက်မယူနိုင်အောင် "ရာဇာ" မတ်သောမြို့ကို တည်ထားခဲ့သည်။ ဘုရင်တည်သော တပ်မြို့ဖြစ်၍ နှစ်ပရိစ္ဆေဒကြာသောအခါ "ရာဇဌာဏီ" ဖြစ်လာခဲ့သည်။ ထို့အတူ စစ်တကောင်းမြို့တည်ရှိရာ ကာနာပူလီ

(Karnaphuli) မြစ်တစ်ဘက်ကမ်းတွင်လည်း ဒီယင်္ဂါမြို့ကို တည်၍ ထိုမြို့တွင် ပေါ်တူဂီစစ် သားများကို နယ်စောင့်ထားခဲ့သည်။ မင်းရာဇာကြီး (၁၅၉၃-၁၆၁၂) လက်ထက်တွင်မဟာပညာကျော်အမတ်သည် စစ်တကောင်းနယ်စား(ဘုရင်ခံ) ဖြစ်ခဲ့သည်။

"ရာဇဌာဏီက ယောက်ဖကြီးမှာထားခဲ့တာကတော့ တကယ်လို့ ဦးအောင်တိုင်တို့ မိသားစု ဖလောင်းချိတ်စစ်ပြေးစခန်းကို ရောက်လာကြရင် မိသားစုဆန္ဒကို အရင်မေးပါ၊ ခု ဒီမှာဖြစ်ပျက်နေတဲ့အခြေအနေတွေကို ပြောပြပြီး သင့်တော်သလို စီစဉ်ကြရမှာ ပေါ့လို့ မှာသွားခဲ့ပါတယ်၊ သူကအသက်ကြီးလာတော့ ကျန်းမာရေးမကောင်းတာနဲ့ ရာဇဌာဏီကို ပြန်သွားတာ တစ်လတောင်မပြည့်တတ်သေးပါဘူး၊ စစ်တကောင်းကလည်း ဦးအောင်တိုင်တို့ မိသားစုကို ယောက်ဖလေး ဦးကြာပန်းမောင်တို့ မိသားစုဆီကို အကြောင်းကြားထားတယ် ပြောပါတယ်၊ ဦးကြာပန်းမောင်တို့ မိသားစု စစ်တကောင်းမှာ နေကြတာတော့ ညီမကြီးတို့ သိပြီးသားပါ။ ညီမကြီးတို့ မိသားစုကို စစ်တကောင်းက ဆွေမျိုးတွေလည်း တမျှော်မျှော်ဖြစ်နေကြတယ်ပြောပါတယ်"

"ဟုတ်ကဲ့"

"ငါ့ ညီမတို့ ဒင်နာ့ဂျ်ပူကို လိုက်သွားကြမလို့လား"

ဦးဥက္ကာကျော်နှင့်အတူပါလာသူ ပရဆေးကိုယ်စားလှယ်မောင်ဇံလှက ဦးသင်္ဂါကျော်ကို ဆွေမျိုးဟူသောအသိနှင့် ရင်းရင်းနှီးနှီးပင်မေးသည်။ သို့သော် ဦးသင်္ဂါကျော်မှာ ဒေါ်ကြာဦးဖြူ၏အဆုံးအဖြတ်ကို မသိရဘဲ ပြောမထွက်တတ်ဖြစ်နေစဉ် ဒေါ်ကြာဦးဖြူက



"အေး . . ၊ လိုက်သွားရမလားဆိုတာ အစ်ကိုကြီးနဲ့ တွေ့ပြီးတိုင်ပင်ကြည့်ရဦးမယ် ထင်ပါတယ်ကွယ်" ဟု ဝင်ပြောလိုက်၏။

ဒေါ်ကြာဦးဖြူ၏စကားအဆုံးမှာ ဦးဥက္ကာကျော်နှင့် မောင်ဇံလှတို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ ဘာအဓိပ္ပာယ်မှန်းတော့ ဦးသင်္ဂါကျော်တို့ မိသားစုက မခန့်မှန်းတတ်ကြ။ ကယုချောင်း၊ နီလာမြို့များက ဆွေမျိုးများနှင့်စာလျှင် ဖလောင်းချိတ်က ဆွေမျိုးများ၏ မျက်နှာမှာ အားရစရာမကောင်းဟုပင် ထင်မိလိုက်ကြသည်။ ဆွေမျိုးပိုရင်းသော သူတို့ကို ကြည့်ရသည်မှာ ဦးသင်္ဂါ ကျော်စိတ်ထဲ တစ်စုံတစ်ခု လိုနေသလိုပင်။

ဦးဥက္ကာကျော်နှင့် ပါလာသူ မောင်ဇံလှက "ဒင်နာ့ဂျ်ပူ ကိုလိုက်သွားကြဖို့ ကြီးကြီးတို့ မိသားစုက ဆုံးဖြတ်ကြလို့လား" ဟု ထပ်မေးသည်ကို ဦးဥက္ကာကျော်က "ဒါတွေထားစမ်းပါဦးကွာ၊ ဒီမှာမပြောပါနဲ့" ဟု ဟန့်တားလိုက်၏။

ဘာသဘောမှန်း မသိသဖြင့် ဒေါ်ကြာဦးဖြူတို့ မိသားစုမှာ သူတို့နှစ်ယောက်မျက်နှာကိုသာ ငေးကြည့်နေမိကြသည်။

"အေးလေ၊ ဒီညတော့ ငါ့ညီမကြီးတို့မိသားစု ဒီစခန်းမှာပဲ အိပ်လိုက်ကြပါဦး၊ မနက်ကျမှ ကျွန်တော် ထမင်းစားလာခေါ်မယ်၊ အိမ်ရောက်တော့ ဆွေမျိုးစုံ တိုင်ပင်ကြတာပေါ့"

"ဟုတ်ကဲ့ပါ ဦးမင်း"

ဤဘက်ကမ်းမှာရှိသော ယောက္ခမ ဆွေမျိုးများနှင့် ယခုမှတွေ့ကြရပြီး ရင်းရင်းနှီးနှီး မရှိသေးသူ ဦးသင်္ဂါကျော်က "ဟုတ်ကဲ့ပါ" ဟုသာ ပြောလိုက်သည်။

"ဩော် . . အေး၊ ဒါနဲ့ ဒီက ငါ့တူမ သန္တာ့ခင်ပွန်းပေါ့နော်"

"ဟုတ်ကဲ့ပါခင်ဗျား၊ ဒါက ကျွန်တော့်သား ထွန်းကျော်လ
သမီး သဇင်ဖြူပါ"

"ဪ . . ဩ၊ သားတစ်ယောက် သမီးတစ်ယောက်
နော်၊ ငါ့တူမက ဟန်ကျတယ်၊ အညီအမျှပေါ့"

"မဟုတ်ဘူး ဦးမင်းရှင့်၊ သူက အကျွန့်သားအလတ်ပါ၊ သ
ကြီးက ဗမာပြည်မှာ ရောက်နေပါတယ်"

ဒေါ်သန္တာဖြူက ဦးဥက္ကာကျော်ကို ကမန်းကတန်း ဝင်
လိုက်ရသည်။

"ဗမာပြည်ရောက်နေတယ်ဆိုတော့ အိမ်ထောင်နဲ့လား

"မဟုတ်ပါဘူး ခင်ဗျား၊ ကျောင်းသွားနေတာပါ"

"ရန်ကုန်နဲ့ ဓညဝတီကို ဂျပန်တွေဗုံးကြဲတဲ့သတင်း
ရေဒီယိုက အသံလွှင့်သွားလို့ သိရတယ်၊ ခုဆို ရန်ကုန်နဲ့ဓညဝတီ
ဂျပန်တွေ သိမ်းသွားပြီပေါ့နော်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့လာခါနီးမှာတော့ ဘူးသီးတေ
မောင်တောထိတောင်ကို ဂျပန်တွေ သိမ်းသွားပြီလို့ ကြားခဲ့ကြ
တယ်"

"အေးဗျာ၊ အင်္ဂလိပ်တွေကလည်း ခု ဖလောင်းချိတ်
အကြီးအကျယ် စစ်ပြင်နေကြတယ်၊ ဂျပန်တွေ ဒီထိများရောက်
ကြမလား မသိဘူး၊ အင်္ဂလိပ်တွေကတော့ သူတို့ဥရောပစစ်မျက်
မှာ ဂျာမဏီတွေကို တစ်ပွဲပြီးတစ်ပွဲ အောင်ပွဲရနေတယ်လို့ အိန္ဒိ
ရေဒီယိုက နေ့တိုင်းလွှင့်နေတာပဲဗျို့ . . . ဟုတ်လား မဟုတ်လ
တော့ သူတို့ဘုရားသခင်ပဲသိမယ်၊ ငါ့တူများ မနက်ဖြန်ကျ
အိမ်က ရေဒီယိုမှာ ကြားရပါလိမ့်မယ်"



ယောကျ်ားသားများ စစ်သတင်းပြောနေကြစဉ် ဒေါ်ကြာဦးဖြူတို့ မိန်းမသားများမှာ ရှေ့လျှောက် မည်သို့မည်ပုံ ဖြစ်လာကြမည်ကို တွေးကာ ကြောက်တစ်စ လန့်တစ်စ ဖြစ်နေကြသည်။

"ကဲ . . ညဥ့်လည်းနက်ပြီ၊ ညီမကြီးတို့လည်း ခရီးပန်းလာကြမယ်၊ နားကြအိပ်ကြဦး၊ သိပ်ညဥ့်နက်သွားရင် မြို့အဝင်မှာ သံဒလီ ကုလားတွေက ဆိုးတယ်၊ မသင်္ကာဘူး၊ ဘာဘာညာညာ မေးတတ်လို့ ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်၊ မနက်ဖြန်မနက် ဆက်ဆက် လာခဲ့မယ်၊ အိမ်ရောက်မှ ဆွေမျိုးတွေ တိုင်ပင်ကြတာပေါ့"

"ဟုတ်ကဲ့ပါ"

ဦးဥက္ကာကျော်နှင့် မောင်ဇံလှတို့ ပြန်သွားပြီး မကြာခင် ကင်းတဲမှ ကိုးနာရီ သံချောင်းခေါက်သံကို ကြားလိုက်ကြရသည်။

ဒေါ်ကြာဦးဖြူတို့မိသားစုမှာ တော်တော်နှင့် အိပ်မပျော်ကြ။ ဆွေမျိုးတွေကို တွေ့ရတော့မည်ဟု ဝမ်းသာခြင်းထက် ဒင့်နာ့ဂျ်ပူသို့ လိုက်ရေး မလိုက်ရေးကိုသာ တွေးပြီး ရင်လေးနေမိကြသည်။

အမှန်က ဤသည်မှာလည်း ဒေါ်ကြာဦးဖြူတို့မိသားစု တစ်စုသာမဟုတ်။ စစ်ပြေးမိသားစုတိုင်းမှာ ရှေ့ခရီးအကြောင်းတွေးကာ မည်သူမျှ အိပ်ကောင်းမအိပ်နိုင် ဖြစ်နေကြလေသည်။

× × ×

(၁)

ဦးဥက္ကာကျော်နှင့် လူကြီးတစ်ယောက်၊ လူလတ်ရွယ်တစ်ယောက်တို့သည် ဒေါ်ကြာဦးဖြူတို့ မိသားစုကို မနက်ခုနစ်နာရီခွဲခန့်မှာ စခန်းထဲဝင်၍ လာခေါ်ကြသည်။ ဦးဥက္ကာကျော်တို့ကဲ့သို့ပင် စခန်းဘွင် ဆွေမျိုးလာခေါ်သူ၊ ဆွေမျိုးအသိလာရှာသူများနှင့် မနက်ခြောက်နာရီလောက်ကပင် ဆူညံနေသည်။ ဆွေမျိုးတွေကိုတွေ့၍ ဝမ်းသာနေကြသော မိသားစုများရှိသလို ဆွေမျိုးထဲမှ သေဆုံးပျောက်ကျန်ခဲ့သူများသတင်းကို ကြားရ၍ငိုရှိုက်နေကြသူများလည်း အများအပြားပင်။ ဦးဥက္ကာကျော်နှင့် ပါလာကြသော လူကြီးတစ်ယောက်၊ လူလတ် တစ်ယောက်ကို ဦးဥက္ကာကျော်က ဒေါ်ကြာဦးဖြူတို့ မိသားစုနှင့် မိတ်ဆက်ပေးသည်။

လူကြီးမှာ ဒေါ်ကြာဦးဖြူအရွယ် ဝမ်းကွဲအစ်ကို ဦးသာဦးမောင် ဖြစ်သည်။ လူလတ်အရွယ်မှာ ဒေါ်ကြာဦးဖြူ၏ တူဝမ်းကွဲ၊ ကိုစံသာအောင်ဆိုသူ ဖြစ်သည်။ ထိုသူနှစ်ယောက်စလုံးမှာ ဦးဥက္ကာကျော်နှင့်စာလျှင် ဆွေမျိုးပိုရင်းကြသည်။ ဦးဥက္ကာကျော်မှာ ဒေါ်ကြာဦးဖြူ၏အစ်ကို ယောက်ဖ၊ ယောက်မ၏အစ်ကိုသာ ဖြစ်



သည်။ သွေးနီးသူ မဟုတ်။ ထို့ကြောင့်လည်း သွေးပိုနီးသော ဦးသာဦးမောင်က "ကျုပ်ညီမကြီးကို တွေ့ချင်ကြတဲ့ ဆွေမျိုးတွေတော့ အိမ်တစ်လုံးအပြည့်ကျန်နေခဲ့ကြတယ်၊ အဲဒါကြောင့် ဒီမနက်တော့ တွေ့ချင်ကြတဲ့ ဆွေမျိုးတွေနဲ့လဲ အရင်တွေ့ကြရအောင်ဆိုပြီး မနက်စာထမင်းကို ကျုပ်အိမ်မှာပဲ စားကြဖို့ စီစဉ်ထားခဲ့ရတယ်၊ ဦးဥက္ကကျော်အိမ်တော့ ညနေမှ သွားစားကြတာပေါ့" ဟုဆိုသည်။

ဤသည်ကို ဦးဥက္ကာကျော်က ရယ်ပြီး ဒေါ်ကြာဦးဖြူတို့မိသားစုရှေ့၌ပင် "ဒီလူကြီးက ဒေါ်ကြာဦးဖြူတို့နဲ့ သူသာသွေးရင်းတယ်၊ သူပဲ ဦးဆုံး ထမင်းကျွေးရမယ်ဆိုပြီး သက်သက် ဒေဝဒဟကပ္ပိလလုပ်ပြတာ" ဟု ပြောသည်။

"ဒေဝဒဟနဲ့ ကပိလဝတ်လုပ်ပြတာ မဟုတ်ဘူးလေဗျာ၊ ကျုပ်က ရှေးရှေးအစဉ်အလာအတိုင်း အရေးကြီးသော သွေးနီးရတယ်ဆို မဟုတ်လား၊ ခင်ဗျားတို့ ကျုပ်တို့တစ်သက်မှာ ဒီထက်အရေးကြီးတာ သွေးနီးစရာ ဘယ်ခါကြုံဖူး၊ တွေ့ဖူးကြလို့တုန်း။ ကျုပ်နှမကြီးတို့ ခု မညဝတီက ပြေးလာကြရသလို တစ်နေ့ကျ ခင်ဗျားတို့ကျုပ်တို့လည်း ကိုယ့်မြို့ကိုယ့်ရွာစွန့်ပြီး မပြေးကြရဘူးလို့ ဘယ်သူပြောနိုင်မလဲ၊ ခင်ဗျားသိတဲ့အတိုင်းပဲ ဒီမနက်တောင် ဂျပန်တွေအင်ဖာကို ဗုံးလာကြဲနေပြီလို့ ကြားခဲ့ရတယ်"

"အလကားပါဗျာ၊ ပုဏ္ဏားကုလားတွေက ဟောကိန်းထုတ်တဲ့ ကောလာဟလတွေ ဖြစ်ပါလိမ့်မယ်၊ ဒါမှမဟုတ်ရင်လဲ နိုင်ငံရေးသမားတွေ လံကြုပ်သတင်းနေမှာပါ ကျုပ်ရေဒီယို နေ့တိုင်းနားထောင်ပါတယ်။ ဥရောပမှာ ဂျာမဏီတွေ ခွက်ခွက်လန်ရှုံးနေတဲ့ စစ်

သတင်း နေ့တိုင်းကြားနေရသဗျ"

"အဲဒါမှ ပိုပြီး အင်္ဂလိပ်တွေရဲ့ လံကြုပ်သတင်းဗျ၊ ဘယ်လိုမှ မပြိုပျက်နိုင်ပါဘူး ပြောတဲ့ စင်္ကာပူခံတပ်ကြီး ခုတော့ ခင်ဗျား သိတဲ့အတိုင်းပဲ၊ ဂျပန်တွေက ဗမာပြည် ရခိုင်ပြည်တွေတောင် သိမ်းသွားပြီ၊ အမေရိကန်တွေရဲ့ ပုလဲဆိပ်ကမ်းဆိုတာလဲ ခု စိစိညက် ညက် ကျေသွားပြီ၊ ခင်ဗျား အင်္ဂလိပ်တွေ ဘာတတ်နိုင်သေးလို့လဲ၊ ဒီအတိုင်းသာဆို ခင်ဗျားကြည့်နေ မကြာခင် ဂျပန်တွေ ဒေလီ ရောက် . . ."

ရာဇပုတ်ကုလားစစ်သားနှစ်ယောက်နှင့် အင်္ဂလိပ် စစ်ဗိုလ်တစ်ယောက်တို့ စစ်ပြေးစခန်းဘက် လျှောက်လာနေကြသည်ကို မြင်သဖြင့် ဦးဥက္ကာကျော်နှင့် ဦးသာဦးမောင်တို့ စကား စစ်ထိုးပွဲ တိကနဲ ရပ်သွားသည်။

"ဟဲ . . ဟဲ . . ဒါကျတော့လဲ ငါ့လူက ကြောက်တတ်သားပဲ"

ဦးသာဦးမောင်ကို ဦးဥက္ကာကျော်က သွားရင်းခနဲ့၏။

"နီးရာဓားကိုဗျ၊ ဟဲ . . ဟဲ"

ဒေါ်ကြာဦးဖြူတို့မိသားစုမှာ ဦးဥက္ကာကျော်၊ ဦးသာဦးမောင်တို့ ဦးဆောင်ခေါ်ဆောင်လာကြသည့်အတိုင်း စစ်ပြေးစခန်းလမ်းဆုံမှ လက်ဝဲဘက်ချိုးသွားသော လမ်းအတိုင်း ဖလောင်းချိတ်မြို့ထဲ ဝင်လာကြသည်။ ဖလောင်းချိတ်မြို့၏ အနောက်ဘက်တွင် တောင်တန်းတစ်ခုရှိ၏။ ထိုတောင်တန်းနှင့် ပင်လယ်ကမ်းစပ်ကြားတွင် တည်ထားသောမြို့ဖြစ်သဖြင့် သာယာသည်။ ထို့ကြောင့်



ည်း (ယခုအခါ ငါးဖမ်းလုပ်ငန်း၊ ဆားချက်လုပ်ငန်းနှင့် ာလှည့်ခရီးသည်များ အပန်းဖြေအနားယူ လာရောက်ကြရာမြို့ နေပြီ)

မြို့ဘက်သို့ သုံးဖာလုံခန့် လျှောက်မိကြသောအခါ အစိုးရ ကြေးနန်းရုံး၊ စာတိုက် အဆောက်အဦများကို တွေ့ရသည်။ ျိန်မှာ နံနက်ရှစ်နာရီခန့်သာရှိသေးသဖြင့် ရုံးသွား၊ ကျောင်းသွား းကိုလည်း တွေ့ရသည်။ဒေါ်ကြာဦးဖြူတို့ ရခိုင်ပြည်၌သာ ကမ္ဘာ က်သလို ပြေးလာခဲ့ကြရသော်လည်း ဖလောင်းချိတ်မြို့ကလေး ကား ပကတိအေး အေးချမ်းချမ်းပင် ရှိနေသေးသည်။

ဒေါ်ကြာဦးဖြူနှင့် ဦးဥက္ကာကျော်၊ ဦးသာဦးမောင်တို့ ားပြောလာကြသံကို ကြားကြ ဖြင့် တစ်ချို့အိမ်တွေက ခေါင်း ထွက်ကြည့်ကြသည်။ ရခိုင်အချင်းချင်းပင် ဖြစ်သော်ငြားလည်း မြေခြားသွားသဖြင့် အသံမတူကွဲပြားကာ တစ်ခါ တစ်ခါတွင် စ်ယောက်စကားကို တစ်ယောက်နားမရှင်းလိုက်သဖြင့် ထပ်မေး ပ်ပြောကြရသည်လည်း ရှိသည်။ ဤသည်မှာ ရယ်စရာ ဟာသ ဖြစ်၍ တဝါးဝါးရယ်မောကြသည်လည်း ရှိလေသည်။ ရယ်ရယ် မော စကားပြောလာကြသော အသံကြောင့် ဦးသာဦးမောင်၏ မ်ခြံထဲ မရောက်ခင်ကပင် ဆွေမျိုးများက ပြေးထွက်ကြိုကြသည်။ ါကြာဦးဖြူကို ပွေ့ဖက်၍ ဝမ်းသားအားရ စကားပြောကြသူတွေ ယလို "မသေလို့ တွေ့ကြရတာ" ဟုပြောပြီး ဖက်ငိုနေကြသော ်းမသူများကိုလည်း တွေ့ရသည်။

"ကဲ . . ကဲ . . မညဝတီက ဆွေမျိုးတွေ အိမ်ပေါ် က်ကြပါစေဦးဟ၊ နောက်မှ ဆွေမျိုးစပ်ကြ" ဟု ဦးသာဦးမောင်က

ပြောလိုက်သဖြင့် ဒေါ်ကြာဦးဖြူတို့ မိသားစု အိမ်ပေါ် တက်လာကြ
သည်။

အိမ်ပေါ်မှာလည်း ဆွေမျိုးများနှင့် ပြည့်နေ၏။ အမှန် မှာ
ဆွေမျိုးရင်းချာများသာမဟုတ် ဘာမှသွေးမတော်၊ သားမစပ် သော
ဖလောင်းချိတ်ရှိ ရခိုင်သူရခိုင်သားများကလည်း နီးစပ်ရာ၊ နီးစပ်ရ
ဓညဝတီက ဦးသာဦးမောင်တို့ အမျိုးတွေ ရောက်လာကြသည်
ဆိုသဖြင့် လာကြည့်ကြသူများနှင့် တစ်အိမ်လုံး ပြည့်နေ၏
ဖလောင်းချိတ်ရှိသူတို့၏သဘောမှာ "ရခိုင်" ဆိုသည်နှင့် ကိုယ့်အမျိ
အရင်းဟု ခံယူထားကြပုံရသည်။

ဒေါ်ကြာဦးဖြူတို့ မိသားစု နေသားတကျပင် မထိုင်ရသေ
မိန်းမကြီးတစ်ယောက်က ဒေါ်ကြာဦးဖြူကို ဖက်၍မေး၏။

"အစ်မကြီးတို့ ဒင့်နာ့ဂျ်ပူထိ လိုက်သွားကြမလို့လား"

"လှမြတ်စောလား"

မိန်းမကြီး၏ အမေးကိုမဖြေသေးဘဲ ဒေါ်ကြာဦးဖြူက
"လှမြတ်စောလား" ဟု ပြန်မေးလိုက်သောအခါ ထိုမိန်းမကြီး က
"ညီမကိုတောင် မမှတ်မိတော့ဘူးလား" ဟုပြောကာ ဒေါ် ကြာဦးဖြ
ကို ဖက်၍ငိုပြန်သည်။

"အင်္ဂလိပ်မင်းများက ခေါ်လာတာဆိုတော့ သူတို့ခေါ်ရာပဲ
လိုက်သွားကြရမလား၊ ဒီမှာပဲ စစ်ခိုရင်း နေကြရမလားဆိုတာ
ခုတော့ မပြောတတ်သေးပါဘူး မြတ်စောရယ်၊ နင့် ယောက်ဖကြီ
(ခဲအို)ကလည်း ခေါင်းကွဲစခန်းမှာ နေထိုင်မကောင်းဖြစ်လို့ ကျန်နေ
ရသေးတယ်၊ အဲဒီက အခြေအနေလည်း မသိရသေးဘူး"

ထိုအခါမှ မိသားစုထဲတွင် ယခု မပါလာသော ဦးအောင်



တိုင် ကျန်းမာရေးအကြောင်း ဝိုင်းမေးကြပြန်၏။

"ဒီလောက်စစ်ပြေးစခန်းတွေမှာ လူတွေ နေ့မြင်ညပျောက် သေနေကြတာ တွေ့ခဲ့မြင်ခဲ့ကြရဲ့နဲ့ ကြီးကြီးတို့က ဘာအရူးထပြီး ဒင်နာ့ဂျ်ပူလိုက်ရမှာလဲ"

ဆွေမျိုးထဲမှ လူရွယ်တစ်ယောက်က ဒေါနှင့်မောနှင့် ထပြော သည်။

ထို့နောက် မနေ့က ဒေါ်ကြာဦးဖြူတို့မိသားစုကို ဦးဥက္ကာ ကျော်နှင့်အတူ ပထမဦးဆုံးလာတွေ့သော ပရဆေးကိုယ်စားလှယ် မောင်ဇံလှဆိုသူကလည်း - "အေးလေကွာ သာဇံဝေ၊ ငါမနေ့က စခန်းမှာတင် ကြီးကြီးကို ပြောမလို့၊ စခန်းတာဝန်ခံတွေက မကြိုက်သလို တစ်ခြားစစ်ပြေးတွေလည်း လန့်ပြီးထွက်ပြေးကြမှာစိုးလို့ မပြောခဲ့တာ၊ အင်္ဂလိပ်တွေခေါ် တိုင်း ဒင့်နာဂျ်ပူလိုက်သွားကြရတယ်ဆိုတဲ့ လူတွေဆိုတာ ဖလောင်းချိတ်ပန်းဝါမှာ ဆွေရင်းမျိုးရင်း မရှိတဲ့လူတွေမှ လိုက်ကြရတာကြီးကြီး၊ ခုကြီးကြီးတို့မှာ ဒီလောက် အရင်းအချာတွေ ရှိနေကြရက်နဲ့ ဘာလို့ ဒင်နာ့ဂျ်ပူ လိုက်သွားကြရမှာလဲ၊ ကျွန်တော်တို့ ဖလောင်းချိတ်ပန်းဝါက ဆွေမျိုးတွေ ရာဇဝင်ရိုင်းအောင် မလုပ်ပါနဲ့"

စောစောက ထပြောသော သာဇံဝေနှင့် မောင်ဇံလှတို့ မှာ ညီအစ်ကိုဝမ်းကွဲများ ဖြစ်ကြသည်ကို ဒေါ်ကြာဦးဖြူတို့ မိသားစုက နောက်မှ သိကြရသည်။

စစ်ပြေးစခန်းတွေမှာ ဝမ်းရောဂါဖြစ်ပြီး လူတွေ သေကြေ ပျက်စီးကြသည်ကို ကိုယ်တိုင်ကိုယ်ကျ မြင်လာတွေ့လာခဲ့ကြသော ဒေါ်ကြာဦးဖြူတို့မိသားစုမှာ ဆွေမျိုးတွေက သူတစ်ပေါက်

ငါတစ်ပေါက် ဝိုင်းပြောနေကြသောအခါ ဘယ်သူ့စကားကို ဘယ်လိုပြန်ပြောရမှန်းတောင် မသိဘဲ ခဏတော့ ငိုင်တွေနေကြ၏။

ထိုစဉ် စိတ်မရှည်သလိုနှင့် တစ်ခေါင်းလုံးကြာစံထွက်နေသော အဘွားအိုတစ်ယောက်က ဝင်ပြောလာပြန်သည်။

"ငါတို့ ဒီမှာ ဆွေမျိုးရင်းချာတွေ တစ်ပုတ်(တစ်ပုံ)ကြီး ရှိရဲ့နဲ့ နင်တို့တွေ ဒင်နာ့ဂျ်ပူလိုက်သွားလို့ လမ်းမှာ မပြောကောင်း ပြောကောင်း တစ်ခုခုအဖိတ်အစဉ်ဖြစ်ခဲ့ရင် ငါတို့ ခွေးလုံးလုံး မဖြစ်ဘူးလား ကြာဦး၊ နင်တို့ ဒင်နာ့ဂျ်ပူကို လိုက်ကိုမလိုက်ရဘူး၊ ငါ ဒါပဲ ပြောတတ်တယ်"

"အဘွားကြာပန်းညိုပြောတာ သိပ်မှန်တာပေါ့၊ ဒင်နာ့ဂျ်ပူဆိုတာ အဘွားကြာဦးတို့ ကမ်းသာက ဒီထက်တောင်ဝေးသေးတာ၊ သင်္ဘောအတန်တန် ရထားအတန်တန်၊ ကားအတန်တန်နဲ့ သွားကြရမှာ၊ ဒီကနေ စစ်တကောင်းကို သင်္ဘောစီးရဦးမယ်၊ စစ်တကောင်းကမှ တဆင့်တစ်ခါ ကားအတန်တန် ရထားအတန် တန်စီးပြီး ဂင်္ဂါယမုန္နါမြစ်တွေပါ ဖြတ်သွားကြရမယ်၊ နည်းတဲ့ခရီးလား၊ အိန္ဒိယပြည်ကြီး ဘယ်လောက်ကျယ်လဲဆို ဒင်နာ့ဂျ်ပူကို ကျွန်တော်တို့တောင် တစ်ခါမှ မရောက်ဖူးဘူး၊ ဒီက အနည်းဆုံး လေးငါးညအိပ်ခရီးသွားကြရဦးမှာ၊ လွယ်လွယ်လေး မထင်ကြနဲ့"

"မရောက်ဖူးဘူးလို့ ပြောမနေနဲ့ ဟော့လူ၊ ဒီအတိုင်းဆို ခင်ဗျားတို့ ကျုပ်တို့တောင် ဒင်နာ့ဂျ်ပူကို တစ်နေ့မဟုတ် တစ်နေ့ ကြီးကြီးကြာဦးတို့လို လိုက်ချင်လိုက်နေရဦးမယ်နော်"

စကားပြောနေသူကို နောက်လူတစ်ယောက်က ဝင်နောက်



လို ပြောပြန်သည်။ ဤသည်ကို ဒေါ်ကြာပန်းညို အဘွားကြီးက ...းသားပါးစပ်၊ မပြောကောင်း မဆိုကောင်း နင်သာလိုက်သွား" ...ထဆဲ၏။

ထို့နောက် ဒေါ်ကြာဦးဖြူတို့ မိသားစုအပေါ် စိတ်ဝင်တစား ...တက်တက်ကြွကြွရှိနေသော လူငယ်တစ်ယောက်ကလည်း ဒိုးဒိုး ...က်ဒေါက်နှင့် ဝင်ပြောလာပြန်၏။

"အမှန်က အဘွားတို့ ခေဝတီက ပြေးလာကြတာကိုက ...တယ်လို့ ကျွန်တော်ထင်တယ်၊ ဂျပန်တွေက ကျွန်တော်တို့ ရခိုင် ...ကို ဘာလို့ သတ်မှာလဲ၊ ဒီလိုသာ သတ်ပစ်မယ်ဆိုရင် ရခိုင်တစ် ...လုံးကလူတွေ၊ ဝတီလေးရပ်က လူတွေကို ခု အကုန်သတ်ပစ် ...က်ပလား၊ ကျွန်သက်ရှည်နေတဲ့ ကုလားတွေကတော့ အင်္ဂလိပ် ...တိုင်းယုံလို့ ပြေးလာကြတယ်ဆို ထားလိုက်ပါတော့၊ အင်္ဂလိပ် ဂျပန်စစ်ဖြစ်တာ၊ အင်္ဂလိပ်နဲ့ ဂျာမဏီစစ်ဖြစ်တာ ရခိုင်တွေ ...လားတွေနဲ့ ဘာဆိုင်လဲ၊ အင်္ဂလိပ်တွေကတော့ ပြောမှာပေါ့ ...ဝတီတစ် ပြည်လုံး စစ်တလင်းဖြစ်မယ်၊ ခင်ဗျားတို့ အိန္ဒိယကို ...က်မပြေးကြရင် အကုန်သေလိမ့်မယ်၊ ဒါ အင်္ဂလိပ်က ...လိန်ညာဏ်နဲ့ မြို့ရွာပျက်အောင် သက်သက်ခြိမ်းခြောက်ပြီး ...ဝတီကလူတွေကို ဒုက္ခ မရောက်ရောက်အောင် လိမ်ခေါ်လာ ...၊ ကဲ . . ခု ဗမာပြည်နဲ့ ရခိုင်ပြည်ကို ဂျပန်သိမ်းသွားပြီ၊ ...ပြည်ကလူတွေနဲ့ ရခိုင်ပြည်က လူတွေကို ဂျပန်တွေက ...ကုန်သတ်ပစ်လိုက်ပလား၊ ဒါတွေ ခင်ဗျားတို့ နိုင်ငံရေး ...မြင်မရှိကြတော့ ဘာမှမသိလို့ ကျွန်တော်ပြောတာ၊ ခုဆို ...ပြည်ကြီးကို ဂျပန်က လွတ်လပ်ရေးတောင်ပေးတော့မယ်၊

အာရှတိုက်သားချင်း သာတူညီမျှ မူဝါဒဆိုတာ ဂျပန်မှာမှရှိတာ၊ ဒီကုလားပြည်လည်း ဂျပန်လက်ထဲ မရောက်မချင်း ကျွန်သက်ရှည်နေဦးမှာပဲ၊ အဲဒါကြောင့်ပဲ ခု ဂျပန်တွေက အင်္ဂလိပ်လက်အောက်က အိန္ဒိယပြည်ကြီး လွတ်မြောက်အောင် တိုက်ပေးလိမ့်မယ်လို့ ကျွန်တော်တို့ နိုးကြားတဲ့ လူတိုင်း ယုံကြည်ထားကြရမယ်၊ ဟိုတလောကပဲ အာသံဘက်က ကျွန်တော်ပြန်လာတယ်၊ ခု အာသံမဏိပူရ တစ်ပြည်လုံး တုန်လှုပ်ချောက်ချားနေကြပြီး ဗမာပြည်ကို သိမ်းပြီးရင် ဂျပန်က အိန္ဒိယကိုလည်း သိမ်းမှာပဲ၊ ဒါကို အင်္ဂလိပ်တွေက သိပ်ကြောက်နေကြတယ်။ ဗမာပြည်က သူတို့ခွေးပြေး ဝက်ပြေး ပြေးလာခဲ့ကြသည်ရသလို အိန္ဒိယကလည်း မကြာခင်ပြေးရတော့မှာပဲ၊ ဒါကို ဘင်္ဂလားတစ်ပြည်လုံး ရခိုင်ရယ် ကုလားရယ်မဟုတ်ဘူး၊ နိုးကြား တက်ကြွတဲ့ ပြည်သူတစ်ရပ်လုံးက သဘောပေါက်ထားဖို့လိုတယ်၊ ခင်ဗျားတို့ အင်္ဂလိပ်အလိုကျ တော်လှန်ရေးမလုပ်ဘဲ ငြိမ်နေကြမယ် ဆိုရင် အိန္ဒိယပြည်ကြီးဟာ ကျွန်သက်ပိုရှည်သွားလိမ့်မယ်၊ အဲဒါကြောင့် ခုကတည်းက ကျွန်တော်တို့ နိုးကြားတက်ကြွစွာနဲ့ ဂျပန်ကို ကြိုဆိုကြဖို့ ဟီတရိုက်သားတိုင်း တာဝန်ရှိလာပြီးဆိုတာ ခင်ဗျားတို့ နားလည်ထားကြရလိမ့်. . . . "

"ဟာ . . . ဟော့ကောင် အောင်ကျော်ဇေယျ၊ လက်စသပ်တော့ ဒီကောင် ဒီမှာလာပြီး နိုင်ငံရေးတရား ဟောနေတာကိုး၊ တော်တော့ မင်းနိုင်ငံရေးတရား ကာလကတ္တားမှာပဲ သွားဟောပါ ထောင်စာလေးရယ်၊ စကားနောက်တရားပါ အိန္ဒိယပြည်ပဲ ဂျပန်လာသိမ်းတော့မယ်ဆိုတာ. . . "



အာဘောင်အာရင်းသန်သန်နှင့် လာပြောနေသော လူငယ်မှာ ဒေါ်ကြာဦးဖြူတို့အမျိုးထဲမှ နိုင်ငံရေးကျောင်းသား ကာလကတ္တားကောလိပ်မှ နိုင်ငံရေးမှုနှင့် ဝရမ်းပြေးနေရသူ အောင်ကျော်ဇေယျ ဆိုသည်ကို နောက်မှ ဒေါ်ကြာဦးဖြူတို့မိသားစု သိကြရသည်။ အောင်ကျော်ဇေယျမှာ အင်္ဂလိပ်ကို မည်မျှစိတ်နာနေသည်မသိ။ လူကြီးတစ်ယောက် ဟန့်တားနေသည့်ကြားက "အိန္ဒိယပြည်ကြီးကို အင်္ဂလိပ်က နှစ်ပေါင်းသုံးရာကျော် ကျွန်လုပ်သွေးစုပ်နေနိုင်တာဟာ အိန္ဒိယပြည်သူတွေ မနိုးကြားလို့၊ ညံ့လို့ . . "ဟူသော စကားမဆုံးမီ လူအုပ်ထဲမှ လူကြီးတစ်ယောက်က "ဩော် . . ဘိုးဘိုးဇေယျာကျော် လာကွာ လူလေး ထိုင်"ဟု ဆိုလိုက်မှ အောင်ကျော်ဇေယျ စကားလည်း ရပ်သွားသည်။

ညည့်ခန်းအလယ်ရှိ လူအုပ်ထဲဝင်လာသူမှာ ပိန်ပိန်ပါးပါးနှင့် အသက်နှစ်ဆယ်ကျော်ခန့်သာရှိဦးမည်။ နောက်မှသိရသည်မှာ ထိုသူ "ဇေယျာကျော်"သည် ဒေါ်ကြာဦးဖြူ၏မောင် စစ်တကောင်းမြို့နေ ဦးကြာပန်းမောင် ဒေါ်ပဂ္ဂီထွန်းမြတ်တို့၏မြေး၊ ဟီလီတရိုက်မှ လက်ထောက်မြို့ပိုင်ဖြစ်သည်ဟု သိရသည်။ ထို့ကြောင့်လည်း သူတို့ ဆွေမျိုးအားလုံးက တလေးတစားနှင့် နေရာပေးကြခြင်းဖြစ်၏။ ထိုသူငယ်မှာ ခေတ်ပညာတတ်ပီပီ အကင်းပါးအလိုက်တသိရှိပုံလည်းရ၏။ ဝင်လာလာချင်း မျက်နှာစိမ်းများဖြစ်နေသော ဒေါ်ကြာဦးဖြူတို့မိသားစုအနား နီးနီးကပ်ကပ်လာထိုင်သည်။ ပြီး ဒေါ်ကြာ ဦးဖြူ၏မျက်နှာကို ပြုံးပြုံးကြီးကြည့်ကာ "အဘောင်ရှင် (အဘွားကြီး) ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော်တို့ငယ်ငယ်တုန်းက ဘွားဘွားကြီးတို့ ဂယာလာ

တိုင်း ကာလကတ္တားက ကျွန်တော်တို့အိမ် လာလည်ဖူးပါတ
စိန်မြောင်ဘုရားပွဲမှာလဲ စစ်တကောင်းက ဘိုးဘိုးတို့နဲ့ တစ်ခါ
ဖူးတယ်လေ၊ အဲဒီတုန်းက အရီးချေ(လေး) နဲ့ အခင်(ဦးဖေ
တို့လည်းပါတယ်၊ သူက အရီးချေသားကြီးလား"
ထွန်းကျော်လင်းပခုံးကို ရင်းရင်းနှီးနှီးကိုင်၍ မေးလည်းမေး
လည်းပြောသည်။

သို့သော် စစ်တကောင်းရှိ ဒေါ်ကြာဦးဖြူ၏မောင်အ
ဦးကြာပန်းမောင် ဒေါ်ပဂ္ဂထွန်းမြတ်တို့တွင် ပန်းဝါထွန်း၊ ရမ္မာထွ
ဓညာထွန်းမည်သော သမီးချည်း သုံးယောက်အပြင် ပ
ကျော်ထွန်းဟူသော သားတစ်ယောက်လည်းရှိလေရာ ယ
ဤသူငယ်မှာ မည်သူ့ သားမှန်း ဒေါ်ကြာဦးဖြူမသိ။ နောက်
ကြောင်းမှာ ရာဇဌာဏီနေ အစ်ကိုကြီး ဦးကြာပန်းအေ
တို့မိသားစုနှင့်စာလျှင် ငယ်စဉ်ကပင် စစ်တကောင်းတွင် ကျေ
နေပြီး စစ်တကောင်းကွန်ဗင့်ကျောင်းသူ မြို့အုပ်သမီး ပဂ္ဂထွ
မြတ်နှင့် အိမ်ထောင်ကျသွားသော ဦးကြာပန်းမောင်တို့မိသားစု
အစိုးရအမှုထမ်းများချည်းဖြစ်ကြသဖြင့် အိန္ဒိယနှင့် ဓညဝတီဘ
တစ်လှည့်စီနေလာခဲ့ကြရာ သုံးနှစ်နေ၍ ဒေါ်ကြာဦးဖြူ
မိသားစုနှင့် တစ်ခါမဆုံဖြစ်ကြ။ ဦးကြာပန်းမောင်မြို့အုပ် ရာ
ရ၍ ဓညဝတီဘက်တွင် တာဝန်ကျစဉ်ကတော့ အလုပ်ကိစ္စ
သွားရင်းလာရင်း တစ်နှစ်တစ်ခါ၊ နှစ်ခါဆိုသလို ကမ်းသ
အစ်မဆီ ရောက်လာတတ်သည်။ သမီးရမ္မာထွန်းနှင့် ဓညာထွ
တို့မှာ ဓညဝတီတွင် သူအမှုထမ်းခဲ့စဉ်က မွေးသောမိန်းက
များဖြစ်သည်။ ပညာကျော်ထွန်းနှင့် ပန်းဝါထွန်းတို့မှာမူ ဦးကြာ



မောင် အိန္ဒိယပြည် ပြန်ပြောင်းသွားပြီးမှ မွေးသော အိန္ဒိယပြည်ပေါက် များဖြစ်ကြသည်။ ဦးကြာပန်းမောင်၏သား မောင်ပညာကျော်ထွန်းမှာ ကာလကတ္တားသူနှင့် အိမ်ထောင်ကျသဖြင့် ယခင်က ဒေါ်ကြာဦးဖြူတို့ မိသားစု ဂယာကို ဘုရားဖူးသွားလျှင် ဝင်ဖြစ်ကြသည်။ ထို့ကြောင့်လည်း ယခုမောင်ပညာကျော်ထွန်းသား ဇေယျာကျော်ထွန်းက ဒေါ်ကြာဦးဖြူတို့ လူကြီးတွေကို မှတ်မိနေခြင်းဖြစ်သည်။

ဦးကြာပန်းမောင် ဒေါ်ပဂ္ဂထွန်းမြတ်တို့မိသားစုမှာ အစိုးရလခစားတို့၏သဘာဝအတိုင်း ဆွေမျိုးတွေနှင့် နည်းနည်းစိမ်းသည်။ ပဂ္ဂထွန်းမြတ်မှာ အင်္ဂလိပ်ကွန်ဗင့်ကျောင်းသူပီပီ ဗိုလ်ဆန်သည်။ မြို့ပိုင်သမီးမို့ ဘဝင်မြင့်သည်။ ဆွေမျိုးများ အပေါ်၌လည်း ခေါင်စီးက ဆက်ဆံသည်ဟု အမျိုးတွေက အမြင်မကြည်လင်ကြ။ သို့သော် ပဂ္ဂထွန်းမြတ်မြေးကြီးဆိုသူ ဤသူငယ်ကို တွေ့ရသောအခါ ဒေါ်ကြာဦးဖြူမှာ ဆွေမျိုးရင်းရင်းချာချာ ငါ့မြေးပဲဟူသော သဘောနှင့် ချက်ချင်း ဝမ်းသာအားတက်သွားသည်။ ထို့ကြောင့်လည်း သူသိလိုရာများကို ချက်ချင်းကောက်မေးတော့၏။

"ငါ့မြေးကြီးက ဘယ်သူ့သားလဲ၊ ဘွားဘွားကြီး ကြည့်စမ်းပါ့မယ်ကွယ်၊ တူမကြီးပန်းဝါသားလား"

"ဟားဟား"

"ဟင်းဟင်း . . . မဟုတ်ဘူး ဘွားဘွားရယ်၊ သူက ဦးပညာကျော်ထွန်းသားကြီး ဟီလီတရိုက်က မြို့ပိုင်လေးဗျ"

ဒေါ်ကြာဦးဖြူက ဇေယျာကျော်ထွန်း၏မျက်နှာကို လက်နှစ်ဘက်နှင့်ပွတ်သပ်ကိုင်တွယ်ကြည့်ကာ ဒေါ်ပန်းဝါထွန်းသားဟုထင်

သည်ကို ဝိုင်းရယ်ကြပြီး ဆွေမျိုးတစ်ယောက်က ဦးပညာကျော်ထွန်းသားကြီးဟု ပြောလိုက်သည်။

ဇေယျာကျော်ထွန်းကမူ သူ့ဘွားဘွားကြီးတို့မိသားစု မျက်နှာကို တစ်ယောက်စီကြည့်ကာ ပြုံးနေ၏။

သည်လိုနှင့် ဒေါ်ကြာဦးဖြူမှာ တူ၊ တူမများ၊ မြေးများ၊ အစ်ကို အစ်မ ညီမများကို တစ်ယောက်ပြီးတစ်ယောက် မေးလိုက်ရသည်မှာ စကားဖြတ်မရဖြစ်နေသည်။ ထို့ကြောင့် သူတို့မိသားစုအား ဖလောင်းချိတ်ပန်းဝါစခန်းတွင် ဦးဆုံးလာတွေ့သူ၊ လာခေါ်သူ ဦးဥက္ကာကျော်က "ကဲ . . . ဆွေမျိုးတွေ စကားဝအောင်ပြောကြဦးဗျာ"ဟု ပြောထားခဲ့ပြီး အလိုက်တသိပြန်သွားသည်။

ဆွေမျိုးစပ်ကြ၊ ပြောကြရင်းက အဓိကဖြစ်သော ဒေါ်ကြာဦးဖြူတို့မိသားစု ဒင်နာ့ဂျ်ပူ လိုက်ရေး မလိုက်ရေးက ဝင်ပါလာပြန်ရာ ဇေယျာကျော်ထွန်းက "ကျွန်တော်လည်း ဆွေမျိုးဆိုတော့ ပြောခွင့်ရှိပါတယ်နော် ဘကြီး၊ ကျွန်တော် တစ်ခုပြောပါရစေ"ဟု ဆိုသော အခါ ဆွေမျိုးထဲတွင် ဩဇာရှိပုံရသော လူကြီးတစ်ဦးက "ပြောပါကွာ၊ မင်းပြောရမှာပေါ့"ဟု ခွင့်ပေးသလို ဆိုလိုက်၏။

"ခု ကျွန်တော်တို့ဆွေမျိုးတွေ ပြောဆိုတိုင်ပင်နေကြတဲ့ ပြဿနာက ဧည့်ဝတီကရောက်လာကြတဲ့ ဘွားဘွားကြီးတို့မိသားစု ဒင်နာ့ဂျ်ပူလိုက်သွားကြလို့ သင့် မသင့် တော် မတော်ဆိုတဲ့ပြဿနာပဲ မဟုတ်လား"

"ဟုတ်ပါတယ်အစ်ကို၊ စောစောကလဲ အဲဒါ ကျွန်တော်ပြောမလို့"

အောင်ကျော်ဇေယျဆိုသော ကာလကတ္တားကျောင်းသား၏



စကားကို ဇေယျာကျော်ထွန်းက လက်ကာပြလိုက်ပြီး လူကြီးတွေဘက် လှည့်မေးသည်။

"ဟုတ်ပါတယ်ကွယ်၊ မင်း ဘွားဘွားကြီးတို့ ဒင်နာ့ဂျ်ပူလိုက်ဖို့ရေး မလိုက်ရေးက အဓိကပါပဲ"

စောစောကလူကြီးကပင် ပြောသည်။

"ဒါဆို ကျွန်တော်တစ်ခုပြောပါ့မယ်၊ ဧည့်ဝတီက ဘိုးဘိုးဘွားဘွားကြီးတို့မိသားစု ဒင်နာ့ဂျ်ပူလိုက်သွားကြမယ်ဆိုရင် ကျွန်တော်လဲ သဘောမတူဘူး၊ လိုက်မသွားကြစေချင်ဘူး၊ ဒါ ဆွေမျိုး တစ်ယောက်အနေနဲ့ပြောတာ၊ ခု ကျွန်တော့်ပန်းဝါဟာ လဘင်းဘက်ကို ကိစ္စတစ်ခုနဲ့ ခဏလာရင်း ဧည့်ဝတီက ဘိုးဘိုးဘွားဘွားတို့ မိသားစု ရောက်နေကြတယ်ကြားလို့ ဝင်လာခဲ့တာ၊ ကျွန်တော် ဒီဖလောင်းချိတ်မှာ ဘာတာဝန်မှမရှိလို့ ပြောတာပါ။ ဧည့်ဝတီက ဘိုးဘိုးဘွားဘွားတို့မိသားစုဆန္ဒကကော ဘယ်လိုသဘောရကြပါလဲ"

ဒေါ်ကြာဦးဖြူတို့မိသားစုမှာ လောလောလတ်လတ် ဘာစကားမှ မပြောတတ်ကြ။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ တွေဝေနေကြသည်ကို ရိပ်မိသွားသော ဆွေမျိုးလူကြီးတစ်ယောက်က ဝင်ရှင်းပြ၏။

"ဦးဆောင်ဦးရွက်ဖြစ်တဲ့ အစ်ကိုကြီးအောင်တိုင်ကလဲ နေကောင်းကျန်းမာမရှိလို့ ခေါင်းကွဲစခန်းမှာ ကျန်နေခဲ့ရတယ်တဲ့၊ လောလောဆယ်မှာ အစ်မကြီးကလဲ ရာဇဌာဏီက သူ့အစ်ကိုကြီးနဲ့ မတွေ့ရသေးတော့ ဘာပြောတတ်မှာလဲကွာ၊ အစ်မကြီးက ပန်းဝါချက်မြှုပ်ဆိုပေမယ့် ဧည့်ဝတီမှာ အနေကြာတော့ လက်ရှိ ကိုယ့်ပြည်ကိုယ့်နယ်အကြောင်းလဲ ဘယ်သိတော့မလဲ၊ မင်းမေးတဲ့မေးခွန်းကို

ဒီမှာရှိတဲ့ တို့ဆွေမျိုးတွေကပဲ ဖြေကြရမှာ၊ ဘိုးဘိုးအဖြေကတော့ အစ်မကြီးကြာဦးတို့မိသားစု ဒင်နာ့ဂျ်ပူကို လိုက်မသွားကြပါနဲ့၊ လိုက်လဲ မလိုက်ရဘူးဗျာ၊ အစ်မကြီးတို့မိသားစုတာဝန်ကို ဒီမှာရှိတဲ့ ဘိုးဘိုးတို့ဆွေမျိုးအားလုံးက တာဝန်ယူကြရမှာပေါ့ကွာ၊ ဘိုးဘိုး ပြောတာ မဟုတ်ဘူးလား"

"ဟာ. . သိပ်ဟုတ်တာပေါ့ ဦးဝေချမ်းရာ၊ ဒီလိုအရေးမှ ကျွန်တော်တို့ တာဝန်မယူရင် ဘယ်လိုအရေးမှာ တာဝန်ယူကြတော့ မလဲဗျ"

"ဟုတ်တာပေါ့၊ နောက်ဆုံးဆိုလိုက်ပါတော့၊ တို့တာဝန်မယူလဲ ကြာဦးမှာ အမွေဆိုင် ဥယျာဉ်ခြံမြေတွေ ရာဇဌာဏီမှာ ရှိပါသေးတယ်၊ ဘာများပူပန်နေစရာလိုလဲ၊ ဥယျာဉ်ခြံမြေက ရတာပဲ ထိုင်စားအုံး စစ်ကြီးဘယ်လောက်ကြာကြာ စားနိုင် နေနိုင်ပါတယ်၊ မသွားရဘူး၊ မသွားရဘူး၊ ငါ့ညီမကြီးတို့မိသားစု ဒင်နာ့ဂျ်ပူကို လိုက်ကို မလိုက်ရဘူး"

ဆွေမျိုးထဲတွင် အသက်အကြီးဆုံးနှင့် ဩဇာအရှိဆုံးဟု ထင်ရသော ခေါင်းဖြူဖြူ လည်ဝုန်တုန်နှင့် အဘွားကြီးတစ်ယောက်ကလည်း ငိုကြီးရှိုက်မနှင့်ပြော၍ အဆုံးအဖြတ်စကားကိုဆိုသည်။

ကာလကတ္တားကျောင်းသား အောင်ကျော်ဇေယျကလည်း

"ဟုတ်တယ်ဗျ၊ ခုနေခါ ဥယျာဉ်ခြံမြေသာရှိနေရင် ဓညဝတီက ဘိုးဘိုးဘွားဘွားတို့ တစ်ခြားဘာမှမလုပ်ကြနဲ့ ကြံနဲ့လက်ဖက်ပဲ စိုက်ကြ၊ စစ်ကြီးက ဘယ်နှစ်နှစ်ကြာမယ်မှန်းမသိတော့ လက်ဖက်စိုက်တာ ပိုတွက်ခြေကိုက်တယ်၊ အင်္ဂလိပ်စစ်သားတွေက လက်ဖက်ရည်ကြိုက်တော့ ခုလက်ဖက်အချိုခြောက်တွေ ရောင်းမလောက် ဖြစ်နေတယ်၊ အာသံမဏိပူ ဟီလီတရိုက်က လူတွေကတော့



က်ဖက်ခြံနဲ့ သူဌေးဖြစ်ကုန်ကြပြီ၊ ကြံလဲ အားကြီးဈေးကောင်းနေ ယ်၊ သကြားဆို အဖြူမချွတ်သေးပဲ ရောင်းမလောက် ဖြစ်နေတယ်၊ ,သကြားအနီတွေ ကျွန်တော်မဏိပူအာသံဘက်မှာ တွေ့ခဲ့ရတယ်၊ အစ်ကိုရှေ့ပြောရတာတော့ မကောင်းဘူး၊ ခု င်္ဂလိပ်တွေက ကြောက်ချေးပါပြီး မဏိပူအာသံဘက်မှာ ရိက္ခာ တွ အကြီးအကျယ် ဝယ်စုနေကြတယ်၊ အဲဒါကြောင့် ဈေးတွေလဲ ဆမတန် တိုးတက်ပြီး အင်ဖာကတော့ ဒီနှစ်မကုန်မီတောင် ပန်တွေလက်ထဲကျလိမ့် . . . .

"ဟာ . . . ဟော့ကောင်၊ ငါတို့ဆွေမျိုးကိစ္စတွေ ပြောနေကြ ာ၊ မင်း ဒီအကြောင်းတွေ လာမပြောပါနဲ့ဆိုတာ မရဘူးလား"

လူကြီးတစ်ယောက်က အောင်ကျော်ဇေယျကို ဒေါနှင့်မာန် င့် ဟန့်တားလိုက်သည်။

ဇေယျာကျော်ထွန်းကမူ အောင်ကျော်ဇေယျကို ပြုံးပြုံးကြီး ကြည့်ပြီး . . .

"ဘာပဲဖြစ်ဖြစ် ရာဇဌာဏီက ဘိုးဘိုးကြီးနဲ့တော့ ဘွားဘွား ို့မိသားစု တွေ့ဖြစ်အောင်တွေ့ပြီးမှ ဘာမဆိုဆုံးဖြတ်ကြပါ၊ ျွန်တော့်သဘောကတော့ ဘယ်သူတာဝန်ယူယူ မယူယူ ျွန်တော် စစ်တကောင်းက ဘိုးဘိုးဘွားဘွားတို့နဲ့ တိုင်ပင်ပြီး ညဝတီက ဘွားဘွားကြီးတို့မိသားစုတာဝန်ကို ယူပါ့မယ်၊ ခါင်းကွဲစခန်းမှာ ကျန်နေတယ်ဆိုတဲ့ ဘိုးဘိုးကြီးဦးအောင်တိုင် ရောက်လာရင်လဲ ကောင်းကောင်းမွန်မွန် ပြုစုစောင့်ရှောက်ထား းကြဖို့ စခန်းကို ကျွန်တော်မှာထားပေးခဲ့ပါ့မယ်၊ စခန်းတာဝန်ခံ င်္ဂလိပ်ဆရာဝန်နဲ့ ကုလားကွန်ပေါင်ဒါတွေကို ကျွန်တော်ရင်းနှီး

ပါတယ်၊ ဘွားဘွားကြီး တို့မိသားစု ဘာမှ ပူပန်သောက ဖြစ်မ
ကြပါနဲ့၊ ရာဇဌာဏီက ဘိုးဘိုးကြီးကိုလဲ ဘွားဘွားကြီးတို့မိသားစု
ဖလောင်းချိတ်မှာလာခေါ်ဖို့ ခုအပြန်မှာ ကျွန်တော်မှာထား
ပါ့မယ်။ ဧညဝတီက ဘွားဘွားကြီးတို့သာ ရောက်လာကြမှန်းသိရ
ပန်းဝါက အသိဆွေ မျိုးတွေတောင် ဖလောင်းချိတ်က
လိုက်ချင်လိုက်လာ ကြပါလိမ့်မယ်၊ ဘာမှမပူပန်ကြန
တော့"ဟုပြောကာ ဒေါ်ကြာဦးဖြူ တို့မိသားစုကို တစ်ယောက်
နာမည်မေး နှုတ်ဆက်ကာ ဇေယျာကျော်ထွန်း ပြန်သွားသည်။

မြို့ပိုင်ကလေးဆိုသော ဇေယျာကျော်ထွန်း ပြန်သွား
ဒေါ်ကြာဦးဖြူက "ဒါနဲ့ ဒီသူငယ်အဖေ မောင်ပညာကျော်ကကော
ခု ကာလကတ္တားမှာပဲလား"ဟု သူ့တူကိုမေးသည်။ ဆွေမျိုးလူကြီ
တစ်ယောက်က "ခု ပညာကျော် အခုခါ ရာမှာဗျ၊ အရေးပိုင်ကြီ
ဖြစ်နေပြီ"ဟု ဆိုသည်။

အခေါ်ရာမြို့မှာ အင်္ဂလိပ်အရာရှိအရာခံများ နွေရာသီတွ
အပန်းဖြေအနားယူရင်း အပျော်တောပစ်သွားတတ်ကြသော
အိန္ဒိယ တောင်ပေါ်မြို့တစ်မြို့ဖြစ်သည်။

"ဒီသူငယ်က တော်တော် ရည်ရည်မွန်မွန် ရှိတာပ
သူ့အဖေလို စကားမနည်းဘူး"ဟု ဒေါ်ကြာဦးဖြူက ပြောလိုက်ရ
ဦးပညာကျော်အပေါ်တွင် ဘာမကျေမနပ်ဖြစ်နေသည်မသိသေ
ဆွေမျိုးတစ်ယောက်က "ကိုပညာ စကားနည်းတာ ဟီလီတရိုက်
သား တွေအပေါ်မှာပါ၊ သူ့မိန်းမဘက်က ဆွေမျိုးတွေနဲ့ကျတော
အိုးကင်းပူထဲ ပေါက်ပေါက်ထည့်ဖောက်နေသလားတော
ထင်ရတယ် ကြီးကြီး"ဟုဆိုသည်။



နောက်တစ်ယောက်ကလည်း "သူ့မိန်းမဘက်ကအမျိုးတွေ
ကိုတော့ ဂိုက်ထုတ်လို့ရမလားကွ၊ မိန်းမဘက်ကလူတွေက သူ့ထက်
ရာထူးကြီးတဲ့လူတွေချည်းဆိုတော့ သူက ဖော်လံဖားရတာပေါ့၊ သူ
ယ်ပိုင်ဝန်ထောက်တုန်းက ပြဿနာဖြစ်တာ သူ့မိန်းမဘက်က
ဆွေမျိုးတွေ အာဏာရှိနေကြလို့ မပြုတ်တာ၊ အဲဒါကြောင့် သူ့မိန်းမ
ဘက်ကဆွေမျိုးတွေကို ပိုပြီးနှုတ်ခမ်းသကာလူးပြနေရတာပေါ့၊ ငါနဲ့
စ်တခေါက်က ဦးလေးကြာပန်းအိမ်မှာ တစ်ခါတွေ့တာ
တ်ဆက်ဖော်တောင် မရဘူး၊ သူ့မိန်းမကမှ တော်သေးတယ်၊
မင်းစားပြီးမှ ပြန်ပါလားလို့ ပြောဖော်ရသေးတယ်"ဟု
ါ်ကြာဦးဖြူကို တိုင်သလိုပြောသည်။

"မင်းတို့ဖလောင်းချိတ်ပန်းဝါဘက်ကလူတွေကို ကိုပညာ
တ်ဆက်ဖော်မရတာလဲ အပြစ်မဆိုနဲ့ကွ၊ သူက မြို့ပိုင် အရေးပိုင်
ိုတော့ အင်္ဂလိပ်တွေ ကုလားတွေကြားထဲ လူရှိသေရှင်ရှိသေ
နေရတာဟ၊ အဲဒါ မင်းတို့ဟီလီတရိုက်တောင်ပေါ်သားတွေက
တို့အမျိုးပဲဆိုပြီး သူ့ဗျာတာက ဘယ်လူနဲ့တွေ့ချင်လို့လဲ
ါ်ပေးပါ့မယ်၊ ခဏစောင့်ပါဆိုတာတောင် သူ့ဗျာတာကို မင်းတို့
ဟောက်လားဟိန်းလားနဲ့ သူ့အခန်းထဲ သောက်ရမ်းသွားဝင်ကြ
တာ့ မင်းတို့လိုကောင်တွေကို ပညာလန့်တာပေါ့ကွ"

ဤသို့နှင့် ဆွေမျိုးတွေမှာ သူ့အကြောင်း၊ ကိုယ့်အကြောင်း၊
များအကြောင်း အတင်းအဖျင်းတွေပါ အစုံအစေ့ တစ်ယောက်
စ်ပေါက် ဝိုင်းစုပြောနေကြရာ ညနေလေးနာရီကျော်မှာ ဦးဥက္ကာ
ကျော်က ထမင်းစာလာခေါ်မှ စကားပြတ်သွားကြသည်။

× × ×

(ခ)

ဦးသာဦးမောင်အိမ်၌သာ လူပြည့်နေခဲ့သည်မဟုတ် ဦးဥက္ကာကျော်အိမ်သို့ ရောက်လာကြသောအခါမှာလည်း တစ်အိ လုံး မိန်းမယောကျ်ား ကလေးသူငယ်များနှင့် ပြည့်ကြပ်နေသည် တွေ့ရသည်။ ဤအရပ်မှာ ရခိုင်လူမျိုးများ အများဆုံးနေထိုင်ကြ သော ဗုဒ္ဓဘာသာထွန်းကားရာ ဘင်္ဂလားနယ်ဖြစ်သဖြ ဓညဝတီက ရောက်လာကြသော ဒေါ်ကြာဦးဖြူတို့မိသားစု ဒေသရှိ ရခိုင်များ အားလုံးကတွေ့ချင်မြင်ချင်နေကြသည် ဤအရပ်တွင် ကျောင်းကန်ဘုရား စေတီပုထိုးများလည်း အမြော အများရှိသည်။

အိန္ဒိယနိုင်ငံတွင် ထင်ရှားခဲ့သော အာသောကမင်းလ ထက်မတိုင်မီကပင် ဗုဒ္ဓဘာသာအယူဝါဒကို ဒေသခံရခိုင်တို့ သက်ဝင်ယုံကြည်စွာ မိရိုးဖလာ ကိုးကွယ်လာခဲ့ကြသည်မှာ ယခုတို ဖြစ်သည်။ အာသောကမင်းကြီး၏အင်ပါယာထဲ တည်ရှိနေသဖြ လည်း အာသောကမင်းကြီး၏ကူညီထောက်ပံ့မှုရကာ ဗုဒ္ဓသာသ ပိုမိုစည်ကားခဲ့သည်။ ဗုဒ္ဓတရားတော်များသည် ဘီစီ ၂ ရာစုမှစ



စည်ပင်ခဲ့ကြောင်းကို ဆန်ချီ (Sanchi)တွင် ရေးထိုးထား သော ကျောက်စာများအရ သိရသည်။ ဘင်္ဂလားနယ်သို့ ဘုရားဖူးရောက်ခဲ့သော တရုတ်လူမျိုးယွန် ချင်း(Yuan Chwang) ၏မှတ်တမ်းများတွင်လည်း တွေ့ရ သည်။ တရုတ်ဘုရားဖူးဖာဟီယန်(Fa-hein)လည်း အေဒီ ၅ ရာစုတွင် ဘင်္ဂလားနယ်သို့ရောက်ပြီး ထိုအရပ်တွင် နှစ်နှစ်တာမျှ နေထိုင်ကာ သုတ္တန်များ၊ ဘုရားပုထိုးပုံတော်များ ရေးကူးခြင်းများကို ပြုလုပ်ခဲ့သည်။ ထိုပုဂ္ဂိုလ်၏ မှတ်တမ်းအရ အေဒီ ၅၀၆-၅၀၇ တွင် ဂူပတား(Gupta) မင်းများက ဗုဒ္ဓအဘိပါတက သံဃာတော် များအား မြေနေရာများ လှူဒါန်းခဲ့ကြောင်းနှင့် ဗုဒ္ဓ မြတ်စွာဘုရား ဤအရပ်သို့ ကြွရောက်ဖူးကြောင်းကို မှတ်တမ်းတင်ခဲ့လေသည်။

ပါလမင်းများ(Pala) ၈ ရာစုမှ ၁၂ ရာစုလက်ထက်တွင်လည်း ဤအရပ်ဒေသတွင် ဗုဒ္ဓဘာသာ စည်ပင်ရန် အားပေးချီးမြှောက်ခဲ့၏။ (ဗုဒ္ဓဘာသာဝင်တို့နှင့်ပတ်သက်သော ရှေးဟောင်းပစ္စည်းများကို ယခုအခါ ဘင်္ဂလားဒေ့ရှ် ဒက္ကား(Decca)မြို့ပြတိုက်တွင် ထိန်းသိမ်းထားသည်။) စစ်တကောင်းနယ်တွင် ဘုရားကျောင်းကန် ၃၀၀ ခန့်ရှိသည့်အနက်မှ ၂၄၅ ခုမှာ စစ်တကောင်းမြို့တွင်ရှိပြီး ကျန်ဘုရားကျောင်းကန်များမှာ တိပိရ၊ နိုဝါခါလီ၊ ဘာကာဂန့်ဂျ်တို့တွင်တည်ရှိသည်။ စစ်တကောင်းတောင်တန်းဒေသတစ်လျှောက်ရှိ ဗိုလ်မင်းထောင်၊ သက်ထောင်၊ ပိုလန်ထောင်များတွင် ဘုရား ကျောင်းကန်ပေါင်း ၃၂၀ ခန့်ရှိသည်။ (ထောင်)ဆိုသည်မှာ တိုက်နယ်ကြီးများကို ခေါ်သော ရခိုင်စကားဖြစ်သည်။ ခရစ်သက္ကရာဇ် ၁၈၆၈ ခုတွင် ထေရဝါဒဘုန်းတော်ကြီး ရခိုင်ပြည်

သံသရာဇာမေတ္တာ အရှင်ဦးဆောင်သော သာသနာပြုအဖွဲ့တစ်ဖွဲ့သည် ဗုဒ္ဓဘာသာ သန့်စင်စည်ပင်ရေးအတွက် စစ်တကောင်းမြို့သို့ သွားရောက်ခဲ့ဖူး ၏။ ထိုဒေသတွင် နှစ်ပေါင်းသုံးဆယ်ခန့် နေထိုင်သီတင်းသုံးပြီး ဝိဇနကျမ်းများနှင့်အညီ ဗုဒ္ဓဘာသာကို သန့်စင်စေခဲ့သည်။ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော ရခိုင်၊ သက်နှင့် ဘရူးဝါးများ စစ်တကောင်းနယ်တွင် သုံးလေးသိန်းခန့်ရှိခဲ့သည်။ ထို့ကြောင့်လည်း ယခု ဒေါ်ကြာဦးဖြူတို့ ရောက်လေရာတွင် ရခိုင်သူ ရခိုင်သားများက စုရုံးရောက်ရှိနေကြခြင်းဖြစ်လေသည်။ "ဘရူးဝါး"ဆိုသည်မှာ မြန်မာကြီး၊ ဒေသသံနှင့် မရမာကြီးဖြစ်သည်။

ဦးဥက္ကာကျော်တို့မိသားစုက ဒေါ်ကြာဦးဖြူတို့မိသားစုအား ထောပတ်ထမင်း၊ ဆိတ်သားနှပ်၊ ကြက်သားဟင်းဆီပြန်၊ ငါးကင်ချက်၊ ပုစွန်ထုပ်ဟင်းတို့နှင့် ကောင်းမွန်စွာ ကျွေးမွေးပြုစုကြသည်။ ခရီးတစ်လျှောက်လုံး ဤလိုထမင်းကောင်း၊ ဟင်းကောင်းနှင့် ဝေးလာခဲ့သော ထွန်းကျော်လင်းက "စခန်းမှာလဲ ဒီလိုနေ့တိုင်းကျွေးရင် သိပ်ကောင်းမှာပဲ"ဟု နောက်တီနောက်တောက်ပြောသည်ကို ဝိုင်းရယ်ကြပြီး လူကြီးတစ်ယောက်က "အမယ်လေး . . . မပူပါနဲ့ ,မောင်ရာ၊ ဒီနေ့ကစပြီး မောင်တို့ဆွေမျိုးတွေက မောင်တို့မိသားစုကို ဒီလိုဟင်းကောင်း ထမင်းကောင်းနဲ့ နေ့တိုင်းကျွေးကြမှာပါ၊ မောင်တို့မိသားစုသာ ဒီမှာနေဖို့ဆုံးဖြတ်ထားကြပါ"ဟုပြောသဖြင့် ဒေါ်သန္တာဖြူက နေရာတကာ နောက်တီနောက်တောက်ပြောတတ်သော ထွန်းကျော်လင်းကို မျက်စောင်းလှမ်းထိုးရသည်။



ထိုနေ့က ဒေါ်ကြာဦးဖြူတို့မိသားစုသည် ဦးဥက္ကာကျော်အိမ်မှ ညနေစာစားပြီး ခြောက်နာရီခန့်တွင် စခန်းသို့ပြန်ရောက်လာကြသည်။ ထိုညနေတွင် စစ်ပြေးခရီးသည် ၂၅၀ ကျော် ဖလောင်းချိတ်စခန်းသို့ ရောက်လာကြသည်။ အကုန်လုံးဆိုလျှင် ဖလောင်းချိတ်စခန်းတွင် စစ်ပြေးဒုက္ခသည် တစ်ထောင်ကျော်သွားပြီဟုသိရသည်။ ယနေ့ညနေမှရောက်လာကြသော ခရီးသည်များထဲတွင် ခေါင်းကွဲစခန်း၌ကျန်နေခဲ့ရသောဦးအောင်တိုင်ပါ မပါစုံစမ်း မေးမြန်းကြရသည်။ မည်သူ့ကိုမှ စုံစမ်းမေးမြန်း၍မရသောအခါ ဦးအောင်တိုင်တစ်ယောက် ဖလောင်းချိတ်စခန်းသို့ရောက်မှ ရောက်လာပါဦးမလားဟု အိမ်သားများမှာ စိုးရိမ်သောကပိုသွားကြ ရပြန်သည်။

သည်လိုနှင့် နောက်တစ်နေ့မှာ ဆွေမျိုးတစ်ယောက်က ယမင်းစားလာခေါ်မည်ပြောထားသဖြင့် စောင့်နေကြရာ မနေ့က လိုပင် ၁၆ နှစ်အထက်လူကြီးတစ်ယောက် မနက်လက်ဖက်ရည်မုန့်ဖိုး သုံးကျပ်ကျစီကို စခန်းတာဝန်ခံများက ဝေငှပေးကြသည်။ ဆွေမျိုး ဦးရွှေဘိုးရောက်လာသောအခါ ဖလောင်းချိတ်မြို့သို့ လိုက်လာကြ၏။ ယနေ့ထမင်းစားလိုက်လာရသော ဦးရွှေဘိုးအိမ်မှာ စစ်တကောင်း သဘော်ဆိပ်ဘက်တွင်ရှိသဖြင့် အင်္ဂလိပ်တို့၏ စစ်ကားများ၊ သံချပ်ကာကားများကို ပထမဦးဆုံး ထူးထူးဆန်းဆန်း မြင်ဖူးကြသည်။

ဆွေမျိုးရင်းသော ဦးရွှေဘိုးအိမ်ကတစ်ဆင့် နောက်တစ်အိမ်ဖြစ်သော ဦးအောင်စိန်သာတို့အိမ်တွင် ညနေစာစားကာ စခန်းသို့ ပြန်ရန်လုပ်နေကြစဉ် ကမ်းသာမှ ဦးကျော်ခေါင်

ရောက်လာသည်။ သူတို့မိသားစုသည် ကမ်းသာမှ အင်္ဂလိပ်တို့၏အစီအစဉ် အတိုင်း ဒင်နာ့ဂျ်ပူခရီးသည်များနှင့်အတူ လိုက်လာကြရာ လမ်းခရီးတွင် အသေအပျောက်များလွန်းသဖြင့် ဒင်နာ့ဂျ်ပူသို့ ဆက်မလိုက်ရဲ ကြတော့ဘဲ ဖလောင်းချိတ်ရှိ ဆွေမျိုးတစ်ဦးအိမ်တွင် နေရစ်ခဲ့ကြသည်။ ယခုအခါ သူတို့မိသားစုသည် ဆွေမျိုးများအကူအညီနှင့် ဖလောင်းချိတ်ဈေး၌ ဈေးဆိုင်ငယ်လေးတစ်ခုပင် ဖွင့်လှစ်ရောင်းချ နေကြပြီ။ ဖလောင်းချိတ်ကို ရောက်ကတည်းက ဦးအောင်တိုင်တို့ မိသားစုကို ဖလောင်းချိတ်စစ်ပြေးစခန်း၌ ညနေတိုင်းလိုလို လာရှာခဲ့သည်။ သို့သော် တစ်လကျော်သာကြာသွားသော်လည်း ဦးအောင်တိုင်တို့မိသားစုက ပေါ်မလာကြသဖြင့် ကယုချောင်း၊ နီလာစသည် မြို့များရှိ ဆွေမျိုးများဆီတွင် စစ်ခိုလှုံနေကြပြီအထင်နှင့် ဆက်မရှာကြတော့ကြောင်း၊ ယနေ့ဦးအောင်စိန်သာတို့အိမ်တွင် ခညဝတီဘက်ကဆွေမျိုးများရောက်လာ၍ ထမင်းကျွေးနေကြောင်းသိရသဖြင့် သတင်းမေးရန်လာကြည့်သဖြင့်သာ တွေ့ကြရကြောင်းကို ဦးကျော်ခေါင်က ဒေါ်ကြာဦးဖြူတို့မိသားစုအားပြောပြသည်။

ထွန်းကျော်လင်းက အောင်ကျော်ဦးကိုမေးရာ စစ်တကောင်းတွင်ရှိသော ဆွေမျိုးတစ်ဦးဆီ လွှတ်ထားသည်။ စစ်တကောင်းရှိ သူတို့ဆွေမျိုးမှာ ကုန်သည်ကြီးဖြစ်သဖြင့် မည်သည့်ကုန်များ အရောင်းအဝယ်လုပ်လျှင် ကောင်းမည်ဆိုသည်ကို အောင်ကျော်ဦးအား အကြံဉာဏ်တောင်းလွှတ်ထားသည်ဟုဆိုသည်။ ဦးအောင်တိုင်ကို မမြင်မိသဖြင့် ဦးကျော်ခေါင်က မေးရာ ခေါင်းကွဲစခန်းတွင် ဖျားနာ၍ကျန်နေခဲ့ရကြောင်း မိသားစုများက ဝမ်းနည်း



ပက်လက်ပြောပြကြရသည်။ ဦးကျော်ခေါင်က သူတို့လာခဲ့စဉ်ကလည်း ခေါင်းကွဲစခန်းတွင် ဝမ်းလျှောရောဂါနှင့် လူနှစ်ဆယ်ကျော်သေကျန်ခဲ့ကြသည်ကို ပြောမည်လုပ်ပြီးခါမှ ဦးသင်္ဂါကျော်တို့မိသားစု ဦးအောင်တိုင်အတွက် စိုးရိမ်သောက ပိုများသွားကြမည်စိုး၍ စကားတစ်ပိုင်းတစ်စနှင့် ရပ်ပစ်လိုက်ရသည်။

ထို့နောက် ဦးကျော်ခေါင်က မနက်ဖြန်ညနေတွင် သူတို့အိမ်၌ ထမင်းလာစားကြရန်ဖိတ်သည်။ ဤသည်ကို ဒေါ်ကြာဦးဖြူက "မင်းတို့မိသားစုလဲ လောလောဆယ် သူများအိမ်ကပ်နေရတာ၊ အားနာစရာကွယ် လာမစားပါရစေနဲ့၊ မင်းတို့ငါတို့က ဖလောင်းချိတ်မှာ ဧည့်သည်ချည်းပဲ၊ အားနာစရာကြီး နေပါစေ၊ မင်းတို့မိသားစု အခုလိုအတည်တကျတောင်ဖြစ်နေကြပြီဆိုတာ မြင်ရကြားရလို့ ကြီးကြီးတို့ ဝမ်းသာလှပါပြီ"ဟုပြောပြီး ငြင်းသည်။

ဤသည်ကို ဦးကျော်ခေါင်က "ဟာဗျာ . . . ကြီးကြီးကလဲ၊ မဟုတ်တာ၊ ကမ်းသာက ကြီးကြီးတို့ ကျွန်တော်တို့ ဖလောင်းချိတ်မှာ ဧည့်သည်ဆိုပေမယ့် ကျွန်တော်တို့က အရင်ရောက်တော့ အိမ်ရှင်မြို့ခံလိုဖြစ်နေပါပြီ၊ ကိုယ့်အရပ် ကိုယ့်မြို့က ရခိုင်ဆိုလို့လဲ ဖလောင်းချိတ်မှာ ကြီးကြီးတို့ကျွန်တော်တို့မိသားစုလောက် ရင်းနှီးကြသူတွေမှ မရှိတာ၊ ပြီးတော့ မိသားစုတွေတွေ့ပြီး စကားစမြည်လဲ ပြောကြရတာပေါ့၊ မနက်ဖြန်ခါညနေကို ကျွန်တော်ဆက်ဆက်လာခေါ်ပါ့မယ်၊ ဖလောင်းချိတ်မြို့ခံ ရွှေအိမ်တို့အမျိုးတွေက သိပ်ကိုကောင်းကြပါတယ်၊ အိမ်ကလဲ အကျယ်ကြီးပါ၊ ဘာမှ အားနာစရာမရှိဘူး"ဟု မငြင်းသာအောင်ပြောသည်။

"ဒါနဲ့ ကိုကျော်ခေါင်ရယ်၊ အကျွန်တို့မြစ်နားသူကြီးပိုင်းက

ကိုကျော်မြတို့မိသားစုကိုကော ဖလောင်းချိတ်မှာ မတွေ့မိလိုက်ဘူးလား"

ဒေါ်သန္တာဖြူက တစ်လမ်းလုံး တဖွဖွသံယောဇဉ်စကားဆိုလာသော ဦးကျော်မြတို့မိသားစုကိုမေးသည်။

"ကိုကျော်မြတို့မိသားစုက ကျွန်တော်တို့ဖလောင်းချိတ်ရောက်ပြီး သိပ်မကြာခင်မှာ စစ်ပြေးတွေနဲ့အတူ ဖလောင်းချိတ်စခန်းကို ရောက်လာကြပါတယ်၊ သူတို့မိသားစုကိုမေးတော့ သန္တာတို့နဲ့ သဘော်ဆိပ်မှာ လူချင်းကွဲသွားကြပြီး ဘယ်သဘော်ခေါက်နဲ့ ဘယ်ကိုပါသွားကြမှန်းတောင် မသိလိုက်ဘူးလို့ ပြောသွားတယ်၊ အဲဒါကြောင့် သန္တာတို့ကို ကျွန်တော်က ကယုချောင်း နီလာတစ်မြို့မြို့မှာ နေနေကြပြီလို့ ထင်နေလိုက်တာကိုး"

"ဩော် . . . ဟုတ် . . ဟုတ်ကဲ့၊ ဒါနဲ့ သူတို့က ခု ဖလောင်းချိတ်မှာလား"

"ကိုကျော်မြနဲ့စောလှဦးတို့ကို ကျွန်တော်က စခန်းတွေမှာဒီလောက်လူသေလူပျောက်များနေတာ ခင်ဗျားတို့ ဒင်နာ့ဂျ်ပူထိလိုက်ကြမလို့လားမေးတော့ ဖလောင်းချိတ်မှာ သူတို့ရင်းတဲ့ အမျိုးတွေမရှိလို့ စစ်တကောင်းထိတော့လိုက်သွားမယ်၊ စစ်တကောင်းမှာသူ့ဦးလေးတစ်ယောက်ရှိတော့ စစ်တကောင်းရောက်မှ ဒင်နာ့ဂျ်ပူလိုက်ရေး မလိုက်ရေးကို သူ့ဦးလေးနဲ့တိုင်ပင်ပြီး ဆုံးဖြတ်ရမယ်လို့ ပြောသွားတယ်၊ အဲဒီတုန်းက လူကလဲများ၊ ကမ်းသာတစ်မြို့လုံး တစ်နယ်လုံးကလူတွေချည်းဆိုတော့ စကားတောင်ကောင်းကောင်းမပြောလိုက်ရပါဘူးဗျာ၊ သူတို့ဖလောင်းချိတ်ရောက်ပြီး နောက်တစ်ရက်မှာပဲ စစ်တကောင်းသဘော်ကလဲ အဆင်သင့်ရှိနေတော့ လိုက်



သွားကြလေရဲ့"

ဦးကျော်ခေါင်စကားကို ကြားရသောအခါ ဒေါ်သန္တာဖြူတို့မိသားစုမှာ မသိမသာ သက်မကိုယ်စီသာ ချမိလိုက်ကြသည်။

"လမ်းခရီးမှာတော့ သူတို့ ကျန်းကျန်းမာမာပဲ မဟုတ်လား"

"ကျန်းကျန်းမာမာပါပဲ၊ ကျွန်တော်အိမ်ရောက်လို့ ပြောပြတော့ သူတို့ကတောင် မြသက်စောကိုမေးကြသေးတယ်၊ စစ်တကောင်းသဘော်ပါတ်ကလဲရှိနေတော့ ကျွန်တော်လဲ ဘာမှမစီစဉ်လိုက်နိုင်ဘူး၊ သူတို့ကလဲ စစ်တကောင်းမှာမှ ဆွေရင်းမျိုးရင်းတွေရှိနေကြတော့ စစ်တကောင်းကိုပဲ မြန်မြန်ရောက်ချင်နေကြတာကိုး"

ဦးအောင်စိန်သာတို့အိမ်မှ ညနေစာထမင်းစားပြီး စကားတပြောပြောနှင့် လျှောက်လာကြရာ စစ်ပြေးစခန်းခရီးတစ်ဝက်လောက် အရောက်မှာ ဦးကျော်ခေါင် မြို့ဘက်သို့ လူချင်းခွဲ ပြန်သွားသည်။

ဦးကျော်ခေါင်ကွယ်သည်နှင့် ဒေါ်ကြာဦးဖြူက "စကားကတော့ ငဲ့ဦးသမက် မပြောရဘူး ကောင်းလိုက်တာ ရေပက်မဝင်"ဟုဆိုသည်။ ဒေါ်သန္တာဖြူကတော့ ဖလောင်းချိတ်တွင် ဆွေမျိုးအရင်းအချာမရှိသဖြင့် စစ်တကောင်းကို လိုက်သွားရသည်ဆိုသော ဦးကျော်မြ ဒေါ်စောလှဦး မြသက်စောတို့အတွက် စိတ်မကောင်းဖြစ်လာပုံရသည်။

သူတို့မိသားစု စခန်းပြန်ရောက်ကြပြီး မကြာခင်မှာပင် ဖလောင်းချိတ်စစ်ပြေးစခန်းထဲ နောက်ထပ်ခရီးသည်နှစ်ရာကျော်ရောက်လာကြပြန်သည်။ ထိုအထဲတွင် ခေါင်းကွဲစခန်းတွင် ကျန်နေခဲ့ရသော ဦးအောင်တိုင်လည်း မားမားမားမားနှင့်

အထုပ်အပိုးထမ်းကာ ပါလာသည်ကို တွေ့ရသောအခါ မိသားစုအားလုံးမှာ ဝမ်းသာမဆုံးဖြစ်သွားကြသည်။ သဇင်ဖြူနှင့် ထွန်းကျော်လင်းတို့မောင်နှမက သူ့အဘိုးကို ပြေးဖက်ကြပြီး "ဘိုးဘိုးကလဲဗျာ ဒီအထုပ်တွေကို ငသံထီးကို ဘာလို့မထမ်းခိုင်းလဲ"ဟု သူ့အဘိုးကိုယ်ပေါ်က အထုပ်အပိုးတွေကို လုယူဆွဲချရင်း ပြောကြသည်။

မိသားစုကိုတွေ့ရသဖြင့် ဦးအောင်တိုင်မှာလည်း ဝမ်းသာလုံးဆို့ကာ ချက်ချင်းပင် စကားမပြောနိုင်သေးဘဲ တစ်ယောက်စီ၏ မျက်နှာတွေကိုသာ လိုက်ကြည့်ကာ ပြုံးဖြဲဖြဲကြီးဖြစ်နေ၏။

နောက်မှ . . .

"ဘိုးဘိုး ကျောက်ချောင်းစခန်းကိုရောက်တော့ ဝမ်းလျှောဝမ်းပျက်လို့ လူတွေသေကြတယ်ကြားတာနဲ့ မြေးတို့အတွက် ဘိုးဘိုး စိုးရိမ်လိုက်တာ၊ စခန်းတာဝန်ခံကုလားတွေကို မေးတော့လဲ သေတဲ့လူနာမည်တွေကိုတောင် ကောင်းကောင်းမပြောချင်ကြတာနဲ့ ခွေးမသားတွေကို ဘိုးဘိုးဟောက်ထားခဲ့သေးတယ်"ဟု ရယ်ရယ်မောမောပြောသည်။ ဦးအောင်တိုင်မှာ ကျန်းကျန်းမာမာနှင့် ရွှင်ရွှင်ပျပျ တက်တက်ကြွကြွဖြစ်လာသည်ကို မြင်ကြရ၍ မိသားစုအားလုံး ဝမ်းသာသွားကြသလို ဖလောင်းချိတ်ဟွင်လည်း ဆွေမျိုးတွေနှင့် တွေ့ကြရပြီးဖြစ်ကြောင်း ဦးအောင်တိုင်အား ဖလောင်းချိတ်မှဆွေမျိုးများ အလွန်ကောင်း၊ အလွန်အားကိုးရကြောင်း ဝိုင်းပြောကြသောအခါ ဦးအောင်တိုင်မှာလည်း ဝမ်းသာအားရဖြစ်သွားသည်။

ထို့နောက် ငသံထီးကို သတိရ၍ မေးကြရာ ခေါင်းကွဲစခန်း



သို့ ရိက္ခာလာသွင်းသော ကံထရိုက်တစ်ဦးက သူ့အစ်ကိုအရင်းဖြစ်ကြောင်းပြောပြီး ခေါ်သွားသည်ဟုဆိုသည်။ ငသံထီးမှာ ကမ်းသာက လူများ ပြောကြသလို ဆွေကြီးမျိုးကြီးထဲကလည်းဖြစ်ကြောင်း ီးအောင်တိုင်က သူတို့မိသားစုကို ပြောပြသည်။

သည်လိုနှင့် ဦးအောင်တိုင်လည်းရောက်လာပြီးဖြစ်ရာ ိသားစုစုံပြီဖြစ်သဖြင့် ဖလောင်းချိတ်စစ်ပြေးစခန်းမှ ဆွေမျိုးရင်း သော မြို့ထဲရှိ ဦးသာဦးမောင်တို့အိမ်သို့ နောက်တစ်နေ့မှာ ပြောင်းရွှေ့လာကြသည်။ သူတို့မိသားစုမှာ ထိုသို့မပြောင်း၍လည်း ဖြစ်တော့ပေ။ သူတို့မိသားစု စခန်း၌ ဆက်နေကြလျှင် နောက် စ်နေ့ ရောက်လာမည့် သင်္ဘောနှင့်ခရီးသည်များကို အင်္ဂလိပ် စိုးရက ဒင်နာ့ဂျ်ပူပို့ရန် စစ်တကောင်းသို့ တင်ခေါ်တော့မည် စ်သည်။

ဦးသာဦးမောင်တို့အိမ်တွင် ဦးအောင်တိုင်တို့မိသားစု ည်းခိုနေကြသည်ဆိုသော်လည်း ညအိပ်ရုံသာ။ ညမနက်ထမင်း င်းကိုမူ ဟိုအိမ်သည်အိမ်မှ ဆွေမျိုးများက ဖိတ်ကျွေးနေကြသဖြင့် ိမ်ရှင်မှာလည်း တာဝန်ပေါ့သည်။ ဖလောင်းချိတ်ရှိ ရခိုင်များမှာ ဆွေမျိုးများသာမဟုတ် ဆွေမတော် မျိုးမစပ်သော ရခိုင်များ လည်း ဦးသာဦးမောင်တို့နှင့် ပတ်သက်ရာပတ်သက်ကြောင်း နေ၍ ထမင်းစား အတင်းလာခေါ်နေကြရာ ဆွေမျိုးများနှင့် သူ ရင်ကျွေးမည် ငါအရင်ကျွေးမည်နှင့် လုနေကြသည်။

ဆွေမျိုးမဟုတ်သောရခိုင်များက "ခင်ဗျားတို့က ဆွေမျိုးပဲ ယ်အချိန်ကျွေးကျွေး ရပါတယ်၊ ခုတော့ ကျုပ်တို့ကို ဦးစားပေးရ ပ"ဟုပြောပြီး အတင်းလာခေါ်နေကြသည်ကို ဦးအောင်တိုင်တို့

မိသားစုမှာ အားနာမဆုံးဖြစ်နေကြသည်။

သည်လိုနှင့် ဖလောင်းချိတ်တွင် ကိုးရက်ခန့်နေကြပြီး ရာဇဌာဏီက ဦးကြာပန်းအောင်၏သား ဦးလှထွန်းအောင်ကားနှင့် လာခေါ်သဖြင့် ရာဇဌာဏီသို့ ဦးအောင်တိုင်တို့မိသားစု လိုက်ပါလာ ကြရလေသည်။

× × ×



(န)

ဖလောင်းချိတ်နှင့် ရာဇဌာဏီသွားကားလမ်းမှာ ကတ္တရာလမ်းမဟုတ်သဖြင့် လမ်းကြမ်းသည်။ ကားခေါင်းပိုင်းတွင် ကားမောင်းသူ ဦးလှထွန်းအောင်နှင့်အတူစီးလာကြသော ဦးအောင်တိုင်ဒေါ်ကြာဦးဖြူတို့ဆီမှ ဘာသံမှမကြားရသော်လည်း ဒေါ်သန္တာဖြူတို့ သမီးအမိနှစ်ယောက်ကမူ ကားဆောင့်လိုက်တိုင်း ဘုရား အနိစ္စရွတ်လာကြသည်။ ထွန်းလင်းကျော်က ကားဆောင့်လိုက်တိုင်း သူ့အဖေကိုဖက်ပြီး “ပါပါ ဆင်မယိမ်းလိုက်၊ ယိမ်းလိုက်”ဟု နောက်ပြောင်လာ၏။

ကားသည် တောင်ကုန်းများ၊ လယ်ကွင်းများ၊ ဥယျာဉ်ခြံမြေများကို ဖြတ်ကျော်လာသည်။ ညက မိုးရွာသွားသဖြင့် လယ်ကွင်းများသည် မြကမ္ဗလာခြုံထည်အပြည့်နှင့် ငြိမ်သက်နေကြသည်။ လယ်ကွင်းထဲတွင် ဖူးပွင့်နေကြသော စပါးပင်များကို မြင်ရသောအခါ သူတို့မိသားစုမှာ မိမိတို့ကမ်းသာက လယ်ယာဥယျာဉ်များကို သတိရလာကြသည်။

ဖလောင်းချိတ်နှင့်ရာဇဌာဏီမှာ ဆယ်မိုင်ကျော်သာဝေးသော်လည်း တောင်တက်၊ တောင်ဆင်းနှင့် ချောင်းငယ်၊

မြောင်းငယ်များကို ဖြတ်သွားရသဖြင့် ရောက်ခဲလှသည်။ မန်းဝါ၌ ချက်မြှုပ် မွေးဖွားခဲ့သူ ဒေါ်ကြာဦးဖြူက မိမိမွေးရပ်မြေကို ငေးကြည့်ကာ တိတ်တိတ်ဆိတ်ဆိတ်လိုက်ပါလာသည်။ ဦးအောင်တိုင် ဦးသင်္ဂါကျော် ဒေါ်သန္တာဖြူတို့မှာ ဤအရပ်ကို ယခင်ကလည်း သုံးနှစ်တစ်ခါ လေးနှစ်တစ်ခါ ရောက်ဖူးထားကြသူတွေမို့ ဤမြေဤဒေသသည် အစိမ်းကြီးမဟုတ်ပေ။ သူ့အဖိုးကြီးနှင့် သူ့အဖိုးမကြီးတို့ရှိစဉ်က မိဘများနှင့်အတူ သုံးလေးခါ ရောက်ဖူးထားကြသော်လည်း ဓညဝတီတွင် မွေးဖွားလာသော ထွန်းကျော်လင်းတို့မောင်နှမ အတွက်မှာမူ ဤအရပ် ဤဒေသသည် ခပ်စိမ်းစိမ်းပင်။

မနက်ခုနစ်နာရီကပင် ဖလောင်းချိတ်မှထွက်လာသောကားသည် နေမွန်းတိမ်းမှ ရဇပါရာ(မင်းရွာ)ကို ဝင်လာသည်။ နွားလှည်းများ၊ မြင်းလှည်း၊ မြင်းဂါရီများကို ရှောင်နေရ၍ ကားကအသွားနှုန်း ပိုနှေးသွားသည်။ ဆေးဝါ၊ ဆေးနီ၊ ဆေးပြာများသုတ်လိမ်းထားသော အုတ်စိမ်းကာအိမ်တချို့နှင့် မြေစိုက်တဲ အုတ်စိမ်းကပ်အိမ်များကို ကားလမ်းဘေးနှစ်ဘက်တွင် ဟိုသုံးလေးအိမ်စု သည်သုံးလေးအိမ်စု မြင်လာရသည်။ ရဇပါရာမှာ အိမ်ခြေလေးငါးရာရှိသော်လည်း လယ်ကူလီ၊ ယာကူလီများသဖြင့် သက်ငယ်မိုးအိမ်တွေသာများသည်။ ရွာမှာလည်း စနစ်တကျတည်ထားသောရွာ မဟုတ်သဖြင့် ဟိုတစ်စု သည်တစ်စုနှင့် အမြင်မလှဘဲ ကျိုးတိုးကျဲတဲဖြစ်နေသည်။

ဦးကြာပန်းအောင်၏အိမ်မှာ ရဇပါရာ(မင်းရွာ)မြောက်ဘက်တွင်ရှိ၏။ စမ်းချောင်းတစ်ခုကို ဖြတ်ထိုးထားသော သစ်သားတံတားကြီးတစ်ခုကို ဖြတ်ကျော်လာရ၏။ ကားဟွန်းသံကြောင့်



မြင်းလှည်း၊ နွားလှည်းများက တစ်ဘက်တံတားထိပ်တွင် ရပ်စောင့်နေကြသည်။ "ဓညဝတီက ဆွေမျိုးတွေကို သွားခေါ်တယ် ထင်တယ်" ဟု လှည်းပေါ်က နှုတ်ဆက်သော လူကြီးတစ်ယောက်ကို ဦးလှထွန်းအောင်က ခေါင်းညိတ်ပြတားခဲ့သည်။ ထိုသူက "ဆွေမျိုးတွေပါလာကြပလား" ဟု ထပ်မေးသော်လည်း ဦးအောင်တိုင်တို့မိသားစုကားက လွန်သွားပြီဖြစ်သဖြင့် တံတားထိပ်တွင် ငေးကျန်နေရစ်ခဲ့သည်။

"စောစောက နှုတ်ဆက်တဲ့လူကြီးက ဘွားဘွားတို့အမျိုးတွေလား ပါပါ"

ထွန်းကျော်လင်းက ဦးသင်္ဂါကျော်အား မေး၏။

"ဟုတ်မှာပေါ့ကွာ"

"ဟင် -- ဘွားဘွားတို့ အမျိုးတွေကလည်း ကုလားတွေနဲ့ တူလိုက်တာနော်"

"ဟ ကုလားပြည်နေတာပဲ ကုလားနဲ့တူမှာပေါ့"

"မတူပါဘူးနော်၊ အသားလည်း ဖြူဝင်းနေတာပဲ နှုတ်ခမ်းမွေးနဲ့မို့ပါ"

သူဇာဖြူက ဝင်ပြောသည်ကို ထွန်းကျော်လင်းက

"တူပါတယ်ဟာ၊ နင်က နင့်အဘွားအမျိုးတွေဆို ကာကွယ်နေပြန်ပြီ၊ စောစောက နင်တို့အဘွားအမျိုးကလည်း ကုလားရုပ်ပဲ"

"ဟယ် . . ဒီကလေးတွေ၊ ပေါက်ကရ သိပ်စကားများတာပဲ"

ဒေါ်သန္တာဖြူက အော်လိုက်သဖြင့် ထွန်းကျော်လင်းတို့မောင်နှမ ခဏနှုတ်ဆိတ်သွားကြသည်။

တံတားလွန်ပြီး မကြာခင်မှာပင် နောက်ချေးပုံ၊ အုတ်စိမ်း

ကာ အိမ်စုတစ်စုသို့ ရောက်လာကြသည်။ နွားချေးတွေက လမ်းဘေးတွင် စုပုံထားကြသဖြင့် ထွန်းကျော်လင်းက နှာခေါင်းက လက်နှင့်ပိတ်ပြီး "နွားချေးစော်နံတယ်" ဟု ဆိုသည်။ မြေစိုက် တဲအိမ်တွေမှာလည်း နွားချေးတွေနှင့် အပြင်ကလူးမံထားသည်ကို တွေ့ရသည်။

"ဒီအိမ်စုက ဘိုးဘိုးကြီးတို့ လယ်ကူလီစုတဲ့၊ မိဖြူ နင်မှတ်ထားနော် ရာဇဌာဏီမှာနေရင် ဒီအစုက ကုလားမတွေ နင့်ကို ထောပတ်ထမင်းချက်ကျွေးကြမှာ၊ သူတို့မှာ နွားတွေအများကြီးရှိတယ်။ ထောပတ်ကောင်းကောင်းတွေလည်း လုပ်တတ်ကြတယ်၊ တို့လယ်တောက မူနာရဇီတို့ထက်တောင် ထောပတ်ချက်တော်တယ်၊ ထောပတ်အကြောင်းပြောတာနဲ့ ထမင်းတောင်ဆာလာပြီ"

သူ့အစ်ကိုက ထမင်းဆာလာပြီး ဆိုသဖြင့် သဇင်ဖြူက "ဘယ်နှစ်နာရီရှိပလဲ" ဟုမေး၏။ ထွန်းကျော်လင်းက လက်မှနာရီကို မြှောက်ပြပြီး "ဆယ့်နှစ်နာရီကျော်ပြီ" ဟုပြောသည်။

"ကိုယ် ပြောတာနဲ့ အကျွန်လည်း ထမင်းဆာလာပြီ"

"မပူပါနဲ့ နင်ဒီမှာ ကြာကြာနေရရင် နင့်ကိုယ်ကပါ ထောပတ်နံ့ နံလာလိမ့်မယ်"

"မွှေးလာလိမ့်မယ် ပြောစမ်းပါ"

"ထပ်ထရီး၊ ဘယ်ကလာမွှေးမှာလဲ၊ ကြာတော့ ငါ့နှာခေါင်းထဲ နံလာတယ်ဟ၊ အဖိုးကြီးတို့အိမ်က မနက်တိုင်း ခိုစာကျွေးကျွေးနေတဲ့ ဗိုက်ရွဲရွဲနှင့် မဲတူးမကြီး နင်မှတ်မိလား"

"မှတ်မိပါတယ်၊ ကိုယ်တို့ သဇင်တို့ကို သူက သိပ်ချစ်တာ၊



က်ဖက်နမ်းတတ်တာလေ"

"အေး . . ငါက သူ့အနမ်းမခံနိုင်လို့ ထွက်ထွက်ပြေးရသေးယ်ဟ"

"ဟုတ်တယ်၊ သူက လိုက်ဖမ်း၊ ကိုယ်က ပြေးနဲ့လေ"

"ဒါကို အဖိုးမကြီးက ပြောတယ်၊ သူတို့က သက်သက်လွတ်စားတာ့ သူတို့ကိုယ်ကထွက်တဲ့ ချွေးနံ့တွေဟာလည်း ထောပတ်နံ့ န်ညှင်းဆီနံ့ပဲ မွှေးတယ်တဲ့၊ ပဲနဲ့ဟင်းသီးဟင်းရွက်ထောပတ်ဒိန်ခဲ တွက လွဲရင် အင်ဆိုတာလည်း ဆားတစ်ခုထဲပဲ စားတော့ စာထဲ တွ့ဖူးတဲ့ ကုလားမတွေ ခံတွင်းက ကြာညိုနံ့သင်းတယ်ဆိုတာ တော့ ထောပတ်နံ့ မုန်ညှင်းဆီနံ့ နံတာကိုပြောတယ်ထင်တာပဲ၊ ဖွိ . . "

မိဘဘိုးဘွားများမှာ စစ်ပြေးလာကြရသဖြင့် ဤအရပ်ဤ သတွင် မည်သို့မည်ပုံ နေထိုင်စားသောက်ကြမည်ကို တွေးပြီး သံ တိတ်ပူပုန်လာကြရသော်လည်း ပျိုရွယ်နုနယ်ကြသေးသော န်းကျော်လင်းတို့ မောင်နှမနှစ်ယောက်မှာမူ လူငယ်တို့၏အနာ က်မဲ့ ပျော်ရွှင်ခြင်းနှင့် ကားပေါ်တွင် စကားများပြီး လိုက်လာ ကြသည်။

အမှန်က သူတို့မောင်နှမမှာ ဤလမ်းဤခရီးကို ရောက်မှ ပြီးရင်းနှီးလာကြသည်။ မိမိမြို့ကမ်းသာတွင် နေ့ခဲ့ကြစဉ်ကမူ မြို့၊ တစ်ပြည်တွင် ကျောင်းသွားနေကြသော အစ်ကိုနှစ်ယောက် လည်း အိမ်တွင်အစဉ်အမြဲ မရှိတတ်ရာ မေးထူးခေါ်ပြော စိမ်းစိမ်းသာ ရှိနေခဲ့၏။ ယခု စစ်ပြေးကြရတော့ ရွယ်တူအဖော် လော် ပြောဆို တိုင်ပင်စရာမှာလည်း ဤမောင်နှမ နှစ်ယောက်

သာပါသဖြင့် လမ်းခရီးမှာ သူငယ်ချင်းတွေလို ဖြစ်လာကြသည်။

"အသင်တို့ ငယ်ငယ်က ဘိုးဘိုးကြီးတို့အိမ်ကို တို့လာလည်ကြတယ်ကြားတိုင်း နွားနို့နဲ့ထောပတ်တွေ လာပို့ကြတာလဲ၊ ဒီအစကပဲတဲ့ မိဖြူ နင် မှတ်မိလား"

သူ့နှမငယ်ကို ထွန်းကျော်လင်းက သတိတရမေးနေပြန်သည်။

"မှတ်မိပါတယ်၊ အဲဒီတုန်းက ကုလားမလေးတစ်ယောက်ကတောင် ကိုယ်ကို လျှာထုတ်ပြသွားသေးတယ်ဆို၊ ခစ် . . ခစ်"

"ဟင် . . ခွေးမ၊ ဒါကျတော့ မှတ်မိတာယ်၊ ငါက သူ့ကိုနောက်မိလို့ပါဟာ၊ ဟဲ . . ဟဲ"

"ကုလားပြည်မှာ ဇာတ်မတူတဲ့လူတွေကို မနောက်ရဘူး အရောမဝင်ရဘူးလို့ အဲဒီတုန်းက ဘွားဘွားကြီးတောင် ကိုယ်ကို ဆူသေးတယ် မဟုတ်လား"

"အေး . . ကိုယ်၊ ရာဇဌာဏီရောက်ရင် နင်လူတကာနဲ့ သိပ်မရောရဘူးနော်၊ နင်အဲဒါ ကြပ်ကြပ်သတိထား၊ ဟိုတုန်းက အဲ သလို လူတကာနဲ့ ပေါးလား၊ ဝါးလားနေတာကို အဖိုးကြီး အဖိုးမကြီးတို့က မကြိုက်သလို ခုလည်း ဘိုးဘိုးဘွားဘွားကြီးတို့က မကြိုက်ဘူးနော်၊ သူများရပ်ရွာမှာ နေတယ်ဆိုတာ အနေအထိုင် ဆင်ခြင်ရတယ်သား၊ ကိုယ့်မြို့ကိုယ့်ရွာ မဟုတ်ဘူးကြားလား"

"ဟုတ်ကဲ့ပါ မေမေရာ"

ထွန်းကျော်လင်းက သူ့ဘိုးဘိုးကြီး ဦးကြာပန်းအောင်တို့ အိမ်ကြီးဘက် ငေးကြည့်၍ပြန်ပြောလိုက်၏။

ဤအိမ်ကြီးတွင် သူ့အဘွား၏အမေအဖေ၊ သူ၏အဖိုးကြီး အဖိုးမကြီးတို့ ရှိခဲ့စဉ်က အလည်ရောက်ဖူးခဲ့ကြသည်ကို သတိရ



သည်။ ထိုစဉ်က သူတို့မိသားစုသည် စိန်မြောင်ဘုရားပွဲလာရင်း အဖိုးကြီး အဖိုးမကြီးတို့ကို ဝင်ကန်တော့ကြခြင်း ဖြစ်သည်။

မကြာခင်မှာပင် "တိပိရ" တောင်ကျောအဆုံးက ဘိုးဘိုး ဘွားဘွားတို့ သားစဉ်မြေးဆက် နေလာခဲ့ကြသော တိုက်အိမ်ကြီးကို ကုန်းမို့မို့ထက်တွင် မြင်လိုက်ရသည်။ တိုက်ကြီးမှာ လယ်ကွင်းနှင့် တောင်ကျောအဆုံးက ကုန်ခင်ဥယျာဉ်ကြီးထဲတွင် တည်ရှိသည်။ တိုက်ကြီးဝန်းကျင်တွင် အုတ်စိမ်းကပ်အုတ်စိမ်းကာ တဲအိမ်များ၊ နောက်ချေးပုံ မြေစိုက်တဲများနှင့် နွားရုံ၊ မြင်းစောင်းများကိုလည်း မြင်နေရသည်။ တိပိရတောင်ကျော၏အရှေ့ဘက်ခြမ်းတွင်မူ ဥယျာဉ် ခြံမြေတို့က မျက်စိတဆုံး မိုးတစ်ဆုံး ရှိနေသည်။ ရာသီဥတုသာယာသော မိုးနှောင်းကာလဖြစ်သဖြင့် တောတောင် ရေမြေအားလုံး နေရောင်ခြည်ထဲတွင် တောက်ပနေကြသည်။ အာသံ မဏိပူရဘက်ရှိ ဟိမဝတ တိပိရ ဟီလီတရိုက်တောင်ဘက်များမှာမူ မြူတွေဝေဖြန့်ကာ လွှမ်းမောဖွယ်ရာ ဖြစ်နေသည်။ အမှန်က ယခုလို စစ်ပြေးကာလစစ်ပြေးများ သာမဟုတ်ပါက ဤအရပ်သည် ဆွတ်ပျံ့ဖွယ်ရာသာ။

အုတ်တံတိုင်း ပတ်လည်ကာထားသော အဝင်တံခါးဝတွင် ကားရပ်လိုက်သည်။ ကုလားကြီးတစ်ယောက်က ဓားကောက်ကြီး ချိတ်ပြီး သံတံခါးမကြီးကို လာဖွင့်ပေး၏။ တိုက်ကြီးရှေ့ မရောက်ခင်ကပင် တိုက်ဝတွင် လူတွေစုရုံးနေကြသည်။ ကြားသမျှ သိသမျှ ဆွေမျိုးအကုန် လာကြိုစောင့်နေကြသည်။

ထွန်းကျော်လင်းတို့အဘွား ဒေါ်ကြာဦးဖြူ ကားပေါ်က အဦးအရင်ဆုံး ဆင်းသည်။ ဒေါ်ကြာဦးဖြူကို ဝိုင်းဖက်ကြ၊ ငိုကြ၊

ရှိုက်ကြ၊ ပြောကြ၊ ဆိုကြနှင့် ခဏခြင်း တစ်ဝင်းလုံး ဆူညံသွားသည်။

အိမ်ပေါ်ရောက်ကြသောအခါ ဖျားနေသော ဦးကြာပန်းအောင် အခန်းထဲက ထွက်လာသည်။ မျက်စိနှစ်ဖက်စလုံးတွင် မျက်ရေတွေ အပြည့်နှင့်။ သူ့နှမငယ်တို့ မိသားစုကို ရီဝေသော မျက်လုံးအစုံနှင့် စိုက်ကြည့်ကာ --

"ဧည့ဝတီဘက်က မကောင်းသတင်းတွေကြားရတော့ ငါ့နှမနဲ့တွေ့တောင် တွေ့ရဦးမလားလို့ အားလုံးအမျိုးတွေက စိတ်ပူနေကြတာ၊ ခုတော့ မသေလို့ တွေ့ကြရပြီ၊ ငါ ဖလောင်းချိတ်ကို ဆင်းဆင်းကြိုနေတာ တစ်လနှစ်လရှိသွားပြီ ကြာဦး . .၊ ဒီအချိန်ကျမှ နင်တို့ ရောက်လာကြလိမ့်မယ်လို့ ဘယ်ဘူမှ မထင်ပုံကြတော့ဘူး၊ လိုရ မည်ရဆိုသလိုသာ ဖလောင်းချိတ်က ယောက်ဖဥက္ကာကို မှာထားရပေမယ့် ဒီလို ရောက်လာကြလိမ့်မယ်လို့ ငါမထင်တော့ဘူးလေ၊ ဖလောင်းချိတ်ကို ရောက်လာကြပြီလို့ ဟို . . မြေးမြို့ပိုင်လေးက အပြောလွှတ် လိုက်တယ်ဆိုမှ အားလုံးသတ်မချနိုင်ကြတာ၊ နောက် တစ်ကြောင်းကလည်း ဧည့ဝတီမှာ ယောက်ဖတို့ သင်္ဂါတို့အမျိုးတွေ ရှိတော့ ဧည့ဝတီဘက်ကိုများ ပြေးကြလား၊ ဒီကို မဝင်ခဲ့ကြဘဲ အင်္ဂလိပ်တွေခေါ်သွားတဲ့ ဒင်နဲ့ဂျပ်ပူကိုပဲ တစ်ခါထဲ လိုက်ပါသွားကြလေသလား၊ လမ်းခရီးမှာလည်း သေကြပျောက်ကြအသံတွေကြားတော့ ဒီက ဆွေမျိုးတွေအားလုံး စိုးရိမ်ကြီးနေကြတာ၊ နင် ပန်းဝါသူပဲ၊ အရေးအကြောင်းဆို ရာဇဌာဏီကို သတိရရမှာပေါ့ ကြာဦး . .! နင်တို့ မိသားစုအတွက် ငါ့မှာ နေ့တိုင်းတွေးပြီး မျက်ရေကျရတယ်၊ ငါတို့အမျိုးတွေ မြို့တိုင်းစခန်းမှာ ရှိကြပါတယ်၊ စာလေးတစ်စောင်တောင် အကျိုးအကြောင်း ငါတို့ဆီ မပေးကြဘူး၊ ငါတို့မှာတော့ နင်တို့ မိသားစုအကြောင်းတွေး ဟီး . . ဟင်း . . ဟင်း"



ဦးကြာပန်းအောင်က တုန်တုန်ချိချိ ဗလုံးဗထွေးပြောပြီး ရှိုက်ကြီးတငင်ငိုသောအခါ ဒေါ်ကြာဦးဖြူကလည်း ငိုကြီးရှိုက်မနှင့် ယခင်ကကဲ့သို့ စားပေး၍မရနိုင်ကြောင်း၊ လက်ရှိအခြေအနေကို အစ်ကိုကြီး မသိ၍သာ အပြစ်တင်ကြောင်း၊ နီလာကယုချောင်းက ဆွေမျိုးများဆီတွင် ကြာနေခဲ့ကြောင်း ဇာတ်စုံပြော၍ မောင်နှမနှစ်ယောက် ငိုကာ ရှိုက်ကာ ရန်တွေ့ပြောငိုနေကြသည်ကို ဆွေမျိုးလူကြီးတစ်ယောက်က "ကဲ . . ကဲ . . ဘယ်လူက ဘယ်လူ့ကိုမှ အပြစ်တင် မနေကြပါနဲ့တော့၊ ခု မောင်နှမတွေ ဆွေမျိုးတွေလည်း တွေ့ကြရပြီပဲ၊ တိတ်ကြတော့၊ ဒီထက် ဒုက္ခရောက်စရာလည်း နောက်မရှိကြတော့ပါဘူး" ဟု ပြောလိုက်ရသည်။

"နို့ . . အရီးလေး ကိုထွန်းကြီတစ်ယောက်ကော မမြင်ပါလား" ဟု ထွန်းကျော်မင်းတို့အရွယ် လူငယ်တစ်ယောက်က ဒေါ်သန္တာဖြူကို မေးလိုက်တော့မှ ဆွေမျိုးအသိတွေကလည်း ထွန်းကျော်မင်းကို သတိရသွားကြသည်။ သူတို့စိတ်ထဲမှာ လမ်းခရီး၌ ထွန်းကျော်မင်း ဆုံးပါး၍များ ကျန်ခဲ့လေသလားဟု စိုးရိမ်နေကြသလားမသိ။ ချက်ချင်း မျက်နှာအပျက်ပျက်ဖြစ်ကာ သူတို့မိသားစုကို ဝိုင်းကြည့်ငေးမောနေကြသည်။ ထိုအခါမှ ဒေါ်သန္တာဖြူကလည်း သူ့သားကြီးအကြောင်း ဆွေမျိုးတွေကို ပြောပြလိုက်ရ၏။

ဦးကြာပန်းအောင်တို့ တိုက်ကြီးပေါ် စုရုံးရောက်ရှိနေကြသော ဆွေမျိုးအရင်းအဖျား အားလုံးမှာ ထွန်းကျော်လင်းတို့ မောင်နှမ

နှစ်ယောက်ကလွဲလျှင် ဦးအောင်တိုင်တို့ မိသားစုအတွက် မျက်နှာစိမ်းတွေ မဟုတ်ကြ။ ဦးအောင်တိုင်၊ ဦးသဂီါကျော်၊ ဒေါ်သန္တာဖြူတို့မှာ စိန်မြှောင်ဘုရားပွဲလာရင်း နှစ်နှစ်တစ်ခါ၊ သုံးနှစ်တစ်ခါ ရောက်နေကြမို့ အားလုံးနှင့် မရင်းနှီးကြသည့်တိုင်အောင် 'ရာဇပါရာ' ရှိဆွေမျိုးအားလုံးမှာ မျက်နှာသိမြင်ဖူးတွေ့ဖူးကြသူများချည်း ဖြစ်ကြသည်။ ထို့ကြောင့်လည်း တစ်ယောက်တစ်ပေါက် ဆွေမျိုးတွေက ပြောဆို အလွမ်းသယ်ကြရင်း ထမင်းမေ့ ဟင်းမေ့ ဖြစ်သွားကြပြန်၏။

ဤသည်ကို ထွန်းကျော်လင်းတို့ မောင်နှမက ဖလောင်းချိတ်တွင် လာခေါ်သော ဦးကြာပန်းအောင်၏သား ဦးလှထွန်းအောင်ကို "အခင်ကြီး၊ ကျွန်တော်တို့ကိုလည်း ထမင်းကျွေးဦး၊ အခင်ကြီးတို့ အမျိုးတွေက အလွန်းသယ်လို့ ဒီနေ့ပြီးကြတော့မှာ မဟုတ်ဘူး" ဟု ပြောယူရသည်။ ဤသည်ကို ဦးလှထွန်းအောင်ကလည်း "အေးကွ၊ ငါတို့အမျိုးတွေကတော့ မင်းတို့ ဧရာဝတီအမျိုးတွေလို မဟုတ်ဘူး၊ ကွယ်ရင်မေ့ တွေ့တော့ သေအောင်လွမ်းဆိုတာ ဘယ်လူ့အမျိုးတွေလည်း မသိဘူး" ဟု နောက်ပြောင်ပြောကာ သူကလည်း ယခုမှ ထမင်းကျွေးဖို့ သတိရလေသည်။

ထမင်းဝိုင်းတွင် အသံအကျယ်ဆုံးနှင့် စကားပေါက်ပေါက်ဖောက်နိုင်သူကတော့ ဒေါ်ကြာဦးဖြူပင်။ သူ့ထုံးစံအတိုင်းပင် ဆွေစဉ်ခုနှစ်ဆက် မျိုးစဉ်ခုနှစ်ဆက်ကို မေးမဆုံး ပြောမဆုံး ဖြစ်နေလေသည်။

× × ×



(ပ)

"ဘာပဲဖြစ်ဖြစ်လေ၊ စစ်ကြီးပြီးရင်လည်း ကြာဦးတို့မိသားစု ဒီမှာပဲ အခြေချကြတော့၊ နင်တို့ကမ်းသာက တိုင်းကြားပြည်ကြား၊ အစွန်အဖျား၊ ကုလားကြောက်ရ ဂျပန်ကြောက်ရနဲ့ ခုနေခါ မနေအပ်တဲ့ အရပ်ဖြစ်နေပြီ၊ ရာဇဒွာရဏီမှာ နင့်အမွေဥယျာဉ်ခြံမြေတွေ၊ လယ်တွေဆိုလည်း ငါတစ်ယောက်ထဲတောင် နိုင်အောင်မလုပ်နိုင်တာ၊ ဟိုကောင် အရေးပိုင်ကျကလဲ လယ်ယာဥယျာဉ်တွေကို စိတ်ဝင်စား တာမဟုတ်တော့ တို့မောင်နှမ တစ်ယောက်တစ်ဝက်စီလုပ်ကြတာ ပေါ့ဟာ၊ လယ်ကူလီလည်း ငါငှားပေးပါ့မယ်၊ နောက်တစ်လနှစ်လဆို လယ်လည်း သိမ်းရတော့မှာဆိုတော့ နင်တို့မိသားစု ရောက်လာကြတာအတော်ပဲ"

ဧရာဝတီဘက်က စစ်ပြေးနှင့်ရောက်လာကြသော သူ့နှမငယ်ကို ဦးကြာပန်းအောင်က ဝမ်းသာအားရ စီမံကိန်းချ၍ ပြောပြ၏။

"ဟိုကောင် အရေးပိုင်ကျ" ဆိုသည်မှာ အရေးပိုင် အငြိမ်းစား သူ့ညီ ဦးကြာပန်းမောင်ကို ပြောခြင်းဖြစ်သည်။ ဦးကြာပန်းမောင်

မှာ နှစ်နှစ်လုံး သုံးနှစ်နေ၍ပင် ရာဇဌာဏီကို တစ်ခေါက်ရောက်တတ် သူမဟုတ်။ သားသမီး မြေးမြစ်အားလုံးကလည်း အကုန်သူ ပညာတတ် ရာထူးရာခံတွေနှင့်ချည်း ဖြစ်ကြရာ ရာဇဌာဏီရှိ ဘိုးဘွားပိုင် ဥယျာဉ် ခြံမြေကို ရှိသည်ဟုပင် သတိရကြသူများ မဟုတ်ကြ။ အမှန်က သူ့ညီ ဦးကြာပန်းမောင်တို့မိသားစုသာမဟုတ် သူ့သားငယ် ဦးလှထွန်းမောင်ပင် ယခုအခါ ကာလကတ္တားမြို့ ရဲစခန်းတွင် ရဲဝန်ထောက်လုပ်နေရာ တစ်နှစ်နေ၍ပင် သူ့အဖေဆီ တစ်ခေါက်ရောက်ချင်မှ ရောက်တတ်သူ ဖြစ်သည်။ ထို့ကြောင့်လည်း ဘိုးဘွားပိုင်လယ်ယာမြေများကို ချစ်ကြသော သူတို့မောင်နှမ နှစ်ယောက်သာ ရာဇဌာဏီရှိ လယ်ယာဥယျာဉ် များကို အတူလုပ်ကိုင်စားသောက်ကြရန်ဆိုသော ဦးကြာပန်းအောင်၏ စကားမှာ အလွန်သဘာဝကျလှလေသည်။

သို့သော် အဘိုးအဘွား အမိအဖတို့က ဦးကြာပန်းအောင်၏ စကားကို မည်သို့မျှ မဆုံးဖြတ်ကြသေးသော်လည်း ထွန်းကျော်လင်းတို့ မောင်နှမနှစ်ယောက်ကမူ "သူတို့ ကုလားပြည် မနေချင်ပါဘူးဟာ၊ စစ်ကြီးပြီးရင် တို့ ဓညဝတီဘက်ကို ပြန်မှာပဲ" ဟု လူကြီးတွေ ကွယ်ရာတွင် ပြောဆိုတိုင်ပင်နေကြသည်။

ဦးအောင်တိုင်တို့မိသားစု ဦးကြာပန်းအောင်ရှိရာ ရဇပါရာကိုရောက်ပြီး သုံးရက်သာကြာသေးသည့် သော်ဒလီ (Choudhary) ပါရာရှိ ဒေါ်ကြာဦးဖြူ၏ဦးလေးတော်ဆီက သူတို့မိသားစုကို အခေါ် ရောက်လာပြန်သည်။ သော်ဒလပါရာဆိုသည်မှာ ဒေါ်ကြာဦးဖြူတို့ ဘိုးဘွားမိဘအစဉ်အဆက်နေလာခဲ့ကြသော ရွာကြီးဖြစ်သည်။ "သော်ဒလီ"ဆိုသည်မှာ နယ်စားပယ်စား



"စော်ဘွား" ဟု အဓိပ္ပာယ် ရပြီး "ပါရာ" မှာ ကုလားစကား ရွာဖြစ်သည်။ "သော်ဒလီ" မှာ ရခိုင်စကားဖြစ်ပြီး ကုလားက ချောင်ဒရီဟု အသံထွက်၏။

ယခုအခေါ်လွှတ်လိုက်သည်ဆိုသော ဒေါ်ကြာဦးဖြူတို့ ဦးလေးမှာ မြို့ပိုင်အဖြစ်မှ အငြိမ်းစားယူကာ သူ့မိသူ့ဖများ အစဉ်အဆက်နေသွားခဲ့ကြသော သော်ဒလီပါရာတွင် မိသားစုနှင့် အတူ အခြေချနေသည်။ သော်ဒလီပါရာကို ထွန်းကျော်လင်းတို့ မောင်နှမလည်း တစ်ခါမှ မရောက်ဖူးကြသဖြင့် ဆွေမြမျိုးပြ ရဇပါရာက သော်ဒလီပါရာသို့ ထွက်လာကြပြန်သည်။

သော်ဒလီပါရာနှင့် ရဇပါရာမှာ ခြေကျင်တစ်မနက်ခရီး ရှိသော်လည်း လမ်းကောင်းသည်။ ကားမောင်းလိုက်ပို့သူမှာ ဒေါ်ကြာဦးဖြူတို့ ဦးလေး ဦးစံလှဘော်၏အိမ်မှ ကုလားတစ်ယောက် ဖြစ်သည်။ ရဇပါရာနှင့်စာသော် သော်ဒလီပါရာမှာ တိပိရဟီလီ တရိုက်တို့နှင့် ပိုနီးသည်။ မဏိပူအာသံဘက်ရှိ 'ဟိမဝတတောင် စွယ်များထဲတွင် ရှိသဖြင့် အမြဲမှိုင်းပြ မှုန်ရီနေသည်။ လမ်းတစ်လျှောက်ရှိ ရွာများမှာမူ ဖလော်င်းချိတ်မှ ရာဇပါရာကိုလာတုန်းက တွေ့ခဲ့ရသော အုတ်စိမ်းကာ မြေစိုက်တဲအိမ်များ ကဲ့သို့ပင်ရှိသည်။ ထူးခြားသည်မှာ လယ်ကွင်း၊ လယ်ကွက်ငယ်များကို တောင်ကြို တောင်ကြားတွင် အနည်းအကျဉ်းသာ တွေ့ရပြီး ဥယျာဉ်ခြံကြီးများကိုသာ အများအပြား တွေ့လာရသည်။ လေးညှင်း၊ ကရဝေး၊ ငရုတ်ကောင်း၊ ပိတ်ချင်းခြံကြီးများမှာ တစ်မျှော်တစ်ခေါ်ကြီး ဖြစ်သည်။

ထူးခြားသည်မှာ ပန်းဖွေး(ဘန့်ပွေး) ပင်ပုများကို စနစ်တကျ

စိုက်ပျိုးထားသော ဥယျာဉ်ကြီးများကို တွေ့လာရခြင်းပင်။ ဤသည်ကို ထွန်းကျော်လင်းက အထူးအဆန်းလိုမြင်သဖြင့် သူ့အဖေကိုမေး၏။

"ပါပါ ဒီဘန့်ပွေးပင်တွေကိုများ ဘာလို့ခြံနဲ့ဝင်းနဲ့ စိုက်ထားကြတာလဲ၊ ကုလားတွေက အသီးစားလို့လား"

"ဟာ . . ပန်းဖွေးသီးတော့ လူစားမလားကွ၊ နွားပဲစားတဲ့ဟာ"

"ဒါဆို ပန်းဖွေးပင်တွေကို ခြံကြီးခြံငယ်တွေနဲ့ ဘာလို့စိုက်ထားကြလဲ"

"ပါပါတို့ သားတို့ဆီက သနပ်ဖက်ခြံလိုလေကွာ၊ ကုလားတွေ ဘီလီလိပ်သောက်ကြတာ ပန်းဖွေးရွက်ပဲပေါ့"

သူ့အဖေရှင်းပြမှ ဘန့်ပွေးခြံတွေ စနစ်တကျ စိုက်ထားကြသည်ကို ထွန်းကျော်လင်းတို့မောင်နှမက သဘောပေါက်သွားကြ၏။

"ငရုတ်ကောင်းပင်တွေကိုလည်း ဒီအရပ်မှာ ခြံနဲ့စိုက်ကြတာပဲနော် ပါပါ"

"ဟုတ်တယ်၊ ငရုတ်ကောင်းပင်တွေကလည်း ဈေးကောင်းတာကိုး၊ မင်းအဖီးလေးတို့ သော်ဒလီပါရာကို ရောက်ရင် ငရုတ်ကောင်း ခြံကြီးကို တွေ့ရလိမ့်မယ်၊ မင်းအဖီးလေးက ငရုတ်ကောင်းပင်တွေကို ကွန်ကရစ်တိုင်တွေနဲ့ကို စနစ်တကျစိုက်ထားတာ၊ ဒီအရပ်က ပရဆေးထွက်တဲ့အရပ်ဆိုတော့ ကန့်ကော်ပင်ကြီးတွေလည်း ဩဃ နေတာ၊ ပါတယဘက်ကျ မင်းမြင်ရပါလိမ့်မယ်၊ ကန့်ကော်ဝတ်ဆံ က အမွှေးအကြိုင် လူသုံးကုန်ပစ္စည်းတွေ ထုတ်လုပ်တာ၊ ဟီလီတရိုက် ဘက်မှာ ပျားဖယောင်း၊ နနွင်းခါး



ဖာလာ၊ သစ်ကြပိုး၊ နွယ်ချိုထုပ် တွေကို မြင်းတွေ လားတွေနဲ့ တင်လာပြီး ကားဂိတ်ဘူတာရုံတွေမှာ ပုံထားကြတာ ဟိုတုန်းက ပါပါမြင်ဖူးတယ်"

လမ်းတစ်လျှောက်တွင် ထွန်းကျော်လင်း မေးသမျှ ဦးသင်္ဂါကျော်က ဒိုင်ခံပြောပြလာသည်။

ဥယျာဉ်ခြံကြီး တစ်ခြံလွန်၍ လမ်းချိုးတစ်ခုသို့ရောက်သည်နှင့် သော်ဒလီပါရာရှိ ဦးစံလှဘော်၏ တိုက်ကြီးကို ကုန်းလျှောဆင်ခြေစောင်းတွင် လှမ်းမြင်ရသည်။ ထိုတိုက်ကြီးကို မြင်ရသည်မှာ ၁၇-ရာစုက ရဲတိုက်ကြီးလိုလို ဟိန္ဒူဘုရားကျောင်းလိုလိုပင်။ လေးဘက် လေးတန်တွင် အချွန်အတက်တွေ ပစ္စင်ပြအိုးတွေကိုလည်း ထိုးထိုး ထောင်ထောင်နှင့် မြင်နေရသည်မှာ အဆန်းတကြယ် ဖြစ်သည်။ အုတ်စိမ်းကပ်၊ ဆေးနီဆေးဝါ၊ ဆေးပြာ သုပ်အိမ်များ၊ နောက်ချေးပုံ မြေစိုက်တဲများကို ကားကဖြတ်မောင်းလာသည်။ ပြေလျောသော မြေနီလမ်းအတိုင်း ကားကတက်လာ၏။ အုတ်တံတိုင်းကာ ခြံဝင်ဝရှိ အုတ်အမိုးအခုံးတစ်ခုမှာ ထုထည်ကြီးမားလှသည်။ ထိုအမိုးအခုံး အောက်ကျောက်ဖြူပြားပေါ်တွင် မြန်မာ၊ အင်္ဂလိပ်၊ ကုလားစာတို့နှင့် ကမ္ပည်းရေးထိုးထားသည်။ ထိုကမ္ပည်းကို ထွန်းကျော်လင်းတို့ မောင်နှမက အသံထွက်ဖတ်လိုက်ကြသည်။

-ရာဇဌာဏီ-

"ရာဇဌာဏီဆိုတာ ဘာလဲဟင် ပါပါ"

ထွန်းကျော်လင်းက သူ့အဖေကို မေး၏။ သူ့အဖေက သူ့အဘွားနှင့်သူ့အမေတို့မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး တီးတိုး

ပြော၏။

"မင်းအဖိုးလေး ဦးစံလှဘော်က အရှုးထပြီး ရေးထားတာ"

"ရာဇဌာဏီဆိုတာ ဘာရယ်၊ ဘယ်လို ပါပါ"

ထွန်းကျော်လင်းအား တီးတိုးပြောလိုက်သော ဦးသင်္ဂါကျော်၏စကားကို သူ့သမီး သဇင်ဖြူကပါ နားမလည်လိုက်၍ ထပ်မေးနေ ပြန်သောအခါ ဦးသင်္ဂါကျော်မှာ ရယ်ကြဲကြဲလုပ်ပြီး သူ့ယောက္ခမ ဒေါ်ကြာဦးဖြူ၏မျက်နှာဆီ အကြည့်တစ်ချက်ဝေ့က "ရာဇဌာဏီ" ဆိုတာ မင်းနေပြည်တဲ့ သမီးရယ်" ဟု ပြောလိုက်ရ သည်။ ထွန်းကျော်လင်းက "စောစောက ပါပါပြောတော့ အရှုးထ တာဆို" ဟု သူ့အဖေကိုမေးလိုက်စဉ် ဒေါ်သန္တာဖြူကြားသွားသဖြင့် "ရှင်နော် . . . ကလေးတွေကို အရင်တစ်ခါ လာတုန်းကလို မဟုတ် တရုတ်တွေပြောပြန်ပြီလား၊ အမေပြောပြမယ် သားတို့သမီးတို့ မှတ်ထားကြ၊ ဟိုရှေးတုန်းက ရခိုင်ဘုရင်တွေဟာ ဒီနေရာမှာ မြို့တည်ခဲ့ကြတယ်တဲ့၊ အဲဒါကြောင့် မင်းတို့အဖိုးလေးက အင်္ဂလိပ် မြန်မာ ကုလား သုံးဘာသာနဲ့ ရာဇဌာဏီလို့ ကမ္ပည်းထိုးထားတာ၊ ဘာအရှုး ထရမှာလဲ၊ ရှင်တို့ ဓညဝတီသားတွေ ဘာနားလည်လဲ၊ ယဉ်ကျေးမှု အစဉ်အလာကို ကဲ့ရဲ့တာ ကောင်းလား" ဟု သူ့ယောက်ျား ဦးသင်္ဂါကျော်ကို အော်ပစ်လိုက်သည်။ သို့သော် ဦးသင်္ဂါကျော်ကလည်း မရပ်သေး။ ရယ်ဖြဲဖြဲနှင့် -

"ဒါအစပဲ ရှိသေးတယ်၊ တိုက်ကြီးထဲရောက်ရင် မင်းအဖိုးကြီး အရှုးထထားတာ၊ နောက်အများကြီး မင်းတို့မြင်ရပါလိမ့်မယ်"

သူ့မိန်းမဘက်က အမျိုးတွေကို တမင်စချင်သဖြင့် ဦးသင်္ဂါကျော်သည် သူ့မိန်းမမျက်စောင်းထိုးနေသည့်ကြားက သူ့သားကို



ပြောလိုက်ပြန်၏။

"ရာဇဌာဏီ" ဟု စာတန်းကမ္ပည်းရေးထိုးထားသော အာဂန္တုတံခါးဝက သံတံခါးကြီး ရှေ့တွင်ကား ရပ်သွားသည်။ သံတံခါးက တော်တော်နှင့် ပွင့်မလာသေး။ ထို့ကြောင့်ကားမောင်းလာသော ကုလားကို ထွန်းကျော်လင်းက "ကားဟွန်းတီးလိုက်လေ" ဟု ပြောလိုက်၏။

ထွန်းကျော်လင်းစကားကို ဒရိုင်ဘာကုလားက ရယ်နေသည်။ ကားဟွန်းလည်းမတီး။

"ဘာလဲ ခင်ဗျား အဘိုးကြီးကို ကြောက်လို့လား၊ မြို့အုပ်ကျကြီးမှာ ဘာအာဏာမှ မရှိတော့ပါဘူး၊ မကြောက်ပါနဲ့၊ ဒါ ဓညဝတီကလာတဲ့ သူ့မြေးတွေ၊ မြစ်တွေပဲ၊ ဟွန်းတီးလိုက်စမ်းပါ"

ဦးသင်္ဂါကျော်က ရယ်ပြီးပြောနေသော်လည်း ဒရိုင်ဘာကုလားကြီးက ဟွန်းမတီးရဲ၊ ရယ်၍သာနေ၏။

ထိုအချိန်မှာပင် ဒေါ်ကြာဦးဖြူ ဦးဆုံးကားပေါ်ကဆင်းသည်။ သံတံခါးကြီးဘေးရှိ လူဝင်(မင်းပုန်း)ပေါက် တံခါးလေးကို တွန်းကာ အထဲဝင်သွား၏။ ကားပေါ်က တစ်ခြားလူတွေကိုလည်း မခေါ်ဘဲ သူ့အဘွားတစ်ယောက်တည်း ခြံထဲဝင်သွားသောအခါ ထွန်းကျော်လင်းက သူ့အဘွားနည်းတူ သူပါကားပေါ်က လိုက်ရန် ပြင်သည်။ ဤသည်ကို သူ့အဘိုး ဦးအောင်တိုင်က လှမ်းဆွဲထား၏။

"ဟင် . . ဘိုးဘိုး၊ ဘာဖြစ်လို့လဲ"

"မင်းအဘွား . . သံခင်းတမန်ခင်း အရင်သွားပါစေဦးလကွယ်"

"ဟင် . . " ဟူသော ထွန်းကျော်လင်း အသံမဆုံးမီ ယခင်

ကလည်း ခံထားဖူးပုံရသော ဦးသဂ်ီကျော်က "ဒါလဲ မင်းတို့ရာဇဌာဏီ အမျိုးတွေ အရှူးထဖို့ အစပဲရှိသေးတယ်" ဟု ဆိုလိုက်ပြန်သည်။ ဤသည်ကိုတော့ ဦးအောင်တိုင်နှင့် ဒေါ်သန္တာဖြူတို့ကပါ ပြုံးနေကြ၏။ ဘာမှန်းညာမှန်း မသိသေးသူ နှစ်ယောက်ကတော့ သဇင်ဖြူနှင့် ထွန်းကျော်လင်းတို့သာ။

ခဏအကြာမှာ မားကောက်ကြီး ချိတ်ထားသော ကုလားကြီးတစ်ယောက်က တံခါးကြီးကိုလာဖွင့်ပေးသည်။ ထိုအခါမှ ကားက ဟွန်းတီးပြီး ခြံဝင်းထဲ ဝင်လာသည်။ အပြင်က လှမ်းမြင်ခဲ့တုန်းက တိုက်ကြီးနှင့် တံတိုင်းရှည်ကြီးမှာ ကပ်လျက်ဟု ထင်ရသော်လည်း တံတိုင်းကြားနှင့် တိုက်ကြီးကြားတွင် ဆေးနီဆေးဝါသုတ် အိမ်တွေနှင့် မြေစိုက်တဲအိမ်များ တစ်ဆယ်ကိုးလုံးကို တွေ့ရသည်။ အလှအပ စိုက်ပျိုးထားသော ရောင်စုံပန်းဥယျာဉ်တစ်ခုကိုလည်း ရှေ့တွင်တွေ့ ရ၏။ ထိုပန်းဥယျာဉ်ကို ဖြတ်ဖောက်ထားသော ကားလမ်းအတိုင်းပင် ကားကခပ်ပြေပြေတက်လာပြီး တိုက်ကြီး၏ ဆင်ဝင်ရှေ့တွင် ရပ်သွားသည်။

တိုက်ကြီး၏ဆင်ဝင်အောက်တွင် ဆင်းကြိုနေသော အမျိုးသားကြီးတစ်ယောက်နှင့် အမျိုးသမီးကြီးနှစ်ယောက်တို့မှာ သိကျွမ်းပြီးသား ဦးစံလှဘော်၏သားသမီး ချွေးမတို့ ဖြစ်ကြသည်။ ထို့ကြောင့် ဦးအောင်တိုင်ကို "သခင်ကြီးတို့ လာကြဗျာ" ဟုပြောကာ တိုက်ကြီး ထဲခေါ်လာကြသည်။ မှိုင်းလုံးကော်ဇောကြီးများ ခန်းလုံးပြည့်ခင်းထားသော တိုက်ကြီးပေါ်တွင် ယောကျ်ားမိန်းမ လူဆယ်ယောက်ခန့် ထိုင်နေကြသည်။ ထိုလူအုပ်ထဲတွင် အစောဆုံးတိုက်ကြီး ခြံဝင်း ထဲဝင်သွားသော ဒေါ်ကြာဦးဖြူကို



လည်း တွေ့ရသည်။ ကောဇောပေါ်တွင် ထိုင်နေကြသော လူအုပ်အလည်တွင် ကုလားထိုင်ကြီးနှင့် အခန့်သားထိုင်နေသူ ခေါင်းဖြူဖြူနှင့် အဘိုးကြီးကိုတော့ ထွန်းကျော် လင်းတို့မောင်နှမက မမေးဘဲနှင့် သူတို့အဖိုးလေး ဦးစံလှဘော်ဆို သူဖြစ်ကြောင်း ခန့်မှန်းမိကြသည်။

ဦးအောင်တိုင်တို့မိသားစုကို ဦးစံလှဘော်ကအစ အားလုံးမတ်တပ်ထ လက်ကန်တော့ထိုး၍ ကုလားယဉ်ကျေးမှုနှင့် နှုတ်ဆက်ကြသည်။ ပြီးမှ ဒေါ်ကြာဦးဖြူက တစ်ခါမှ ရာဇဌာဏီကို မရောက်ဖူးကြသေးသော သူ့မြေးနှစ်ယောက်ကို သူ့ဦးလေး ဦးစံလှဘော်နှင့် မိတ်ဆက်ပေး၏။ ကျန်လူများမှာ ယခင်က ပန်းဝါသွားရင်း၊ စိန်မြောင် ဘုရားပွဲလာရင်း မြင်ဖူးတွေ့ဖူး သိဖူးပြီးသား ဖြစ်သဖြင့် စစ်ကြီးအ ကြောင်း၊ ဆွေမျိုးတွေအကြောင်း ပြောနေမေးနေကြသည်။

"ငါ့မြေးတွေက ငါတို့ရာဇဌာဏီဘက်တူလား၊ မင်းအဖေမင်းအဘိုးတို့ ဧညဝတီဘက်တူလား ဘိုးဘိုးကြီး ကြည့်စမ်းပါ့မယ် လာကြကွယ်" ဟု ဦးစံလှဘော်က အနားကို ခေါ်သဖြင့် ထွန်းကျော်လင်းတို့မောင်နှမက ရွံ့ရွံ့နှင့် ဦးစံလှဘော်ခြေရင်းသွားထိုင်ကြသည်။ သဇင်ဖြူနှင့် ထွန်းကျော်လင်းတို့ကို လက်နှစ်ဖက်နှင့် အားရပါးရ ပွေ့ဖက်ကာ ဦးစံလှဘော်က သေသေချာချာ ကြည့်နေသည်။

မြို့ပိုင်ဟောင်း ဦးစံလှဘော်က အသက်ရှစ်ဆယ်ကျော်ပြီး ဖြစ်သော်လည်း သန်သန်မာမာပင် ရှိသေးသည်။ သူ၏ပါးသိုင်းမွေး ကြမ်းကြမ်းကြီးနှင့် ဖက်နမ်းသောအခါ ထွန်းကျော်လင်းတို့

မောင်နှမမှာ တစ်ချက်တစ်ချက် တွန့်သွားကြသည်။ ဤသည်ကိုပင် သူ့သမီးအကြီးမက ရယ်စရာလုပ်ပြောသဖြင့် အားလုံးပွဲကျသွားကြသည်။

"မောင်ကြီးကလေး လသားကလေးကို ပါပါဖက်ဖက်နမ်းတိုင်း ငိုပါတယ် ငိုပါတယ်ဆိုပြီး ပြောပြောနေကြတာ နောက်မှ ပါပါ(ဗရမ်း) ပါးသိုင်းမွှေးစူးလို့ ကလေးက ငိုတာကိုး၊ ဟဲ . . ဟဲ ခုလည်းဧည့်ဝတီက အကျွန့်မြေးတွေကို ပါပါအရမ်းဖက်နမ်း မနေနဲ့ဦး၊ အကျွန့်မြေးတွေ ပါပါဖက်နမ်းတိုင်းတွန့်တွန့်နေကြပြီ"

"ဘိုးဘိုးက ခု ဘယ်နှစ်တန်းရနေပြီလဲ" ဟု ဦးစံလှဘော်က ထွန်းကျော်လင်ကို အရှက်ပြေမေး၏။ ထွန်းကျော်လင်က တက္ကသိုလ်ဝင်တန်း တစ်ပိုင်းတစ်စနှင့် စစ်ပြေးလာကြရသည့်အကြောင်း ပြောပြ သောအခါ ဦးစံလှဘော်က ကာလကတ္တားနှင့် ကျောင်းဆက်နေရမည်။ သူ့သမီးတစ်ယောက်နှင့် သူ့မြေးကြီး တစ်ယောက်လည်း ကာလကတ္တားတွင် ကျောင်းဆရာ တွေလုပ်နေကြသည်။ ထွန်းကျော်လင်းကို ဒီဇင်ဘာကျောင်းပြန်ဖွင့်သည်နှင့် ကာလကတ္တားသို့ ချက်ချင်း ပို့ကြရန် ဦးစံလှဘော်က ဦးအောင်တိုင်တို့မိသားစုကို အမိန့်ပေးသလို ပြော၏။ နေရေးစားရေးကျောင်းစရိတ်က အစ အားလုံးတာဝန်ယူ စီစဉ်ပေးမည်ဟု ဆို၏။ စစ်ကြီးဖြစ်နေသော်လည်း ထွန်းကျော်လင်းကို အားမငယ်ရန် ပြောပြီး ဤအသက်အရွယ်နှင့် တက္ကသိုလ်ဝင်တန်း ထိရောက်နေသည်မှာ တော်၍သာဖြစ်ကြောင်း၊ သူ့တုန်းက ထွန်းကျော်လင်းအရွယ်တွင် ခုနစ်တန်းသာရှိသေးကြောင်း၊ စစ်ကြီးကြောင့် တစ်နှစ်ကျောင်းမတက်ခဲ့ရသည်မှာ နှမြောစရာဖြစ်ကြောင်း



ပြောပြီး ထွန်းကျော်လင်းကို ဦးစံလှဘော်က အင်္ဂလိပ်လိုချည်းမှတ်တော့သည်။ ထွန်းကျော်လင်းမှာ နားမလည်တစ်ခွန်း နားလည်တစ်ခွန်းနှင့် ဗိုလ်လိုပြန်မှတ်ကာ မြေးအဘိုးနှစ်ယောက် စကားဖြတ်မရ ဖြစ်နေကြသည်။

ဤသည်ကို ထွန်းကျော်လင်း အဖေ ဦးသင်္ဂါကျော်က သူ့သားဆီမျက်စပစ်ပြပြီး "မင်းကို ငါမပြောဘူးလား၊ အဲဒါလည်း အရှူးထတာ အစပဲ ရှိသေးတယ်" ဟူသော သဘောနှင့်ပြုံးပြနေသည်။ ဤသို့နှင့် ဦးအောင်တိုင်တို့ ရာဇဌာဏီရောက် ဆွေမျိုး ဧည့်သည်တွေမှာ ဦးသင်္ဂါကျော်စကားနှင့်ဆိုရလျှင် အရှူးထ၍ မပြီးနိုင်ကြသေး။ ဧည့်ခန်းကြီး၏ တစ်ဘက်ထောင့်ရှိ ကောဇောခင်းထားသော တစ်နေရာသို့ ဦးအောင်တိုင်တို့ မိသားစုကို ခေါ်လာပြန်သည်။ စားပွဲရှည် ကြီးတစ်လုံးပေါ်တွင် ရွှေဇဝါကွပ် သားရေဖုံးစာအုပ်ကြီး တစ်အုပ်နှင့် ကလောင်တန်တစ်ချောင်းကို ဖန်အိုးထဲတွင် ထိုးစိုက်ထားသည်။ ထိုစားပွဲနှင့် ကပ်လျက် အုတ်နံရံတွင် စလင်းကျောက် ရှည်ပြားတစ်ခု ၌ စာတန်းထိုးသွင်းထားသည်။

"မိတ်ဆွေကောင်းမှန်လျှင် ဤမှတ်တမ်းစာအုပ်တွင် လက်မှတ်ချီးမြှင့်ခဲ့ပါ"

အင်္ဂလိပ်၊ မြန်မာ၊ ကုလားစာတန်းကို ဦးသင်္ဂါကျော်တို့ သားအဖက ပြိုင်တူပြုံးကြည့်ကြပြီး ကြီးစဉ်ငယ်လိုက် လက်မှတ်ရေးထိုးကြရပြန်သည်။ ဤသည်ကို ဦးစံလှဘော်က --

"ဘိုးဘိုးကြီး မိတ်ဆွေတွေ၊ ဘိုးဘိုးကြီးတို့အမျိုးတွေ ရာဇဌာဏီကို ဘယ်နှစ်က ဘယ်လူလာသွားတယ်၊ ဘယ်လူက ဘယ်နှစ်ခေါက် ရောက်ပြီဆိုတာ ဘိုးဘိုးကြီး ဒီစာအုပ်ကို လှန်ကြည့်

လိုက်ရုံပဲ၊ ဘိုးဘိုးကြီး ပင်စင်ယူပြီးကတည်းက ပြုစုထားတာ၊ အိမ်တိုင်းမှာ ဒီလိုမှတ် တမ်းတွေ မထားသင့်ဘူးလားနော် ဘိုးဘိုး"

"ဟုတ် . . ဟုတ်ကဲ့ ထားသင့်ပါတယ် အဖိုးလေး"

ဦးစံလှဘော်က ထွန်းကျော်လင်းကို ဦးတည်မေးသဖြင့် ထွန်းကျော်လင်းက ထားသင့်ကြောင်း ပြန်ပြောလိုက်ရသည်။ ဤသည်ကို ဦးသင်္ဂါကျော်နှင့် ဦးအောင်တိုင်တို့ကတော့ ကျွန်ုမပျက် ငြိမ်နေကြ၏။

"ဘိုးဘိုးတို့ အမျိုးထဲက ဒီနှစ် ရာဇဌာဏီရောက် လူသစ်နှစ်ယောက်ကတော့ ငါ့မြေးတို့နှစ်ယောက်ပဲ၊ ဘိုးဘိုး ဒီလိုလုပ်ထားတာကို ငါ့မြေးတို့ အဖိုးကြီးရှိတုန်းကတော့ အရှူးထတာပြောလို့ ဘိုးဘိုးနဲ့ ခဏခဏစကားများကြရတာ၊ ငါ့မြေးတို့မှတ်ထားကြ၊ လူတစ်ယောက်ရဲ့သမိုင်းဟာ ရပ်သမိုင်းရွာသမိုင်းဖြစ်သလို နိုင်ငံသမိုင်း ကမ္ဘာသမိုင်းလည်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဖြစ်ချင်ဖြစ်လာမှာပေါ့။ ခု အဓိပတိကြီး စစ်ဘုရင် ဟစ်တလာဆို အဖေတောင်ခေါ်စရာမရှိခဲ့တဲ့ လူတစ်ယောက်ပဲ ငါ့မြေး၊ ဒီတော့ အဘိုးဆိုလိုတာက လူတိုင်း လူတိုင်းမှာ ဘဝစာမျက်နှာတွေ ရှိကြတယ်၊ ငါ့မြေးက ပညာတတ် ဖြစ်မည့်လူဆိုတော့ စာမျက်နှာက ပိုရှည်ရမှာပေါ့၊ ဘိုးဘိုးကြီးပြောတာ မဟုတ်ဘူးလား ငါ့မြေး"

"ဟုတ်ကဲ့ပါ၊ ဟုတ်ပါတယ် ဘိုးဘိုးကြီး"

"အေး . . နောက်တော့ ငါ့မြေးကို ဗဟုသုတတွေ ဘိုးဘိုးကြီး အများကြီးပြောပြဦးမယ်လာ . . လာ . ."

ဦးစံလှဘော်မှာ ထွန်းကျော်လင်းကို လက်ဆွဲမဖြုပ်ဟလို စကားလည်းမပြတ်ပြောလာသည်။ တစ်ခါတစ်ခါတွင် သူမြို့အုပ်



လုပ်ခဲ့စဉ်က အတွေ့အကြုံတွေ အကြောင်းလည်းပါ၏။ သည်လိုနှင့် ညည့်သည် အိမ်ရှင်တွေမှာ တစ်နေ့လုံး စကားပြောမဝ ဖြစ်နေကြသည်။ ဦးစံလှဘော်က ဦးအောင်တိုင်တို့ မိသားစုအား စစ်ကြီးမပြီးမချင်း ရာဇဌာဏီတွင် နေသွားကြရန်နှင့် ယခုလည်း ပျော်သလောက်နေကြရန် ပြောပြီး ဟီလီတရိုက်၊ ပန်းဝါ၊ ဘန်ဒါဘန်ဘက်က ဆွေမျိုးများ ကိုပါ စုံစုံစေ့စေ့တွေ့ကြရအောင် တစ်နေ့ ထမင်းစားပွဲကြီး လုပ်ဦးမယ်ဟု အားပါးတရ ပြောနေလေသည်။

× × ×

(၈)

ညနေစာမစားသေးခင်မှာပင် ဦးစံလှဘော်၏တိုက်ကြီး ထဲ လျှပ်စစ်မီးလင်းလာသည်။ ဤသည်ကို လက်ဆွဲဓာတ်မီးနှင့်သာ နေလာခဲ့ရသော သဇင်ဖြူက သူ့အဖေ ဦးသဂိကျော်ကိုမေးရာ အာစီရဝတီရှိ မီးစက်မှ မီးပေးထားသည်ဟု ပြောပြသည်။

အိမ်ရှင် ဧည့်သည်တို့၏ စကားဝိုင်းကမူ ညနေစာစားပြီး ကြသည်ထိ မပြတ်ကြသေး။ မင်းယောကျ်ားများက ရေဒီယိုနား ဝိုင်း ထိုင်ကာ စစ်သတင်း၊ စစ်အခြေအနေကို ဝေဖန်ပြောဆို နေကြသလို မိန်းမသူများမှာလည်း ဆွေမျိုးများအကြောင်း တစ်ယောက်ပြီးတစ် ယောက် မနားတမ်းပြောလျက်ရှိကြသည်။ ထိုအထဲတွင် ဦးစံလှဘော်၏ သားအလတ် ဦးလှဖော်သူကို ခါတိုင်းနှစ်တွေမှာ လာလည်စဉ်ကလို မတွေ့ရသဖြင့် ဒေါ်သန္တာဖြူ တို့က မေးကြရာ ဦးစံလှဘော်မိန်းမ ဒေါ်နုစိန်က ဟီလီတရိုက် ဘက်က ဥယျာဉ်ခြံရွာတွေဆီ ရောက်နေ သည်။ ရာဇဌာဏီကို ဘယ်နေ့ပြန်ရောက်လာမည်ဆိုသည်ကို သူမေး ကြည့်ဦးမယ်ဟု ပြောပြီး အိမ်ဝင်းထဲက ငှက်သိမ်းအာလပွန်ဆိုသော ကုလား တစ်ယောက်ကို ခေါ်မေးသည်။



"ဟီလီတရိုက်က ခိုတွေ ဒီနေ့တော့ တစ်ကောင်မှ ရောက် မလာတော့ဘူး အမေကြီး၊ ဟိုတစ်နေ့က ရောက်တာတော့ ဒါရှူကို ပြောပြီးပြီ အမေကြီးကို ဒါရှူ မပြောပြဘူးလား"

"ဟိုတစ်နေ့က ရောက်လာတော့ ငါသိတာပေါ့ဟ၊ ဒီနေ့များ ရောက်လာသေးလားလို့ နင့်ကိုခေါ်တာ"

"ဒီနေ့ မရောက်ပါဘူး အမေကြီး"

"အေး . . အေး . . ပြီးရော"

ဒေါ်စိန်နု၏ စကားအဆုံးမှာပင် အာလပွန်ဆိုသောကုလား က အရိုအသေပေးပြီး တိုက်အောက်ဆင်းသွားသည်။

ဒေါ်စိန်နုက သူ့သားဟီလီတရိုက်ရှိ ဟောမဇလာရွာမှာ ရောက်နေကြောင်း တစ်နေ့က ခိုစာလာထားသည်။ နောက်သုံးလေး ရက်ဆိုလျှင် ရာဇဌာဏီကို ရောက်လာလိမ့်မည်ဟု ဒေါ်ကြာဦးဖြူတို့ မိသားစုကို ပြောပြသည်။

ကုလားအာလပွန်ပြောသွားသော "ဒါရှူ" ဆိုသည်မှာ ဟီလီ တရိုက်ဘက် ရောက်နေသည်ဆိုသော ဦးလှဘော်သူ၏ ဇနီးဖြစ် သည်ကိုတော့ သဇင်ဖြူသိသည်။ သို့သော် ဒီနေ့ခိုတစ်ကောင်မှ မ ရောက်ဆိုသော ကုလားကြီးစကားနှင့် ခိုစာငှက်ထိန်းဆိုသော စကားတို့ကို သဇင်ဖြူက အဓိပ္ပာယ်ကောက်မရ။ ဘာပြောကြမှန်း လည်း မသိသဖြင့် သူ့အမေဒေါ်သန္တာဖြူအား ညအိပ်ရာဝင်ချိန် တွင် မေးကြည့်သည်။ ထိုအခါမှ ဒေါ်သန္တာဖြူက ရာဇဌာဏီကို တစ်ခေါက်မှ မရောက်ဖူးသေး၍ ရာဇဌာဏီအကြောင်း မသိသေး သော သမီးငယ်ကို အကြောင်းစုံပြောပြသည်။

"အဲဒီ အာလပွန်ဆိုတဲ့ ကုလားကြီးက နင့်အဖိုးလေး မွေး

ထားတဲ့ တိရိစ္ဆာန်တွေကို ထိန်းကျောင်းရတဲ့လူလေ၊ သူ့ဆီမှာ စာပေး စာယူ လုပ်ခိုင်းလို့ရတဲ့ ခိုငှက်တွေ အများကြီးရှိတယ် သမီး"

"ခိုငှက်တွေနဲ့ ဘယ်လိုစာပေးစာယူလုပ်ရလဲဟင် အမေ"

"ဒီလိုကွဲ့၊ ခု သမီးတို့အခင်ကြီး ဦးလှဖော်သူ ဟီလီတရိုက် ဘက်ကို သွားတယ်ဆို မဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒီ ဟီလီတရိုက်ဆိုတာ တောင်တန်းဒေသ၊ နန္ဒင်းခါး၊ နွယ်ချို ဖာလာ၊ ကရဝေး၊ လေးညှင်း၊ ဖယောင်း၊ ငရုတ်ကောင်းကစပြီး ပရဆေးမျိုးစုံ အဲဒီက ထွက်တယ်၊ အဲဒီတောင်တန်းဒေသမှာ အဖိုး အဘေးတို့ ဘိုးစဉ်ဘောင်ဆက်ကပင် ရှာတည်ပေးပြီး ဥယျာဉ်ခြံမြေတွေ လုပ်ခိုင်းထားတဲ့ လူတွေရှိတယ်၊ ညနေက သမီးတို့အဖိုးရှင်မပြောတဲ့ ဟေမဇလာဆိုတာ ကုန်အမိကထွက်ကျတဲ့ တောင်ပေါ်ရွာကြီးပေါ့၊ ဟေမဇလာပတ်ဝန်းကျင်မှာ ရွာငယ်တွေ ဥယျာဉ်ခြံမြေတွေ အများအပြားရှိပါတယ်၊ အဲဒီက ပရဆေးတွေရဲ့ ဖြစ်ထွန်းမှုဆုတ်ယုတ်မှုတွေကို နှစ်လတစ်ခါ သုံးလတစ်ခါ ရာဇဌာဏီက သမီးတို့ ဦးမင်း အခင်ကြီး တစ်ယောက်ယောက်က သွားကြည့်စစ်ဆေးရတယ်၊ ခု ဦးလှဖော်သူက မြင်းတွေ ဝန်တင်လားတွေနဲ့ သွားကြည့်စစ်ဆေးနေတယ်၊ သူတို့အလုပ်သမားတွေလိုအပ်တာတွေကိုလည်း ရာဇဌာဏီကပဲ ပို့ပေးရတယ်၊ ဟီလီတရိုက်က ရတဲ့ ပရဆေးတွေကို ကားဂိတ်တို့ ဘူတာရုံတို့ကို ဝန်တင်မြင်းတွေလားတွေနဲ့ ပို့ပေးရတယ်"

"ဟုတ်ကဲ့"

"အဲဒီလို သွားတဲ့အခါ ရာဇဌာဏီက သမီးတို့ဘဖိုး၊ ဦးမင်း



အခင်တစ်ယောက်ယောက် ဘယ်ကိုရောက်နေတယ်၊ ဘယ်ရွာမှာ ဘယ်နှစ်ရက်ကြာမယ်၊ ရာဇဌာဏီကို ဘယ်နေ့ပြန်ရောက်မယ်ဆိုတာ အိမ်ကလူတွေ သိဖို့မလိုလားဘူး"

"လိုတာပေါ့ မေမေ"

"အေး . . လိုပေမယ့် ဟီလီတရိုက်က တောင်ပေါ်ဒေသဆိုတော့ ကြေးနန်းတို့ တယ်လီဖုန်းတို့ စာတိုက်တို့မရှိတော့ ခိုငှက်တွေကိုပဲ အသုံးပြုရတယ်၊ ခု သမီးတို့ ဦးမင်း ဟီလီတရိုက်ကို သွားတော့ ရာဇဌာဏီက ခိုတွေကို လှောင်အိမ် နဲ့ထည့်ပြီး တစ်ဆယ်ကိုးကောင် ယူသွားရတယ်၊ တစ်ရွာရောက်ရင် ခိုတစ်ကောင်လွှတ်တယ်၊ သူဘယ်ရွာကိုရောက်သွားပြီး ဘယ်လို အခြေအနေရှိတယ်ဆိုတာ စာရေးပြီး ခိုခြေထောက်မှာ ပတ်လွှတ် လိုက်ရင် ရာဇဌာဏီကို နေ့ချင်းရောက်လာပြီး ခိုခြေထောက်ကစာကို ဖြေကြည့်လိုက်ရုံနဲ့ ဒီကသွားတဲ့လူ ဘယ်ကိုရောက်သွားပြီဆိုတာ သိရတယ်၊ ခု ဒီကသွားတဲ့ သမီးတို့ ဦးမင်းဟေမဇလာမှာ ရောက်နေတယ်ဆိုတာရယ်၊ နောက်သုံးလေး ရက်ဆိုပြန်ရောက် မယ်ဆိုတာကို ဒါ့ကြောင့် သိရတာပေါ့"

"အဲဒီ ဟီလီတရိုက်က လွှတ်လိုက်တဲ့ခိုငှက်တွေ ဒီကိုမလာပဲ တစ်ခြားပျံသွားရင်ကော မေမေ"

"ခိုငှက်တွေကို ဘိန်းရေတိုက်ထားတယ်လေ၊ ရာဇဌာဏီရောက်မှ ဘိန်းရေသောက်ရမှန်း သိနေတဲ့ ခိုတွေကလည်း ဘိန်းစွဲနေတော့ ရာဇဌာဏီကိုပဲ အရောက်ပျံလာကြတယ်၊ ဟီလီတရိုက်မှာမှ ဘိန်းရေတိုက်ပေးထားတဲ့ခိုတွေကလည်း ရာဇဌာဏီက လွှတ်ပေးလိုက်တာနဲ့ ဟီလီတရိုက်ပဲ အရောက်ပျံကြတာပါပဲ၊

ဟီလီတရိုက်က ခိုငှက်တွေကို ရာဇဌာဏီမှာ ဘိန်းရေမတိုက်သလို ရာဇဌာဏီက ခိုတွေကိုလည်း ဟီလီတရိုက်က ဘိန်းရေမတိုက်ရဘူးတဲ့၊ အဲဒါ ကြောင့်လဲ ရာဇဌာဏီက ခိုငှက်တွေနဲ့ ဟီလီတရိုက်က ခိုငှက်တွေ ရောမသွားရအောင် ခွဲခြားထားရတယ်"

"အံ့ဩစရာပဲနော် မေမေ၊ ခိုငှက်တွေကို ဘယ်လိုခွဲခြားထားလဲ"

"ရာဇဌာဏီက ခိုငှက်ခြေကျင်းက ငွေခြေကျင်း၊ ဟီလီတရိုက်က ခိုတွေရဲ့ ခြေကျင်းက ကြေးခြေကျင်း၊ အဲဒီနည်းနဲ့ ခွဲခြားထားတာ ဒါပေမယ့် ခိုထိန်းတွေက ခြေချင်းမပါတောင် သိတယ်လို့ သမီးတို့ အဖိုးကတော့ ပြောတာပဲ၊ ဒီနည်းနဲ့ ခိုငှက်တွေကို စာပေးစာယူ လုပ်ခိုင်းလာတာ ဘိုးစဉ်ဘောင်ဆက် နှစ်ပေါင်းရာချီနေပြီ ပြောတာပဲကွယ်၊ အမေတို့က ရာဇဌာဏီမွေးမဟုတ်တော့ ဂဃနဏမသိဘူး သမီးသိ ချင်ရင်နင့်ဘွားဘွား ကုလားမကြီးကို မေးကြည့်၊ နင့်ဘွားဘွားက ရာဇဌာဏီမွေးပဲ၊ ပန်းဝါသူစစ်စစ်လေ"

"အဲဒီခိုငှက်တွေကို သမီးတို့ဆီမှာ မွေးရင်လည်း ရမှာပေါ့နော် မေမေ"

"ရမှာပေါ့၊ ညဦးက သမီးတွေ့လိုက်တဲ့ ကုလားကြီးနဲ့ သမီးတို့အဖေနဲ့ဆို ပုလင်းတူဘူးဆို့၊ အရင့်အရင်က မေမေတို့ ရာဇဌာဏီ ကိုလာလည်ရင် အဲဒီကုလားကြီးက နင့်အဖိုးကြီးတို့ မသိအောင် ခိုဘိန်းစားတွေကိုသတ်ပြီး ထောပတ်နဲ့ကြော်ကျွေးတယ်လို့ သမီး တို့အဖေ ပြောဖူးတယ်၊ မနက်ဖြန်ခါကျရင် သမီးတို့အဖေကို လိုက်ပြခိုင်း၊ သမီးမွေးချင်ရင် ကုလားကြီးဆီမှာ တောင်းပေါ့ ဟဲ . . ဟဲ"



ဒေါ်သန္တာဖြူက သူ့သမီးကို အပြောင်အပျက်လို ပြောနေသော်လည်း သဇင်ဖြူအနေကမူ ရာဇဌာဏီကို ရောက်ကတည်းက သူ့အမြင် သူ့အကြားတွေမှာ အဆန်းချည်းဖြစ်နေသဖြင့် ခိုငှက်တွေကို စိတ်ဝင်စားနေသည်။ ထို့ကြောင့် မနက်ကျလျှင် သူက အစ်ကို ထွန်းကျော်လင်းကိုပါ ပြောပြပြီး သူ့အဖေအား ခိုငှက်များရှိရာကို လိုက်ပို့ခိုင်းမည်ဟု စိတ်ထဲတည်းထားလိုက်သည်။

× × ×

(ဗ)

မနက်မိုးလင်းလျှင် စာပေးစာယူလုပ်တတ်သော ခိုငှက်တွေကို သွားကြည့်မည်ဟု မှန်းထားသော်လည်း သဇင်ဖြူမှာ မိုးလင်းသည်နှင့် ရာဇဌာဏီတိုက်ကြီးထဲက အထူးအဆန်းတစ်ခုကို မြင်ရပြန်သည်။

ဘယ်အချိန်ကပင် ရောက်နေမှန်းမသိသော ကျေးကုလားပုဏ္ဏားအိုကြီးတစ်ယောက်ကို ဧည့်ခန်းက မှိုင်းလုံးကော်ဇောကြီးပေါ်တွင် အခန့်သားထိုင်၍ တွေ့နေရသည်။ သူ့အနားတွင် စက်လုပ်မုန့် လက်လုပ်မုန့်နှင့် စားဖွယ်သောက်ရာများကိုလည်း တည်ခင်းဧည့်ခံထားကြသည်။ အဖီးလေးကအစ အိမ်ရှိလူကြီးများကိုလည်း အစုံတွေ့ ရသည်။ ပုဏ္ဏားအိုကြီးက စားဖွယ်များကို တစ်ခုပြီးတစ်ခု ကောက်စားလိုက်၊ လက်ဖက်ရည်တစ်ငုံသောက်လိုက်၊ တစ်ယောက်စီကို မေးလိုက်ပြောလိုက် ဟောလိုက် လုပ်နေသည်။

"အမေ၊ အဖီးလေးတို့ အဲဒါ ဘာလုပ်ကြတာလဲ"

တိုက်နောက်ဘက်သွားကြရန် ဧည့်ခန်းကိုဖြတ်လျှောက်လာကြစဉ်



အထူးအဆန်းမြင်၍ သဇင်ဖြူက သူ့အမေကို မေး၏။

"အဲဒါ အိပ်မက်နိမိတ်အဟောယူတာလေ သမီး"

"ဟင် . . ဘယ်လို အိပ်မက်နိမိတ်အဟောလဲ အမေ"

"ညက သမီးတို့အဖီးကြီးကစပြီး အိမ်ရှိလူတွေမြင်ကြတဲ့ အိပ်မက်အားလုံးပုဏ္ဏားကြီးကို ပြောပြကြရတယ်၊ ပုဏ္ဏားကြီးက အိပ်မက်ဆိုးအကောင်းကို ကျမ်းဂန်နဲ့ ညှိပြီး နိမိတ်ဖတ်တယ်၊ အိပ်မက် ကောင်းရင် ပိုကောင်းအောင်၊ အိပ်မက်မကောင်းရင် ဘေးဥပဒ်မရောက်နိုင်အောင် ပုဏ္ဏားကြီးက ယတြာချေပေးရတယ်၊ အဲဒီလို လုပ်ကြတာ ရာဇဌာဏီမှာ အစဉ်အလာလေ သမီး"

သူ့အမေပြောပြမှ သဇင်ဖြူက သဘောပေါက်တော့သည်။

ဤကိစ္စကို သဇင်ဖြူက သူ့အစ်ကို ထွန်းကျော်လင်းကို တစ်ဆင့်ပြောပြသည်။ ထွန်းကျော်လင်းက သူ့အဖေကို တစ်ဆင့်မေးပြန်၏။

"အဲဒီ အရှူးထတဲ့ကိစ္စကတော့ မင်းအဖီးလေးအတွက် အဓိပ္ပာယ်ရှိပါတယ်၊ အိန္ဒိယမှာ ဒီလိုအရှူးထတဲ့ကိစ္စက မဟာရာဂျာကြီးတွေ အများဆုံးလုပ်တတ်ကြတယ်၊ အိပ်မက်ကိုယုံလို့ ပုဏ္ဏားတော်တွေအဟောကို လက်ခံလို့ရယ်လို့တော့ ဟုတ်ချင်မှဟုတ်မှာပေါ့ကွာ"

"ပါပါ ကလဲဗျာ၊ မယုံကြည်ဘဲနဲ့တော့ ပုဏ္ဏားတွေကို တကူးတကခေါ်ပြီး လုပ်ပါ့မလား"

"မင်း မသိပါဘူး၊ အဲဒါက ဒီလိုကွ၊ မဟာရာဂျာတွေဆိုတာ စီးပွားရေးကအစ တစ်ယောက်နဲ့တစ်ယောက် အပြိုင်ရှိကြတယ်၊ ဒီ ပုဏ္ဏားတွေကို ပင့်ပြီးအဟောနိမိတ်ယူတယ်ဆိုတာလည်း သူတို့ပဲ လုပ်နိုင်ကြတော့ သူတို့က ပုဏ္ဏားတွေဆီက စကားနိုက်နိုင်ကြတာ၊

ပုဏ္ဏားတွေသာ မဟာရာဂျာအိမ်တွေကို တံခါးမရှိဓားမရှိ ဝင်ထွက်သွားလာခွင့်ရကြတော့ ဘယ်မဟာရာဂျာက ဘယ်လိုအကြံအစည်ရှိတယ်၊ ပြည်နယ်သားတွေအတွက် ဘာတွေလုပ်နေတယ်ဆိုတာ ပုဏ္ဏားတွေဆီက သတင်းယူကြရတယ်လေ"

"ခု အဖိုးလေးက မဟာရာဂျာမှ မဟုတ်တာ ပါပါ"

"မဟာရာဂျာမဟုတ်ပေမယ့် မင်းအဖိုးလေးက ဈေးသတင်း ဘာသတင်းယူချင်ယူမှာပေါ့၊ ဘယ်သော်ဒလီကြီးက ဒီနှစ်ဘာကုန်တွေ ဝယ်လှောင်နေတယ်၊ ဘာမယ်ညာမယ်ဆိုတာ ပုဏ္ဏားတွေဆီက သိနိုင်တယ်လေ၊ အဲဒါကြောင့်လဲ ခုလို တစ်ယောင်တစ်ဆောင်လုပ်ကြတာ ဖြစ်ပါလိမ့်မယ်"

ထွန်းကျော်လင်း အမေးအမြန်း ထူတတ်သည်ကိုသိ၍ ဦးသင်္ဂါကျော်က စကားကိုဖော၍ပြောသည်။

"ပုဏ္ဏားတွေပဟောတာကတော့ တကယ်မှန်လို့လား ပါပါ"

"ဟာ . . . တောပြောတောင်ပြော လျှောက်ပြောတာ တစ်ခွန်းတစ်လေလည်း တည့်ချင်တည့်သွားမှာပေါ့ သမီးရာ၊ ကဲ လာကြ ရာဇဌာဏီခြံကြီးကို ပါပါတို့လျှောက်ကြည့်ရအောင်၊ သမီး ကြည့်ချင်တယ်ဆိုတဲ့ စာပေးစာယူ ခိုငှက်တွေအပြင် အာလပွန်ဆီမှာ သိမ်းငှက်ကြီးတွေ၊ ဝက်ဝံတွေ၊ သမင်တွေလည်း ရှိတယ်၊ ပါပါ လိုက်ပြမယ်"

ဦးသင်္ဂါကျော်တို့ သားအဖသုံးယောက် ခြံထဲဆင်းလာကြသည်။

ရာဇဌာဏီတိုက်ကြီးရှေ့ အုတ်တံတိုင်းမှာ အပြင်ကသာ လူနှစ်ရပ်သုံးရပ်ခန့်မြင့်သော်လည်း အတွင်းဘက်ကမူ တောင်ကြော ဆင်ခြေလျောအတိုင်းဖြစ်သဖြင့် တံတိုင်းကြီးထိပ်တိ



မြေသားဆင်ခြေ လျောသာ ဖြစ်သည်။ လေစူပင်မျိုးများကို ကုလားမနှစ်ယောက်က မြေဩဇာထည့်၍ တွေ့ရသည်။ မေးကြည့်သောအခါ ဤအပင်များ မှာ ထွန်းကျော်လင်းတို့အဖိုးလေး ဦးစံလှဘော် အင်ဖာဘက်ကယူ လာပြီး မျိုးပျိုးထားခြင်း ဟုပြော၏။ တိုက်ကြီးဝင်းခြံထဲတွင် ဂရိတ်ဖို့နှင့် ပရဆေးပင်များအစမ်း စိုက်ထားသည်။ ဤဥယျာဉ်ခင်းတွေမှာ အစမ်းစိုက်ထားသော အပင်များချည်းဟု ဆိုသည်။ အပင်များ ဖြစ်ထွန်းလာလျှင် ဦးစံလှဘော်က အခင်းသီးသန့်စိုက်ရန် ရည်ရွယ် ထားကြောင်းလည်း ကုလားမ အလုပ်သမားများက ပြောပြသည်။ ဤကုလားမတွေမှာ ဒေသခံရှေ့လူအရ အပြင်ထွက်ကြသော အလေ့အထမရှိသဖြင့် ခြံထဲ၌ပင် အလုပ်လုပ်နေကြသည်။

တိုက်ကြီး၏ မြောက်ဘက်ဥယျာဉ်ပျိုးပင်များအစနှင့် အုတ်စိမ်းကာ နောက်ချေးကျအိမ်များ ရှေ့သို့ ရောက်လာကြသောအခါ ကုလားလေးများက သူတို့ကို အထူးအဆန်းလို မတ်တပ်ရပ်ထွက်ကြည့်နေကြသည်။ ထွန်းကျော်လင်းက ကုလားလေးတွေကို အပြောင်အပျက်လျှာထုတ်ပြသည်ကို ဦးသင်္ဂါကျော်မြင်သွားရာ "မင်း ကို မင်းအမေ ဘာမှာထားလဲ" ဟု အော်လိုက်၏။ သဇင်ဖြူကလည်း "ဟုတ်တယ်ပါပါ ကိုလင်းက အငြိမ်ကိုမနေပါလား" ဟု ဆိုလိုက်သည်။

ခြံကြီးမှာ အကျယ်ကြီးဖြစ်သဖြင့် အနောက်နား ကုန်းဆင်း အရောက်မှာ ဦးစံလှဘော်ကို သံကြိုးချည်ဆွဲလာသော ဝက်ဝံတစ်ကောင်နှင့်အတူ တွေ့ရသည်။ ရင်ဘတ်အဖြူကြားနှင့် ဝက်ဝံမှာ လေးဘက်သွားလိုက် ပဒတ်ရပ်လိုက် အဖီးလေးခါးကို လှမ်းဆွဲလိုက်

အဖိုးလေးကိုနမ်းလိုက်နှင့် နောက်ကတကောက်ကောက်ပါနေ၏။

"ပါပါ ဟို . . ဟိုမှာ တွေ့လား၊ အဖိုးလေးက ဝက်ဝံကြီးနဲ့ ဆော့နေတာ "ဟုတ်တယ်လေ သား၊ သူတို့နှစ်ယောက်က ငယ်သူငယ်ချင်းတွေ အတူတူပဲ ဟဲ . . ဟဲ"

ဦးသင်္ဂါကျော်က သူ့သားနှင့်သမီးကို အရွှမ်းအနောက် ပြော၏။

"အဲဒါလဲ" ဟု ထွန်းကျော်လင်းစကားမဆုံးခင်ဦးသင်္ဂါကျော်က "ဟုတ်တယ်လကွာ၊ အရူးထတာ"ဟု ဆိုလိုက်ပြန်သည်။ သဇင်ဖြူ တို့မောင်နှမမှာ သူ့အဖိုးလေးဘက် လှမ်းကြည့်၍ ပြုံးနေကြ၏။

"သားတို့သမီးတို့ အဖိုးလေးက ယူဒိုဗီယံဂိုက်ဖမ်းနေတာ၊ မဟာရာဂျာတွေ စတိုင်ပေါ့၊ ဒီပြည်မှာ ဒီလို ဝက်ဝံတစ်ကောင်ကို သံကြိုးနဲ့ချည်ဆွဲပြီး လမ်းလျှောက်တာ အင်မတန်ဂုဏ်ရှိတယ်၊ အထက်တန်းကျတယ်လို့ ယူဆကြတယ်ဆိုပါလား၊ ခု မင်းအဖိုးလေးက အသက်ကြီးသွားလို့ ကိုယ်ဝင်းကိုယ်ခြံထဲပဲ လျှောက်နေတာ၊ အရင် ပါပါတို့ လာလည်ဖူးတဲ့ ဟိုနှစ်ဟိုနှစ်တွေတုန်းကဆို သူပိုင်တဲ့ ရွာတွေ ခြံတွေထိ လမ်းလျှောက်တတ်တယ်၊ ကုလားတဲတွေထဲဝင်ပြီး နွားနို့သောက်မယ် ကုလားလက်လုပ်မုန့်တွေလည်း စာချင်စားမယ်၊ အမှန်ကတော့ ရှိုးထုတ်ကာ ဂိုက်လုပ်တာပေါ့ကွာ၊ တစ်ခါတစ်ခါ မြင်းစီးပြီး ရွာစဉ်လဲ လည်တတ်တယ်၊ ခုတော့ အသက်ကလည်း ကြီးလာလို့ တစ်ရွာဝင်တစ်ရွာထွက်လည်း မသွားနိုင်တော့ ခြံထဲ လမ်းလျှောက်ပြီး ဂိုက်ထုတ်"

ဦးစံလှဘော် သူတို့ဘက်လာနေသဖြင့် သားဖသုံးယောက်မှာ စကားဖြတ်ပြီး မတ်တပ်ရပ်စောင့်နေကြသည်။



"ရာဇဌာဏီရောက် ဧည့်သည်လူသစ်နှစ်ယောက်ကို မောင်သင်္ဂါလိုက်ပြနေတယ်ထင်တယ်"

"ဟုတ်ကဲ့ပါ ဘိုးဘိုး"

"အေး အေး လိုက်ပြလိုက်၊ ခုစစ်ပြီးဖြစ်လို့သာ ငါ့မြေးနှစ်ယောက် ရာဇဌာဏီက အဖိုးလေးဆီ ရောက်ဖူးကြတာ၊ စစ်ကြီးသာ ဖြစ်မလာရင် ငါ့မြေး၊ ငါ့မြစ်တို့ ဘိုးဘိုးဆီရောက်ချင်မှရောက်ကြမှာ၊ အဘိုးကတော့ မင်းတို့ဧည့ဝတီကိုလည်း မရောက်ဖြစ်တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပါပြီကွယ်၊ ပင်ရှင် ယူပြီးခါစတော့ မြောက်ဦး ဧည့ဝတီ ဝေသာလီ ရန်ကုန် ရတနာပုံ ပေါက္ကံရာမထိ အဘိုးရောက်သေးတယ်၊ မြို့တိုင်းမှာလိုလို ကာလကတ္တား ကျောင်းထွက် သူငယ်ချင်း အရာရှိအရာခံတွေရှိတော့ သွားရေးလာရေးကလည်း အဆင်ပြေလိုက်တာ၊ ရတနာပုံကအပြန် ရန်ကုန်မှာ သဘော်စောင့်ရင်း သုဝဏ္ဏ ဘူမိက တန်ခိုးကြီး ဘုရားတွေတောင် ဘိုးဘိုး ဖူးခဲ့ရသေးတယ်၊ နောက်အသက်ကလည်း ထောက်လာတော့ ငါ့မြေးတို့ ဧည့ဝတီကို လွမ်းပေမယ့် ဘိုးဘိုးမရောက်နိုင်တော့ပါဘူးကွယ်"

ပြောရင်းက အဘိုးကြီး မျက်ရည်ဝဲလာသည်။ ဤသည်မှာ မည်မျှ ချမ်းသာချမ်းသာ စိတ်သွားတိုင်း ကိုယ်မပါနိုင်သော သူ၏ဇရာကိုလား၊ တစ်စုံတစ်ခုကိုလားတော့မသိ နောင်တ သံဝေဂစကားလိုလို ဆိုသည်။

"ခု ငါ့မြေးတို့ ဘယ်ဘက်လျှောက်ကြမလို့လဲ"

"အာစီရဝတီဘက်ပါ ဘိုးဘိုး"

"အေး မောင်သင်္ဂါက အရင်လည်းရောက်ဖူးသားပဲ၊ ကဲ

လျှောက်ကြ၊ လျှောက်ကြ ဘိုးဘိုးလည်း လျှောက်လိုက်ဦးမယ်" ဟု ပြောပြီး ဝက်ဝံကြီးကိုဆွဲကာ ထွက်သွားသည်။ သူတို့သားအဖသုံးယောက်လည်း ဝင်းခြံကြီး၏ အနောက်ဘက်ထွက်လာကြ၏။

ကုန်းဆင်းတစ်ခုနားအရောက်မှာ ရေစီးနေသောစမ်းချောင်းတစ်ခုကို မြင်ရသည်။ စမ်းချောင်းကိုဖြတ်၍ ကွန်ကရစ် တံတားတစ်ခုထိုးထားသည်။ တံတားပေါ်တွင် "အာစီရဝတီမြစ်" ဟု ဆိုင်းဘုတ်ရေးထားသည်ကို ထွန်းကျော်လင်းက အသံထွက် ဖတ်ပြီးပြုံးလေရာ ဦးသင်္ဂါကျော်က "မိုးတွင်းဆို တကယ့်မြစ်လိုပဲ ဒီချောင်းက ရေစီးကြမ်းတယ်ကွ၊ ဟိုလီတရိုက်က မြစ်ဖျားခံ စီးဆင်းလာတဲ့ ချောင်းပဲ" ဟု ပြောပြသည်။ တံတားကို ဖြတ်လျှောက်ပြီး ကုန်းတက် လမ်းအတိုင်း တက်လာကြရာ အုတ်စိမ်းကာ အိမ်လေးတစ်လုံးကို ရှေ့ကမူထက်တွင် လှမ်းမြင်နေရ၏။

"ဟေး . . ဟေ၊ ဟေး . . ဟေ"

ဦးသင်္ဂါကျော်က ပါးစပ်ကို လက်နှစ်ဖက်နှင့်အုပ်၍ ကုလားသံနှင့် ဟေးတိုက်အော်လိုက်ရာ အုတ်စိမ်းကပ်အိမ်ထဲမှ ကုလားကြီးတစ်ယောက် ထွက်လာသည်။ ဦးသင်္ဂါကျော်တို့ သားအဖတွေကိုမြင်သောအခါ "ဟေး . . . ဟေ" တိုက်ကာ ပြေးလာကြို၏။

"အရှင်သားတို့ ရောက်နေကြတယ်ဆိုတာသိလို့ ဝမ်းသာ လိုက်တာဗျာ၊ မနေ့ကပင် နူတ်ဆက်ချင်သား၊ တိုက်ကြီးပေါ်မှာ ဆိုတော့ အရှင်ကြီး အရှင်မကြီးတို့က မကြိုက်ကြလို့ဗျို့၊ ဒီမှာက ဇာတ်ကြီးတယ်လေ၊ အရှင်သားတို့ ခြေဝတီလို မဟုတ်ဘူး၊ ကျွန်တော်က ယောက်ဖကြီး . . ."

"အေးပါ အာလပွန်ရာ၊ ဒါတွေ ပြောမနေစမ်းပါနဲ့၊ ဒါတွေ



ကျုပ်တို့သိပြီးသားပဲဟာ၊ ခု ဒီမှာ ကျုပ်သားနဲ့သမီးကို ခင်ဗျားတိုင်းသူပြည်သားတွေကို ပြချင်လို့ တမင်ခေါ်လာတာ၊ ခင်ဗျားသိပါတယ် ကျုပ်မှာ ဘာဇာတ်မှ မရှိသလို ကျုပ်ကလေးတွေမှာလည်း ဘာဇာတ်မှ မရှိဘူး၊ ဒီကောင်ဆို တက္ကသိုလ်ဝင်တန်းဗိုလ်ကြက်ချေး၊ ဟား . . . ဟား၊ စောစောကတောင် အဘိုးကြီးနဲ့တွေ့လိုက်သေးတယ်"

"ကျွန်တော်လဲ အဘိုးကြီးကို ဝက်ဝံသွားပို့ပြီး ခုလေးတင်ပြန်ရောက်လာတာ၊ ဟို ပုဏ္ဏာစုတ်ကျေးကုလားတောင် ခြံဝမှာ တွေ့လိုက်သေးတယ်၊ အရှင့်သားတို့ အဘိုးကြီးက အဲဒီလို တောပြောတောင်ပြော ကျေးကုလားတွေကျတော့ တစ်ဆောင်တစ်ယောင်ဗျ၊ ခြံထဲက ကျုပ်တို့လိုပညာသည်တွေကျတော့ နှိမ်ထားတာ၊ တီရစ္ဆာန်တွေ ယဉ်ပါးလိမ္မာလာအောင် စေခိုင်းလို့ရအောင်သင်ရတာ ပညာရပ်တစ်ခုဆိုတာ သဘောပေါက်ဖော်မရဘူး၊ ဟိုတစ်နှစ်က သူ့သူငယ်ချင်း လက်ဆောင်လာပေးတဲ့ ဝံဖြူလေးတစ်ကောင် သေသွားလို့ ကျုပ်ကိုသောက်သုံးမကျဘူးလေး ဘာလေးနဲ့ ခင်ဗျားအဘိုးကြီးက ဆူလိုက် ကြိမ်းလိုက်တာ ထွက်ပြေးချင်စိတ်တောင်ကျုပ်ပေါက်သွားတယ်"

"အေးပါ အာလပွန်ရာ၊ ဒါတွေ ကျုပ်သိပါတယ်၊ ချရီနာဇာက တောင်ပေါ်မြို့အအေးပိုင်းက တီရစ္ဆာန်၊ ဒီမှာ ဘယ်ကြာကြာခံမှာလဲ၊ ဒါ အာလပွန်အသုံးမကျလို့မှ မဟုတ်တာ၊ ဒီပညာဟာ အာလ ပွန်တို့ ဘိုးစဉ်ဘောင်ဆက် အဆင့်ဆင့်သင်ယူလာခဲ့ရတဲ့ ပညာဆို တာ ကျုပ်သဘောပေါက်ပါတယ်၊ အဲဒါကြောင့်လဲ ခုစစ်ပြေးရင်းဆိုပါတော့ဗျာ၊ ဟိုတုန်းကလို လာခြင်းတော့ မကောင်းဘူး

ပေါ့၊ ဒါပေမယ့် ကြံ့တုန်း အာလပ္ပန်ရဲ့ ပညာတွေကို ဓညဝတီက ကျုပ်ကလေးတွေ ပြချင်တာနဲ့ တမင်ခေါ်လာတာ၊ ခိုငှက်တွေကို စာပေးစာယူ လုပ်နိုင်းတယ်ဆိုတာ ဓညဝတီမှာ မရှိဘူး၊ အဲဒါကြောင့် ဒီကလေးတွေ ကြည့်ရအောင်လို့ . . ."

ဘာခံစားချက်နှင့် ရင်ဖွင့်နေသည်မသိသော ငှက်သိမ်းကုလားကြီးကို ဦးသဂ်ီကျော်က ကောင်းအောင်ကြည့်ပြောပြီး သူ့တိုင်းသူ့ပြည်သားများဟု ပြောတတ်သော တိရစ္ဆာန်များရှိရာသို့ခေါ်လာသည်။

အာလပ္ပန်နှင့် ဦးသဂ်ီကျော်တို့မှာ ယခင်က အရက်သောက်ဖက်၊ အကျွမ်းတဝင်ရှိဖူးထားသဖြင့် ဒေါ်သန္တာဖြူကပင် ကလေးတွေ ကို ခိုငှက်ထိန်းကုလားကြီးက နင့်အဖေနှင့် "ပုလင်းတူ ဘူးဆို့" ဟု ပြောခြင်း ဖြစ်သည်။

ခိုအိမ်ထဲရှိ ခိုငှက်တွေမှာ ငွေခြေရင်း တစ်ဘက်စီဝတ်ထားသည်ကလွဲလျှင် ဘာမှ မထူးခြားပေ။ အလုံးအထည်မှာလည်း သာမာန်ခိုများလောက်ပင်။ ဤခိုများသည် ရာဇဌာဏီ၌ အနှောင်အဖွဲ့မရှိနေကြသည်။ ဘိန်းရေတိုက်ထားသဖြင့် သူတို့အလိုအလျောက် ဘယ်မှ ပျံမသွားကြဟုဆိုသည်။ ကြေးခြေချင်းဝတ် ဟေမဇလာကခိုများကိုမူ ယခုမတွေ့ရ။ ဦးလှဖော်သူ ဟီလီတရိုက်က ပြန်လာမှ ပါလာကြမည်ဟု ဆိုသည်။ ဟီလီတရိုက်က ပါလာကြသောခိုများကို ဦးလှဖော်သူ ရာဇဌာဏီ ပြန်ရောက်သည်နှင့်ချက်ချင်း သူရာဇဌာဏီ ကို ပြန်ရောက်သွားပြီး ဖြစ်ကြောင်း စာရေး၍လွှတ်လိုက်ရမည်။ ဟီလီတရိုက်ရှိ ဟေမဇလာခိုထိန်းမှာ အာလပ္ပန်၏ ဦးလေး တစ်ယောက်ဟု သိရသည်။ သူတို့အမျိုးမှာ ဤကဲ့သို့ပင်ခိုထိန်းများအဖြစ်



တောင်ပေါ်မဟာရာဂျာများ၊ စော်ဘွားများဆီတွင် အစဉ်အဆက် အမှုထမ်းလာခဲ့ကြသူများ ဖြစ်လေသည်။

ခိုများမှာ အထူးအထွေ ကြည့်စရာမရှိသဖြင့် ဝက်ဝံရုံသို့ လာကြရာ ဝက်ဝံများမှာလည်း လွှတ်ထားသဖြင့် ခြံဝင်းထဲက တစ်နေရာရာ ရောက်နေကြလိမ့်မည်ဟု အာလပ္ပန်က ပြောပြသည်။ သမင်နှစ်ကောင် သုံးကောင်ကိုတော့ စမ်းချောင်းနားတွင် အစာစား၍ လှမ်းမြင်ကြရ၏။ ထို့နောက် သိမ်းငှက်ကြီးများထား ရှိရာသို့ သူတို့ သားအဖကို အာလပ္ပန်ကခေါ်လာသည်။

တောင်ကုန်းကမူစောင်းရှိ သစ်ပင်ကြီးတစ်ပင်ရင်းတွင် သံဇကာလေးထောင့်ကွက်တွေ ကာထားသော တဲတစ်လုံးကို လှမ်းမြင်ရသည်။ ထိုတဲပေါ်တက်သောလမ်းတွင် အာလပ္ပန်၏ ခြေလှမ်းကို ဦးသဂ်ီကျော်တို့ သားအဖသုံးယောက်က မနည်းလိုက်လာ ကြရသည်။ တဲရှေ့မရောက်ခင်ကပင် သိမ်းငှက်ကြီးများဟစ်သံနှင့် အတောင်ပံခတ်သံကို ကြားနေရသည်။ အာလပ္ပန်၏သိမ်းငှက်ထားသော တောင်ကုန်းမှာ တိုက်ကြီးထက်ပင် မြင့်နေ၏။ ထို့ကြောင့်ပင် အရပ်ရှစ်မျက်နှာကို ထိုတောင်ကုန်းပေါ်က စီးကြည့်၍ မြင်နေရ၏။

ရှေးရှေးတုန်းက ရာဇဌာဏီကို တိုက်ခိုက်ရန် လာကြသော ရန်သူများအား မြင်လျှင်မြင်ချင်း ဤသိမ်းငှက်များကို အရင်လွှတ်၍ တိုက်ခိုက်ခိုင်းရသည်ဟု ဆိုသည်။ လေ့ကျင့် သင်ကြားထားသော သိမ်းငှက်များသည် ရန်သူအကြီးအကဲတို့၏ မျက်လုံးများကို ထိုးဖောက်နိုင်စွမ်းရှိကြသည်ဟု အာလပ္ပန်က ပြောပြသည်။

ဘယ်နေရာကြည့်ကြည့် ဥယျာဉ်ခြံမြေများ၊ စိုက်ခင်း စိုက်ကွက် အသစ်အဟောင်းများနှင့်ပြည့်နေသည်။ ဥယျာဉ်များထဲတွင်

မြေစိုက်နွားချေးကျံအိမ်များ မြေအုတ်စိမ်း ဆေးသုတ်အိမ်များနှင့် လူသွားလမ်းကလေးများကို ထင်ထင်ရှားရှား အပေါ်စီးက မြင်နေရသည်။ ခြေလှမ်းမြန်သော အာလပ္ပန်သည် သူ့တဲငှက်အိမ် ရှေ့က ဦးသင်္ဂါကျော်တို့ သားအဖကို ရပ်စောင့်နေသည်။ သူ့အနားသို့ ရောက်သောအခါ သူ့တဲထဲက သိမ်းငှက်ကြီးများကို မြင်နေရသည်။

ဤမျှကြီးမားသော သိမ်းငှက်ကြီးများကို တစ်ခါမှ မမြင်ဘူးကြသော ထွန်းကျော်လင်းတို့ မောင်နှမနှစ်ယောက်မှာ သိမ်းငှက်ကြီးသုံးကောင် ကစ် . . ကစ်၊ ကစ် . . ကစ်အော်ပြီး ဖြောင်းဖြောင်းဖြန်းဖြန်း အတောင်ပံခတ်လိုက်ကြတိုင်း လန့်လန့်သွားကြသည်။ သဇင်ဖြူကမူ ကြောက်၍ သူ့အဖေလက်ကိုပင် ဆုပ်ကိုင်ထားမိလိုက်၏။ သိမ်းငှက်ကြီးတွေ လည်ပင်းထောင်ရပ်လိုက်လျှင် လူကြီးတစ်ရပ်နီးပါးပင် မြင့်ကြသည်။ ခြေသည်းရှည်ကြီးများနှင့် နှုတ်သီးချွန်ချွန်မှာ လူကြီးတစ်ထွာပင် ကျော်လောက်သည်။ ကိုယ်လုံးကိုယ်ထည်မှာလည်း လူကြီးကိုယ်လုံးလောက်ပင် ရှိကြသည်။ ရန်လို၍ သိမ်းငှက်ကြီးတစ်ကောင် ဖြန့်ကားထားသော တောင်ပံမှာ လူကြီး တစ်လံကျော်လောက်ပင် ရှိမည်။ ခြေထောက်နှစ်ဘက်စလုံးတွင် လက်သန်းနီးပါးခန့်ရှိသော ငွေခြေကျင်းကိုယ်စီဝတ်ပေးထားသည်။ အရောင်အဆင်းတွေကမူ မွဲပြာပြာနှင့် နှစ်လိုစရာမရှိပေ။

"တဲ . . ခင်ဗျား အကောင်ကြီးတွေအစွမ်း ကျုပ်ကလေးတွေကိုလည်း ပြစမ်းပါဦး အာလပ္ပန်"

ဦးသင်္ဂါကျော်၏စကားအဆုံးမှာ အာလပ္ပန်သည် လှောင်ထားသော သိမ်းငှက်ကြီးသုံးကောင်ထဲမှ အတောင်ပံဖြန့်ထားပြီး လူ စိမ်းသူစိမ်းနံ့ရကာ ရန်လိုနေသော သိမ်းငှက်ကြီးတစ်ကောင်ကို



ဆွဲထုတ်လာ၏။ ထိုသိမ်းငှက်ကြီးကို သူ့လက်ပေါ်တင်ပြီး ကျောကုန်းကို ပွတ်သပ်ပေးနေသည်။ ပါးစပ်ကလည်း ကုလားစကားနှင့် ဆီမန်းမန်းသလို တတွတ်တွတ်ပြောဆိုနေသည်။ ခဏအကြာတွင် ထိုသိမ်းငှက်ကြီးကို လေထဲမြှောက်လိုက်ရာ သိမ်းငှက်ကြီး ပျံတက်သွားသည်။

အာလပ္ပန်ခေါင်းပေါ် သုံးလေးပတ်ဝဲကာ မြောက်ဘက်တောင်တန်းကြီးများဆီ ပျံသွားသော သိမ်းငှက်ကြီးများကို ဦးသင်္ဂါကျော်တို့ သားအဖတွေက မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။ ဆယ်မိနစ်ခန့်အကြာတွင် ထိုသိမ်းငှက်ကြီးကို ကောင်းကင်ထဲ၌ လက်သီးဆုပ်လောက်သာမြင်နိုင်ကြတော့သည်။ သိမ်းငှက်ကြီးသည် တောင်ကျောပေါ် ပျံဝဲနေရာမှ တောင်ချိုင့်နှစ်လုံးကြား ထိုးဆင်းသွား၏။

တောင်ချိုင့်ကြားထဲ ထိုးဆင်းသွားသော သူ့သိမ်းငှက်ကြီးဆီ လှမ်းကြည့်လိုက်ပြီး "ယုန်တစ်ကောင်တော့ရပြီ အရှင့်သား၊ ညနေကျ မမေ့နဲ့နော် ဆက်ဆက်လာခဲ့" ဟု အာလပ္ပန်က ဦးသင်္ဂါကျော်ကို ပြောသည်။ သူ့စကားမဆုံးခင်ပင် သိမ်းငှက်ကြီးသည် ချက်ချင်းမိုးပေါ် ပျံတက်လာ၏။ အာလပ္ပန်ပြောသည်မှာ အမှန်ပင် ဖြစ်နိုင်သည်။ သိမ်းငှက်ကြီးနှင့် ဦးသင်္ဂါကျော်တို့မှာ ဝေးလွန်းနေသေး၍သာ သိမ်းငှက်ကြီးကုတ်ချီလာသော တိရစ္ဆာန်ကို ဘာကောင်မှန်းမသိကြသေးသော်လည်း အနီးသို့ရောက်လာသောအခါ ယုန်ဖြူတစ်ကောင်မှန်း ထင်ထင်ရှားရှား မြင်ကြရတော့သည်။

ယုန်တစ်ကောင် ကုတ်ချီလာသော သိမ်းငှက်ကြီးကို အာလ

ပွန်က အားရပါးရလက်ခုပ်လက်ဝါးတီးကာ ပါးစပ်ကလည်း အော်ဟစ် ညာသံပေးနေ၏။ ဆန့်ငင်ဆန့်ငင်နှင့် ယုန်မသေမရှင်ကို ကိုက်ချီလာသော သိမ်းငှက်ကြီးသည် အာလပွန်ခေါင်းပေါ် ထိုးဆင်းလာလိုက်၊ မိုးပေါ်ပျံတက်သွားလိုက်၊ ဝဲဆင်းလာလိုက်၊ တစ်ခါပျံတက်သွားလိုက်နှင့် အကြိမ်ကြိမ်အခါခါ လေထဲမှာ ကစားနေသည်။

ဤသည်ကို စိတ်တိုလာပုံရသော အာလပွန်သည် မြေပြင်ကို ဖနောင့်နှင့် ပေါက်ပြီး "ဟိုင်း . . . ဟိုင်း . . " ဟု သံရှည်ဆွဲကာ အော်ပစ်လိုက်သည်။ အာလပွန်အော်လိုက်သံမှာ ကျယ်လောင်လွန်းလှသဖြင့် အနောက်ဘက်တောင်တန်းမြင့်များဆီကပင် ပဲ့တင်ပြန်ဟည်းလာသည်။ ထို့ကြောင့် ထွန်းကျော်လင်းတို့မောင်နှမပင် ရုတ်တရက် လန့်ဖျပ်သွားကြသည်။ အာလပွန်အော်ဟစ်လိုက်သံအဆုံးမှာပင် သိမ်းငှက်ကြီးသည် သူဖမ်းဆီး ကုတ်ချီလာသော ယုန်ငယ်ကို ချက်ချက်းလွှတ်ချလိုက်၏။

အာလပွန်က ယုန်သေကို ပြေးကောက်သောအခါ အာလပွန်နှင့် သိမ်းငှက်ကြီးတို့မှာ ယုန်သေကို လုနေကြသည်။ သိမ်းငှက်ကြီးသည် တကက် . . ကက် အော်၍ အာလပွန်အား နှုတ်သီးနှင့် လှမ်းပေါက်၏။ ခြေသည်းနှင့် လှမ်းကုတ်၏။ တောင်ပံနှင့်လည်း ပြေးရိုက်၏။ အာလပွန်သည် သူ့ကိုတိုက်ခိုက်နေသော သိမ်းငှက်ကြီးအား လည်ပင်းနှင့်ခြေထောက်နှစ်ချောင်းကို ဆတ်ခနဲ ဆွဲဖမ်းကာ ရုတ်တရက် ခြံထဲတွန်းသွင်းပစ်လိုက်သည်။ သူ့လက်မောင်းနှင့် လက်ကောက်ဝတ်တို့တွင် ကုတ်ခြစ်ရာတွေ ထင်သွား၏။ သို့သော် အာလပွန်အား ဤသည်တို့ကို မှုပုံမရ။ သိမ်းငှက်ကြီး



ဖမ်းချီလာသော ယုန်သေကိုသာ သွားကောက်ယူလာသည်။

အာလပွန်လက်ထဲက ယုန်သေကို မြင်နေရသော ခြံထဲက သိမ်းငှက်ကြီး သုံးကောင်မှာ တကက် . . ကက်အော်ပြီး လှောင်ခြံထဲတွင် ခုန်ပျံရုန်းကန်နေကြသည်။ အာလပွန်သည် စောစောကသိမ်းငှက်ကြီး ဖမ်းလာသော ယုန်သေကို သစ်ပင်ကြီးတစ်ပင်၏ ခြေရင်းတွင် တောင်တစ်လုံးနှင့်အုပ်ထားလိုက်သည်။ ပြီးမှ ခြံလှောင်အိမ်ထဲတွင် ဟိုခုန်၊ သည်ခုန်နှင့် ရုန်းရင်းဆံခတ်ဖြစ်ကာ အော်ဟစ်နေကြသော သိမ်းငှက်ကြီးသုံးကောင်ထဲမှ တစ်ကောင်ကို အလစ်ဝင်ဖမ်းဆွဲထုတ်လာပြန်သည်။ စောစောက ယုန်ဖမ်းလွှတ်လိုက်သော သိမ်းငှက်ကြီးနည်းတူ ဒုတိယဖမ်းထုတ်လာသော သိမ်းငှက်ကြီးတစ်ကောင်ကိုလည်း အာလပွန်သည် ဦးသဂီကျော်တို့ သားအဖသုံးယောက် ရှေ့၌ပင် ယုန်ဖမ်းလွှတ်လိုက်ပြန်သည်။ ဒုတိယသိမ်းငှက်ကြီးသည်လည်း ပထမသိမ်းငှက်နည်းတူ ယုန်တစ်ကောင်ကို ဖမ်းချီလာလိမ့်မည်မှာ မုချပင် ဖြစ်သည်။

"ဦး . . ယုန်ဖမ်းနည်းက သိပ်ဟန်ကျတာပဲ၊ ဒီ သိမ်းငှက်ကြီးတွေကို ဒီလိုလိမ္မာလာအောင် ဦးဘယ်လိုများ သင်ထားပါလိမ့်၊ အံ့သြစရာပဲ"

အာလပွန်၏ယုန်လိုက်၊ ယုန်ဖမ်းနည်းကို အံ့သြတကြီးနှင့် မင်တက်မိ ငေးကြည့်နေရာက ထွန်းကျော်လင်း မေးလိုက်သည်။

"သိမ်းငှက်ကြီးတွေကို ယုန်ဖမ်းနည်းရယ်လို့တော့ အထူးတလည် သင်မနေရပါဘူး ကလေးရယ် . . ၊ သားကောင်ဖမ်းတတ်တာဟာ သိမ်းငှက်တွေရဲ့ သဘာဝပါပဲ၊ ဒီကို ပြန်လာအောင်ကတော့ ခိုတွေကို ကျင့်သလို ကျင့်ထားရတာပေါ့၊ သူတို့ ကုတ်ချီဖမ်း

လာတဲ့ ယုန်သေကို ပြန်လုယူရတာတော့ ပညာပါရတယ်"

"စိတ်ဝင်စားစရာပဲ . . ဦး၊ ကျွန်တော်တို့ ဓညဝတီမှာ တစ်ခါမှ မမြင်ဘူးလို့ ပြောပြစမ်းပါဦး . . ဦးရာ"

"ဓညဝတီတင်လားကွ၊ ဒီလို ယုန်ဖမ်းနည်းက ငါထင်တယ်၊ ရာဇဌာဏီကလွဲရင် ဘယ်မှာမှ မရှိဘူးထင်တာပဲ၊ ဟုတ်လား အာလပွန်"

ထွန်းကျော်လင်း၏စကားကို ဦးသင်္ဂါကျော်ကပါ ဝင်ပြောလာသဖြင့် အာလပွန်က ပြန်ပြောရသည်။

"ဣန္ဒိယ တောင်ပေါ်မြို့တွေမှာတော့ အရင်က တော်တော်များများ ရှိခဲ့ပါတယ်၊ ဒါပေမယ့် ခုတော့ မုဆိုးကြီးတစ်ယောက်တစ်လေလောက်ပဲ အသုံးပြုကြတော့တယ်၊ သေနတ်ပေါ်လာတော့ ဒီနည်းက တိမ်ကောသွားတာပေါ့ဗျာ"

"ဟုတ်မယ်ဗျ၊ ခု ခေတ်လူတွေကတော့ ကိုယ်တိုင်လိုက်ပစ်၊ ကိုယ်တိုင်လိုက်ဖမ်းတာကိုပဲ အရသာခံတတ်ကြတာကိုး၊ ခင်ဗျားတို့ အိန္ဒိယမဟာရာဂျာတွေဆို တမင်ကို လက်(ခ)ချမ်း၊ အခေါ် ရာသွားပြီး တောပစ်ကြတာကို ကြည့်လေ၊ သူတို့က သားကောင်ကြီးတွေကိုမှ ပစ်ချင်ကြတော့ ယုန်သူငယ်လောက်ကို ဘယ်စိတ်ဝင်စားကြတော့မှာလဲ"

"အရှင့်သား ပြောတာ ဟုတ်ပါလိမ့်မယ်" ဟု အာလပွန်က ပြောသည်။ ထွန်းကျော်လင်းကတော့ သိမ်းငှက်ကြီးတွေအကြောင်းသာ ဆက်မေးနေသဖြင့် အာလပွန်ကလည်း စိတ်ရှည်လက်ရှည် ပြောပြသည်။

"သိမ်းငှက်စွန်ရဲတွေဟာ သူတို့ဖမ်းလာတဲ့ သားကောင်ကို



စားတော့မယ်ဆိုရင် ပထမဦးဆုံး အဲဒီသားကောင်ဖမ်းလာတဲ့ အရပ်ကို ပြန်လှည့်ကြည့်တတ်တဲ့ အလေ့အထရှိတယ်၊ ဇာတိစိတ်ခေါ် ရမှာပေါ့၊ အဲဒီအခါမှာ လူက သိမ်းငှက်ကြီးရဲ့ အရိပ်ကို ဖနောင့်နဲ့ပေါက်ပြီး အော်ခြောက်လိုက်ရင် သိမ်းငှက်ကြီးတွေဟာ ရုတ်တရက်လန့်ပြီး သူတို့ ကုတ်ချီလာတဲ့ သားတစ်၊ သားကောင်ကို လန့်ပြီးလွှတ်ချလေ့ ရှိတယ်၊ သူတို့စိတ်ထဲမှာသားကောင်ဖမ်းတုန်းက ခက်ခဲမှုသားကောင် ကပြန်ပြီး တိုက်ခိုက်ခံရမှုတွေကို ပြန်သတိရပြီး စိတ်လှုပ်ရှားသွားတတ်ကြတယ်၊ နောက်မှ သူ့ကိုယ်သူ လန့်မှန်းသိပြီး သားကောင်ကိုပြန်လုတတ်တာ စောစောက ကလေးတို့အမြင်ပဲနော်၊ အရှင့်သားကတော့ အရင်လဲ ရာဇဌာဏီကို ရောက်ဖူးလို့ မြင်ဖူး တွေ့ဖူးသားပဲ ဟဲ . . ဟဲ"

"မြင်ဖူးရုံတင်ဘယ်ကမလဲဗျာ၊ ကျုပ်လာတိုင်း ခင်ဗျားယုန်ကင်နဲ့ ဟီလီတရိုက်အရက်နဲ့ ဧည့်ခံတာကို တစ်သက်မမေ့ပါဘူး ဟဲ . . ဟဲ"

"ဟဲ . . ဟဲ၊ ဟား . . ဟား၊ ညနေလည်း လာခဲ့ဦးဗျာ၊ ဟီး . . ဟီး"

"လာရမှာပေါ့ဗျာ၊ ရာဇဌာဏီကို ရောက်လို့မှ ခင်ဗျားဆီ မရောက်ရင် ကျုပ် ဘယ်မိတ်ဆွေကောင်း ဖြစ်တော့မလဲ၊ ဟဲ . . ဟဲ"

မထမသိမ်းငှက်ကြီး သားကောင်ဖမ်းလာစဉ်က အာလပွန်သည် သိမ်းငှက်ကြီး၏အရိပ်ကို ဖနောင့်နှင့်ပေါက်လိုက်မှန်း မသိဘဲ မြေပြင်ကို ပေါက်သည်ဟုသာ ထင်မိကြသော ထွန်းကျော်လင်းတို့ မောင်နှမမှာ သိမ်းငှက်ကြီးကို စိတ်ဝင်စားနေကြသဖြင့် အာလပွန်နှင့် သူ့အဖေတို့ စကားပြတ်သည်နှင့် ဆက်မေးကြပြန်သည်။

“ဦး . . ယုန်ဖမ်းလွှတ်လိုက်တဲ့ သိမ်းငှက်ကြီးတွေက တစ်ခြားအကောင်တွေကိုကော မဖမ်းကြဘူးလား . . ဦး”

“ယုန်ဖမ်းလွှတ်လိုက်တဲ့ သိမ်းငှက်တိုင်းဟာ ယုန်ချည်းရလာကြတာတော့ မဟုတ်ဘူး၊ တစ်ခါတစ်ခါ ကြက်ငှက်တွေ၊ မြွေတွေကိုလည်း ဖမ်းလာတတ်ကြသေးတယ်ကွဲ့၊ ဒါပေမယ့် ဦးတို့အရပ်က ယုန်ပေါတော့ ယုန်ပဲရတာများပါတယ်”

“ဟုတ်ကဲ့၊ ခု သိမ်းငှက်တွေကို တစ်ကောင်စီလီပြီး လွှတ်နေရင် အချိန်ကြာတာပေါ့နော်. . ဦး၊ တစ်ခါထဲ သုံးကောင်စလုံးကို လွှတ်လိုက်ရင် များများရ . . . ”

“ဟဲ . . ဟဲ၊ ဒီသိမ်းငှက်ကြီး သုံးကောင်စလုံးသာ တစ်ပြိုင်ထဲ လွှတ်လိုက်ရင် ယုန်မရတဲ့အပြင် သုံးကောင်စလုံး သေကုန်ကြလိမ့်မယ်ကွဲ့”

“ဟင် . . ဘာဖြစ်လို့လဲ . . ဦး”

“ဘာဖြစ်လို့လဲဆိုတော့ သိမ်းငှက်မျိုးတွေဟာ အင်မတန်ရန်လိုရန်ကြီးကြတယ်၊ အရှင်သခင်အပေါ်လည်း အင်မတန်သစ္စာရှိတတ်ကြတယ်၊ အရှင်သခင်ကို ရန်ပြုလာသူမှန်သမျှ မျက်လုံးအပေါက်ခံရတတ်တယ်၊ အဲဒါကြောင့် ရာဇဌာဏီမှာ သော်ဒလီ၊ မဟာရာဂျာအဆက်ဆက် ဒီငှက်ရဲသိမ်းစွန်ကြီးတွေကို အားကိုးတကြီး မွေးမြူခဲ့ကြတယ်၊ ယခုခေတ်တော့ ဘာမှ အသုံးမဝင်တော့ဘူးပေါ့ကွယ်၊ ဒါပေမယ့် ဂုဏ်သတ္တိတစ်ခုအနေနဲ့တော့ မွေးထားလက်စနဲ့ ဆက်မွေးထားကြရတော့တာပဲ၊ ဟိုဘက်တောင်စောင်းမှာ သားပေါက်နေတဲ့ သိမ်းငှက်မကြီး တစ်ကောင်ရှိသေး . . . ”

“ဟာ . . . အာလပ္ပွန်၊ ခင်ဗျား အဲသလိုလဲ ပစ်ကောင်းစတာ မပြောနဲ့အုံးလေဗျာ၊ ဒီညမှာပဲ ခင်ဗျားနဲ့ကျုပ်တို့ ယုန်သားကင် ယုန်သားသုပ်စားကြရတော့မှာလေဗျာ၊ ဘယ်နှယ့် အသုံးမဝင်ရမှာလဲ၊ ဟဲ . . . ဟဲ”

ဦးသဂိုါကျော်၏စကားကို အာလပ္ပွန်က ဘာမှပြန်မပြောဘဲ ရယ်နေ၏။

“သုံးကောင်စလုံးကို တစ်ခါတည်း လွှတ်လိုက်လို့ မဖြစ်ဘူးဆိုတာလည်း ပြောပြစမ်းပါဦး ခင်ဗျာ”

“သုံးကောင်စလုံးကို လွှတ်လိုက်လို့ တစ်ကောင်က ယုန်ရရင် ကျန်နှစ်ကောင်က ဝိုင်းလုကြတယ်ကွဲ့၊ နောက်တော့ မာန်ဝင်ပြီး သားကောင်၊ သားတစ်ကို မလုကြတော့ဘဲ အချင်းချင်း အသေအကြေ ကိုက်ကြတော့တာပဲ၊ အဲဒါမသိလို့ အရင်က သိမ်းငှက်နှစ်ကောင်သေဖူးတယ်၊ ဦး . . လက်ထက်တော့မဟုတ်ဘူး၊ ဦးအဖေလက်ထက်တုန်းကလို့ ပြောတယ်၊ အဲဒါ နှစ်ကောင်က အရှင်ကြီးဘယ်သွားသွား ခေါ်သွားတတ်ပြီး ရာဇဌာဏီပေါက် ငှက်ရဲနှစ်ကောင်ပါပဲ”

အာလပ္ပွန်နှင့် ထွန်းကျော်လင်းတို့ စကားမဆုံးခင်မှာပင် ဘန်ဒါဘန်ဘက်မှ မရမာ(မြန်မာ) ကြီးနှစ်ယောက်က ရာဇဌာဏီကို လမ်းကြုံဝင်လာရင်း ဦးအောင်တိုင်တို့မိသားစုကို စုံစုံလင်လင် တွေ့သွားချင်သည်ဟု ပြောခေါ်ခိုင်းလိုက်ကြောင်း ကုလားမ တစ်ယောက် လာခေါ်သဖြင့် အာစီရဝတီရှိ ငှက်ထိန်းကြီး အာလပ္ပွန်ဆီမှ တိုက်ကြီးဘက်ပြန်လာကြရသည်။

ဘန်ဒါဘန်မှ ဧည့်သည်နှစ်ယောက်ကို ထွန်းကျော်လင်းတို့ မိသားစုက လုံးဝသိကြသည်မဟုတ်။ အသက်ခြောက်ဆယ်ခန့်ရှိ

ဦးထွန်းပေါ်ဆိုသောအဘိုးကြီးနှင့်ဒေါ်ကြာဦးဖြူတို့မှာ ငယ်စဉ်က ပန်းဝါတွင် သိခဲ့ကြသည်ဟု ဆိုသည်။ နောက်တစ်ယောက်ကိုတော့ ဒေါ်ကြာဦးဖြူလည်း မသိ။ ဘန်ဒါဘန်ဇာတိဖြစ်ပြီး သူ့ကိုယ်သူ ဗမာ ဟုပြောသည်။ သို့သော် သူ့စကားအသံထွက်ကာ "မရမာ" "မြန်မာ" ဟုသာ ဖြစ်သည်။

သမိုင်းကြောင်းအရ ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာ၏သားတော် ငါးဆူဒါယကာ နန္ဒဘုရင်လက်ထက်တွင် ဟံသာဝတီပြည်ကြီးပျက်ရာမှ ရခိုင်သို့ ပြေးခဲ့ကြသည်။ ရခိုင်မှတဆင့် စစ်တကောင်းတောတန်းဒေသ ဘန်ဒါဘန်အရပ်တွင် နန္ဒဘုရင်၏ သားတော်သမီးတော်များ အခြေချနေထိုင်ခဲ့ကြရာမှ ဆင်းသက်ပေါက် ဖွားလာကြကြောင်း။ ဒေသအသံနှင့် မြန်မာကို မရမာဟု အသံထွက်သဖြင့် မရမာလူမျိုး" ဖြစ်နေကြကြောင်း။ အမှန်မှာ သူတို့သည် မော စစ်စစ်၊ မြန်မာစစ်စစ်များသာ ဖြစ်ကြောင်း ပြောပြ၍ မိတ်ဆက်ကြသည်။

ထိုမရမာကြီးနှစ်ယောက်က ဦးအောင်တိုင်တို့မိသားစုကို ဘန်ဒါဘန်သို့လာဖြစ်အောင် လာလည်ကြရန်နှင့် ဓညဝတီအကြောင်း ဟံသာဝတီအကြောင်း၊ ရန်ကုန်အကြောင်း၊ ရတနာပုံအကြောင်း၊ ပေါက္ကံရာမအကြောင်း လွမ်းလွမ်းဆွေးဆွေး မေးကာ ညနေစောင်းမှ ဟာလပင်း ပန်းဝါဘက် ခရီးဆက်ထွက်သွားကြသည်။

ဧည့်သည်များ တိုက်ကြီးခြံပြင်ပင် မရောက်ကြသေး။ ထွန်းကျော်လင်းက "အတော်ရှုပ်တဲ့လူတွေ၊ ပါပါ ယောက်ဖကြီး သိမ်းငှက်တွေ သွားယူပြီး ဖမ်းစားတောင် ဝအောင်မကြည့်ခဲ့ရဘူး" ပြောသဖြင့် သူ့အမေ ဒေါ်သန္တာဖြူက အော်ရသေးသည်။

× × ×



(ဘ)

ရာဇပါရာရှိ ဦးကြာပန်းအောင်အိမ်နှင့်စာလျှင် သော်ဒလီရာပါရာရှိဦးစံလှဘော်အိမ်၌ နေရသည်ကို ထွန်းကျော်လင်းတို့မောင်နှမက ပိုပြီးသဘောကျကြသည်။ သို့သော် ထွန်းကျော်လင်းတို့အဖိုးလေး ဦးစံလှဘော်က ထွန်းကျော်လင်းကာလကတ္တားကျောင်းသွားနေရန်အတွက် သူ့သား၊ သူ့မြေး ကျောင်းဆရာများဆီ ရေးပေးလိုက်သော စာကိုယူကာ တစ်ပတ်အကြာမှာပင် ရဇပါရာရှိ ဦးကြာပန်းအောင်အိမ်သို့ ပြန်လာကြရသည်။ ဦးစံလှဘော်မှာ ခေတ်ပညာတတ် မြို့ပိုင်လုပ်ခဲ့သူဖြစ်သဖြင့် ထွန်းကျော်လင်းပညာရေးထိခိုက်မှာကို လုံးဝမလိုလား။ ထို့ကြောင့်လည်း ဓညဝတီတွင် တက္ကသိုလ်ဝင်တန်းထိ ကျောင်းနေလာခဲ့သော ထွန်းကျော်လင်းအား ချက်ချင်းကာလကတ္တား၌ ကျောင်းသွားနေရန် ထောက်ခံစာအမျိုးမျိုးကိုလည်း ရေးပေးလိုက်လေသည်။

ရဇပါရာကို ရောက်ရောက်ချင်း ဦးကြာပန်းအောင်က ထွန်းကျော်လင်းကို စာတစ်စောင်ပေးသည်။ ဖလောင်းချိတ်က သူငယ်နှစ်ယောက်လာ၍ပေးသွားသည်ဟု ပြော၏။ ဤအရပ်ဒေသ

တွင် သူ့အားစာပေးမည့်သူမရှိသဖြင့် ထွန်းကျော်လင်းကသိလိုဇော နှင့် ချက်ချင်းစာကို ဖောက်ဖတ်ကြည့်သည်။

သို့

ထွန်းကျော်လင်း

ရဇပါရာရွာ

ရာဇဌာဏီ

ထွန်းကျော်လင်း၊ငါကာလကတ္တားက ပြန်လာတာတစ်ပတ်ပဲ ရှိသေးတယ်၊ မင်းတို့မိသားစုအကြောင်းကို ပါပါက ပြောပြလို့ပါ အကုန်သိရတယ်၊ ရာဇဌာဏီက အမျိုးတွေဆီမှာ အခြေချကြမယ်ဆိုလို့ ငါရဇပါရာကို လိုက်တာတယ်၊ မင်းတို့မိသားစု သော်ဒလီပါရာကို ထွက်သွားကြတယ်ပြောလို့ ကမန်းကတန်းစာရေးပေးထားခဲ့တယ်။

အကြေ ်းက ငါနဲ့အတူ ရန်ကုန်ကောလိပ်တက်ခဲ့ကြတဲ့ စစ်တွေက သူငယ်ချင်းနှစ်ယောက်ကို ကာလကတ္တားမှာ တွေ့ခဲ့ရတယ်၊ သူတို့က နိုင်ငံရေးကိစ္စနဲ့ ကာလကတ္တားမှာရှိတဲ့ ကိုသိန်းဖေဆိုသူကို ကိုဘကျော်အဆက်နဲ့ လာရှာကြတယ်ပြောတယ်။ သူတို့ကိုမေးကြည့်တော့ ဧညဝတီကို ဂျပန်ပြန်ဗိုလ်ရန်အောင်တပ်နဲ့အတူ ကိုထွ ်းတို့လဲ ရောက်နေကြတယ်ပြောတယ်။ အဲဒီလူတွေကို ငါမှာလိုက်တယ်၊ ကိုထွန်းတို့ကို ဧညဝတီမှာ နောက်တွေ့ရင် မိသားစုတွေအားလုံး နေကောင်းကျန်းမာရှိကြပြီး ဒင်နာ့ဂျ်ပူကို လိုက်သွားကြပြီလို့၊ အဲဒီတုန်းက မင်းတို့မိသားစု ရာဇဌာဏီမှာ အခြေချကြမယ်ဆိုတာ ငါကမသိသေးတော့ အဲသလိုပဲ မှာလိုက်မိ



တယ်၊ ခု မကြာခင် အရောင်းအဝယ်ကိစ္စနဲ့ ငါကာလကတ္တားကို တစ်ခေါက်သွားစရာရှိသေးတယ်၊ စစ်တကောင်းမှာရှိတဲ့ ငါ့ဘကြီးက ကာလကတ္တားက ကုန်သည်ကြီးတွေနဲ့ အဆက်အသွယ်ရှိတယ်၊ ဒီတစ်ခါ စစ်တွေကသူငယ်ချင်းတွေကို ကာလကတ္တားမှာတွေ့ရင် မင်းတို့မိသားစုရာဇဌာဏီမှာ ရှိနေကြတယ်ဆိုတာ ကိုထွန်းတို့ကို ပြောပေးဖို့ ငါမှာလိုက်မယ်၊ ကိုထွန်းတို့ကိစ္စ ဘာမှပူပန်မနေကြဖို့ အရီးရှင်နဲ့ အခင်ကြီးကိုလဲ ပြောပြလိုက်ပါ။ ကိုထွန်းတို့အတွက် လူကြီးတွေ ပူပန်နေကြမှာ စိုးလို့ ငါကာလကတ္တားကရောက်ရောက်ချင်းလာပြောတာ၊ ဒါပါပဲ။

မင်းတို့ဖလောင်းချိတ်ကိုလည်းလာလည်ကြအုံးလေကွာ။

သတိတရဖြင့်

အောင်ကျော်ဦး

၇/၁၁

အောင်ကျော်ဦးဆီကစာကို ဖတ်ရသောအခါ မိသားစုအားလုံးမှာ အတိုင်းအဆမရှိ ဝမ်းသာသွားကြသည်။ ထွန်းကျော်မင်းနှင့် ထွန်းမြဦးတို့ ဧညဝတီကို ရောက်နေကြသည်ဆိုသဖြင့် ကမ်းသာပြန်ချင်စိတ်ပင် ချက်ချင်းပေါက်လာကြသည်။ ယခုလို ရာဇဌာဏီကို ပြေးလာကြမည့်အစား ဦးအောင်တိုင်၊ ဦးသဂြိကျော်တို့ အမျိုးများရှိသော ဧညဝတီဘက်ကိုသာ စောစောစီးစီးပြေးခဲ့ကြလျှင် မိသားစုမြန်မြန်တွေ့ကြရမည်ဟု စိတ်ထဲတွေးကာ ထွန်းကျော်မင်းကို သတိရနေကြသည်။

အောင်ကျော်ဦးစာထဲတွင် ထွန်းထွန်းတို့ဟုပါရာထွန်းမြဦးတို့မိသားစုအကြောင်းကိုလည်း သိချင်နေကြသည်။ သို့သော်

အောင်ကျော်ဦးစာထဲ၌မူ ထွန်းမြဦးတို့မိသားစုအကြောင်းကား တစ်လုံးတစ်ပါဒမှ မပါသဖြင့် ဒေါ်သန္တာဖြူကဦးကျော်မြ၊ဒေါ်စော လှတို့မိသားစု စစ်တကောင်းကဆွေမျိုးတွေဆီ အခြေချနေကြ သလား၊ အင်္ဂလိပ်များခေါ်သွားရာ ဒင်နာ့ဂျ်ပူထိများလိုက်သွားကြ လေသလားဆိုသည်ကို သိချင်နေသည်။ အောင်ကျော်ဦးကာလ ကတ္တားကိုသွားလျှင် စစ်တကောင်းက သွားရမည်ဖြစ်သဖြင့်စစ်တ ကောင်းမှာ ဦးကျော်မြတို့ မိသားစုကို စုံစမ်းခိုင်းလျှင်ရနိုင်မည် လားဟု မေးနေပြန်သည်။

ဤသည်ကို ထွန်းကျော်လင်းက "မေမေကလည်း စစ်တကောင်းဆိုတာ ရောမမြို့ကြီးဗျ၊ စစ်ပြေးတွေနဲ့ဒီလောက် ရှုပ်နေတာ အမေ့ချွေးမ မိသားစုကို ဘယ်လူကသွားစုံစမ်းပေးနိုင် မှာလဲ၊ ကိုထွန်းတို့အကြောင်းဒီလောက်လာပြောဖော်ရတာ ကိုပဲ ကျေးဇူးတင်ဦး" ဟု ပြောလိုက်ရာ ဒေါ်သန္တာဖြူ က"အေး ... နင်ကတော့ နင့်ယောက်ဖကြီးကို ကျေးဇူးတင်မှာပေါ့၊ ခုကလ ကတ္တားမှာ ကျောင်းသွားနေဖို့ အဖိုးလေးက စာတို စာရှည် ရေးပေးလိုက်တာတောင် ဖလောင်းချိတ်ကိုအရင်သွား ချင်နေ သေးတယ် မဟုတ်လား" ဟု ပြန်အော်လိုက်၏။

"အမေကပဲ ဖလောင်းချိတ်ကိုသွားပြီး အောင်ကျော်ဦးတို့မိ သားစုကိုမေးကြည့်ရင် မြသက်စောတို့အကြောင်းသိချင်သိရမှာဆို"

"ဟုတ်တယ်လေ၊ သူတို့ကဒီရောက်မှကုန်သည်တွေလုပ်ပြီး ဖလောင်းချိတ်နဲ့ စစ်တကောင်းကို အိမ်ဦးကြမ်းပြင်လုပ်နေကြတော့ သိများသိမလားလို့ပေါ့ဟ"

"ဒီမှာ ဟေ့ကောင်၊ မင်းဘာမှ ထွေလီကာလီ တွေစိတ်ကူး



နေနဲ့နော်၊ မင်းအဖိုးလေးပြောသလို ကာလကတ္တားကိုမြန်မြန် ွားပြီး ကျောင်းဝင်နိုင်ဖို့ပဲ ဒီအချိန်မှာအရေးကြီးတာ၊ ီလီတရိုက်က ကျော်သာလှ ပြန်လာတာနဲ့ မင်းကိုကာလကတ္တား ိုက်ပို့ဖို့ မင်းဘိုးဘိုးကြီးကလည်း အားလုံးစီစဉ်ထားပြီးပြီ"

သူ့အမေနှင့်တစ်ယောက်တစ်ခွန်းစကား များနေကြသော ွန်းကျော်လင်းကို သူ့အဖေဦးသင်္ဂါကျော်က ယတိပြတ်လှမ်းပြော ိုက်သည်။

"ကျွန်တော် ဟီလီတရိုက်သွားနေတဲ့ အစ်ကို့ကိုတောင် စောင့်ဘဲ ခုမီရာသဘော်နဲ့တောင်သွားချင်တာပါ ပါပါ"

"မင်းတစ်ယောက်တည်း အဖော်မပါဘဲ သွားလို့တော့ ယ်ဖြစ်မလဲကွ၊ ကာလကတ္တားဆိုတာ စစ်တွေမဟုတ်ဘူး၊ရောမမြို့ း၊ မင်းတစ်ယောက်တည်းသွားရင် တောသားမြို့ရောက်ဖြစ်နေ ပေါ့"

"အဖိုးလေးမြို့ပိုင်မင်း စာတွေ ပါသားပဲ"

"စာပါတာက ပါတာပေါ့ကွ၊ ဒါပေမယ့်ကာလက စစ်ကာလ၊ ခြေအနေဘယ်လိုမှန်းမသိတာ၊ တစ်ယောက်တည်းသွားလို့ကတော့ ယ်ဖြစ်မလဲ၊ တစ်ယောက်သွားတော့ လူသေတဲ့၊ နှစ်ယောက်သွား ာ လူရှင်တဲ့၊ သုံးယောက်ပေါင်းတော့လောင်းကျော် ဆိုတာ ားပုံတောင် ရှိတာပဲသားရယ်"

"ဒါဆို ပါပါလိုက်ပို့ပါလား၊ ပါပါလည်းအရင် ကကာလ ္တားရောက်ဖူးသားနဲ့"

ထွန်းကျော်လင်းက သူ့အမေကို စိတ်မပြေသေးသဖြင့် ်ပြောနေသည်။

"ဒီတစ်ရက် နှစ်ရက်အတွင်း ကျော်သာလှ ဟီလီတရိုက်က ပြန်ရောက်မလာရင် လိုက်ပို့သင့်ပို့မယ်၊ မင်းဒါဘာမှ ပူမနေနဲ့"

ထွန်းကျော်လင်း ကာလကတ္တားသွားပြီးကျောင်းနေရန် ကိစ္စ တိုင်ပင်ပြောဆိုနေကြသော နောက်တစ်ရက်မှာပင် ဖလောင်း ချိတ်တွင်တွေ့ခဲ့ရသော ဆွေမျိုးထဲက ကာလကတ္တား ကျောင်းသား နိုင်ငံရေးသမားအောင်ကျော်ဇေယျ ရောက်လာသည်။ သူရောက် လာသည်မှာ ထွန်းကျော်လင်းကာလကတ္တားတွင်ကျောင်း သွားနေ ရန် ကိစ္စကိုသိ၍မဟုတ်။ ရာဇ ဌာဏီကို ရောက်နေကြသော ဓည ဝတီက ဆွေမျိုးတွေ၏ အခြေအနေကိုသူ့မိဘတွေက မေးခိုင်းလိုက် ၍ ဝင်လာတာဟု ပြောသည်။

ထွန်းကျော်လင်း ကာလကတ္တားတွင် ကျောင်းသွားနေရန် ကိစ္စဟီလီတရိုက်ဘက်သွားနေသော ဦးကြာပန်းအောင်၏မြေး၊ ဦးလှထွန်းအောင်၏သား၊ ကျော်သာလှကိုစောင့်နေကြသည်ဟု ဆိုသောအခါ အောင်ကျော်ဇေယျက သူလိုက်ပို့ပေးမည်၊ ကျော်သာလှ မှာ ဟီလီတရိုက်ကို အလုပ်ကိစ္စနှင့်သွားနေသူ ဖြစ်သဖြင့် ကြာလျှင် ကြာနေတတ်သည်ဟု ပြော၏အောင်ကျော်ဇေယျမှာ ကာလ ကတ္တားတွင် ကျောင်းနေဖူးသူဖြစ်သဖြင့် ဦးအောင်တိုင်တို့ မိသားစုက ပို၍ ဝမ်းသာသွားကြသည်။ သို့သော် ဦးလှထွန်း အောင်က. .

"ခင်ဗျားတို့ ဒီကောင့်အကြောင်း မသိပါဘူး၊ ဟော့ကောင် အောင်ကျော်ဇေယျ၊ မင်းနဲ့ငါတူ ထွန်းကျော်လင်းကို ကာလကတ္တား လွှတ်မည့်အတူတူတော့ ဒီရာဇဌာဏီက ရာဂျပုတ် ပုလိပ်မင်းသင်္ကဲထဲ ပဲ အပ်ပေးလိုက်မှာပေါ့ကွာ"



"ဟာ. . ဦးမင်းကလည်း၊ မဟုတ်တာဗျာ၊ ကျွန်တော့်ကို ဒီလောက်ပဲ အထင်မကြီးစမ်းပါနဲ့"

"အောင်မာ. . . လာလာသေး၊ မင်းကာလကတ္တား သဘော်ဆိပ်တက်တာနဲ့ ရာဂျပုတ်လူယောင်ဆောင်တွေက ကွိခနဲ ဖမ်းသွားကြမှာပေါ့ဟ၊ မင်း ဖမ်းသွားတာအကြောင်းမဟုတ်ဘူး၊ ဓညဝတီက ငါ့တူပါ အဆစ်မပါပါရစေနဲ့ကွာ၊ ငါတို့ဘာသာငါတို့ပဲ ပို့ပါရစေမောင်"

ဦးလှထွန်းအောင်၏ စကားကို အောင်ကျော်ဇေယျက တဟားဟားရယ်ပြီး ထွန်းကျော်လင်းဘာမှ မဖြစ်စေရဘူး၊သူ့အာ ဆက်နှင့်သူ ကျောင်းအပ်ပေးထား ခဲ့မည်ဟုအခါခါပြောသော်လည်း မည်သူမျှ သူနှင့် မထည့်ဝံ့ကြသဖြင့် အောင်ကျော်ဇေယျလည်း လက် လျှော့သွားသည်။

နောက်ဆုံး လေးရက်အကြာတွင် ဟီလီတရိုက်ဘက်သွား နေသော ကျော်သာလှပြန်ရောက်လာသဖြင့် ထွန်းကျော်လင်းအား ကျောင်းအပ်ပေးရန် ကာလ ကတ္တားသို့ လွှတ်လိုက်ကြသည်။

× × ×

(မ)

တစ်ပြည်တစ်ရွာတွင် လူငယ်တီးတိုးဖော်မောင်နှမနှစ်ယောက်ရှိနေကြရာမှ ထွန်းကျော်လင်းကလကတ္တားကျောင်းနေရန် ထွက်သွားသောအခါ သဇင်ဖြူမှာ ပျင်းကျန်ရစ်သည်။ အိမ်မှာ ဓာတ်စက်ဖွင့် နားထောင်လိုက်၊ ရေဒီယိုသတင်းနားထောင်လိုက်၊ အဘွားနှစ်ယောက်နှင့် အမေ ဒေါ်ကြီး၊ ဒေါ်လေးတို့ရှိရာမီးဖိုထဲဝင်လိုက်နှင့် စိတ်ဂနာမငြိမ်ဖြစ်နေသည်။ ဘိုးဘိုးကြီးဦးကြာပန်းအောင်နှင့် အခင်ကြီး ဦးထွန်းလှအောင်တို့ကမူလယ်ယာသိမ်းပြီးလျှင် စာသင်ဆရာမ တစ်ယောက်ငှားပြီးအတန်းစာပြန်သင်ခိုင်းမည်။ ပြီး စစ်တကောင်းရှိ သူ့မြေး၊ သူ့သားသမီးတွေနှင့်အတူ အင်္ဂလိပ်ကျောင်းဆက်ထားပေးမည်ဟု ပြောနေကြသည်။ ကမ်းသာက အဘိုးအဘွားအဖေအမေတို့ကမူ မိန်းကလေးပဲ ခြောက်တန်း၊ ခုနှစ်တန်းတောင်သင်ထားပြီးပြီ၊ မိန်းကလေးဆိုတာ အိမ်တွင်းမှု ထိမ်းသိမ်းနိုင်နင်း ဖို့ပဲ အရေးကြီးတာဟု ဆိုကြသည်။ ထို့ကြောင့်လည်း သဇင်ဖြူမှာ ကမ်းသာရှိ အလယ်တန်းကိုပင်



ဆုံးခန်းတိုင် မနေခဲ့ရ။ ခုနှစ်တန်းအောင်ပြီးနှစ်ကပင် ကျောင်းထုတ်ထားကြသည်။ မိန်းကလေးအပျိုအရွယ်ရောက်လာတော့ သူတို့ရည်ရွယ်ထားသူကို မယူဘဲ ရည်းစားနောက်လိုက်ပြေးသွားမှာကြောက်နေကြသည်။

ထွန်းကျော်လင်း ကာလကတ္တား ထွက်သွားပြီးတစ်ပတ်ခန့်အကြာ တစ်နေ့နေ့လည်မှာ ပျင်းပျင်းရှိသည်နှင့်အဘိုးလေးတို့ သော်ဒလီပါရာဘက် ငေးကြည့်နေမိသည်။ သော်ဒလီပါရာတွင် ယုန်လိုက် သိမ်းငှက်ကြီးတွေနှင့် သမင်တွေ ဝက်ဝံတွေကို သတိရနေမိသည်။ အဖိုးလေးက ရာဇပါရာမှာ ပျင်းလျှင်အဖိုးလေးတို့ သော်ဒလီပါရာမှာလည်း လာနေဖို့မှာ လိုက်သည်ကိုလည်း ဝ်နံထဲက သတိရပြီး သော်ဒလီပါရာဘက် စိတ်ရောက်နေသည်။

သဇင်ဖြူအိမ်ရှေ့ဝရံတာပေါ်က သော်ဒလီ ပါရာဘက် တမ်းတမ်းတတ ငေးကြည့်နေစဉ် အစိုးရဌာနသုံးဂျစ်ကားတစ်စီး အိမ်ရှေ့ထိုးရပ်လာသည်။ ဂျစ်ကားပေါ်က ဆင်းလာသူမှာ အဘွားဒေါ်ကြာဦးဖြူ ၏မောင်၊ ဦးကြာပန်းအောင်၏မြေး၊ ဦးပညာကျော်၏သား ဟီလီတရိုက်က မြို့ပိုက်ကလေး ဇေယျာကျော်ဖြစ်သည်။ သူသည် သူ့ဘိုးဘိုးကြီးအိမ်ကို မကြာမကြာ ဝင်ထွက်သွားလာနေသူဖြစ်သဖြင့် အိမ်ကြီးပေါ်သို့ တန်းတန်းမတ်မတ်တက်လာသည်။

သဇင်ဖြူက သူ့ကိုမှတ်မိသော်လည်း ရုတ်တရက်နှုတ်မဆက်ဝံ့သဖြင့် "ဘွားဘွားဧည့်သည်လာတယ်" ဟုသာလှမ်းပြောလိုက်၏။

"ဧည့်သည်မဟုတ်ပါဘူး သဇင်ရယ်တို့အမျိုးတွေပါကွယ်"

ဇေယျာကျော်က ပြောရင်း သဇင်ဖြူနား လာရပ်သည်။

"တို့နှမလေးက ဧည့ဝတီကို လွမ်းနေပြီထင်တယ်" ဟူသော ဇေယျာကျော်၏ စကားမဆုံးခင်ပင် မိသားစုအားလုံး ဧည့်ခန်းထဲ ရောက်လာကြသည်။ သူတို့မိသားစုမှာ လောလောဆယ် ဤအရပ် ဤဒေသ၌ အလုပ်အကိုင်ကလည်း မည်မည်ရရ မရှိကြသေးရာ စားပြီးအိပ်၊ အိပ်ပြီးစားနှင့်အမျိုးဧည့်သည်များကိုသာ စောင့်မျှော်နေကြရာ ယခုဇေယျာကျော်ရောက်လာတော့ အတော်ပင် ဖြစ်သွားကြသည်။

"ဩော်. . ဘယ်သူလဲလို့ကွယ်၊ မောင်ဇေယျာကျော် . . လာ . . လာ၊ ဘယ်ကလှည့်လာလဲကွဲ့"

"ကျွန်တော် ဟလကန်မှာ အမှုတစ်ခုလာစစ်ရင်း အခင်ကြီးတို့ အရီးရှင်တို့ကို သတိရဖို့ ဝင်လာ ကာ၊နေ့ာကောင်း ကျန်းမာကြပါတယ်နော် အရီးရှင်"

"ကောင်းကြပါတယ်ကွယ်၊ မင်းညီ ထွန်းကျော် လင်းတော့ ကာလကတ္တားမှာ ကျောင်းဆက်နေဖို့ ဒီက ကျော်သာလှနဲ့ထွက် သွားကြတာ တစ်ပတ်တောင်ကျော်သွားပြီ"

"အော် . . ဟုတ်လားအရီးရှင် ၊ ထွန်းကျော်လင်းကို ဖလောင်းချိတ်မှာတွေ့တုန်းက တက္ကသိုလ်ဝင်တန်းလို့ပြောဖူးတယ် ထင်တယ်"

"ဟုတ်ပါတယ်ကွယ်"

"ကျောင်းဆက်နေတာ ကောင်းပါတယ် အရီးရှင်၊ ကျောင်းသားက ကျောင်းဆက်နေရမှာပေါ့၊ ဒါပေမယ့် လောလောဆယ် အခြေအနေက ကာလကတ္တားကျောင်းတွေမှာလည်း နိုင်ငံရေးတွေ ဝင်ရှုပ်နေတော့ ချက်ချင်းကျောင်းဝင်ခွင့်ရဖို့သာ လွယ်မလွယ်"



"သော်ဒလီပါရာက သူ့အဖိုးလေးကတော့ သူ့သမီးဆရာ မကြီးနဲ့ သူ့မြေးဆရာတွေဆီ ထောက်ခံစာတွေ အများကြီးရေး ပေးလိုက်တာပဲကွဲ့၊ ဝင်ခွင့်ရပါလိမ့်မယ်ထင်တာပဲ"

"ဟုတ်ကဲ့၊ ကျွန်တော်ပြောတာက ကာလကတ္တားမှာ ဧည့ဝတီက နိုင်ငံရေးကျောင်းသားတွေလည်း အများအပြား ဝင် ထွက်သွားလာ လှုပ်ရှားနေကြလို့ ပြောတာပါထွန်းကျော်လင်း က ဧည့ဝတီကဆိုတော့ အစစ်အဆေးတွေ ပိုလုပ်ကြမှာစိုးရိမ်လို့ပါ။ စောစောက ထွန်းကျော်လင်း ကျောင်းဆက်နေဖို့ကိစ္စအေး. . . လေ၊ ကျွန်တော်လည်း နည်းနည်းလိုသွားတယ်၊ ထွန်းကျော်လင်း ကာလကတ္တားမှာ ကျောင်းသွားနေမယ်မှန်းသိရင် ဒီကခရိုင်ဝန်ကို အကျိုးအကြောင်း ကျွန်တော်သွားပြောပြီးထောက်ခံစာယူပေး လိုက်လို့ ရပါတယ်။ အဲဒါကို ကျွန်တော်သတိမရမိတာရယ် အလုပ် များနေတာနဲ့ အရီးရှင်တို့ဆီ ခုမှ ရောက်လာတာရယ်ကိုတော့ ခွင့်လွှတ်ကြပါခင်ဗျား"

"ကိစ္စမရှိပါဘူးကွယ်၊ ဖလောင်းချိတ်ရောက်ကတည်းက မင်းကူညီခဲ့တာ အခင်ကြီးတို့ တစ်သက်မမေ့ပါဘူး၊ ဒါနဲ့ ကာလကတ္တား အခြေအနေကော မင်းဘယ်လိုကြားလို့လဲ"

ကာလကတ္တားကျောင်းနေရန်သွားသော သားအတွက် စိုးရိမ်၍ ဦးသင်္ဂါကျော်က ဝင်မေးသည်။

"အထူးအထွေတော့ ဘာမှမကြားပါဘူး အခင်ကြီး၊ အဖိုးကြီး ကလည်း စာရေးပေးလိုက်တယ်ဆိုတော့ ရပါလိမ့်မယ်၊ ဟိုမှာ ဦးမင်းတို့ အစ်မကြီးတို့လည်းရှိနေတာပဲ၊ စိုးရိမ်စရာတော့ မရှိပါ ဘူး၊ စစ်တကောင်းက ဘိုးဘိုးဘွားဘွားတို့ဆီလည်း ကျွန်တော်

ာရေးထားပါတယ်။ နောက်အပတ်လောက်ဆို ရာဇဌာဏီကို
ရာက်လာကြလိမ့်မယ်၊ စစ်တကောင်းက ဘိုးဘိုးတို့ဆီလည်း
ာလှည့်သွားနေကြဦးပေါ့"

ဇေယျာကျော်မှာ လူငယ်ပင်ဖြစ်သော်လည်း လူကြီးတာဝန်
ို ထမ်းဆောင်နေရ၍လားမသိ။ စကားပြောနှင့် အနေအထိုင်က
ူကြီးဆန်သည်။ လိုရင်းကိုသာပြောပြီး တည်တည်ကြည်ကြည်
နတတ်သည်။ ထို့ကြောင့်လည်း သူ့အနားမကပ်ရဲသော သဇင်ဖြူ
ို သူ့အဘွားက "ဖြူဖြူ ငါ့မြေးလာလေ၊ နင်ပျင်းနေတာနဲ့ အတော်
ဒီမှာစကားပြောဖို့ နင့်အမျိုးတစ်ယောက်ရောက်လာပြန်ပြီ၊ လာ
. နင့်အစ်ကိုနဲ့ စကားပြောကြအုံး၊ ဘွားဘွားတို့မှာတော့ စားလိုက်
ိပ်လိုက်နဲ့ စကားပြောဖို့အမျိုးတွေပဲ မျှော်နေကြတာကွဲ့" ဟု
ေါ်ကြာဦးဖြူက ဇေယျာကျော်ကို ပြောလိုက်တော့မှ သဇင်ဖြူ
ပည်းသူ့အမေ နားလာထိုင်သည်။

"ဖြူဖြူက ရာဇဌာဏီမှာ ပျင်းနေလို့လား၊ အော်. . ဒါနဲ့
န်းဝါက ဘွားဘွားကြီးဇာတိဆို၊ ခု ကျွန်တော် ဟလဘန်မှာ
ာမှုတစ်ခုစစ်စရာရှိလို့ ဒီဝင်လာတာ၊ ဒီမှာ ပျင်းနေကြရင်ဘွား
ွားတို့မိသားစု ပန်းဝါလိုက်ခဲ့ကြပါလား၊ ကျွန်တော်တို့မှာ ကားပါ
ါတယ်"

သဇင်ဖြူအား သူ့အဘွားက ဖြူဖြူဟု ခေါ်သဖြင့် ဇေယျာ
ကျော်ကလည်း ချက်ချင်း ဖြူဖြူဟုပင် လိုက်ခေါ်ပြောသည်။

"မင်းက အစိုးရကိစ္စနဲ့ လာတာဆိုတော့ တကူးတက
အားနာစရာကြီးလားကွယ်၊ ဘိုးဘိုးတို့က ဒီနေကြမှာပဲ၊နောက်အေး
အေးဆေးဆေးအနေအထိုင် ကျမှသွားလည်ကြမလားလို့လေ"



"အားနာစရာ မရှိပါဘူး ဘိုးဘိုး၊ လမ်းကြုံလို့ပါ။ ဟလဘန်
နဲ့ ပန်းဝါမဝေးပါဘူး၊ ပန်းဝါသူ ဘွားဘွားသိပါတယ်"

ဦးအောင်တိုင်မှာ ယခင်က ပန်းဝါသာရောက်ဖူးပြီး
ဟလဘန်ကို ရောက်ဖူးသူမဟုတ်။ ထို့ကြောင့်လည်း အားနာ၍
ပြောသည်ကို ဇေယျာကျော်က ခရီးမဝေးကြောင်း လမ်းကြုံကြောင်း
ပြောပြသည်။

"အေး. . . အဲဒါဆိုလည်း သမီးသန္တာလိုက်ကြမလား၊
နင်တို့ကတော့ ပန်းဝါကို အရင်ကလည်း ရောက်ဖူးကြတော့ မဆန်း
ပါဘူး၊ ငါ့မြေး ဖြူဖြူသာ အဘွားချက်မြှုပ်ပန်းဝါကို တစ်ခါမှ
မရောက် ဘူးသေးတာ၊ ခုငါ့မြေးကြီးကားကြုံတော့လိုက်ကြတာ
ကောင်းပါတယ်။ ခုလမ်းခရီးကကောကွဲ့ ဘယ့်နှယ်လဲ၊ ဘွားဘွားတို့
ငယ်ငယ်တုန်းကတော့ ဝနာဂါမာမှာ ခဏခဏဓားပြ တိုက်တတ်
တယ်လေ"

"ကျွန်တော်တို့ ငယ်ငယ်ကနဲ့စာရင်လမ်းက ခု ကောင်း
ပါတယ်ဘွားဘွား၊ ဓားပြတိုက်မှာတော့ လုံးဝမပူပါနဲ့၊ရဲဝန်ထောက်
တစ်ယောက်လည်း သူ့လူတွေနဲ့ပါပါတယ်၊ ဘွားဘွားက လမ်းမှာ
ဓားပြတိုက်တတ်တယ်ဆိုလို့ ဖြူဖြူကြောက်မနေနဲ့နော် ညီမ၊ ပန်းဝါ
က ဖြူဖြူတို့ ဘွားဘွား ချက်မြှုပ်ဒေသဆိုတော့ ရောက်ဖူးသင့်
တာပေါ့"

"ဘွားဘွားချက်မြှုပ်ရယ်အကြောင်းမဟုတ်ပါဘူး ငါ့မြေး
ရယ်၊ ပန်းဝါက သမိုင်းအစဉ်အလာကြီးခဲ့ တဲ့အရပ်ပါ၊ စစ်သူကြီး
မဟာဗန္ဓုလ စစ်စခန်းချခဲ့တဲ့ နေရာဓားရိုးကာတောင်ကို ပန်းဝါ
ရောက်ရင် ခေညဝတီသူ ဖြူဖြူကို ဘွားဘွားလိုက်ပြရမှာပေါ့"

သည်လိုနှင့် မြို့ပိုင်လေး ဇေယျာကျော်ကား နှင့် ပန်းဝါကိုလိုက်ကြရန် ချက်ချင်း စီစဉ်ကြပြန်သည်။ ဤသည်ကို ဒေါ်ကြာဦးဖြူ၏ အစ်ကိုကြီး ဦးကြာပန်းအောင်က. .

"ငါနှမတော့ ပန်းဝါလိုက်ရမယ်ဆိုတာနဲ့ ထမင်းမေ့ဟင်းမေ့ဖြစ်နေတော့တာပဲ၊ ကဲ. . ဒါဆို လည်း ထမင်းစားကြအုံး၊ ငါ့မြေး ဇေယျာကြီးလည်း ဆွေမျိုးတွေနဲ့ တစ်ခါတည်း ဝင်စားသွားကွာ"

"ဟိုက ဘင်ဂလိုမှာ ကျွန်တော့်လူတွေနဲ့ကြိုပြင်ထားတာရှိလို့ ကျွန်တော်တော့ မစားတော့ပါဘူး ဘိုးဘိုးကြီး၊ ခေညဝတီက ဘိုးဘိုးဘွားဘွားတို့ပဲ စားနှင့်ကြ၊နေ့လည်တစ်နာရီကျော်ကျော်လောက် ကျွန်တော် လာခေါ်ပါ့မယ်၊ ကျွန်တော့်ကို ခွင့်ပြုကြပါအုံး"

ဇေယျာကျော်က ပြောပြောဆိုဆိုနှင့်ပင် အိမ်ပေါ်က ဆင်းသွားလေသည်။

× × ×



(ယ)

ဦးအောင်တိုင်တို့ မိသားစု နံနက်စာထမင်းစားသောက်ပြီး မကြာခင်မှာပင် ဇေယျာကျော်ကားနှင့် လာခေါ်သဖြင့် ပန်းဝါကိုလိုက်လာကြသည်။

လမ်းတွင် ဇေယျာကျော်က "အစ်ကိုတို့ ငယ်ငယ်တုန်းက စိန်မြှောင်ဘုရားပွဲမှာ အရီးရှင်နဲ့ အခင်ကြီးတို့ကို တွေ့ဖူးပါတယ်။ အဲဒီတုန်းက သားတစ်ယောက်ပါတာ ထွန်းကျော်လင်းလား" ဟု သဇင်ဖြူ့ကို မေးသည်။ ထိုစဉ်က သဇင်ဖြူကို မွေးပြီး ပလားလည်း သဇင်ဖြူမသိ။ ထွန်းကျော်မင်းသာ ဖြစ်နိုင်သဖြင့် အဖြေရခက်နေသည်ကို ဒေါ်သန္တာဖြူက "အဲဒါ အရီးရှင်သားကြီး ထွန်းကျော်မင်းဖြစ်ပါလိမ့်မယ်ကွဲ့" ဟု ဝင်ဖြေသည်။

ဤသည်ကို ဇေယျာကျော်က မေးသင့်မမေး သင့်သလိုခဏစဉ်းစားပြီးမှ. .

"ဪ. . . သူကအရီးရှင်သားကြီးကိုး၊ ခု သူ. . .

"သူက သူ့အဖေအမျိုးဘက်က ရန်ကုန်ကောလိပ်သွားနေတယ်၊ အဲဒါကြောင့် ပါမလာတာ"

ဇေယျာကျော်အမေးကို ဒေါ်သန္တာဖြူကစကားထစ်အ၍ ဖြေ၏။

အင်္ဂလိပ်မြို့ပိုင်လေးကို ဆွေမျိုးပင်ဖြစ်သော်လည်း တစ်ပြည်တစ်ရွာမှာ ဒေါ်သန္တာဖြူက သူ့သားကြီးအကြောင်းမပြော ချင်။

"အဲဒါကြောင့် ထွန်းကျော်လင်းထင်လို့ကျွန်တော် အရင်တစ်ခါမေးဖူးတာ" ဟုပြောပြီး ဇေယျာကျော်က"သူတို့ ငယ်ငယ်တုန်းက ဓားပြတိုက်တတ်တယ်လို့ ဘွားဘွားကြီးပြောတဲ့ ဝနဂါမာဆိုတာ ဒီနေရာပဲ ဖြူဖြူ ခုတော့ မြင်တဲ့အတိုင်းပဲရွာဖြစ်နေပါပြီ၊ မကြောက် နဲ့နော်" ဟု သဇင်ဖြူကို နောက်သလိုကြည့်ပြောသည်။

ထိုဝနဂါမာမှာ ကားခဏရပ်ပြီး အပေါ့အပါး သွားကြ၊ လက်ဖက်ရည်သောက်ကြသည်။ ရောက်တတ်ရာရာကိုပြောပြီး ကားထွက်လာရာ ပန်းဝါကို ညနေလေးနာရီလောက်မှာ ရောက်လာကြသည်။

ဦးအောင်တိုင်တို့ ဒေါ်ကြာဦးဖြူတို့ ယခင်ကတည်းက တည်းခိုဖူးကြသည်ဆိုသောရပ်ဆွေရပ်မျိုး အိမ်တစ်အိမ်တွင် သူတို့ မိသားစုကို နေရာချထားခဲ့ပြီး ဇေယျာကျော်က သူတို့မြို့ပိုင်အဖွဲ့နှင့်အတူ ဘိုတဲ ဘက်ထွက်သွားကြသည်။

ပန်းဝါမြို့ကလေးမှာ ရာဇဌာဏီနှင့် ခုနစ်မိုင်ခန့်ဝေးပြီး ဖလောင်းချိတ်မြို့နှင့် ကိုးမိုင်ခန့်ဝေးသည်။ပန်းဝါချောင်း အရှေ့ဘက်နှင့် ဖလောင်းချိတ်မြို့၏ အရှေ့ဘက်တွင် တည်ရှိသည်။ ရှေးနှစ်ပေါင်းများစွာကပင် ရခိုင်လူမျိုးများ နေထိုင်လာခဲ့ကြသော မြို့ဖြစ်၍ တာလဘန်းမှာကဲ့သို့ စေတီပုထိုး ဘုရားကျောင်းကန်များ ရှိသည်။



ပန်းဝါချောင်း၏ တောင်ဘက်ကမ်းတွင် ရခိုင်စစ်သည်တော်များတည်ဆောက်ထားခဲ့သော ခံတပ်ဟောင်းတစ်ခုရှိသည်။ ထိုခံတပ်ကို ဗုဒေါတောင် ခံတပ်၊ တောင်ပေါက်ဝခံတပ်လည်း ခေါ်ကြသည်။ ယင်းခံတပ်၏ တောင်ဘက်တစ်မိုင်ခန့်အကွာတွင် မြန်မာစစ်သူကြီး မဟာဗန္ဓုလ စစ်စခန်းချခဲ့သော နေရာရှိသည်။ ထိုနေရာကို ဓားရိုးကာတောင်ဟု ယခု ခေါ်နေကြသည်။ ပန်းဝါသူ ဒေါ်ကြာဦးဖြူက ပန်းဝါသို့ တစ်ခါမှ မရောက်ဘူးသော သူ့မြေးမ သဇင်ဖြူကို လွမ်းလောက်အောင် ရာဇဝင်သမိုင်းချီ၍ ပြောပြလာသည်။

တည်းခိုအိမ်သို့ အပြန်လမ်းရှိ အထက်တန်းကျောင်းတစ်ကျောင်းနား အရောက်တွင်လည်း ဒေါ်ကြာဦးဖြူ"ဒီကျောင်းကြီးဟာ အင်္ဂလိပ်အစိုးရက ဆောက်ပေးတဲ့ ကျောင်းမဟုတ်ဘူး၊ တို့ရခိုင်အမျိုးသား သူဌေးကြီး ဦးချီစာရီကပန်းဝါမှာအထက်တန်း ကျောင်းမရှိလို့ ကိုယ်ပိုင်ဆောက်လှူထားခဲ့တာ၊ သူက အိန္ဒိယ ပြည် ဘင်္ဂလား နယ်ထွက် ကုန်ပစ္စည်းတွေကို မြန်မာပြည်တင်ပို့တဲ့ တစ်ဦးတည်း ကိုယ်စားလှယ်၊ မြန်မာပြည်က ကုန်တွေကို ကုလားပြည်တင်ပို့တာကတော့ ဦးဒိုးအောင်ဆိုတဲ့ သူဌေးပဲ ငါ့မြေး၊ သူတို့က သိန်းသန်းချီ ချမ်းသာကြတာ၊ အဲဒါကြောင့်လည်း ခုလို အထက်တန်းကျောင်းကြီး ဆောက်လုပ်လှူဒါန်းနိုင်တာပေါ့" ဟု ပန်းဝါရှိ ဒေသန္တရ ဗဟုသုတ များကိုပါ သဇင်ဖြူအားတစ်လမ်းလုံး ပြောပြလာလေသည်။

× × ×

(၇)

ယခင်မိမိအရပ်ကမ်းသာတွင် နေခဲ့ကြစဉ်ကနွေရာသီကျောင်းပိတ်ရက်မှာ ထွန်းကျော်မင်းကို မျှော်ခဲ့ ကြသလို ယခုလည်း ကာလကတ္တားတွင် ကျောင်းသွား နေသောသားငယ် ထွန်းကျော်လင်းကို တစ်အိမ်သားလုံး က မျှော်နေကြသည်။ သည်ကြားထဲတွင် ဓညဝတီကို ဗိုလ်ရန်အောင်တပ်နှင့်ရောက်နေသည်ဆိုသော ထွန်းကျော်မင်းတို့၏ သတင်းကိုလည်း သိချင်နေကြသဖြင့် ဖလောင်းချိတ်တွင် အခြေချနေကြသော အောင်ကျော်ဦးတို့ မိဘဘိုးဘွားများအိမ်ကိုလည်း ဆွေမျိုးတွေဆီ သွားလည်ရင်း ဝင်ဖြစ်ကြသည်။ သို့သော် ထွန်းကျော်မင်းတို့ သတင်းကိုတော့ နောက်ထပ်ဘာမှ မကြားခဲ့ကြရ။ အောင်ကျော်ဦးရာဇဌာဏီကို ရောက်လာတိုင်း မေးကြည့်ကြသောအခါမှာလည်းသူ ကာလကတ္တားကို မရောက်ဖြစ်သည်နှင့် ရောက်လျှင်လည်း ဓညဝတီစစ်တွေ ရန်ကုန်က နိုင်ငံရေးသမားများကိုမတွေ့ခဲ့ရသည်နှင့်သာ အချိန်ကုန်ပြီး သတင်းမရဖြစ်နေသည်။

အမှန်က ရန်ကုန် ဓညဝတီဘက်မှ ကာလကတ္တားရောက်



လာကြသော နိုင်ငံရေးသမားများကို အင်္ဂလိပ်အစိုးရဘက်ကလည်း မီးခိုးကြွက်လျှောက်လိုက်နေရာ ကာလကတ္တားရှိရန်ကုန်ဓညဝတီ နိုင်ငံရေးသမားများမှာ ကာလကတ္တား၌ ပုန်းလျှိုးကွယ်လျှိုးသာ နေနေကြရသည်။ ဤသို့ အခြေအနေပိုရှုပ်ထွေးလာသည့် အကြောင်းမှာ အာသံပြည်၏မြို့တော် အင်ဖာနှင့်ကိုဟီးမားမြို့တို့ကို ဂျပန်တွေ ထိုးစစ်ဆင်ရန် တာစူ လာကြသဖြင့် ဖြစ်သည်။

အိန္ဒိယ၏ အာသံပြည်နယ်မြို့တော်အင်ဖာမှာ မြန်မာပြည်အနောက်မြောက်နယ်စပ်နှင့် မိုင်ငါးဆယ်သာကွာ သည်။ မိုင်ငါးဆယ်ခရီးဆိုသည်မှာ မော်တော်ကားလမ်း၊ မီးရထားလမ်း ပေါက်သောဒေသဆိုလျှင် တစ်နာရီနှစ်နာရီ ခရီးသာရှိသည်။ သို့သော် အင်္ဂလိပ်တို့အတွက်ယခု ကံကောင်းခံသာနေသည်မှာ အင်ဖာနှင့် မြန်မာပြည်အနောက်မြောက်နယ်စပ်တွင် အလွန်နက်ရှိုင်းသော တောကြီးတောင်ကြီးများ၊ ရေစီးကြမ်းသော မြစ်များက တံတိုင်းကြီးသဖွယ် ကာကွယ်ပေးထားသဖြင့် ဖြစ်သည်။ အင်ဖာလွင်ပြင် သည် ပင်လယ်ရေမျက်နှာမှ ပေ ၂၆၀၀ ခန့်သာမြင့် သော်လည်း သုံးဘက်သုံးတန်တွင် ပေရှစ်ထောင်ကျော် မြင့်သော တောင်စဉ်တောင်တန်းကြီးများကခံနေသည်။ အင်္ဂလိပ်အစိုးရ တိုက်ရိုက်အုပ်ချုပ်သော ပဒေသရာဇ် စနစ်ထွန်းကားရာ မဏိပူရ၏ မြို့တော်ဖြစ်သဖြင့် အင်္ဂလိပ်တို့က "အာသံပြည်ကြီးကို ကာကွယ်ကြ၊ အင်ဖာ ရွှေမြို့တော်ကို အသက်နှင့်လဲ၍ ခုခံကြ" ဟူသော ကြွေးကျော်သံ နှင့်အတူ အင်ဖာကို အသေအလဲခုခံကာကွယ်ကြရန် စိုင်းပြင်းနေ ကြရသည်။ အာသံ မဏိပူရမှာ ရာဇဌာဏီနှင့်လည်း ရေမြေချင်း ကပ်လျက်ဖြစ်သဖြင့် အင်ဖာဂယက်သည် ရာဇဌာဏီ

ကို လာ၍ ရိုက်ခတ်နေသည်။

အင်ဖာနှင့်ပတ်သက်သော စစ်သတင်းများကိုမူ တစ်ခါ တစ်ခါ ရောက်လာတတ်သော အောင်ကျော်ဇေယျဆီက ကြားကြရ သည်။ သူ့အပြောကမူ မကြာခင် အင်ဖာသည် ဂျပန်တို့လက်ထဲ ကျရောက်လာတော့ မည်ဟုဆို၏။ဂျပန်ဗိုလ်ချုပ်ကြီး မတ္တာဂူချီသည် စစ်သည်အင်အား တစ်သိန်းကျော်နှင့် အင်ဖာကို ချီတက်လာနေပြီ။ ထို့ကြောင့် အင်္ဂလိပ်ဗိုလ်ချုပ်ကြီး စကွန်းက သွေးပျက်ပြီး အင်ဖာ မြောက်ဘက် မိုင် ၂၅၀ အကွာရှိ လီဒိုလမ်းမမှ ဗိုလ်ချုပ်ကြီးဆလင်း ၏ ကွပ်ကဲမှုအောက်ရောက်နေသော အမေရိကန်ဗိုလ်ချုပ်ကြီး စတီးဝဲလ်ဦးစီးသည့် တရုတ်တပ်မကြီးသုံးခုကိုပင် အကူ အညီ တောင်းနေရသည်။ ထို့အပြင် ရခိုင်ကမ်းမြောင် ဒေသရှိ တောကြီး တောင်ကြီးထဲတွင် (၆) လကြာမျှ ဂျပန်တို့နှင့် အသေအကြေ တိုက် ခိုက်နေကြသော ဗိုလ်ချုပ်ဗရစ်၏ အမှတ် ၂၅ အိန္ဒိယတပ်မ ကိုလည်း ပြန်ခေါ်ထားရသည်။

လီဒိုလမ်းမဆိုသည်မှာ ဒုတိယကမ္ဘာစစ်ကြီး အတွက် အသုံးပြုရန် ဖောက်လုပ်နေသောလမ်းမဖြစ်သည်။ အိန္ဒိယပြည် လီဒိုမြို့မှ ပတ်ကွိုင်တောင်တန်းကို ကျော်ဖြတ်ပြီး မြန်မာနိုင်ငံ တနိုင်း၊ မိုးကောင်း၊ မြစ်ကြီးနား၊ ဗန်းမော်၊ လားရှိုးမှသည် တရုတ်ပြည်ရှိ မာကို ပိုလိုလမ်းမကြီးနှင့်ဆက်မည့်လမ်းဖြစ်သည်။ ခရီးမိုင် ပေါင်းမှာ ၁၄၀၀ ရှည်သည်။

လမ်းဆုံမှာ အိန္ဒိယပြည်အာသံနယ်ဖြစ်၏။ ထို့ကြောင့် ထွန်စက်များ၊ မြေကော်စက်ကြီးများ၊ မြေသိပ်စက်များ၊ မြေကြိတ်-စက်များနှင့် ကျောက်ခွဲစက် တို့ကိုပါ လီဒိုလမ်းမသို့ ပို့ပေးနေရ



သည်။ လီဒိုလမ်းမ တစ်လျှောက်တွင် တံတားပေါင်း ၁၇၀၀ ကျော်နှင့် အရေးပေါ်အဆောက်အဦ ၂၃၀၀ ကျော်ရှိသည်။ ဟူးကောင်း တောင်ကြားရှိ ရှင်ဘွေယံအတွက် စက်ကြီး စက်ငယ် အလုပ်ရုံ နှင့်မော်တော်ကားစက်ပြင်ရုံ၊ လက်နက်တပ်ဆင်ရုံ ၇၀ ကျော်တို့ ပါဝင်သည်။ ထို့အပြင် လမ်းတစ်လျှောက်တွင်လေယာဉ် ကွင်း သုံးဆယ်ကျော်နှင့် လူနာတင် လေယာဉ်ပြေးလမ်းပေါင်း ၆၀၀ ကျော်လည်းရှိသည်။ အလုပ်သမားကူလီများနှင့် စစ်သည်များ မှာ တစ်သိန်းခွဲခန့်ရှိနေသည်။

လီဒိုလမ်းမကို ဖောက်လုပ်နေကြသော အိန္ဒိယ၊ နာဂ၊ ကချင် အလုပ်သမားများမှာ ယခုအခါ အာသံပြည်ဘက် ပြန်ပြေး လာနေကြသည်။ ထိုသို့ ပြေးလာနေကြခြင်းမှာဂျပန်ဘက်တွင် ရှိနေသောအိန္ဒိယ တပ်မတော်၏သတင်းကြောင့် လည်းဖြစ်သည်။

ထိုအိန္ဒိယတပ်မတော်ဆိုသည်မှာ ၁၉၄၁ ခုနှစ်က အိန္ဒိယမှ ထွက်ပြေးလွတ်မြောက်သွားသောနိုင်ငံရေးခေါင်းဆောင်ကြီး ဆုဘတ်-ချန္ဒရာဘို့စ် ကိုယ်တိုင်ဦးစီး၍ ဖွဲ့စည်းထားသော တပ်ဖြစ်သည်။ ထိုတပ်တွင်မလေးရှားသို့ ရောက်နေသော အိန္ဒိယ အရပ်သားများ၊ အစိုးရအမှုထမ်းများနှင့် စစ်သုံ့ပန်းများ အများအပြား ပါဝင်သည်။ ဂျပန်များ မလေးရှားသို့ ဝင်ရောက်ပြီးနောက် စုစည်းသိမ်း သွင်းလာသောတပ်ဖြစ်သည်။

အောင်ကျော်ဇေယျာမှာ ရာဇဌာဏီနှင့် အာသံမဏိပူ ဘက်ကို အိမ်ဦးနှင့် ကြမ်းပြင်ပမာ သွားလာနေသူဖြစ်သဖြင့် စစ် သတင်းနှင့် တိုင်းရေးပြည်ရေးတို့ အပြင်မြို့သတင်း၊ ပြည်သတင်း များကိုလည်း သူ့ဆီက ကြားရတတ်သည်"အရှေ့ဘက် တံခါးကြီး

လည်း ပွင့်လတ္တံ့၊ မဏိပူပြည်ကြီးလည်း ပျက်လတ္တံ့" ဟု မဏိပူရ ပုဏ္ဏားတော် ပရော်ဟိတ်များက အဟောထွက်ထားသည်။ မကြာခင် အရှေ့ဘက်မဏိပူရ တံခါးကြီး ပွင့်ပြီး အိန္ဒိယပြည်ကြီးထဲ ဂျပန်တွေ ဝင်လာတော့ မည်ဟုဒေဝတီစစ်ပြေး ဦးအောင်တိုင်တို့ မိသားစု အားပြောပြနေသော အောင်ကျော်ဇေယျကို ဒေသခံဦးလှထွန်းအောင် က"ဟော့. . ကောင် ဝရမ်းပြေး၊ မင်းဒီလာပြီး တောပြောတောင် ပြောနော်၊ လူတွေက အလိုလိုက်မှ ကျီးလန့်စာစားဖြစ်နေကြရတဲ့ အထဲ" ဟု အော်တတ် ဟန့်တတ်သည်။

ဆွေမျိုးအရင်းဖြစ်သော ဦးလှထွန်းအောင်ကို အောင်ကျော်ဇေယျကလည်း " အခုကြီး ကျွန်တော်ပြောတာ မယုံရင် စောင့်သာ ကြည့်နေ၊ မကြာပါဘူး ဒီတစ်လနှစ်လပါပဲ" ဟု အတည်ပေါက်နှင့် ပြန်ပြောတတ်သည်။

ဤသည်ကို တကယ်ယုံစားနေသောသဇင်ဖြူ က"မေမေ အင်ဖာကို ဂျပန်တွေနဲ့ ကိုထွန်းတို့ရောက်လာရင် ရာဇဌာဏီကိုလည်း ရောက်လာကြမှာပေါ့နော်" ဟု သူ့အစ်ကိုကြီးကို တွေ့လိုစိတ်နှင့် မေးတတ်သည်။ သို့သော်အောင်ကျော်ဇေယျ ပြန်သွားပြီး သုံးလေးရက်အကြာမှာပင် ကာလကတ္တားရှိ ထွန်းကျော်လင်းဆီက စာရောက်လာသည်။

× × ×



သို့

နေ့စွဲ-၂၂-၃-၄၃

ဦးကြာပန်းအောင်+ဦးအောင်တိုင်
ရဇပါရာကျေးရွာ
ရာဇဌာဏီစာတိုက်
ဖလောင်းချိတ်မြို့
အာသံပြည်

ဘိုးဘိုး၊ ဘွားဘွား၊ ပါပါ၊ မေမေ၊ ဖြူဖြူ တို့ ခင်ဗျား၊ ကာလကတ္တားကို ရောက်လာကြတဲ့ ရန်ကုန်၊ စစ်တွေက နိုင်ငံရေးသမားတွေနဲ့ ကာလကတ္တားမှာ တွေ့လို့ကိုထွန်းတို့ သတင်းကိုလည်း သိရပါတယ်။ သူတို့က ကိုထွန်းတို့နဲ့ အဆက်အသွယ်ရှိလို့ ကျွန်တော်တို့ မိသားစု ရာဇဌာဏီကို ရောက်နေကြ တယ်ဆိုတာလည်း သတင်းပါးလိုက်ပါတယ်။ ကျွန်တော်တို့ပို့လိုက်တဲ့ သတင်းက ကိုထွန်းတို့ဆီ မုချရောက်မှာပါ၊ ကိုထွန်းတို့နဲ့ ကျွန်တော်လည်း ရန်ကုန်စစ်တွေဗမာပြည်က လူတွေနဲ့ ဆက်သွယ် ထားတယ်၊ ကိုအောင်ကျော်ဦးအရင်ကပြောသလို ခု ကိုထွန်းတို့ ဗိုလ်ရန်အောင်တပ် ဒေဝတီမှာ မရှိတော့ဘူး၊ တပ်ဆုတ်သွားပြီး၊ ဗမာပြည်အလယ်ပိုင်းကိုပြောင်းရတယ်ပြောတယ်၊ သူတို့ ဗမာ တပ်မတော်က

မကြာခင် တော်လှန်ရေးတစ်ခု ဆင်နွှဲကြလိမ့်မယ်၊ အဲဒါကြောင့် ကျွန်တော်လည်းကိုထွန်းတို့နဲ့ အတူ တိုက်ပွဲဝင်နိုင် အောင် လေထီးသင်တန်းတက်ဖို့ ကာလကတ္တား ရောက်နေကြတဲ့ မညဝတီက ရခိုင်သားမိတ်ဆွေတွေနဲ့ မရှောင်သာလို့ လိုက်သွားပြီ။ ကျွန်တော်တို့စစ်ဆင်ရေးက ကိုထွန်းတို့ရှိတဲ့ ဗမာရခိုင်နယ်ခြား ရိုးမတစ်နေရာကို လေထီးနဲ့ဆင်းပြီး စစ်ဆင်ရေးလုပ်ကြရမှာ ရာဇဌာဏီက ဆွေမျိုးတွေ အားလုံးကိုလည်း ပြောပြလိုက်ပါ၊ သားတို့ အတွက် ဘိုးဘိုး၊ ဘွားဘွား၊ ပါပါ၊ မေမေ၊ ဖြူဖြူတို့ ဘာမှမပူကြပါနဲ့ မကြာခင် သားတို့ မိသားစု ကိုယ့်ပြည်၊ ကိုယ့်ရွာမှာ ပြန်ဆုံကြရ တော့မှာပါ။

ဘိုးဘိုး၊ ဘွားဘွား၊ ပါပါ၊ မေမေ၊ ဖြူဖြူနဲ့ ရာဇဌာဏီက ဆွေမျိုးအားလုံးကို နေ့စဉ်သတိရလျက်-

ထွန်းကျော်လင်း
ခေတ္တ၊ ဂျီအက်အိုင်
ကာလကတ္တားမြို့
အိန္ဒိယပြည်

ထွန်းကျော်လင်း၏ စာကို တစ်ယောက်တစ် လှည့်ဖတ်ကာ ဦးအောင်တိုင်တို့မိသားစုနှင့် ရာဇဌာဏီ ရှိ ဆွေမျိုးတွေမှာ ဘာကို နားလည်ရမှန်းမသိဖြစ်သွားကြသည်။ "ဗမာ့တပ်မတော်က မကြာခင် တော်လှန်ရေး တစ်ခုဆင်နွှဲမည်၊ ကိုထွန်းတို့နှင့်အတူ တိုက်ပွဲဝင်နိုင်အောင်" ဟူသော စကားက ပို၍နားရှုပ်စရာ။ ထွန်းကျော်မင်းနှင့် ထွန်းမြဦးတို့က ဗမာပြည်ရှိ ဂျပန်တပ်တွင်၊ ထွန်းကျော်လင်းက ယခုအိန္ဒိယပြည် ကာလကတ္တားကပေးသောစာ။ သူတို့ ညီအစ်ကိုတွေ မည်သို့တွေ့နိုင်ကြမည်နည်း ဂျီအက်အိုင်



ဆိုသော စကားလုံးကလည်း ဘာမှန်းမသိ။ ခေတ္တဟုသာပါသည်။

ဤသည်ကိုသူတို့က ဟီလီတရိုက်မြို့ပိုင်လေး ဇေယျာကျော် ရောက်လာသောအခါ ဝိုင်းမေးကြ၏။ ဇေယျာကျော်က ဂျီအက်အိုင်ဆိုသည်မှာ ကာလကတ္တားမြို့ရှိ မဟာမိတ်စစ်ဌာနချုပ်ဟုဆိုသည်။ ကာလကတ္တားမြို့ရှိ အမှတ် ၁၃၆-တွင်ဖက်ဆစ် ဂျပန်တော်လှန်ရေး ဌာနချုပ်ကို ဗမာပြည်နှင့် မညဝတီက နိုင်ငံရေးသမားများ ဖွာည်ထောင်ထားကြကြောင်းတော့ သူလည်း သတင်းကြားသည်ဟုပြော၏။ ထွန်းကျော်လင်းသွား တက်မည့် လေထီးသင်တန်းမှာ ဗမာပြည်မှာလား၊ အိန္ဒိယပြည်မှာလား ဆိုသည်ကိုတော့ သူလည်းမသိ။ သူတို့မှာမြို့ရွာအုပ်ချုပ်ရေး ဘက်ကသာဖြစ်သဖြင့် စစ်ဘက်က လူများကို မေးကြည့်ရမယ်ဟု ပြောသည်။ အိန္ဒိယပြည်ကြီးမှာ အကျယ်ကြီးဖြစ်သဖြင့် သူလည်း မခန့်မှန်းတတ်။

ဘာမှန်းကိုဂဃဏမသိကြသဖြင့် ဤကိစ္စကိုစစ်ဘက်က လူများအားမမေးရန် တစ်ယောက်နှင့်တစ်ယောက်လည်း မပြောကြရန် ဆွေမျိုးများကအကြောက်လွန်ကာ ဟီလီတရိုက်မြို့ပိုင်လေး ဇေယျာကျော်ကိုပင် နှုတ်ပိတ်လွှတ်လိုက်ကြသည်။

ကမ်းသာ၌နေခဲ့ကြတုန်းက အရှေ့ပြည်ရန်ကုန် ကောလိပ်သွားတက်သော ထွန်းကျော်မင်းဂျပန် စစ်တပ်ဘက် ရောက်သွားစဉ်က ဒေါ်ကြာဦးဖြူနှင့် ဒေါ်သန္တာဖြူတို့မှာ ဦးအောင်တိုင်နှင့် ဦးသင်္ဂါကျော်တို့ကို အပြစ်တင်ခဲ့ကြသလို ယခုတော့ ဂျပန်နှင့် အင်္ဂလိပ် ဘယ်ဘက်ကို ပါသွားမှန်းပင် ခွဲခြားမ-ိကြသေးသော်လည်း ကာလကတ္တား ကျောင်းသွားနေရန် စာတို စာရှည် အမျိုးမျိုး

ရေးပေးလိုက်သော ထွန်းကျော်လင်းတို့ အဖိုးလေး ဦးစံလှဘော်ဆိုသာ ထွန်းကျော်လင်းပြဿနာက ရောက်သွားပြန်လေသည်။

သို့သော် ရာဇဌာဏီရှိ သော်ဒလီပါရာကဦးစံလှဘော်ကိုကား မည်သူကမှ သွား၍အပြစ်မတင်ရဲကြ။ ဦးအောင်တိုင်တို့မိသားစုအနေမှာလည်း ထွန်းကျော်လင်းစာထဲပါသလို တစ်နေ့နေ့တွင် ကိုယ့်မြို့ကိုယ့်ပြည်၌ မိသားစုမကြာခင် ပြန်လည်တွေ့ကြရမည်ဟူသော စကားကိုသာ ယုံယုံကြည်ကြည်နှင့် စိတ်နှလုံး ဒုံးဒုံးချပြီး ရာဇဌာဏီက စောင့်မျှော်နေကြလေသည်။

ရည်ညွှန်းကိုးကား၊ စာအုပ်များ

| | |
|---|---|
| ၁။ ဘုန်းတော်ကြီး ဦးကိတ္တိ | ဣန္ဒြိယကြေးမုံ |
| ၂။ အိန္ဒိယမြန်မာမှတ်တမ်း | မောင်သော် |
| ၃။ ဘင်္ဂလားသွား မှတ်တမ်း | မြန်မာနိုင်ငံသမိုင်းကော်မရှင် (၁၉၆၃) |
| ၄။ အာသံနိုင်မော်ကွန်း မြန်မာနိုင်ငံသုတေသနအသင်း | |
| ၅။ မောင်ဘုန်းရှင် | ဒင်နဘူဂျ်ပူစစ်ပြေးစခန်း |
| ၆။ သိန်းဖေမြင့် | စစ်အတွင်းခရီးသည် |
| ၇။ သခင်တင်မြ | ဘုံဘဝမှာဖြင့် |
| ၈။ ဘုံပေါက်သာကျော် | တော်လှန်ရေးခရီးဝယ် |

× × ×